အမှတ်စဉ် ၁၀၈

ကျမ်းစာအမှတ်စဉ်—၁၂

# ဋီကာကျော်မြန်မာပြန်

## ပဌမတွဲ

မေဓာဝီ ဆရာဆိုင် ပြန်ဆိုသည်

အဂ္ဂမဟာပဏ္ဍိတ မစိုးရိမ်ဆရာတော်ဘုရားကြီး
တည်းဖြတ်သုတ်သင်တော်မူသည်

ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့

သာသနာနှစ်-၂၄၉၈ ကောဇာနှစ်-၁၃၁၆

၁၁၄၂၅

ကျမ်းစာအမှတ်စဉ်—၁၂

# ဋီကာကျော်မြန်မာပြန်

## ပဉ္စမတွဲ

သစ္စဝါဒီဋီကာ, အဘိဓမ္မဂုဋ္ဌတ္ထ, ဝိနယဂုဋ္ဌတ္ထနှင့် ကစ္စာယနဂုဋ္ဌတ္ထကျမ်းပြု
ပရိယတ္တိသာသနဟိတဓမ္မာစရိယ ဘွဲ့တံဆိပ်ရ

မေဓာဝီ ဆရာဆိုင် ပြန်ဆို၍

အဂ္ဂမဟာပဏ္ဍိတ မစိုးရိမ်ဆရာတော်ဘုရားကြီး
တည်းဖြတ်သုတ်သင်တော်မူသည်

ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့

သာသနာနှစ်-၂၄၉၈ ကောဇာနှစ်-၁၃၁၆

## အကျိုးအကြောင်းကို ဖော်ပြသော နိဒါန စာတမ်း

(၁) ဘာဝေတဗ္ဗံ ပနိစ္စေဝံ၊
ဘာဝနာ ဒွယ မုတ္တမံ။
ပဋိပတ္တိ ရသဿာဒံ၊
ပတ္ထယန္တေန သာသနေ။ ။

ဟူသော 'အဘိဓမ္မတ္ထသင်္ဂဟ' ကျမ်းပြု သီဟဠဝါသီ မဟာထေရ် အရှင် **အနုရုဒ္ဓါ**-၏ ကျမ်းပြီး နိဂမ အာသီသ ဥယျောဇဉ် နှင့်အညီ မြတ်စွာဘုရား၏ သာသနာတော်၌ ပျော်စရာ ကောင်းလှသော—

[က] ဈာန်ဝင်စား၍ ချမ်းချမ်းသာသာ စံစားမှု-ဈာနသုခ,

[ခ] ဖိုလ်ဝင်စား၍ ချမ်းချမ်းသာသာ စံစားမှု-ဖလသုခ,

ယခုဘဝ ပစ္စုပ္ပန် ခန္ဓာကိုယ်မှာ ကောင်း ရကြ၍ ထို ဈာန်ချမ်းသာ, ဖိုလ်ချမ်းသာတို့ကို ကောင်းစွာပိုင်ပိုင် ကိုယ်တိုင် ကိုယ်ကျ အသီးအသီး အသက အသက ခံစား စံစား ရရှိကြစေခြင်းငှါ ကောင်းစွာ ဟောကြားတော်မူခဲ့သော မြတ်စွာဘုရား၏ အဘိဓမ္မာ ဒေသနာတို့ကို လေ့လာ သင်ကြား (အထိုက်အလျောက်) တတ်မြောက် နားလည်ကြရပေလိမ့်မည်။

[အဘိဓမ္မာ ခုနစ်ကျမ်းလုံးကိုပင် မဟုတ်သော်လည်း အောက်ထစ်ဆုံး အဖြစ်ဖြင့် **'သံဂြိုဟ်'** ဟူ၍ ခေါ်ကြသော **''အဘိဓမ္မတ္ထ-သင်္ဂဟကျမ်း''** တစ်ကျမ်းကိုပင် ကြိုးပမ်း လေ့လာကြရပေလိမ့်မည်။]

(၂) တတ်မြောက် နားလည်ရမည် ဆိုသောကြောင့် တတ်မြောက် နားလည်ချင်လှ၍ အဘိဓမ္မာဆိုင်ရာ ကျမ်းစာအုပ်များကို ကြည့်ရှုလိုက်သည့်အခါ—

[က] ပါဠိတော်က ပါဠိဘာသာ,

[ခ] အဋ္ဌကထာက ပါဠိဘာသာ,

[ဂ] အဖွင့် ဋီကာများက ပါဠိဘာသာ ညီညီ-ညာညာ တည်ရှိ၍ နေကြလေသောကြောင့် ပါဠိဘာသာကို မလေ့လာဘူးသူ မလေ့လာနိုင်သူတို့အတွက် အဓိပ္ပါယ်မကွဲ အနက်မကွဲ အခက်အခဲ များစွာနှင့် ကြုံကြိုက်ကြရ ပြန်တော့သည်။

(၃) ထိုသို့ ပါဠိဘာသာ သက်သက်ကိုင်း, ပါဠိတချက် မြန်မာတချက် နိဿျနက် ကျမ်းစာများကိုင်း, မလေ့လာနိုင်သူ မလိုက်စားနိုင်သူတို့၏ အခက်ကို သက်သာ ချောင်ချိစေလျက် လေ့လာ-လိုက်စား အခြေခံ သဘောတရားများ ဖြစ်ပွါး လွယ်ကူကြ စေရန် မြန်မာဘာသာပြန် သက်သက်ဖြင့် အနက် မပျက် အဓိပ္ပါယ် မပျက် အချက်အလက် ကျကျ ရေးသားပြန်ဆို၍ ထားအပ်သော အဘိဓမ္မာ ဆိုင်ရာ—

[က] ပါဠိတော် မြန်မာပြန်

[ခ] အဋ္ဌကထာ မြန်မာပြန်

[ဂ] အဖွင့်ဋီကာ မြန်မာပြန် များသည် မြန်မာဆန်ဆန်ဖြင့် အမှန်ပင် ရှိသင့်, ရှိထိုက်လှပါပေ၏။

(၄) သို့-ရှိသင့်, ရှိထိုက်သည့်အတိုင်း **ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကြီးက** ဦးစီးအားပေး အရေး တယူ အလေးမူလျက် ဖြူစင် သန့်ရှင်းသော သမ္မာဆန္ဒ, ဝီရိယ, မြော်မြင်မှုတို့ကြောင့် ယခုအခါ—

**အဘိဓမ္မတ္ထ သင်္ဂဟ အဋ္ဌကထာ မြန်မာပြန်**
**ဋီကာကျော် ခေါ် အဘွင့်မြန်မာပြန်**

ကျမ်းတို့ကို တခမ်းတနား မြန်မာဘာသာအားဖြင့် ရေးသားပြန်ဆို ကာ (ပူးတွဲ) ရိုက်နှိပ်ထုတ်ဝေနိုင်ပေပြီ။

(၅) ဤဋီကာကျော် ပါဠိဘာသာကျမ်းကို မြန်မာဘာသာ သက်သက် ပြန်ဆို ရေးသားသူမှာ ရန်ကုန်မြို့ ပါဠိဆရာကြီး **မေဓာဝီ ဦးဆိုင်**-ဖြစ်၍ ပြန်ဆိုပုံ ပြန်ဆိုနည်းမှာ [ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ကြီးမှူး၍ ဆရာမြို့ ပြန်ဆိုသော မြန်မာ ပြန် ပိဋကများကဲ့သို့] ပါဠိမပါ မြန်မာနိဿယပင် ဖြစ်ပေသည်။ "ဤပြန်ဆိုနည်းသာလျှင် အဘိဓမ္မာ ပိဋကအတွက် သင့်လျော် လုံလောက်ပေပြီ"ဟု ဤစာရေးသူက ထင်မြင် ယုံကြည်မိပေသည်။ [သုတ္တန်ပိဋက ဝတ္ထုဘာသာပြန် များကိုကား မင်းဘူးမြို့ ဆရာတော် အရှင်ဩဘာသသည် ဝေဿန္တရာ ဇာတ်တော်ကြီးကို ကဗျာနည်း အလင်္ကာနည်း တို့ဖြင့် သင့်လျော်သလို ပြန်ဆိုတော်မူဘိသကဲ့သို့ သင့်လျော်သလို ဘာသာပြန်လိုက ပြန်သင့်ပေသည်။ အဘိဓမ္မာ ပိဋက ဆိုင်ရာ အတွက် မှာကား ရှေးရှေး နိဿယများမှ ပါဠိ ကိုသာ ချန်ထားလျက် နိဿယစကားအတိုင်း ပြန်ဆိုထားသော ဤသို့သော မြန်မာပြန်မျိုးသာ သင့်လျော်ပေပြီ-ဟု ဆိုလိုပေသည်။]

(၆) သမ္ပတ္တိ စက်လေးဖြာတို့ဖြင့် ကောင်းစွာ ကြုံကြိုက်လျက် ရှိကြကုန်သော အမျိုးကောင်းသား အမျိုးကောင်း သမီးတို့သည် (ဝါ) ရဟန်း ရှင်လူ သူတော်စင် သူတော်ကောင်း တို့သည်-

**အဘိဓမ္မတ္ထသင်္ဂဟ မြန်မာပြန်**

**ဋီကာကျော် အဘွင့် မြန်မာပြန်**

ကျမ်းတို့ကို ချမ်းချမ်းသာသာ လွယ်လွယ် ကူကူဖြင့် "သင်သင်- အံအံ၊ ကြံကြံ-ကျင့်ကျင့်" ပညာဉာဏ် ပွင့်ကြကုန်သည် ဖြစ်၍ ပရိယတ္တိ သာသနာ, ပဋိပတ္တိ သာသနာ အတူမကွာ-တိုးပွါး ဈာန-သုခ, ဖလသုခ အကျိုးတရားတို့ကို တိုးပွါး ရရှိကြသည် အထိ ရိုးရိုး သားသား ဖြောင့်ဖြောင့် မတ်မတ် (ဝါ) ရိုးရိုးကျင့်, မြင့်မြင့်ကြံ အခြေခံ ကလျာဏ ပုထုဇ္ဇန် အတန်းက အစချီလျက် ရုပ်,နာမ်ကို ဟုတ်မှန်သည့်အတိုင်း သိရှိ နားလည်စေနိုင်သော

“အဘိဓမ္မာ-ဘာသာပြန်ကျမ်း”တည်းဟူသော ပရိယတ္တိလည်းရှိကမ္မဋ္ဌာန်းအားထုတ်မှု ပဋိပတ္တိလည်း ရှိကြလျက် ကိုယ်၏ ယဉ်ကျေးမှု, စိတ်၏ယဉ်ကျေးမှု ကိုယ်ချမ်းသာ စိတ်ချမ်းသာ စုံလင်စွာ ပေါ်ထွက်, လက်တွေ့ ဉာဏ်တွေ့ ကျင့်ကြံ အားထုတ် ခံစား စံစား အရသာ တွေ့နိုင်ကြပေလိမ့်မည်-ဟု အထူးမျှော်လင့် ဝမ်းမြောက်သင့်ကြပါပေသတည်း။

၁၃၁၆-ခု၊ သီတင်းကျွတ်လဆန်း ၇-ရက်နေ့

[ ပဋ္ဌာန်း ] ဦးဝိသုဒ္ဓ
မန္တလေး ပရိယတ္တိသာသနဟိတ နှင့် အစိုးရစာချ ဓမ္မာစရိယ
ပါဠိနယူပဒေသကျောင်း, မစိုးရိမ်တိုက်, မန္တလေးမြို့။

# မာတိကာ

အကြောင်းအရာ　　　　　　　　　　　　　　　　　　　　စာမျက်နှာနံပါတ်


၁။ ရတနတ္တယပဏာမနှင့်ဋီကာကျော်ကျမ်းရေးသားရခြင်း အကြောင်း .... .... .... ၃


# ၁—စိတ်ပိုင်း


၁။ ရတနတ္တယပဏာမအဘွင့် .... .... ၅
၂။ ပရမတ္ထတရားလေးပါးအဘွင့် .... .... ၁၉
၃။ စိတ်လေးပါးအဘွင့် .... .... ၂၄
၄။ လောဘမူစိတ်အဘွင့် .... .... ၂၉
၅။ ဒေါသမူစိတ်အဘွင့် .... .... ၃၀
၆။ မောဟမူစိတ်အဘွင့် .... .... ၄၀
၇။ အကုသလဝိပါက်စိတ်အဘွင့် .... .... ၄၆
၈။ အဟိတ်ကုသလဝိပါက်စိတ်အဘွင့် .... ၅၀
၉။ အဟိတ်ကြိယာစိတ်အဘွင့် .... .... ၅၀
၁၀။ မဟာကုသိုလ်စိတ်အဘွင့် .... .... ၆၄
၁၁။ မဟာဝိပါက်စိတ်အဘွင့် .... .... ၇၀
၁၂။ မဟာကြိယာစိတ်အဘွင့် .... .... ၇၃
၁၃။ ရူပါဝစရကုသိုလ်စိတ်အဘွင့် .... .... ၇၇
၁၄။ ရူပါဝစရဝိပါက်စိတ်အဘွင့် .... .... ၈၆
၁၅။ အရူပါဝစရကုသိုလ်စိတ်အဘွင့် .... .... ၈၈
၁၆။ အရူပစိတ် သင်္ဂဟဂါထာအဘွင့် .... .... ၉၂
၁၇။ မဂ်စိတ် ၄-ပါးအဘွင့် .... .... ၉၄
၁၈။ ဖိုလ်စိတ် ၄-ပါးအဘွင့် .... .... ၉၉

အကြောင်းအရာ　　　　စာမျက်နှာနံပါတ်

၁၉။ ဇာတိဘေဒစိတ်အဘွင့် .... .... ၁၀၁
၂၀။ ဘူမိဘေဒစိတ်အဘွင့် .... .... ၁၀၂
၂၁။ ပါဒကဈာန်စသည်အဘွင့် .... .... ၁၀၅


# ၂—စေတသိက်ပိုင်း


၁။ စေတောယုတ္တလက္ခဏာအဘွင့် .... .... ၁၁၃
၂။ သဗ္ဗစိတ္တသာဓာရဏစေတသိက်အဘွင့် .... ၁၁၆
၃။ ပကိဏ်းစေတသိက်အဘွင့် .... .... ၁၂၀
၄။ အကုသိုလ်စေတသိက်အဘွင့် .... .... ၁၂၃
၅။ သောဘဏသာဓာရဏစေတသိက်အဘွင့် .... ၁၃၂
၆။ ဝိရတိစေတသိက်အဘွင့် .... .... ၁၃၇
၇။ အပ္ပမညာစေတသိက်အဘွင့် .... .... ၁၃၉
၈။ ပညိန္ဒြေစေတသိက်အဘွင့် .... .... ၁၄၁
၉။ ပကိဏ်းစေတသိက်သမ္ပယောဂနည်းအဘွင့် .... ၁၄၅
၁၀။ အကုသိုလ်စေတသိက်သမ္ပယောဂနည်းအဘွင့် .... ၁၅၀
၁၁။ ဝိရတိစေတသိက်ယှဉ်သောစိတ်အဘွင့် .... ၁၅၅
၁၂။ အပ္ပမညာစေတသိက်ယှဉ်သောစိတ်အဘွင့် .... ၁၅၈
၁၃။ နိယတယောဂီ, အနိယတယောဂီ စေတသိက်အဘွင့် ၁၆၁
၁၄။ လောကုတ္တရာစိတ် သင်္ဂဟနည်းအဘွင့် .... ၁၆၅
၁၅။ မဟဂ္ဂုတ်စိတ် သင်္ဂဟနည်းအဘွင့် .... .... ၁၆၈
၁၆၊ ကာမာဝစရသောဘဏစိတ်သင်္ဂဟနည်းအဘွင့် ၁၇၀
၁၇။ အကုသိုလ်စိတ် သင်္ဂဟနည်းအဘွင့် .... .... ၁၇၄
၁၈။ အဟိတ်စိတ်သင်္ဂဟနည်းအဘွင့် .... .... ၁၇၉

အကြောင်းအရာ စာမျက်နှာနံပါတ်

# ၃–ပကိဏ်းပိုင်း


၁။ နာမ် တေပညာသအဘွင့် .... .... ၁၀၅
၂။ ဝေဒနာသင်္ဂဟအဘွင့် .... .... ၁၀၇
၃။ ဟေတုသင်္ဂဟအဘွင့် .... .... ၁၉၂
၄။ ကိစ္စသင်္ဂဟ, ကိစ္စအဘွင့် .... .... ၁၉၆
၅။ ဌာနအဘွင့် .... .... .... ၁၉၀
၆။ ဇောကိစ္စတပ်သောစိတ်အဘွင့် .... .... ၂၀၁
၇။ ဒွါရသင်္ဂဟ, ဒွါရအဘွင့် .... .... ၂၀၄
၈။ ဒွါရဝိမုတ်စိတ်အဘွင့် ... .... .... ၂၀၇
၉။ ဧကဒွါရိကစိတ်အဘွင့် .... .... .... ၂၀၀
၁၀။ အာရမ္မဏသင်္ဂဟ, အာရုံ ၆–ပါးအဘွင့် .... ၂၁၀
၁၁။ ကာလဝိမုတ်အဓိပ္ပါယ်.... .... .... ၂၁၃
၁၂။ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်တို့၏အာရုံ ... ၂၁၇
၁၃။ ကာမာဝစရဝိပါက်နှင့် ဟသိတုပ္ပါဒ်စိတ်တို့၏
အာရုံပြုအဘွင့် .... .... .... ၂၂၃
၁၄။ အကုသိုလ်စိတ်နှင့် ဉာဏဝိပ္ပယုတ် ကာမဇောတို့၏
အာရုံပြုအဘွင့် .... .... .... ၂၂၅
၁၅။ ဉာဏသမ္ပယုတ် ကာမာဝစရကုသိုလ်စိတ်နှင့် အဘိညာဏ်
ကုသိုလ်စိတ်တို့၏ အာရုံပြုအဘွင့် .... .... ၂၂၀
၁၆။ ဉာဏသမ္ပယုတ် ကြိယာစိတ်နှင့် ကြိယာ အဘိညာဏ်,
ဝုဋ္ဌောစိတ်တို့၏ အာရုံပြုအဘွင့် .... .... ၂၂၉
၁၇။ ဝတ္ထုသင်္ဂဟ, ဝတ္ထုအဘွင့် .... .... ၂၃၃
၁၈။ ရူပဘုံ၌ရသောဝတ္ထုရုပ်အဘွင့် .... .... ၂၃၄
၁၉။ မနောဓာတ်စသောစိတ် ၃၃–ပါးတို့၏ ဟဒယဝတ္ထု
ရုပ်ကိုသာမှီခြင်းအကြောင်း .... .... ၂၃၇
၂၀။ နိယိတစိတ်, အနိယိတစိတ်, နိယိတာနိယိတစိတ်
အဘွင့် .... .... .... .... ၂၄၀

# ဋီကာကျော်မြန်မာပြန်

## စိတ်ပိုင်း

## ရတနတ္တယပဏာမ

နှင့်

## ဋီကာကျော်ကျမ်းရေးသားရခြင်း၏အကြောင်း

၁။ ။ကျွန်ုပ်သည် အထူးသဖြင့် ကိလေသာတို့မှ စင်ကြယ်သော မဟာကရုဏာ, သဗ္ဗညုတဉာဏ် ရှိတော်မူသော မြတ်စွာဘုရားကို၎င်း, မြတ်စွာဘုရားတို့သည် အာရုံပြု၍ မှီဝဲခြင်း, ပွါးများ၍မှီဝဲခြင်း အားဖြင့် အဖန်တလဲလဲ မှီဝဲသုံးသပ် ပူဇော်အပ်သော တရားတော်ကို၎င်း, သူတော်ကောင်းတို့၏ တရားကြောင့် ကောင်းစွာဖြစ်တော်မူသော ကိလေသာ မရှိသော သံဃာတော်မြတ်ကို၎င်း ရှိခိုးပါ၏။ ရှိခိုးပြီး၍—

၂။ ။(သီဟဠ)"သာရိပုတ္တရာ"ဟူသောအမည်ရှိသော မဟာထေရ်ကြီးလည်း ဖြစ်တော်မူသော, သုံးပုံပိဋကတ် ပရိယတ်၌ ရဲရင့်သော ပညာရှိထသော, ဝါ မြဲမြံခိုင်ခံ့သော သမာဓိရှိထသော, အရိုအသေ ပြုအပ်သည်၏ ဖြစ်ကြောင်းဟု ဆိုအပ်သော သီလစသော ဂုဏ်တော် အပေါင်းတို့၏ တည်ရာ ဖြစ်ထသော ငါ၏ ဆရာမြတ်ကိုလည်း ဦးဖြင့် ရှိခိုးပါ၏။ ရှိခိုးပြီး၍—

၃။ ။အဘိဓမ္မာကို သင်ကုန်သော ရဟန်းတို့၏ လွန်စွာနှစ်သက်ခြင်း ပီတိကို ပွါးစေတတ်သော အဘိဓမ္မတ္ထသင်္ဂဟမည်သော ကျမ်းကို အကျဉ်းအားဖြင့် ဘွင့်ပြပေအံ့။

၄။ ။ရှေး၌ဖြစ်ကုန်သော ဆရာတို့သည် တပါးမက များစွာကုန်သော အကြင် ဋီကာတို့ကို အကယ်၍ ပြုအပ်ကုန်၏။ ထိုသို့ပြုအပ်ကုန်သော်လည်း ထိုဋီကာဟောင်းတို့ဖြင့် ဤအဘိဓမ္မတ္ထ

သင်္ဂဟ မည်သော သင်္ဂြိုဟ်ကျမ်း၌ အလုံးစုံကုန်သော ပုဒ်တို့၏ အနက်ကို စာသင်သားတို့သည် သိခြင်းငှါ အကြင်ကြောင့် မတတ်နိုင်ကုန်။

၅။ ။ထို့ကြောင့် ဤအဘိဓမ္မတ္ထသင်္ဂဟကျမ်း၌ ကွယ်ဝှက်သော အနက်ရှိသော ပုဒ်တို့၏ အဓိပ္ပါယ်နှင့် တကွသော အနက်ကို မယုတ်မလျော့စေဘဲ ထင်စွာ ပြလိုသည် ဖြစ်၍ အကျဉ်းအားဖြင့် ဋီကာသစ်ကို စီရင်ပေအံ့။

# ၁—စိတ်ပိုင်း

## ရတနတ္တယပ္ပဏာမ

**၁။ ။သမ္ဗာသမ္ဗုဒ္ဓမတုလံ၊ သသဒ္ဓမ္မ ဂဏုတ္တမံ။**
**အဘိဝါဒိယ ဘာသိဿံ၊ အဘိဓမ္မတ္ထသင်္ဂဟံ။ ။**

ငါသည် သူတော်ကောင်းတို့၏ တရား, ပရမတ္ထအားဖြင့် ထင်ရှားရှိသော တရား, ချီးမွမ်းအပ်သော တရား, ကျော်စောသော ပုထုဇ္ဇန်ပုဂ္ဂိုလ်တို့ထက် အထူးသဖြင့် ကျော်စောသော နုတ်အပ်ပြီးသော အဝိဇ္ဇာရှိသော မြတ်သော အရိယာပုဂ္ဂိုလ်အပေါင်းနှင့် တကွ ဖြစ်တော်မူထသော၊ သီလအစရှိသော ဂုဏ်တော်တို့ကြောင့် တစုံတယောက်သော သူနှင့် တူတော်မမူထသော၊ သင်္ခတ, အသင်္ခတ အားဖြင့် ပြားသော ခပ်သိမ်းသော တရားတို့ကို မဘောက်မပြန် သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလိုသာ သိတော်မူပြီးသော မြတ်စွာဘုရားကို အထူးသဖြင့် ရှိခိုးပါ၏။

အထူးသဖြင့် ရှိခိုးပြီး၍၊ အဘိဓမ္မာခုနစ်ကျမ်း၌ ဟောတော်မူအပ်ကုန်သော အနက်တို့ကို အကျဉ်းအားဖြင့် ယူရာ, ယူကြောင်း သင်္ဂြိုဟ်ရာ, သင်္ဂြိုဟ်ကြောင်း ဖြစ်ခြင်းကြောင့် “အဘိဓမ္မတ္ထသင်္ဂဟ” အမည်ရှိသော ကျမ်းကို ဆိုပေအံ့။

---

## ရတနတ္တယပ္ပဏာမအဘွင့်

## သမ္ဗာသမ္ဗုဒ္ဓမတုလံဂါထာကိုဆိုရခြင်းအကြောင်းအနုသန္ဓေ

၁။ ။အလွန် ဆန်းကြယ်သော နည်းတို့ဖြင့် ပြည့်စုံသော မိမိ၏ ဥစ္စာဖြစ်သော မဟာဝိဟာရဝါသီ အရှင်မြတ်တို့၏အသိဉာဏ်, အဆုံးအဖြတ်ဖြစ်သော တောအုပ် တပါးသော အဘယဂိရိဝါသီ, ဇေတဝနဝါသီ ဆရာတို့၏ မိစ္ဆာအယူ မိစ္ဆာဉာဏ်, ထိုမိစ္ဆာဉာဏ်၏ အာရုံဖြစ်သော ဘောက်ပြန်သော အနက်ဟု ဆိုအပ်သော တောအုပ်

သို့ ဤဏ်ဖြင့် သက်ဝင်ခြင်းငှါ စွမ်းနိုင်သော မောဟအညစ် အကြေးမှ အလွန် ကင်းဝေးသော ပြန့်ပြောသော ပညာ၏ အစွမ်းကို ဖြစ်စေတတ်သော ဤအဘိဓမ္မတ္ထသင်္ဂဟ မည်သော ကျမ်းကို အားထုတ်စီရင်လိုသော ဤအရှင် **အနုရုဒ္ဓါ** ဆရာသည် ကျမ်းကို အားမထုတ်မီ ရှေးဦးစွာသော ကာလ၌ ၁-ရတနာသုံးပါးတို့အား ရှိခိုးခြင်း, ၂-ကျမ်း၏ အနက်, ၃-ကျမ်းပြုပုံ အခြင်း အရာ, ၄-ကျမ်း၏ အမည်, ၅-ကျမ်း၏ အကျိုးတို့ကို ပြခြင်းငှါ **"သမ္မာ သမ္ဗုဒ္ဓံ"** အစရှိသော ဂါထာကို မိန့်ဆိုတော်မူ၏။

---

## ရတနတ္တယပ္ပဏာမ ပုဗ္ဗပဋ္ဌကငါးပါးအရ ချဲ၍ပြခြင်း

ချဲ့ပြဦးအံ့။ ။ဤ **"သမ္မာသမ္ဗုဒ္ဓမတုလံ"** အစရှိသော ဂါထာ၌ **"သမ္မာသမ္ဗုဒ္ဓ။ ပ။ အဘိဝါဒိယ"** ဟူသော ဤပါဌ်ဖြင့်—

(၁) ရတနာသုံးပါးအား ရှိခိုးခြင်း 'ရတနတ္တယပ္ပဏာမ'ကို ပြဆိုအပ်၏။ **"အဘိဓမ္မတ္ထသင်္ဂဟံ"**ဟူသော ပါဌ်ဖြင့်—

(၂) ကျမ်း၏အနက်,

(၃) ကျမ်းပြုပုံ အခြင်းအရာ,

(၄) ကျမ်း၏ အမည်တို့ကို ပြဆိုအပ်ကုန်၏။

အဘယ့်ကြောင့် အဘိဓမ္မတ္ထသင်္ဂဟ တပုဒ်တည်းဖြင့် ယင်းအနက် သုံးပါးကို ပြဆိုနိုင်ပါသနည်းဟူမူ—

ဤသင်္ဂြိုဟ်ကျမ်း၌ အဘိဓမ္မာ၏ အနက်တို့ကို အကျဉ်းပေါင်းစု၍ သိမ်းယူထားသည်၏ အဖြစ်ကို ပြသဖြင့် အဘိဓမ္မာ၏ အနက်တို့ကို ပေါင်းစုရာ ဖြစ်သော ဤအဘိဓမ္မတ္ထသင်္ဂဟကျမ်းသည် ထိုအဘိဓမ္မာ အနက်တို့ကို ပြီးစေအပ်, ဟောအပ်သည်၏ အဖြစ်ကို ပြခြင်းကြောင့် အဘိဓမ္မတ္ထသင်္ဂဟပုဒ်ဖြင့် ကျမ်း၏ အနက်ကို ပြဆိုအပ်၏။

အဘိဓမ္မတ္ထသင်္ဂဟ ကျမ်းတခုတည်း၌ အဘိဓမ္မာ အနက်တို့ကို တပေါင်းတည်း ပေါင်းစု၍ ဆိုထားပုံ အခြင်းအရာတို့ကို ပြဆို

သောကြောင့် ကျမ်းပြုပုံ အခြင်းအရာကိုလည်း ၎င်းအဘိဓမ္မတ္ထသင်္ဂဟ-ပုဒ်ဖြင့်ပင် ပြဆိုအပ်၏။

အဘိဓမ္မတ္ထသင်္ဂဟ ဟူသော အမည်သည်ပင် အဘိဓမ္မာ၏ အနက်တို့ကို အကျဉ်း ပေါင်းစု၍ ယူရာကျမ်းဟူသော အနက်သို့ အစဉ်လိုက်၍၊ ဝါ-အနက်အား လျော်စွာ မှည့်ဆိုအပ်သော အမည် ဖြစ်သောကြောင့် ကျမ်း၏ အမည်ကိုလည်း ၎င်းအဘိဓမ္မတ္ထသင်္ဂဟံ ပါဌ်ဖြင့်ပင် ပြဆိုအပ်၏။

(၅) ကျမ်း၏ အကျိုးကိုကား **အဘိဓမ္မတ္ထသင်္ဂဟံ ဝယ် သင်္ဂဟ-**ပုဒ်ဖြင့်ပင် မုချအကျိုး, အဆက်ဆက်အကျိုး နှစ်ပါးကို ဟောခြင်းငှါ စွမ်းနိုင်သော သတ္တိရှိသောကြောင့်၊ ဝါ-သတ္တိအားဖြင့် ပြတော်မူအပ်၏။ အဘယ့်ကြောင့်ဆိုသော် အဘိဓမ္မာ၏ အနက်တို့ကို တခုတည်းသော ဤကျမ်း၌ အကျဉ်း ပေါင်းရုံး၍ ယူအပ်သည်ရှိသော်၊ ထိုပေါင်း၍ ယူထားသော အဘိဓမ္မတ္ထသင်္ဂဟ သင်္ဂြိုဟ်ကျမ်းကို သင်ခြင်း, မေးမြန်းခြင်း အစရှိသည်တို့၏ အစွမ်းဖြင့် ထိုအဘိဓမ္မာ အနက်တို့၏ သရုပ်, သဘော, လက္ခဏာကို ထိုးထွင်း၍ သိသော ဉာဏ်၏၎င်း၊ ထိုသရုပ်, သဘော, လက္ခဏာကို သိသော ဉာဏ်လျှင် အကြောင်းရှိသော ပစ္စုပ္ပန် အကျိုးစီးပွါး, တမလွန် အကျိုးစီးပွါးနှင့် ပြည့်စုံခြင်း၏၎င်း မပင်ပန်းသဖြင့်၊ ဝါ-နှောင့်ရှက်ခြင်း မရှိသဖြင့် ပြီးပြည့်စုံခြင်းကြောင့် သင်္ဂဟပုဒ်ဖြင့် အကျိုးကို ပြဆိုအပ်၏။

ထိုထိုကျမ်း၏ အစ၌ အဋ္ဌကထာ, ဋီကာ ဆရာတို့သည် ရတနာ သုံးပါးအား ရှိခိုးခြင်း၏ အကျိုးကို ရှေးဦးစွာ များသောအားဖြင့် ခွဲကုန်၏။ အထူးအားဖြင့်ကား အဋ္ဌကထာ, ဋီကာ ဆရာတို့သည် အန္တရာယ် တားမြစ်ခြင်းကို အလိုရှိကုန်၏။ ထို့ကြောင့် အဋ္ဌကထာ ဆရာတို့သည် **“တဿာနုဘာဝေန ဟတန္တရာယော”** ဟု မိန့်ဆိုအပ်၏။ အနက်ကား-ထိုရှိခိုးသော ကုသိုလ်စေတနာ၏ တန်းခိုး အာနုဘော် အစွမ်းဖြင့် ပယ်ဖျောက်အပ်သော အန္တရာယ်ရှိသည် ဖြစ်၍—ဟူလို။ အဘယ့်ကြောင့် အလိုရှိကြပါသနည်း ဆိုသော်၊

သရုပ်အားဖြင့် ရှိခိုးခြင်း ကြိယာကို ပြီးစေတတ်သော ကုသိုလ်စေတနာသည် ရတနတ္တယပဏာမ မည်၏။

ထိုစကား မှန်၏—ထိုပဏာမ စေတနာသည် ရှိခိုးအပ်သော ရတနာသုံးပါး, ရှိခိုးတတ်သော ကျမ်းပြု ဆရာတို့၏ ခေတ္တ, အဇ္ဈာသယ တို့နှင့် ပြည့်စုံခြင်းတို့ကြောင့် ယခုပစ္စုပ္ပန်အတ္တဘော၌ အကျိုး ပေးတတ်၏။

## ကုသိုလ်စေတနာ၏ ဒိဋ္ဌဓမ္မ အကျိုးပေးပုံ

ထိုရတနာသုံးပါးအား ရှိခိုးခြင်း စေတနာသည် အကြင် အကြင် ရအပ်သော အကျိုးနှင့် ပြည့်စုံခြင်း၏ အကြောင်းဖြစ်သော ရှေးဘ၀ ကံဟောင်းအား အားအဆင့်ကို ပေးသည်အစွမ်းဖြင့် ထိုကံဟောင်းသည် ဖြစ်စေအပ်သော အကျိုးဝိပါက် အစဉ်၏ အန္တရာယ်ကို ပြုတတ်ကုန်သော ဥပပီဠကကံ, ဥပစ္ဆေဒကကံ တို့ကို တားမြစ်၍ ထိုဥပပီဠကကံ, ဥပစ္ဆေဒကကံလျှင် အကြောင်းရှိကုန်သော၊ ဝါ-ထိုဥပပီဠကကံ,ဥပစ္ဆေဒကကံကြောင့် ဖြစ်ကုန်သော အကြင် အကြင် အလိုရှိအပ်သော ကျမ်းပြီးခြင်းအကျိုးကို တားမြစ်တတ်ကုန်သော ရောဂါအစရှိသော အန္တရာယ်တို့၏ မဖြစ်ခြင်းကို ပြီးစေတတ်၏။ ထို့ကြောင့် ကျမ်း၏ အစ၌ ရတနတ္တယပဏာမကို ပြုခြင်းသည် အကြင် အကြင် အားထုတ်အပ်သော ကျမ်းကို အန္တရာယ် မရှိသဖြင့် ပြီးစေခြင်း အကျိုးလည်း ရှိ၏။ စာသင်သားတို့၏လည်း အရှင်အနုရုဒ္ဓါဆရာ၏ ရှိခိုးခြင်းလျှင် ပြခန်းခြင်းရှိသော အကျင့်ဖြင့် အန္တရာယ်မရှိမူ၍ သင်ခြင်း, ဆောင်ခြင်း အစရှိသည်ကို ပြည့်စုံစေခြင်း အကျိုးလည်းရှိ၏။

## အဘိဓေယျစသည်ကိုဆိုရခြင်းအကျိုးများ

ကျမ်း၏ အနက်အဘိဓေယျကို ဆိုခြင်းသည် သိအပ်သော အနက်ရှိသောကျမ်းကို ပညာရှိတို့သည် သင်ခြင်းအစရှိသည်တို့၏ အစွမ်းဖြင့် အဖန်တလဲလဲ မှီဝဲအပ်သည်၏ အဖြစ်ကြောင့် ပညာရှိတို့သည် ကျမ်းကို မှီဝဲခြင်း အကျိုးရှိ၏။

ကျမ်းပြုပုံ အခြင်းအရာ, ကျမ်း၏ အကျိုးတို့ကို ပြခြင်းတို့သည်ကား စာသင်သားတို့၏ ကောင်းစွာ အားထုတ်ခြင်းကို ဖြစ်စေခြင်း အကျိုးရှိ၏။ ကျမ်း၏ အမည်ကို ဆိုခြင်းသည်ကား ခေါ်ဝေါ်လွယ်ခြင်း အကျိုးရှိ၏။ ဤဆိုအပ်ပြီးသော အဘွင့်ကား တပုဒ်မက နှစ်ပုဒ်စသော တပေါင်းတည်းဖြစ်သော သမုဒါယပုဒ်တို့၏ အနက်တည်း။ ဤဆိုလတ္တံ့သည်ကား အစိတ်ဖြစ်သော ပုဒ်၏အနက်တည်း။

ငါသည် သူတော်ကောင်းတို့၏ တရား,ပရမတ္ထအားဖြင့် ထင်ရှားရှိသော တရား, ချီးမွမ်းအပ်သော တရား, ကျော်စောသော ပုထုဇ္ဇန်ပုဂ္ဂိုလ်တို့ထက် အထူးသဖြင့် ကျော်စောသော နုတ်အပ်ပြီးသော အဝိဇ္ဇာရှိသော အရိယာပုဂ္ဂိုလ် အပေါင်းနှင့်တကွ ဖြစ်တော်မူထသော၊ သီလအစရှိသော ဂုဏ်တော်တို့ကြောင့် တစုံတယောက်သောသူနှင့် တူတော်မမူထသော၊ သင်္ခတ, အသင်္ခတ အားဖြင့်ပြားသော ခပ်သိမ်းသော တရားတို့ကို မဘောက်မပြန် သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလိုသာ သိတော်မူပြီးသော မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုးပြီး၍၊ "အဘိဓမ္မတ္ထသင်္ဂဟ"မည်သော ကျမ်းကို ဆိုပေအံ့။ ဤကား ရှေးပုဒ် နောက်ပုဒ်တို့၏ စပ်ပုံတည်း။

ဤဆိုအပ်ပြီးသည်ကား အစိတ်,အစိတ်-တပုဒ်,တပုဒ် ဖြစ်သော အဝယဝ ပုဒ်တို့၏ အနက်တည်း။ ဝါ-သမ္မာသမ္ဗုဒ္ဓမတုလံ-ဂါထာကို အနက်ပေးခြင်းတည်း။

---

## သမ္မာသမ္ဗုဒ္ဓံ-ပုဒ်အဘွင့်

ထို သမ္မာသမ္ဗုဒ္ဓမတုလံ-စသောဂါထာ၌ ဝိဂ္ဂြိုဟ်ကို ဤသို့ပြုအပ်၏။ မဘောက်မပြန် မိမိအလိုလိုသာလျှင် အလုံးစုံသော တရားတို့ကို သိတော်မူတတ် သောကြောင့် မြတ်စွာဘုရားသည် **သမ္မာ-သမ္ဗုဒ္ဓ** မည်၏။

အဓိပ္ပါယ်ကို ချဲ့၍ပြဦးအံ့—ထို မြတ်စွာဘုရားသည် သင်္ခတ, အသင်္ခတ အားဖြင့် ပြားသော အလုံးစုံသော တရားအပေါင်းကို

ဟုတ်မှန်သောအတိုင်း ကိစ္စနှင့် တကွဖြစ်သော လက္ခဏာတို့ကို ထိုးထွင်း၍ သိခြင်း၏ အစွမ်းအားဖြင့် မဘောက်မပြန် မိမိသည် အဖန်တလဲလဲ ဆည်းပူးအပ်သော ပါရမီတော်ကြောင့် ကောင်းစွာဖြစ်သော သယမ္ဘူဉာဏ်ဖြင့် ကိုယ်တိုင် သိတော်မူပြီ။

အထက်ပါ စကားအရ ဆရာမရှိပုံကို အဘယ်သို့ ဟောတော်မူပါသနည်းဆိုသော်— **"သယံ အဘိညာယ ကမုဒ္ဒိသေယျံ"** ဟု ဟောတော်မူ၏။ မိမိအလိုလို သယမ္ဘူဉာဏ်ဖြင့် သိ၍ အဘယ်သူကို ငါ၏ဆရာဟု ညွှန်ရပါအံ့နည်း-ဟူလို။

မှတ်ချက်။ ။ဤအလို **သမ္မာသမ္ဗုဒ္ဓ**-ဟူသော ပုဒ်ကို သမ္မာ သာမဉ္စ သဗ္ဗဓမ္မေ အဗုဇ္ဈိတိ သမ္မာသမ္ဗုဒ္ဓေါ-ဟု ဝိဂ္ဂြိုဟ် ပြုရမည်-ဟူလို။

---

## ဗုဓခေတ်အရ တနည်းဘွင့်ပြခြင်း

တနည်းကား—ဗုဓ-ခေတ်၏ နိုးခြင်း, ပွင့်ခြင်း အနက်တို့၌လည်း ဖြစ်ခြင်းကြောင့် "စင်စစ် ကိုယ်တိုင်သာလျှင် နိုးတော်မူ၏" "သူတပါးတို့သည် မနိုးစေအပ်သည် ဖြစ်၍ ကိုယ်ဘိုင်သာလျှင် ဝါသနာနှင့် တကွဖြစ်သော မောဟတည်းဟူသော အိပ်ပျော်ခြင်းမှ စင်စစ် ကင်းတော်မူပြီ၊" ဤကား နိုးခြင်း ဇာဂရ-အနက်တည်း။

နေရောင်နှင့် ပေါင်းဖေါ်ရခြင်းကြောင့် အလွန်ကောင်းသော အရောင် အသရေ၏ တင့်တယ်ခြင်းအစုသို့ ရောက်သဖြင့် ပဒုမာကြာသည် ပွင့်ခြင်းသို့ ရောက်သကဲ့သို့ အရဟတ္တမဂ်ဉာဏ်နှင့် ပေါင်းဖေါ်ခြင်းကြောင့် မနှိုင်းယှဉ်အပ်သော ဂုဏ်အပေါင်းတို့ဖြင့် တန်ဆာဆင်အပ်သော သဗ္ဗညုတဉာဏ်သို့ ရောက်သဖြင့် အသင့်အားဖြင့် ကိုယ်တိုင်သာလျှင် ပွင့်တော်မူပြီ၊ ပွင့်ခြင်းသို့ ရောက်တော်မူပြီ။ ဤကား ပွင့်ခြင်း ဝိကသိတ-အနက်တည်း။

မှတ်ချက်။ ။ဤအလို **"သမ္မာသမ္ဗုဒ္ဓေါ"** ပုဒ်ကို သမ္မာ သာမဉ္စ ဗုဒ္ဓေါ ပဋိဗုဒ္ဓေါ ဝိကာသိတောတိ သမ္မာသမ္ဗုဒ္ဓေါ-ဟု ဝိဂြိုဟ်ပြုရမည် ဆိုလိုသည်။

---

## အတုလံ-ပုဒ်အဘွင့်

သမ္မာသမ္ဗုဒ္ဓသဒ္ဒါ၏ အကြင်အကြင် ဆိုအပ်ပြီးသော ဝစနတ္ထနှင့် ယှဉ်သော်လည်း မြတ်စွာဘုရား၌ အမည်မျှကို ပြသည်အစွမ်းဖြင့် ဖြစ်သည်၏ အဖြစ်ကြောင့်၊ "အတုလံ" ဟူသော ဤပုဒ်ဖြင့် အရှင် အနုရုဒ္ဓါဆရာသည် အထူးပြုတော်မူ၏။

ချိန်ခွင်နှင့်တူသောဉာဏ်ဖြင့် နှိုင်းယှဉ်အပ်သောကြောင့် တုလျ မည်၏။ ထို တုလျ-ပုဒ်ကိုပင်လျှင် လျ-၌ ယ အက္ခရာကို ချေသည် ၏အစွမ်းဖြင့် တုလ-ဟုဆိုအပ်၏။

တနည်းကား—ချိန်ခွင်နှင့် တူသော ပညာဖြင့် နှိုင်းယှဉ်အပ် သောကြောင့် တုလ-မည်၏။ သမ္မိတ အနက်၌ အ-ပစ္စည်း၏ အစွမ်းဖြင့် တုလ ဟုဆိုအပ်၏။ သီလစသော ဂုဏ်တို့ကြောင့် တစုံတယောက်သော ပုဂ္ဂိုလ်နှင့် တူတော်မမူသောကြောင့် မြတ်စွာ ဘုရားသည် အတုလ-မည်တော်မူ၏။

မှတ်ချက်။ ။ဤအလို အတုလ ပုဒ်ကို "တုလာယ သမ္မိတော တုလျော, တုလော၊ န တုလော အတုလော" ဟု ပြုလို၏။

သီလ အစရှိသော ဂုဏ်တို့ကြောင့် တစုံတယောက်သော ပုဂ္ဂိုလ်နှင့် တူတော်မမူ။ ဤကား အတုလ၏ အဓိပ္ပါယ်တည်း။

တနည်းကား—ထိုမြတ်စွာဘုရားအား တူသော ပုဂ္ဂိုလ်သည် မရှိ သောကြောင့် အတုလ မည်၏။

မှတ်ချက်။ ။ဤအလို-အတုလံ ပုဒ်ကို "နတ္ထိ တုလော ဧတဿာတိ အတုလော"ဟု ပြုလို၏။

အဘယ့်ကြောင့် တူသောသူ မရှိသနည်းဟူမူ၊နတ်နှင့် တကွသော လောက၌ မြတ်သော ပုဂ္ဂိုလ်ဖြစ်သည် အဖြစ်ကြောင့်တည်း၊

ဤကား ဝိဂ္ဂဟ်၏ အဓိပ္ပါယ်တည်း။

အမြတ်ဆုံး ပုဂ္ဂိုလ်အဖြစ်ကို မြတ်စွာဘုရား အဘယ်ကဲ့သို့ ဟော တော်မူပါသနည်း၊ "ယာဝတာ ဘိက္ခဝေ သတ္တာ အပဒါ ဝါ ဒွိပဒါ ဝါ စတုပ္ပဒါ ဝါ တထာဂတော တေသံ အဂ္ဂမက္ခာယတိ" အစ ရှိသော ဒေသနာတော်ကို ဟောတော်မူ၏။ ရဟန်းတို့ အကြင် မျှလောက်ကုန်သော အခြေမရှိသော သတ္တဝါတို့သည်ငင်း၊ အခြေ နှစ်ချောင်းရှိကုန်သော သတ္တဝါတို့သည်ငင်း၊ အခြေလေးချောင်း ရှိကုန်သော သတ္တဝါတို့သည်ငင်း၊ များသောအခြေ ရှိကုန်သော သတ္တဝါတို့သည်ငင်း ရှိကုန်၏။ ထိုသတ္တဝါတို့တွင် "ငါဘုရားကို မြတ်၏" ဟု ဟောတော်မူအပ်၏-ဟူလို။

---

## ဤသမ္မာသမ္ဗုဒ္ဓဂါထာဖြင့် ချီးမွမ်းအပ်သော မြတ်စွာဘုရား၏ ဂုဏ်တော်အပေါင်းကို ဘော်ပြချက်

ဤမျှ အတိုင်းအရှည်ရှိသော "သမ္မာသမ္ဗုဒ္ဓ" ပုဒ် "အတုလ" ပုဒ်တို့ဖြင့် ဟေတုသမ္ပဒါ, ဖလသမ္ပဒါ, သတ္တူပကာရသမ္ပဒါ တို့၏ အစွမ်းအားဖြင့် သုံးပါးကုန်သော ဂုဏ်အစုတို့ဖြင့် မြတ်စွာဘုရား အား ချီးမွမ်းခြင်းကို ပြုအပ်၏။

(၁) ထိုသုံးပါးသော သမ္ပဒါတို့တွင် မဟာကရုဏာနှင့် အဖန် တလဲလဲ ယှဉ်ခြင်းသည်ငင်း၊ သဗ္ဗညုတဉာဏ်၏ အဆောက်အဦ ဖြစ်သော သုံးဆယ်သော ပါရမီတို့ကို ဖြည့်တော်မူခြင်းသည်ငင်း ဟေတုသမ္ပဒါမည်၏။ အကြောင်းနှင့် ပြည့်စုံသည်-ဟူလို။

(၂) ဖလသမ္ပဒါသည်ကား—ဉာဏသမ္ပဒါ, ပဟာနသမ္ပဒါ, အာနုဘာဝသမ္ပဒါ,ရူပကာယသမ္ပဒါ တို့၏ အစွမ်းအားဖြင့်လေးပါး အပြားရှိ၏။

[က] ထိုလေးပါးသော ဖလသမ္ပဒါတို့တွင် သဗ္ဗညုတဉာဏ်၏ နီးစွာသော အကြောင်းဖြစ်သော အရဟတ္တမဂ်ဉာဏ်သည် ၎င်း၊ ထိုအရဟတ္တမဂ်ဉာဏ်လျှင် အကြောင်းရင်းရှိကုန်သော ဒသဗလ စသော ဉာဏ်တို့သည်၎င်း ဉာဏသမ္ပဒါ-မည်၏။

[ခ] ဝါသနာနှင့် တကွဖြစ်သော အလုံးစုံသော ကိလေသာ တို့ကို စင်စစ်အားဖြင့် တဖန် မဖြစ်ခြင်း သဘော ရှိသည်၏ အဖြစ်သို့ ရောက်စေခြင်းသည် ပဟာနသမ္ပဒါ-မည်၏။

[ဂ] အလိုရှိတော်မူသည့်အတိုင်း လိုအပ်သော အကျိုးကို ပြီးစေခြင်း၌ အစိုးရတော်မူသည်၏ အဖြစ်သည် အာနုဘာဝသမ္ပဒါ-မည်၏။

[ဃ] အလုံးစုံသော သတ္တဝါတို့၏ မျက်စိကို ဆောင်၍ မိမိ၌ သွန်းဘိသကဲ့သို့ဖြစ်သော သုံးဆယ့် နှစ်ပါးသော လက္ခဏာ တော်ကြီး, ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့် တန်ဆာ ဆင်အပ်သော အတ္တဘောတော်နှင့် ပြည့်စုံခြင်းသည် ရူပကာယ သမ္ပဒါ-မည်၏။

(၃) သတ္တူပကာရသမ္ပဒါသည်ကား-မြတ်သော အလို, မြတ်-သောလုလ္လတို့၏ အစွမ်းအားဖြင့် နှစ်ပါးအပြား ရှိ၏။ ထိုနှစ်ပါး တို့တွင် ဒေဝဒတ်အစရှိကုန်သော ဆန့်ကျင်ဘက်ဖြစ်ကုန်သော သတ္တဝါတို့၌လည်း အမြဲ အစီးအပွါးကို အလိုရှိသည်၏ အဖြစ်သည် ၎င်း၊ မရင့်ကျက်သေးသော ဉာဏ်ရှိကုန်သော သတ္တဝါတို့၏ ဉာဏ် ရင့်သောအခါကို ငံ့တော်မူခြင်းသည်၎င်း 'အာသယ' မည်၏။

ဒေဝဒတ်မှ တပါးဖြစ်ကုန်သော သတ္တဝါတို့၏ လာဘ် အထူး ပူဇော်ခြင်း အစရှိသည်တို့၌ ငဲ့ခြင်းကင်းသော စိတ်ရှိတော်မူသော မြတ်စွာဘုရား၏ အနိစ္စစသော ယာဉ်သုံးပါးတို့၏ အပေါင်းကို အကြောင်းပြုသဖြင့် အလုံးစုံသော ဆင်းရဲမှ ထွက်မြောက်စေတတ် သော တရားတော်ကို ဟောခြင်းသည် 'ပယောဂ' မည်၏။

ထိုသုံးပါးသော ဟေတု, ဖလ, သတ္တူပကာရ သမ္ပဒါတို့တွင် ရှေး၌ ဖြစ်ကုန်သော နှစ်ပါးသော ဖလသမ္ပဒါတို့ကို "**သမ္မာသမ္ဗုဒ္ဓ**"

ဟူသော ဤပါဠိဖြင့် ပြအပ်ကုန်၏။ ဤမှ တပါးကုန်သော နှစ်ပါးသော အာနုဘာဝသမ္ပဒါ, ရူပကာယသမ္ပဒါ တို့ကိုလည်း၊ ထိုမှ တပါး သတ္တူပကာရသမ္ပဒါကိုလည်း **"အတုလံ"** ဟူသော ဤပါဠိဖြင့် ပြအပ်ကုန်၏။ထိုနှစ်ပါးသော ဖလသမ္ပဒါ,သတ္တူပကာရသမ္ပဒါတို့၏ အကြောင်းဖြစ်သော ဟေတုသမ္ပဒါကိုကား **"သမ္မာသမ္ဗုဒ္ဓံ"**ပုဒ်, **"အတုလံ"**ပုဒ် နှစ်ပုဒ်တို့၏ အစွမ်းအားဖြင့် ပြအပ်၏။

အဘယ့်ကြောင့်ဆိုသော် ထိုသို့သဘောရှိသော မဟာကရုဏာ, ပါရမီ, စာဂ, စရိယ ဟုဆိုအပ်သော အကြောင်းနှင့် ကင်းသဖြင့် ထိုနှစ်ပါးကုန်သော ဖလသမ္ပဒါ, သတ္တူပကာရသမ္ပဒါ တို့၏ ပြည့်စုံခြင်း မဖြစ်သင့်သောကြောင့်တည်း။ အကြောင်းမရှိသည် ရှိသော် ခပ်သိမ်းကုန်သော သတ္တဝါတို့၌ ထိုဖလသမ္ပဒါ, သတ္တူပကာရသမ္ပဒါ တို့၏ ဖြစ်သင့်ခြင်း၌ လျဉ်းပါးဘွယ် ရှိသောကြောင့်တည်း။

---

## သသဒ္ဓမ္မဂဏုတ္တမံ-ပုဒ်အဘွင့်

ဤသို့ **"သမ္မာသမ္ဗုဒ္ဓမတုလံ"**ဟူသော နှစ်ပုဒ်တို့ဖြင့် ထိုဘုရားရတနာကို သုံးပါးအပြားရှိသော သမ္ပဒါအစုတို့ဖြင့် ကောင်းစွာ ယူသော ချီးမွမ်းခြင်းလျှင် ပြခေန်းခြင်းရှိသော ရှိခိုးခြင်းကို ပြုပြီး၍ ယခုအခါ၌ ကြွင်းနေသော ရတနာတို့အားလည်း ရှိခိုးခြင်းကို အားထုတ်လိုသော အရှင်အနုရုဒ္ဓါဆရာသည် **"သသဒ္ဓမ္မဂဏုတ္တမံ"** ဟူသော ပါဠိကို မိန့်တော်မူ၏။

မှတ်ချက်။ ။ဤစကားရပ်ဖြင့် ''သသဒ္ဓမ္မဂဏုတ္တမံ''ပါဠိကို အနုသန္ဓေနည်းဖြင့် ကျမ်းတက် ပြ၏။

အဘယ့်ကြောင့် တရား,သံဃာကိုလည်း ရှိခိုးခြင်း မည်ပါသနည်း ဟူမူ—မပြခေန်းသည် ဖြစ်၍ ဖြစ်ကုန်သော တရား, သံဃာတို့ အားလည်း ရှိခိုးအပ်သည် အဖြစ်ကို သဟ-သဒ္ဒါနှင့် ယှဉ်ခြင်းကြောင့် သိအပ်၏။ အဘယ်ပုဒ်ကဲ့သို့နည်း ဆိုသော် ''သားမယားနှင့် တကွ

လာ၏” ဤသို့ဆိုသည်ရှိသော် သား, မယား၏လည်း လာခြင်းကို သိအပ်သကဲ့သို့တည်း။

## ဓမ္မသဒ္ဒါ၏ဝိဂြိုဟ်

ထို“**သသဒ္ဓမ္မဂဏုတ္တမံ**”ဟူသော ပုဒ်၌ ဓမ္မသဒ္ဒါ၏ ဝိဂြိုဟ်ကို ဤသို့ ပြုအပ်၏။ ။မိမိဟုဆိုအပ်သော တရားကို ဆောင်ကုန်, ကျင့်ကုန်သော သတ္တဝါတို့ကို လေးပါးကုန်သော အပါယ်တို့၌ရှင်း, ဝဋ်ဆင်းရဲတို့၌ရှင်း မကျသည်တို့ကို ပြု၍ ဆောင်တတ် သောကြောင့် **ဓမ္မ**-မည်၏။ မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန်၏ အစွမ်းဖြင့် ကိုးပါး အပြားရှိသော တရားကို ရအပ်၏။

တနည်းကား—ပရိယတ္တိနှင့် တကွ ဆယ်ပါး အပြားရှိသော တရားကို ရအပ်၏။ ဆယ်ပါးသော ထိုတရားတော်၏ ဆောင်ခြင်း ဟူသည်ကား အပါယ်စသည်၌ ဖြစ်စေတတ်သော ကိလေသာကို ဖျက်ဆီးခြင်းပင်တည်း။ ဝါ-ဖျက်ဆီးခြင်းသည် ဓမ္မ၏ဆောင်ခြင်း မည်၏။

## မဂ်ဖိုလ်နိဗ္ဗာန်ပရိယတ်တို့၏ ဓမ္မမည်ပုံ

အရိယာမဂ်သည် ကိလေသာတို့ကို အကြွင်းမဲ့ ဖြတ်တတ်သည်၏ အဖြစ်ကြောင့် မုချအားဖြင့် **ဓမ္မ**-မည်၏။ နိဗ္ဗာန်သည်လည်း ထို အရိယာမဂ်က နိဗ္ဗာန်ကို အာရုံပြုလျက် ထိုကိလေသာကို အကြွင်းမဲ့ ဖြတ်ခြင်း ကိစ္စ ပြီးခြင်း၏ အကြောင်း ဖြစ်သောကြောင့် မုချ အားဖြင့် **ဓမ္မ**-မည်၏။ ဝါ-ဓမ္မ အမည် ရအပ်၏။ ကိလေသာတို့ကို တဖန် ထပ်၍ ငြိမ်းစေခြင်း၏ အစွမ်းအားဖြင့် မဂ်အားလျော်စွာ ဖြစ်သောကြောင့် ဖိုလ်သည်လည်း **ဓမ္မ**-မည်၏။ ထိုအရိယာမဂ်, ဖိုလ်, နိဗ္ဗာန်ကို ရခြင်း၏ အကြောင်း ဖြစ်သောကြောင့် ဤပရိယတ် သည်လည်း **ဓမ္မ**-မည်၏။ ဤနှစ်ပါး ကုန်သော အရဟတ္တဖိုလ်, ပရိယတ် တို့ကား ကာရဏူပစာ, ဖလူပစာ အားဖြင့်သာ **ဓမ္မ**-မည်ကုန်၏ဟု မှတ်အပ်၏။

မှတ်ချက်။ ။မဂ်နှင့်နိဗ္ဗာန်ကား ကိလေသာကို ဖျက်ဆီးတတ်၍ မုချအားဖြင့် ဓမ္မ မည်၏။

ဖိုလ်ကား အကျိုးတရားဖြစ်၍ ကာရဏူပစာအားဖြင့် ဓမ္မမည်၏။ ပရိယတ္တိကား အကြောင်း တရား ဖြစ်၍ ဖလူပစာအားဖြင့် ဓမ္မ မည်၏-ဟူလို။

သူတော်ကောင်း ဖြစ်ကုန်သော အရိယာ ပုဂ္ဂိုလ်တို့၏ တရားသည် **သဒ္ဓမ္မ** မည်၏။ တနည်းကား-ပရမတ္ထအားဖြင့် ထင်ရှားရှိသော တရားသည် **သဒ္ဓမ္မ** မည်၏။ တိတ္ထိတို့သည် ကြံဆအပ်သော 'အတ္တ **ကိုယ်'** ကဲ့သို့ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော တရားမျိုး မဟုတ်။ တနည်းကား-သွာက္ခာတတာ စသော ဂုဏ်နှင့် ယှဉ်ခြင်းကြောင့် ချီးမွမ်းအပ်သော တရားသည် **သဒ္ဓမ္မ** မည်၏။ သာသနာတော်မှ အပဖြစ်သော တိတ္ထိတို့သည် ဟောအပ်သော တရားကဲ့သို့ စင်စစ် ကဲ့ရဲ့အပ်သော တရားမျိုး မဟုတ်ပေ။

မှတ်ချက်။ ။သဒ္ဓမ္မ-ပုဒ်ကို "သတံ ဓမ္မော သဒ္ဓမ္မော" ဟုဂုဏ်း, "သံဝိဇ္ဇမာနော ဓမ္မော သဒ္ဓမ္မော" ဟုဂုဏ်း, "ပသတ္ထော ဓမ္မော သဒ္ဓမ္မော" ဟုဂုဏ်း ဝိဂြိုဟ် ပြုရမည်-ဟူလို။

---

## ဂဏုတ္တမ၏ ဝိဂြိုဟ်ဘွင့်

အကြင် အရိယာသံဃာသည် အရိယာပုဂ္ဂိုလ်တို့၏ အပေါင်း၏ အဖြစ်ကြောင့် **ဂဏ** မည်၏။ ဝါ-အပေါင်းဖြစ်၏။ သုပ္ပဋိပန္နတာ-စသော ဂုဏ်ထူးနှင့် ယှဉ်ခြင်းကြောင့် **ဥတ္တမ** လည်းမည်၏။ ဝါ-မြတ်လည်း မြတ်၏။ ထို့ကြောင့် ထိုအရိယာသံဃာသည် **ဂဏုတ္တမ** မည်၏။

တနည်းကား-နတ်လူအစရှိသော အပေါင်းတို့ထက် တနည်း-နတ်လူအစရှိသော အပေါင်းတို့တွင် ဆိုအပ်ပြီးသော ဂုဏ်၏ အစွမ်းကြောင့် မြတ်၏။ ထို့ကြောင့် ထိုအရိယာသံဃာသည် **ဂဏုတ္တမ** မည်၏။

မှတ်ချက်။ ။ပဌမနည်းအလို- ဂဏော စ သော ဥတ္တမော စာတိ ဂဏုတ္တမော-ဟု ဝိဂ္ဂြိုဟ်ပြု။ ဒုတိယနည်း အလို ဂဏာနံ ဥတ္တမော, ဂဏေသု ဝါ ဥတ္တမောတိ ဂဏုတ္တမော-ဟုပြု။

သူတော်ကောင်း ဖြစ်ကုန်သော အရိယာပုဂ္ဂိုလ်တို့၏ တရား, ပရမတ္ထအားဖြင့် ထင်ရှားရှိသော တရား, ချီးမွမ်းအပ်သော တရား နှင့်ဂုဏ်း၊ မြတ်သော အရိယာပုဂ္ဂိုလ်တို့၏ အပေါင်းနှင့်ဂုဏ်း တကွ ဖြစ်သောကြောင့် မြတ်စွာဘုရားသည် **သသဒ္ဓမ္မဂဏုတ္တမ**-မည်၏။

မှတ်ချက်။ ။ဤအလို-သဒ္ဓမ္မေန စ ဂဏုတ္တမေန စ သဟ ယော ဝတ္တတီတိ သော သသဒ္ဓမ္မဂဏုတ္တမော-ဟု ဝိဂ္ဂြိုဟ်ပြု-ဟူလို။

ထိုသူတော်ကောင်းဖြစ်ကုန်သော အရိယာပုဂ္ဂိုလ်တို့၏ တရား, ပရမတ္ထအားဖြင့် ထင်ရှားရှိသော တရား,ချီးမွမ်းအပ်သော တရား, မြတ်သော အရိယာပုဂ္ဂိုလ်တို့နှင့် တကွဖြစ်သော မြတ်စွာဘုရားကို— (ဤစကားဖြင့် ဝိဂ္ဂြိုဟ်ပြုပြီး၍ ဝါကျအစွမ်းအားဖြင့် ရသင့်သော အနက်ဖြစ်သော ဒုတိယာသောနည်းကို ပြ၏)

သသဒ္ဓမ္မဂဏုတ္တမံ-အဘွင့် ပြီး၏။

---

**အဘိဝါဒိယ**-ဟူသည်ကား—ဝါ-ဟူသောပုဒ်ကို အထူးအား ဖြင့် ရှိခိုး၍-ဟုအနက်ပေး။ ကြောက်၍ ရှိခိုးခြင်း,လာဘ်ကို လို၍ ရှိခိုးခြင်း,အမျိုးအလေ့အားဖြင့် ရှိခိုးခြင်း အစရှိသည်တို့မှ ကင်း၍ ရိုသေစွာ ကာယဒွါရ,ဝစီဒွါရ,မနောဒွါရ တို့ဖြင့် ရှိခိုး၍၊ ဤကား-အဘိသဒ္ဒါ၏ အနက် သဘောတည်း။

**ဘာသိဿံ**-ဟူသည်ကား—ဝါ-ဟူသောပုဒ်ကို ဟောပြောအံ့-ဟု အနက်ပေး။

## အဘိဓမ္မတ္ထသင်္ဂဟံ-အဓိပ္ပါယ်

ထိုပိဋကတ်၌ ဆတ်ဆတ်သော ပရမတ္ထ၏ အဖြစ်အားဖြင့် ထူးကုန်သော တရားတို့ကို ဟောအပ်ကုန်၏။ ထိုသို့ဟောရာဖြစ်သောကြောင့် ဓမ္မသင်္ဂဏီ-အစရှိသော ခုနစ်ကျမ်းဟု ဆိုအပ်သော အဘိဓမ္မာပိဋကတ်သည် အဘိဓမ္မာ မည်၏။ထိုအဘိဓမ္မာ ၇-ကျမ်း၌ ဟောအပ်ကုန်သော အနက်တို့သည် အဘိဓမ္မတ္ထ မည်ကုန်၏။

ဤကျမ်း၌၊ ဝါ-ဤကျမ်းဖြင့် အဘိဓမ္မာ ၇-ကျမ်း၌ အကျယ်အားဖြင့် ဟောတော်မူအပ်သော ထိုအဘိဓမ္မာအနက်တို့ကို အကျဉ်းပေါင်း၍ ယူအပ်ကုန်၏၊ ထိုသို့ ယူရာ,ယူကြောင်းဖြစ်ကုန်သောကြောင့် ဤသင်္ဂြိုဟ်ကျမ်းသည်''**အဘိဓမ္မတ္ထသင်္ဂဟ**''မည်၏။

---

### ပရမတ္ထတရားလေးပါး

၂။ ။**တတ္ထ ဝုတ္တာ ဘိဓမ္မတ္ထာ၊ စတုဓာ ပရမတ္ထတော။**
**စိတ္တံ, စေတသိကံ, ရူပံ၊ နိဗ္ဗာနမိတိ သဗ္ဗထာ။** ။

ထိုအဘိဓမ္မာ ၇-ကျမ်း၌ ကုသိုလ်အစရှိသော ခန္ဓာအစရှိသော ခပ်သိမ်းသော အပြားအားဖြင့် ဟောတော်မူအပ်ကုန်သော အဘိဓမ္မာ ၇-ကျမ်း၌ ဟောတော်မူအပ်သော အနက်တို့သည် မဖောက်မပြန် မြတ်သောသဘော၏ အစွမ်းအားဖြင့်သာလျှင်၊ တနည်း-မြတ်သော သဗ္ဗညုတဉာဏ်၏ အာရုံ၏ အစွမ်းအားဖြင့်သာလျှင် ဝိညာဏက္ခန္ဓာဟူသော စိတ်ငုင်း၊ ဝေဒနာအစရှိသော ခန္ဓာတို့၏ သုံးပါးအပေါင်းငုင်း၊ ဘူတရုပ်, ဥပါဒါရုပ် အားဖြင့် ပြားသော ရူပက္ခန္ဓာငုင်း၊ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်တ နိဗ္ဗာန်ငုင်း ဤသို့ လေးပါးသော အပြားအားဖြင့် တည်ကုန်၏။

## ပရမတ္ထတရားလေးပါးအဘွင့်

၂။ ။ဤသို့ ပဌမဂါထာဖြင့် ရှေးဦးစွာ အကြင် အလိုရှိအပ်သော အကျိုး ပြီးခြင်း၏ အကြောင်းဖြစ်သော ရတနာသုံးပါးတို့အား ရှိခိုးခြင်း စသည်ကို စီရင်ပြီး၍၊ ယခုအခါ၌ အကြင် အဘိဓမ္မာအနက်တို့ကို အကျဉ်းချုံး၍ သိမ်းယူသည်၏ အစွမ်းဖြင့် ဤသင်္ဂြိုဟ်ကျမ်းကို ဖြစ်စေအပ်, စီရင်အပ်၏။ ထိုအဘိဓမ္မာ၏ အနက်တို့ကို ရှေးဦးစွာ အကျဉ်းအားဖြင့် ညွှန်ပြတော်မူလိုသော အရှင်အနုရုဒ္ဓါဆရာသည် **တတ္ထဝုတ္တာ**-ဤသို့ အစရှိသော စကားရပ်ကို မိန့်ဆိုတော်မူ၏။

ထိုအဘိဓမ္မာ ၇-ကျမ်း၌ ခပ်သိမ်းသော ကုသိုလ်အစရှိသည်တို့၏ အစွမ်းအားဖြင့်၎င်း၊ ခန္ဓာအစရှိသည်တို့၏ အစွမ်းအားဖြင့်၎င်း ဟောတော်မူအပ်ကုန်သော အဘိဓမ္မာ၏ အနက်တို့သည် သမ္မုတိပညတ်ကို ထား၍ ဆတ်ဆတ်သော ပရမတ်၏ အစွမ်းဖြင့် ဝိညာဏက္ခန္ဓာဟု ဆိုအပ်သော စိတ်၎င်း၊ ဝေဒနာ အစရှိသော ခန္ဓာသုံးပါးတို့၏ အပေါင်းဖြစ်သော စေတသိက်၎င်း၊ ဘူတရုပ်, ဥပါဒါရုပ် အပြားအားဖြင့် ပြားသော ရူပက္ခန္ဓာ၎င်း၊ မဂ်,ဖိုလ်တို့၏ အာရုံဖြစ်၍ ကံ, စိတ်, ဥတု, အာဟာရ တရားတို့သည် မပြုပြင်အပ်သော အသင်္ခတ အစစ် ဖြစ်သော နိဗ္ဗာန်၎င်း ဤသို့ လေးပါးကုန်သော အခြင်းအရာ အပြားတို့ဖြင့် တည်ကုန်၏။ ဤကား— "တတ္ထဝုတ္တာ"ဂါထာကို အနက်ယှဉ်စပ် ပေးပုံတည်း။

## ပရမတ်၏ အဓိပ္ပါယ်နှင့် စိတ်အကြောင်း

ထိုဂါထာ၌ အဓိပ္ပါယ် အကျယ်ကို ဤသို့သိအပ်၏။ မြတ်သော အနက်, မဖောက်မပြန်သော အနက်သည် **ပရမတ္ထ**[၁] မည်၏။ တနည်း—မြတ်သော သဗ္ဗညုတဉာဏ်၏ အာရုံသည် **ပရမတ္ထ** မည်၏။ သိတတ်သောကြောင့် **စိတ်**[၂] မည်၏၊ အာရုံကို သိတတ်၏၊

၁-မိမိတို့၏ သဘော လက္ခဏာမှ မဖောက်ပြန်သောကြောင့် မြတ်သော အနက်သဘောသည် **ပရမတ္ထ** မည်၏၊ တနည်း—မြတ်သော သဗ္ဗညုတဉာဏ်၏ ကျက်စားရာ အာရုံ ဖြစ်သောကြောင့် **ပရမတ္ထ** မည်၏။

၂-အာရုံကို သိတတ်သောကြောင့် **စိတ်** မည်၏၊

ဤကား စိန္တေတိ-ပုဒ်၏ အနက်တည်း။ ဤအရာ၌ ဆရာများ အဘယ်ကဲ့သို့ မိန့်ဆိုသနည်းဟူမူ— "ဝိသယ ဝိဇာနန လက္ခဏံ စိတ္တံ" ဟု မိန့်တော်မူ၏။ အနက်ကား— "စိတ်သည် အာရုံကို အထူးအားဖြင့် သိခြင်း လက္ခဏာရှိ၏" ဟူလို။ နိဿယပစ္စည်း, သမနန္တရ စသော ပစ္စည်းသည် ရှိသော်လည်း စိတ်သည် အာရုံနှင့် ကင်း၍ မဖြစ်။ ထို့ကြောင့် စိတ်၏သာ ထိုအာရုံကို သိခြင်းလက္ခဏာ ရှိသည်အဖြစ်ကို ဆိုအပ်၏။ ဤစကားရပ်ဖြင့် စိတ်သည် အာရုံနှင့် ကင်း၍ ဖြစ်၏-ဟုယူလေ့ရှိသော ဆရာတို့၏ အယူကို ပယ်အပ်၏။

တနည်းကား—အကြောင်း ဖြစ်သော ထိုစိတ်ဖြင့် စိတ်နှင့် ယှဉ်သော တရားတို့သည် သိတတ်ကုန်၏၊ ထိုသို့ သိကြောင်း ဖြစ်သော သတ္တိကြောင့် **စိတ်** မည်၏။

တနည်းကား—ကြံစည်သိရှိခြင်းမျှသည် **စိတ်** မည်၏။ ဘာဝ သာဓ်ပြုခြင်းသည် မှန်၏၊ အကြင် ပရမတ္ထ သဘောမည်သည် အကြောင်းအားလျော်စွာ ဖြစ်ခြင်းကြိယာမျှသာတည်း။ ထို့ကြောင့် အလုံးစုံသော ပရမတ္ထတရားတို့၏ ဘာဝသာဓနေ ဝိဂြိုဟ်ကိုသာလျှင် မုချအားဖြင့် ရအပ်, ပြုအပ်၏၊ ကတ္တုသာဓနေ, ကရဏသာဓနေ အစွမ်းဖြင့် ဝိဂြိုဟ်ဆိုရမှုကို ပရိယာယ်စကားဟု မှတ်အပ်၏။ ထို ပရိယာယ်ဟူသောစကားသည် မှန်၏၊ မိမိ-မိမိတို့၏ ကိစ္စတို့၌ ပရမတ်တရားတို့၏ မိမိ ပြဓာန်းသည်၏ အဖြစ်ကို ကောင်းစွာ တင်စားသဖြင့် ကတ္တားအဖြစ်ကိုငှင်း၊ ထိုကတ္တားအား လျော်သဖြင့် သဟဇာတ် တရားအပေါင်း၌ ကတ္တားအဖြစ်ကို တင်စားသဖြင့် ပြီးစေအပ်သော ပရမတ်တရား၏ ကရဏအဖြစ်ကိုငှင်း ပရိယာယ် အားဖြင့် ရအပ်၏။ ထိုသို့ ကတ္တုစသည်အဖြစ်ကို ပြဆိုခြင်းသည် တရားသဘောမှ လွတ်သော ပညတ်တရား၏ ကတ္တားအစရှိသည်၏ မဖြစ်သည်ကို ပြခြင်း အကျိုးရှိ၏။

မှတ်ချက်။ ။ပရမတ္ထ-ပုဒ်ကို "ပရမော ဥတ္တမော အတ္ထော ပရမတ္ထော" ဟုပြု။ စိတ္တံ-ပုဒ်ကို "အာရမ္မဏံ စိန္တေ-တီတိ စိတ္တံ, စိန္တေတိ ဧတေနာတိ စိတ္တံ, စိန္တနံ စိတ္တံ" သုံးဝိဂြိုဟ်ပြု-ဟူလို။

## စိတ်၏ ရသင့်သမျှ အဓိပ္ပါယ်

ဆန်းကြယ်သော အမူအရာ အစရှိသော အပြားအားဖြင့် စိတ္တသဒ္ဒါ၏ အနက်ကို အဋ္ဌသာလိနီစသော အဋ္ဌကထာဆရာတို့သည် ချဲ့ကြကုန်၏။ ဤအရာ၌ ဤဆိုလတ္တံ့သည်ကား ဂါထာဖြင့် အကျဉ်းချုံး၍ ပြသော အဓိပ္ပါယ်တည်း။

(၁) ဆန်းကြယ်သော အမူအရာရှိခြင်းကြောင့် စိတ် မည်၏၊
(၂) မိမိ၏ ဆန်းကြယ်သည်၏ အဖြစ်ကြောင့် စိတ် မည်၏၊
(၃) တနည်း—ကံ, ကိလေသာ တို့သည် ဆည်းပူးအပ်သောကြောင့် စိတ် မည်၏၊
(၄) တနည်း—ကံ, ကိလေသာ တို့သည် ဆည်းပူးအပ်သော အတ္တဘောကို စောင့်တတ်သောကြောင့် စိတ် မည်၏၊
(၅) တနည်း—အတ္တဘောဟု ဆိုအပ်သော ဇောစိတ်အစဉ်ကို ပွါးစေတတ်သောကြောင့် စိတ် မည်၏၊
(၆) တနည်း—ဆန်းကြယ်သော အထူးထူးသော အာရုံရှိသောကြောင့် စိတ် မည်၏။

**မှတ်ချက်။** ။ပဌမနည်းဖြင့် ကုသိုလ်, အကုသိုလ်စိတ်ကို ရ၏၊
ဒုတိယနည်းဖြင့် စိတ်ဘခုယုတ် ကိုးဆယ်ကို ရ၏၊
တတိယနည်းဖြင့် ဝိပါက်စိတ်ကို ရ၏၊
စတုတ္ထနည်းဖြင့်လည်း ဝိပါက်စိတ်ကို ရ၏။
ပဥ္စမနည်းဖြင့် ဇောစိတ်ကို ရ၏၊
ဆဋ္ဌနည်းဖြင့် စိတ်အားလုံးကို ရ၏-ဟုမှတ်။

---

## စေတသိက်အဓိပ္ပါယ်

ထိုစိတ်နှင့် စပ်လျက်ဖြစ်ခြင်းရှိသည်ဖြစ်၍ စိတ်၌ ဖြစ်သောကြောင့် **စေတသိက်**[၁] မည်၏။ အကြင်ကြောင့် ထိုစေတသိက်သည် စိတ်မရှိသော် အခြင်းခပ်သိမ်း မဖြစ်သောကြောင့် စိတ်နှင့် ကင်း၍

---

၁—စိတ်၌ အမြဲ ယှဉ်တတ်သောကြောင့် **စေတသိက်** မည်၏။

အာရုံကို ယူခြင်းငှါ မစွမ်းနိုင်ချေ။ ထို့ကြောင့် စိတ်၌ ဖြစ်သည် မည်၏။စိတ်သည်ကား တစုံတခုသော စေတသိက်နှင့် ကင်း၍လည်း အာရုံ၌ ဖြစ်နိုင်၏၊ ထို့ကြောင့် ထိုစေတသိက်သည်သာလျှင် စိတ်နှင့် စပ်၍ ဖြစ်၏။ထို့ကြောင့် မြတ်စွာဘုရားသည် "မနော ပုဗ္ဗင်္ဂမာဓမ္မာ" ဟု ဟောတော်မူ၏။ ထိုစိတ်နှင့် စပ်၍ ဖြစ်၏ဟူသော် စကားဖြင့် သုခစသော ဝေဒနာတို့၏ စေတနာ မရှိသည်အဖြစ်, မြဲသည် အဖြစ် အစရှိကုန်သော ဖောက်ပြန်သော အယူတို့ကို ပယ်အပ် ကုန်၏။ တနည်း—စိတ်၌ ယှဉ်သောကြောင့် **စေတသိက်** မည်၏။

မှတ်ချက်။ ။စေတသိကံ-ပုဒ်ကို "စေတသိ ဘဝံ စေတသိကံ" ဟုဂုဏ်း၊ စေတသိ နိယုတ္တံ စေတသိကံ-ဟုဂုဏ်းပြု။

---

## ရုပ်အဓိပ္ပါယ်

ဖောက်ပြန်တတ်သောကြောင့် **ရုပ်**[၁] မည်၏။ အေး, အပူ အစရှိ သော ဆန့်ကျင်ဘက်သော အကြောင်းတို့ကြောင့် ဖောက်ပြန်ခြင်း သို့ ရောက်၏။ တနည်း—ရောက်စေအပ်၏။ ဤကား ရုပ်၏အနက် အဓိပ္ပါယ်တည်း။ ထို့ကြောင့် မြတ်စွာဘုရားသည် "သီတေနပိ ရုပ္ပတိ၊ဥဏှေနပိ ရုပ္ပတိ" အစရှိသော စကားကို ဟောတော်မူ၏။ ဤအရာ၌ ဖောက်ပြန်ခြင်းဟူသည် အစေသော ဆန့်ကျင်ဘက် အကြောင်းတို့၏ ညီညွတ်ခြင်းသည် ဖြစ်လတ်သော် ရှေးရုပ်အစဉ်နှင့် မတူသော နောက်ရုပ်၏ ဖြစ်ပေါ်ခြင်းပေတည်း။ ဝါ-ဖြစ်ပေါ်ခြင်း သည် ရုပ္ပတိမည်၏။

မှတ်ချက်။ ။ရူပံ-ပုဒ်ကို "ရုပ္ပတီတိ ရူပံ" ဟုပြု။ ရုပ္ပတိ-ကိုလည်း ကတ္တား, ကံ နှစ်နက်ပေး-ဟူလို၊ ထို့ကြောင့် ရူပံ-ပုဒ် သည် ကတ္တုသာဓန, ကမ္မသာဓန နှစ်ချက် ပြုသင့် သော ပုဒ်-ဟူလို။

---

[၁] ဖောက်ပြန်တတ်သောကြောင့် ရုပ် မည်၏၊

ထိုသို့ဆိုခဲ့သော် နာမ်တရားတို့သည်လည်း ရုပ်ဟု ခေါ်ဝေါ်ခြင်း သို့ ရောက်ကုန်ရာ၏။ရုပ်မည်ကုန်ရာ၏။ (ဤကား စောဒနာ) မမည် သင့်ပါ၊အဘယ့်ကြောင့်ဆိုသော် သီတစသော သဒ္ဒါ၏ အစွမ်းဖြင့် အလွန်ထင်ရှားသော ဘောက်ပြန်ခြင်းကိုသာ အလိုရှိအပ်သော ကြောင့်တည်း။

ဆန့်ကျင်ဘက်စကားကို ဆိုဦးအံ့။ ထင်ရှားသော ဘောက် ပြန်ခြင်းမှ တပါး မထင်ရှားသော ဘောက်ပြန်ခြင်းဖြင့် ရုပ်မည်၏ ဟူသော အနက်ကို ယူခဲ့ပါမူ၊ ရုပ္ပတိ-ဟူသော သာမညစကားဖြင့် သာလျှင် ရုပ်၏ အနက်သည် ပြည့်စုံရာ၏။ သီတအစရှိသော စကား ဖြင့်၊ ဝါ-သီတအစရှိသော စကားကို ထည့်ဆိုဘို့ မလိုရာ။ အဇ စသည်ဖြင့် နှိပ်စက်အပ်သော ရုပ်၏ ထိုဘောက်ပြန်ခြင်းသည်သာ ထင်ရှား၏။ ထို့ကြောင့် ဤရုပ္ပံ-ဟူသော အရာ၌ ထိုထင်ရှားသော ဘောက်ပြန်ခြင်းကိုသာလျှင် အလိုရှိအပ်၏။ ဤသို့သော အနက်ကို သိစေခြင်းငှါ သီတ-စသော သဒ္ဒါကို ပြုအပ်ပါသတည်း။

ထိုသို့ ထင်ရှားသော ဘောက်ပြန်ခြင်းကိုသာ အလိုရှိအပ်ပါမူ၊ ဗြဟ္မာပြည်၌ ရုပ်ဟူသော အမည်သည် အဘယ်သို့ ဖြစ်ပါအံ့နည်း။ အဘယ့်ကြောင့် ဆိုသော် ထိုဗြဟ္မာပြည်၌ နှိပ်စက်တတ်ကုန်သော အဇ အစရှိသည်တို့သည် မရှိကုန်သောကြောင့်တည်း။

ထိုဗြဟ္မာပြည်၌ ညှဉ်းဆဲတတ်သော အဓော်တ် စသည်တို့သည် အကယ်၍ကား မရှိကုန်။ ထိုသို့ မရှိကုန်သော်လည်း ချီးမြှောက် တတ်ကုန်သော အဓော်တ် စသည်တို့သည်ကား ရှိကုန်၏။ ထို့ ကြောင့် ထိုဗြဟ္မာပြည်၌ ထိုချီးမြှောက်တတ်ကုန်သော အဓော်တ် စသည်တို့၏ အစွမ်းဖြင့် ဘောက်ပြန်ခြင်းသည် ဖြစ်သင့်ပါသတည်း။

တနည်းကား-ထိုဘောက်ပြန်သော သဘောကို မလွန်မြောက်နိုင် လေသောကြောင့် ထိုဗြဟ္မာပြည်၌လည်း ရုပ်ဟူသော အမည်သည် ဖြစ်သင့်ပါ၏။ အလွန်ချဲ့သဖြင့် အကျိုးမရှိပြီ။

## နိဗ္ဗာန်အဓိပ္ပါယ်

ဘဝငယ်, ဘဝကြီးကို ဖွဲ့တတ်, ချုပ်တတ်သောကြောင့် ဝါန-ဟု ဆိုအပ်သော တဏှာမှ ထွက်မြောက်တတ်သောကြောင့် **နိဗ္ဗာန်**[၁] မည်၏။ တနည်းကား—ဤနိဗ္ဗာန်ဖြင့် ရာဂမီး အစရှိသော ၁၁-ပါးသော မီးသည် ငြိမ်းတတ်၏၊ ဤသို့ ငြိမ်းကြောင်း ဖြစ်သောကြောင့် **နိဗ္ဗာန်** မည်၏။

မှတ်ချက်။ ။နိဗ္ဗာနံ-ပုဒ်ကို "ဝါနတော နိက္ခန္တတ္တာ နိဗ္ဗာနံ" ဟုဋင်း၊ "နိဗ္ဗာတိ ဧတေန ရာဂဂ္ဂိအာဒိကောတိ နိဗ္ဗာနံ" ဟုဋင်း ပြုအပ်၏။

---

## စိတ်လေးပါး

၃။ ။**တတ္ထ စိတ္တံ တာဝ စတုဗ္ဗိဓံဟောတိ ကာမာဝစရံ, ရူပါဝစရံ, အရူပါဝစရံ, လောကုတ္တရဉ္စေတိ။**

ထိုလေးပါးသော အဘိဓမ္မာအနက်တို့တွင် ရှေးဦးစွာ စိတ်သည် ကာမာဝစရစိတ်, ရူပါဝစရစိတ်, အရူပါဝစရစိတ်, လောကုတ္တရာစိတ် ဟူ၍ လေးပါး အပြားရှိ၏။

---

## စိတ်လေးပါးအဘွင့်

၃။ ။ယခုအခါ၌ အကြင်ကြောင့် ခွဲဝေခြင်း ရှိကုန်သော တရားတို့၏ သဘောကို ထင်စွာပြခြင်းသည် ဝေဘန်ခြင်းနှင့် ကင်း၍ မဖြစ်၊ ထို့ကြောင့် အကြင်အကြင် ညွှန်ပြအပ်ပြီးကုန်သော အဘိဓမ္မာ အနက်တို့၏ ဥဒ္ဒေသ အစဉ်အားဖြင့် ဝေဘန်ခြင်းကို ပြခြင်းငှါ စိတ်ကို ရှေးဦးစွာ ဘုံ, ဇာတ်, သမ္ပယောဂ အစရှိသည်တို့၏ အစွမ်းအားဖြင့် ဝေဘန်၍ အကျယ်ပြခြင်းကို အားထုတ်လိုသော ဆရာသည် "**တတ္ထ စိတ္တံ တာဝ**" အစရှိသော စကားကို မိန့်ဆိုတော်မူ၏။

---

[၁] —တဏှာမှ ထွက်မြောက်တတ်သောကြောင့် နိဗ္ဗာန် မည်၏၊ တနည်း—ရာဂစသော မီးအပေါင်း၏ ငြိမ်းကြောင်း ဖြစ်သောကြောင့် နိဗ္ဗာန် မည်၏။

**တာဝ**-သဒ္ဒါသည် ရှေးဦးစွာဟူသော အနက်၌ ဖြစ်၏။ အကြင် အကြင် အကျဉ်း ပြအပ်ကုန်သော လေးပါးကုန်သော အဘိဓမ္မာ အနက်တို့တွင် ရှေးဦးစွာ စိတ်ကို ညွှန်ပြအပ်၏။ ဤသည်ကား ဤ တတ္ထစိတ္တံတာဝ-ပါဌ်၌ တာဝ-သဒ္ဒါ၏ အနက်တည်း။ ထိုစိတ်အား လေးပါးကုန်သော အပြားတို့သည် ရှိကုန်သောကြောင့် **စတုဗ္ဗိဓံ** မည်၏။

## စိတ်လေးပါး အစဉ်အတိုင်း ထားရပုံ

အကြင်ကြောင့် ဘုံလေးပါး၌ ဖြစ်ကုန်သော ထိုတရားတို့သည် အစဉ်အတိုင်း မြတ်ကုန်၏။ ထို့ကြောင့် အယုတ်, အမြတ်, အထူး သဖြင့် အမြတ်, မြတ်သည်ထက် အထူးသဖြင့် အမြတ်တို့၏ အစဉ် အားဖြင့် ထိုစိတ်တို့၏ အကျယ်ကို ညွှန်ခြင်းကို ပြုအပ်၏။

## ကာမာဝစရအဓိပ္ပါယ်

ထိုကာမာဝစရ စသည်၌ ဝိဂြိုဟ်ကို ဤသို့ ပြုအပ်၏။ အလိုရှိ တတ်သောကြောင့် ကာမတဏှာသည် **ကာမ** မည်၏၊ ထိုကာမ တဏှာသည် ဤကာမစိတ်တို့၌ အာရုံပြုသည် အစွမ်းဖြင့် ကျင်လည် တတ်၏၊ ဖြစ်တတ်၏။ ထိုသို့ကျင်လည်ရာဖြစ်သောကြောင့် ကာမ စိတ်သည် **ကာမာဝစရ**[၁] မည်၏။

တနည်းကား—အကြင် ကာမတဆဲ့တဘုံကို ကာမဏှာသည် အလိုရှိအပ်၏။ ထို့ကြောင့် ထိုကာမတဆဲ့တဘုံသည် **ကာမ** မည်၏။ ထိုကာမတဆဲ့တဘုံ၌ များသောအားဖြင့် ကျင်လည်တတ်သော ကြောင့် ကာမစိတ်သည် **ကာမာဝစရ** မည်၏။ ထိုစကား မှန်၏။ များသောအားဖြင့် ကျင်လည်ခြင်းကို အလိုရှိအပ်သောကြောင့် ရူပဘုံ, အရူပဘုံ တို့၌ တရံတခါ ဖြစ်သော်ငြားလည်း ဤစိတ်၏ ကာမာဝစရ အမည် ဖြစ်ခြင်းသည် ပြည့်စုံ၏။ ဝါ-သင့်လျော်၏။

---

၁–ကာမ ၁၁ ဘုံ၌ များသောအားဖြင့်ကျင်လည်တတ်သောကြောင့် **ကာမာဝစရစိတ်** မည်၏၊ တနည်း—ကာမစိတ် ၅၄-ပါးသည် ကာမတဏှာ၏ အာရုံ ပြုသောအားဖြင့် ဖြစ်ရာ ဖြစ်သောကြောင့် **ကာမာဝစရစိတ်** မည်၏။

ကာမာဝစရပင် မည်၏။ တနည်းကား—ဝတ္ထုကာမ, ကိလေသာကာမ နှစ်ပါးသည် **ကာမ** မည်၏။ ဤကာမတဆဲ့တဘုံ၌ ဝတ္ထုကာမ, ကိလေသာကာမ နှစ်ပါးသည် ကျင်လည်၍ ဖြစ်တတ်၏။ ထိုသို့ ဖြစ်ရာဖြစ်သော သတ္တိကြောင့် ကာမတဆဲ့တဘုံသည် **ကာမာဝစရ** မည်၏။ ထိုကာမာဝစရမည်သော ဘုံ၌ ဖြစ်သော စိတ်သည်လည်း မှီတတ်သော နိဿိတ စိတ်၏ မှီရာ နိဿယဘုံ အမည်ကို တင်စား၍ ခေါ်သောအားဖြင့် စိတ်သည်လည်း **ကာမာဝစရ** မည်၏။

အဘယ်ပါဠ်တို့၌ကဲ့သို့ မှတ်ရပါအံ့နည်းဟူမူ "မဉ္စာဥက္ကုဋ္ဌိံ ကရောန္တိ" အစရှိသောပါဠ်ကဲ့သို့ မှတ်အပ်၏။ အနက်ကား- ညောင်စောင်းတို့သည် ကြွေးကြော်ကုန်၏-ဟူလို။ အလွန်ကျယ်ဝန်းသော စကားဖြင့် အကျိုးမရှိပြီ။ အလွန်မချဲ့တော့ပြီ-ဟူလို။

## ဤ၌ ဆောင်ပုဒ် ဂါထာကား

ကာမော ဝစရတိ ဧတ္ထ၊ ကာမေ ဝစရတီတိ ဝါ။
ဌာနူပစာရတော ဝါပိ၊ တံ ကာမာဝစရံ ဘဝေ။ ။

ဟူသည်တည်း။

အနက်ကား—ဤကာမစိတ် ၅၄-ပါး၌ ကာမတဏှာသည် ကျင်လည်တတ်၏။ ဤသို့ ကာမတဏှာ၏ ကျင်လည်ရာ ဖြစ်သောကြောင့် ကာမစိတ်သည် ကာမာဝစရ မည်၏။ တနည်းကား—ကာမတဆဲ့တဘုံ၌ ကျင်လည်တတ်သောကြောင့် ကာမစိတ်သည် ကာမာဝစရ မည်၏။ တနည်းကား-ကာမာဝစရအမည်သည် ကာမဘုံ၏ အမည်ဖြစ်၏၊ကာမဘုံ၏ ကာမာဝစရအမည်ကို ကာမစိတ်ပေါ်၌တင်စား၍ ဌာနူပစာအားဖြင့် ကာမစိတ်သည်လည်း ကာမာဝစရ မည်၏။

မှတ်ချက်။ ။ကာမော အဝစရတိ ဧတ္ထာတိ ကာမာဝစရံ,တနည်း- ကာမေ အဝစရတီတိ ကာမာဝစရံ-ဟုပြု-ဟူလို။

ရူပါဝစရ,[၁] အရူပါဝစရ[၂] စိတ်တို့၌လည်း ဤကာမာဝစရ ဝိဂြိုဟ် နည်းအတိုင်း ထိုက်သည်အား လျော်စွာ မှတ်အပ်၏၊ မှတ်လေ။

---

## လောကုတ္တရာအဘွင့်

ဥပါဒါနက္ခန္ဓာဟု ဆိုအပ်သော လောကမှ အာသဝေါ တရားတို့၏ အာရုံ မဟုတ်သောအားဖြင့် လွန်မြောက်တတ်သောကြောင့် မဂ်စိတ်သည် **လောကုတ္တရာ**[၃] မည်၏။ ထိုဥပါဒါနက္ခန္ဓာဟု ဆိုအပ်သော လောကမှ လွန်မြောက်ပြီးဖြစ်သောကြောင့် ဖိုလ်စိတ်သည် **လောကုတ္တရာ** မည်၏။ အကြင်ဆိုအပ်ပြီးသော ဂုဏ်၏ အစွမ်းအားဖြင့် လောကထက် လွန်ကဲသောကြောင့် မဂ်, ဖိုလ်,နိဗ္ဗာန်သည် **လောကုတ္တရာ** မည်၏။

---

၁—အသညသတ် ကြဉ်သော ရူပ ၁၅-ဘုံ၌ များသောအားဖြင့် ကျင်လည်တတ်သောကြောင့် **ရူပါဝစရစိတ်** မည်၏၊ တနည်း—ဤ ၁၅-ပါးသော စိတ်သည် ရူပတဏှာ၏ အာရုံပြုသောအားဖြင့် ဖြစ်ရာ ဖြစ်သောကြောင့် **ရူပါဝစရစိတ်** မည်၏။

၂—အရူပလေးဘုံ၌ များသောအားဖြင့် ကျင်လည်တတ်သောကြောင့် **အရူပါဝစရစိတ်** မည်၏၊ တနည်း—ဤ ၁၂-ပါးသော စိတ်သည် အရူပတဏှာ၏ အာရုံပြုသောအားဖြင့် ဖြစ်ရာ ဖြစ်သောကြောင့် **အရူပါဝစရစိတ်** မည်၏။

၃-မဂ်စိတ်သည် ဥပါဒါနက္ခန္ဓာ ငါးပါးဟူသော သင်္ခါရလောကမှ အာသဝေါ တရား၏ အာရုံ မဟုတ်သောအားဖြင့် လွန်မြောက်ဆဲ ဖြစ်သောကြောင့် **လောကုတ္တရာ** မည်၏။

ဖိုလ်စိတ်သည်ကား သင်္ခါရလောကမှ လွန်မြောက်ပြီး ဖြစ်သောကြောင့် **လောကုတ္တရာ** မည်၏။

တနည်း—မဂ်, ဖိုလ်, နိဗ္ဗာန် သုံးပါးသည် သင်္ခါရ လောကထက် လွန်ကဲ မြင့်မြတ်သောကြောင့် **လောကုတ္တရာ** မည်၏။

ယုတ်သောကြောင့် အကုသိုလ်စိတ်ကို ရှေးဦးစွာ မိန့်ဆိုရ၏၊ မြတ်သောကြောင့် **ကာမာဝစရစိတ်**ကို၊ အလွန် မြတ်သောကြောင့် ရူပါဝစရစိတ်, အရူပါဝစရစိတ်ကို၊ အလွန့်အလွန် မြတ်သောကြောင့် လောကုတ္တရာစိတ်ကို အစဉ်ထား၍ ဆိုရ၏။

**ကာမာဝစရ, အကုသိုလ်, လောဘမူစိတ် ၈-ပါး**

**၄။ ။တတ္ထ ကတမံ ကာမာဝစရံ၊ သောမနဿသဟဂတံ ဒိဋ္ဌိဂတသမ္ပယုတ္တံ အသင်္ခါရိကမေကံ၊ သသင်္ခါရိကမေကံ။ သောမနဿသဟဂတံ ဒိဋ္ဌိဂတဝိပ္ပယုတ္တံ အသင်္ခါရိကမေကံ၊ သသင်္ခါရိကမေကံ။ ဥပေက္ခာသဟဂတံ ဒိဋ္ဌိဂတသမ္ပယုတ္တံ အသင်္ခါရိကမေကံ၊ သသင်္ခါရိကမေကံ။ ဥပေက္ခာသဟဂတံဒိဋ္ဌိဂတဝိပ္ပယုတ္တံအသင်္ခါရိကမေကံ၊ သသင်္ခါရိကမေကန္တိ ဣမာနိ အဋ္ဌပိ လောဘ-သဟဂတစိတ္တာနိ နာမ။**

ထိုလေးပါးသော စိတ်တို့တွင် အဘယ်စိတ်သည် ကာမာဝစရမည်သနည်း။

(၁) သောမနဿဝေဒနာနှင့် ကေုပ္ပါဒအစရှိသော အစွမ်းဖြင့် နှီးနှောသော၊ ဝါ-သောမနဿဝေဒနာနှင့် တကွ ကေုပ္ပါဒ-အစရှိသော အဖြစ်သို့ ရောက်သော, မိစ္ဆာဒိဋ္ဌိနှင့် အညီအညွတ် ကေုပ္ပါဒအစရှိသော အပြားတို့နှင့် ယှဉ်သော, တိုက်တွန်းခြင်းမရှိသော စိတ်သည် တခု၊

(၂) တိုက်တွန်းခြင်း ရှိသော စိတ်သည် တခု၊

(၃) သောမနဿ ဝေဒနာနှင့် ကေုပ္ပါဒ အစရှိသော အစွမ်းဖြင့် နှီးနှောသော၊ ဝါ-သောမနဿ ဝေဒနာနှင့် တကွ ကေုပ္ပါဒ အစရှိသော အဖြစ်သို့ ရောက်သော, မိစ္ဆာဒိဋ္ဌိနှင့် မယှဉ်သော, တိုက်တွန်းခြင်း မရှိသော စိတ်သည် တခု၊

(၄) တိုက်တွန်းခြင်း ရှိသော စိတ်သည် တခု၊

(၅) ဥပေက္ခာ ဝေဒနာနှင့် ကေုပ္ပါဒ အစရှိသော အစွမ်းဖြင့် နှီးနှောသော၊ ဝါ-ဥပေက္ခာဝေဒနာနှင့် တကွ ကေုပ္ပါဒအစရှိသော အဖြစ်သို့ ရောက်သော, မိစ္ဆာဒိဋ္ဌိနှင့် အညီအညွတ် ကေုပ္ပါဒအစရှိသော အပြားတို့နှင့် ယှဉ်သော, တိုက်တွန်းခြင်း မရှိသော စိတ်သည် တခု၊

(၆) တိုက်တွန်းခြင်း ရှိသော စိတ်သည် တခု၊

(၇) ဥပေက္ခာ ဝေဒနာနှင့် ကေပ္ပါဒ အစရှိသော အစွမ်းဖြင့် နှီးနှောသော၊ ဝါ-ဥပေက္ခာဝေဒနာနှင့် တကွ ကေပ္ပါဒ အစရှိသော အဖြစ်သို့ ရောက်သော, မိစ္ဆာဒိဋ္ဌိနှင့် မယှဉ်သော, တိုက်ဘွန်းခြင်း မရှိသော စိတ်သည် တခု၊

(၈) တိုက်တွန်းခြင်း ရှိသော စိတ်သည် တခု၊

ဤသို့သောအားဖြင့် ရှစ်ပါးအပြား ရှိကုန်သော ဤစိတ်တို့သည် လောဘသဟဂုတ်စိတ်ဟူသော အမည် ရှိကုန်၏။

---

## လောဘမူစိတ်အဘွင့်
## အစဉ်အတိုင်းပြဆိုရခြင်းအကြောင်း

၄။ ။ဤစိတ်လေးပါးတို့တွင် ကာမာဝစရစိတ်၏ ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာ တို့၏ အပြားအားဖြင့် လေးပါး အပြားပင် ရှိသော်လည်း အကုသိုလ်စိတ်, အဟိတ်စိတ်တို့သည် ကြဉ်အပ်ကုန်သော တခုယုတ် ခြောက်ဆယ်သော တနည်း-တခုယုတ်ကိုးဆယ်သောစိတ်တို့၏ သောဘဏဟူသော အမည်ဖြင့် ခေါ်ဝေါ်ခြင်းကိုပြုခြင်းအကျိုးငှါ "ပါပါဟေတုကမုတ္တာနိ၊သောဘဏာနီတိ ဝုစ္စရေ" ဟု ဤသို့ဆိုအပ်လတ့ံသော နည်းအားလျော်သောအားဖြင့် အကုသိုလ်[၁] စိတ်, အဟိတ်စိတ်တို့ကိုသာလျှင် ရှေးဦးစွာပြလိုသော အရှင်အနုရုဒ္ဓါဆရာသည် ထိုအကုသိုလ်စိတ်တို့တွင်လည်း ဘုံသုံးပါးတို့၌ ပဋိသန္ဓေယူသော သတ္တဝါအား ရှေးဦးစွာ ဝီထိစိတ်၏ အစွမ်းဖြင့် လောဘသဟဂုတ် စိတ္တုပ္ပါဒ်တို့၏ သာလျှင် ရှေးဦးစွာ ဖြစ်သော

---

၁–အသောဘဏစိတ်ကို ရှေးဦးစွာ ပြလို၍ အကုသိုလ်စိတ်, အဟိတ်စိတ်ကို ရှေးဦးစွာ မိန့်ဆို၏၊ အကုသိုလ်စိတ်တို့တွင်လည်း ပဋိသန္ဓေတည်နေစကပင် သတ္တဝါတို့အား ရှေးဦးစွာ ဘဝကို တပ်နှစ်သက်သော လောဘစိတ် ဖြစ်သောကြောင့် လောဘမူစိတ်ကို ရှေးဦးစွာ မိန့်ဆိုရ၏၊ ထိုနောက် ဒွိဟိတ်ချင်း တူသောကြောင့် ဒေါသမူစိတ်ကို မိန့်ဆိုရ၏၊ ထိုနောက် ဧကဟိတ်စိတ်ဖြစ်သောကြောင့် မောဟမူစိတ်ကို နောက်ဆုံးထား၍ မိန့်ဆိုရ၏။

ကြောင့် ထိုလောဘသဟဂုတ်စိတ်တို့ကိုသာလျှင် ရှေးဦးစွာ ပြပြီး၍ ထိုလောဘသဟဂုတ်စိတ်၏ အခြားမဲ့၌ ဒွိဟိတ်စိတ်အဖြစ်ခြင်း တူသည်၏ အဖြစ်ကြောင့် ဒေါမနဿ သဟဂုတ်စိတ်တို့ကို ပြခြင်း၄ါ ထိုဒေါမနဿ သဟဂုတ်စိတ်၏ အခြားမဲ့၌ ဧကဟိတ်စိတ်တို့ကို ပြခြင်း၄ါ "သောမနဿသဟဂတံ" ဤသို့ အစရှိသောအားဖြင့် လောဘမူစိတ်ကို ရှေးဦးစွာ ဝေဒနာ, ဒိဋ္ဌိ, သင်္ခါရတို့၏ အပြား အားဖြင့် ရှစ်ပါးအပြားတို့ဖြင့် ဝေဘန်၍ ပြတော်မူပါသတည်း။

---

## သောမနဿသဟဂုတ်အဘွင့်

ထို"သောမနဿသဟဂတံပုဒ်"၌ ဝိဂ္ဂဟ်နှင့်အဓိပ္ပါယ်ကို ငါဘွင့်ဆိုပေအံ့—ကောင်းမြတ်တင့်တယ်သော စိတ် သည် **သုမန** မည်၏။

တနည်း—ထိုပုဂ္ဂိုလ်အား ကောင်းမြတ်တင့်တယ်သော စိတ်ရှိသောကြောင့် ထိုစိတ်ရှိသောသူသည် **သုမန** မည်၏။ **သုမန**အရ စိတ်နှင့် ထိုစိတ်ရှိသူ ၂-မျိုးကိုရ၏။ ထိုကောင်းမြတ်တင့်တယ်သော စိတ်၊ ဝါ-စိတ်ရှိသောသူ၌ အသိဉာဏ်နှင့် သဒ္ဒါ-တို့၏ ဖြစ်ခြင်း၏ အကြောင်းဖြစ်၍ ထိုကောင်းမြတ်တင့်တယ်သောစိတ်၏၊ ဝါ-စိတ်ရှိသော သူ၏ ဖြစ်ကြောင်းဖြစ်သောကြောင့် **သောမနဿ** မည်၏။ ဤသောမနဿ ဟူသော အမည်သည် စိတ်၌ ဖြစ်သော သုခဝေဒနာ၏ အမည်တည်း။

ထိုသောမနဿဝေဒနာနှင့် ကေပ္ပါဒအစရှိသည်တို့၏ အစွမ်းအားဖြင့် နှီးနှောသောကြောင့်၎င်း၊ ထိုသောမနဿဝေဒနာနှင့် အတူတကွ ကေပ္ပါဒအစရှိသော အဖြစ်သို့ ရောက်သောကြောင့်၎င်း **"သောမနဿသဟဂတံ"**မည်၏။

ဘောက်ပြန်သောအားဖြင့်မြင်တတ်သောကြောင့် **ဒိဋ္ဌိ** [၁] မည်၏၊ ဘောက်ပြန်သောအားဖြင့် ဟုဆိုသော စကားသည်မှန်၏၊ သာမည ဖြစ်သော သဒ္ဒါ၏လည်း အနက်, အရာ အစရှိသည်ဖြင့် ထူးသော

---

၁—မှားသောအားဖြင့် မြင်တတ်သောကြောင့် ဒိဋ္ဌိ မည်၏၊

အရာ ရှိသည်၏ အဖြစ်ကြောင့် ဤအကုသိုလ်အရာ၌ ဘောက်ပြန်သော အယူကိုသာလျှင် ဒိဋ္ဌိ ဟုဆိုအပ်၏။ ဒိဋ္ဌိသည်သာလျှင် **ဒိဋ္ဌိဂတ** မည်၏၊ အဘယ့်ကြောင့်ဂတသဒ္ဒါအနက်မရှိပါသနည်းဟူမူ "သင်္ခါရဂတံ, ထာမဂတံ" ဤသို့ အစရှိသော ပါဠိတို့၌ကဲ့သို့ ဂတ–သဒ္ဒါ၏ တဗ္ဘော–အနက်၌ ဖြစ်သောကြောင့်တည်း။

မှတ်ချက်။ ။သောမနဿသဟဂတံ၌ ဂတ–သဒ္ဒါ အနက်ရှိသကဲ့သို့ ဤ–ဒိဋ္ဌိဂတ၌ ဂတ–သဒ္ဒါသည် အနက်ထူးမရှိ။ ဒိဋ္ဌိ–သဒ္ဒါအနက်သာ ရှိသောကြောင့် တဗ္ဘောသာ ဖြစ်၏၊ ဥဒါဟရုဏ်ကား "သင်္ခါရဂတံ ထာမဂတံ" ပုဒ်တို့ကဲ့သို့တည်း။ သင်္ခါရဂတံ၌ ဂတအနက်မရှိ။ သင်္ခါရအနက်သာရှိ၏–ဟူလို။

တနည်း—ခြောက်ဆဲ့နှစ်ပါးသော ဒိဋ္ဌိတို့၌ အတွင်းဝင်သောကြောင့် ဒိဋ္ဌိဂတ မည်၏။

တနည်း—ဤဘောက်ပြန်သော အယူ၌ သိအပ်သော အတ္တအစ ရှိသော တစုံတယောက်သည် မရှိ၊ ဘောက်ပြန်သော အယူ၏ ဖြစ်ခြင်းမျှ ဖြစ်သောကြောင့် **ဒိဋ္ဌိဂတ** မည်၏။

ငါ၏ အယူသည်သာ မှန်၏။ တပါးသော သူတို့၏ အယူသည် အချည်းနှီးသာတည်းဟုဖြစ်သော ငါ့ကိုယ်, ငါ၏ဥစ္စာအစရှိသည် ဖြင့် မှားသော နှလုံးသွင်းခြင်းသည် ဒိဋ္ဌိ မည်၏။ ထိုဒိဋ္ဌိနှင့်အညီ အမျှ ကေပ္ပါဒ အစရှိကုန်သော အပြားတို့နှင့် ယှဉ်တတ်သောကြောင့် **ဒိဋ္ဌိဂတသမ္ပယုတ္တ** မည်၏။

မှတ်ချက်။ ။ဒိဋ္ဌိဂတပုဒ်ကို "မိစ္ဆာ ပဿတီတိ ဒိဋ္ဌိ, ဒိဋ္ဌိယေဝ ဒိဋ္ဌိဂတံ၊ ဒိဋ္ဌိသု ဝါ ဂတံ ဒိဋ္ဌိဂတံ၊ ဒိဋ္ဌိယာ ဂတံ ဂမနန္တိ ဒိဋ္ဌိဂတံ"ဟု ဝိဂြိုဟ်ပြု–ဟူလို။

## အသင်္ခါရိကစသည် အဓိပ္ပါယ်

နောက်စိတ်ကို ထက်သည်အဖြစ်ဟု ဆိုအပ်သော တန်ဆာအထူးဖြင့် စီရင်တတ်သောကြောင့် ရှေးဖြစ်သော တိုက်တွန်းခြင်း ပယောဂသည် **သင်္ခါရ**[၁] မည်၏။

တနည်း-ထိုရှေးဖြစ်သော တိုက်တွန်းခြင်း ပယောဂဖြင့် ထိုနောက်စိတ်ကို အကြင် ဆိုအပ်ပြီးသော နည်းဖြင့် စီရင်အပ်၏။ ဤသို့ စီရင်ကြောင်း ဖြစ်သောကြောင့် ရှေးဖြစ်သော တိုက်တွန်းခြင်း ပယောဂသည် **သင်္ခါရ** မည်၏။

ထိုထိုသို့သော ကိစ္စ၌ ဆုတ်နစ်သော စိတ်အား အားအဆင့်ကို ပေးသည်၏ အစွမ်းဖြင့် မိမိ၏ရင်း, သူတပါး၏ရင်း ရှေးဖြစ်သော တိုက်တွန်းခြင်း လုလ္လသည် မုချအားဖြင့် **သင်္ခါရ** မည်၏။

ယင်းသို့ ပုဗ္ဗပ္ပယောဂသည် သင်္ခါရ မည်သော်လည်း ထိုပုဗ္ဗ-ပ္ပယောဂသည် မိမိ၏ ရှေးအဘို၌ ဖြစ်သော စိတ်အစဉ်၌ရင်း, သူတပါးတို့၏ သန္တာန်၌ရင်း ဖြစ်၏။ ဤသို့သော ထိုပုဗ္ဗပ္ပယောဂကြောင့် ဖြစ်သော စိတ်၏ ထက်သည် အဖြစ်ဟုဆိုအပ်သော ထိုအထူးသည်သာလျှင် ဤအရာ၌ ကာရဏူပစာအားဖြင့်**သင်္ခါရ** မည်၏။

ထိုသင်္ခါရသည် အကြင်စိတ်အား မရှိ၊ ထိုစိတ်သည် **အသင်္ခါရ** မည်၏။ထိုအသင်္ခါရပုဒ်သည်ပင် **အသင်္ခါရိက** မည်၏။ သင်္ခါရနှင့်တကွ ဖြစ်သော စိတ်သည် **သသင်္ခါရိက** မည်၏။

ထို့ကြောင့် ဆရာတို့သည် "ပုဗ္ဗပ္ပယောဂ။ပ။ သင်္ခါရိကာဒိတာ" ဟူ၍ မိန့်ဆိုကုန်၏။ ရှေးတိုက်တွန်းမှုကြောင့် ဖြစ်သော နောက်စိတ်

---

၁-ထိုထိုသို့သော အကုသိုလ် စသော အရေး၌ာနတို့၌ မပြုလုပ်လိုသဖြင့် ဆုတ်နစ်နေသော စိတ်ကို မိမိကသော်ရင်း, သူတပါးကသော်ရင်း, အကုသိုလ် ပြုလုပ်ရန် တိုက်တွန်းနှိုးဆော်ခြင်း ပယောဂသည် မုချအားဖြင့် **သင်္ခါရ** မည်၏၊ သို့သော် ထိုတိုက်တွန်းမှုကြောင့် ဖြစ်သော စိတ် ထက်သန်သည့် အဖြစ်ဟုဆိုအပ်သော အထူးသည်သာလျှင် ဤအရာ၌ **သင်္ခါရ** မည်၏။ တနည်း—ရှေးစိတ် စသည်တို့၏ တိုက်တွန်းမှုကြောင့် ဖြစ်သော နောက်စိတ်သည်ပင်လျှင် **သင်္ခါရ** မည်၏။

နှင့် တကွဖြစ်လေ့ရှိသော စိတ်၏ ထက်သည်၏ အဖြစ်ဟု ဆိုအပ် သော တန်ဆာအထူးသည် **သင်္ခါရ** မည်၏။

ထိုစိတ်၏ ထက်သည်အဖြစ်ဟု ဆိုအပ်သော တန်ဆာအထူး အစွမ်းအားဖြင့် ဤအသင်္ခါရိကံ သသင်္ခါရိကံ-ဟူသောပုဒ်၌ အသင်္ခါရိက၊ အစရှိသည်အဖြစ်ကို သိအပ်၏။

မှတ်ချက်။ ။ဤအလို "သဟ သင်္ခါရေနာတိ သသင်္ခါရိကံ"ဟု ပြု-ဟူလို။

တနည်းကား—သသင်္ခါရိကံ, အသင်္ခါရိကံ-ဟူသော နှစ်ပုဒ်ကို သက်သက် သင်္ခါရ၏ ရှိသည်အဖြစ်, မရှိသည်အဖြစ်ကို ရည်၍ မိန့်ဆိုအပ်၏။ ထိုသင်္ခါရနှင့် တကွ ထင်ရှားဖြစ်ခြင်း မရှိသည်အဖြစ်ကို ရည်၍ ဆိုအပ်သော စကားမဟုတ်။ ပြားသော သန္တာန်၌ ဖြစ်ခြင်း ရှိသော်လည်း သင်္ခါရ၏ ဤနောက်စိတ်၌ ရှိသည်အဖြစ်ကြောင့် ထိုရှေးတိုက်တွန်းမှု၏ အစွမ်းကြောင့် ဖြစ်သော စိတ်သည် "သင်္ခါရော အဿ အတ္ထီတိ သသင်္ခါရိကံ" ဟူသော ဝိဂ္ဂြိုဟ်အရ သသင်္ခါရိက မည်၏၊ ထိုစိတ်အား သင်္ခါရ ထင်ရှားရှိသောကြောင့် သသင်္ခါရိက မည်၏၊ ဟူလို။

အဘယ့်ကြောင့် သဟသဒ္ဒါသည် သံဝိဇ္ဇမာနအနက်ကို ဟောပါ သနည်းဟူမူ။ "သလောမကော,သပက္ခကော" ဤသို့ အစရှိသော ပါဠ်တို့၌ကဲ့သို့ သဟသဒ္ဒါ၏ "ထင်ရှားရှိခြင်း" အနက်ကိုပြတတ် သောကြောင့်တည်း။

မှတ်ချက်။ ။"သံဝိဇ္ဇတိ သင်္ခါရော ယဿာတိ သသင်္ခါရိကံ"ဟု ပြု-ဟူလို။

ထိုသသင်္ခါရိကစိတ်မှ ဘောက်ပြန်သော စိတ်သည်ကား ထိုရှေး ဖြစ်သော တိုက်တွန်းမှု မရှိသောကြောင့် ဆိုအပ်ပြီးသော နည်းဖြင့် အသင်္ခါရိက မည်၏။ မိစ္ဆာဒိဋ္ဌိနှင့် မယှဉ်သောကြောင့် ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ် မည်၏။

## ဥပေက္ခာအဘွင့်

သုခ, ဒုက္ခတို့နှင့် မဆန့်ကျင်သောအားဖြင့် အာရုံအရသာကို ခံစားသော်လည်း လျစ်လျူရှုသော အခြင်းအရာ၌ တည်သော အားဖြင့် ခံစားတတ်သောကြောင့် **ဥပေက္ခာ** မည်၏။

တနည်း—သုခဝေဒနာ, ဒုက္ခဝေဒနာတို့နှင့် မဆန့်ကျင်သည် ဖြစ်၍ ခံစားတတ်သောကြောင့် **ဥပေက္ခာ** မည်၏။ အဘယ့်ကြောင့် သုခ, ဒုက္ခတို့နှင့် မဆန့်ကျင်သနည်းဟူမူ၊ ထိုဥပေက္ခာဝေဒနာသည် သုခဝေဒနာ, ဒုက္ခဝေဒနာတို့နှင့် မဆန့်ကျင်သောအားဖြင့် ထိုသုခ, ဒုက္ခဝေဒနာ တို့၏ အခြားမဲ့၌ ဖြစ်သောကြောင့် မဆန့်ကျင်။ **ဥပေက္ခာသဟဂတံ**-ဟူသော ဤပုဒ်သည် အောက်ကဆိုအပ်ပြီးသော နည်းအတိုင်းပင်တည်း။

---

## သောမနဿ, ဥပေက္ခာနှင့်အထူးပြုရခြင်းအကြောင်း

ဤလောဘမူစိတ်၌ တပါးသော ဖဿစသော ယှဉ်သော စေတသိက်တို့ ရှိပါကုန်လျက် သောမနဿဝေဒနာနှင့် တကွ ဖြစ်ခြင်း စသည်ကိုသာ အဘယ့်ကြောင့် ဆိုအပ်ပါသနည်းဟူမူ၊ သောမနဿ စသော ဝေဒနာတို့သည်သာလျှင် လောဘမူစိတ်မှ တပါးသော အကုသိုလ်စိတ်နှင့် မဆက်ဆံသောကြောင့် ဆိုအပ်၏။

အထက်ပါစကားကို ချဲ၍ပြဦးအံ့၊ ဖဿ အစရှိကုန်သော အချို့ကုန်သော စေတသိက်တို့သည် အလုံးစုံသော စိတ်တို့နှင့် ဆက်ဆံကုန်၏၊ ယှဉ်ကုန်၏။ အချို့သော စေတသိက်တို့သည် ကုသိုလ်စသော စိတ်တို့နှင့် ဆက်ဆံကုန်၏၊ ယှဉ်ကုန်၏။ မောဟစသော စေတသိက်တို့သည် အလုံးစုံသော အကုသိုလ်စိတ်နှင့် ဆက်ဆံကုန်

၏။ ထို့ကြောင့် ထိုဖဿ[၁]စသော စေတသိက်တို့ဖြင့် စိတ်ကို အထူးပြုခြင်းငှါ မတတ်နိုင်ကုန်။ သောမနဿ အစရှိသော စေတသိက်တို့သည်သာလျှင် အချို့သော စိတ်၌ ဖြစ်ကုန်၏။ အချို့သောစိတ်၌ မဖြစ်ကုန်။ ထို့ကြောင့် ထိုသောမနဿ အစရှိသည်တို့၏ အစွမ်းဖြင့် စိတ်ကို အထူးပြုခြင်းသည် ထင်ရှား၏။

အဘယ်ကြောင့် ထိုသောမနဿဝေဒနာ အစရှိသည်တို့သည် အချို့သော စိတ်တို့၌ ဖြစ်ကုန်၍ အချို့သော စိတ်တို့၌ မဖြစ်ကုန်သနည်းဟူမူ။ အကြောင်း၏ ထင်ရှားရှိသည်အဖြစ်, ထင်ရှားမရှိသည်အဖြစ်ကြောင့်တည်း။

ထိုသောမနဿဝေဒနာစသည်တို့၏ အကြောင်းကား အဘယ်နည်း။

အဖြေကို ဆိုအံ့၊ အဖြေကား—

(၁) သဘောအားဖြင့်၎င်း, ကြံဆသောအားဖြင့်၎င်း ဣဋ္ဌာရုံဖြစ်ခြင်းသည်၎င်း၊
(၂) သောမနဿနှင့် ပဋိသန္ဓေတည်နေသူ အဖြစ်သည်၎င်း၊
(၃) မနက်နဲသော သဘောရှိသည် အဖြစ်သည်၎င်း၊ ဤ၌ သောမနဿ၏ အကြောင်းတည်း။

(၁) ဣဋ္ဌမဇ္ဈတ္တာရုံ ဖြစ်ခြင်းသည်၎င်း၊
(၂) ဥပေက္ခာနှင့် ပဋိသန္ဓေတည်နေသူ၏ အဖြစ်သည်၎င်း၊
(၃) နက်နဲသော သဘောရှိသူ၏ အဖြစ်သည်၎င်း ဥပေက္ခာ၏ အကြောင်းတည်း။

---

၁—ဖဿ စသော စေတသိက်တို့သည် အလုံးစုံသော အကုသိုလ်စိတ်၌ ဆက်ဆံသောကြောင့် ၎င်းတို့ဖြင့် အထူးမပြုနိုင်၊ သောမနဿ စသော ဝေဒနာတို့သည်သာလျှင် အများနှင့် မဆက်ဆံ မယှဉ်သောကြောင့် **သောမနဿသဟဂတံ** ဟု အထူးမ၍ ဆိုရ၏။

ဒိဋ္ဌိ ရှိ-မရှိတို့တွင် အရှိကို ပြသဖြင့် မရှိကို သိရသောကြောင့် သမ္ပယုတ်ကို ရှေ့ထား ဆိုရ၏၊ အနုံ့, အထက် နှစ်ပါးတို့တွင် အထက်ကို ပြသဖြင့် အနုံ့ကို သိစေခြင်းငှါ အသင်္ခါရိကကို ရှေ့ထား ဆိုရ၏၊

(၁) အယူပျက်သော ပုဂ္ဂိုလ်ကို မှီဝဲခြင်းသည်၎င်း၊

(၂) သဿတအယူ, ဥစ္ဆေဒအယူရှိသည် အဖြစ်သည်၎င်း ဒိဋ္ဌိ၏ အကြောင်းတည်း။

လျော်ကပ်သော ဥတုဘောဇဉ် အစရှိသည်တို့သည်ကား အသင်္ခါရိကဖြစ်ခြင်း၏ အကြောင်းတို့တည်း။ ထို့ကြောင့် မိမိအား လျော်ကပ်သော အကြောင်း၏အစွမ်းဖြင့် ထိုသောမနဿ အစရှိသောစေတသိက်တို့၏ ဖြစ်ခြင်းကြောင့် အချို့သော စိတ်၌သာ ဖြစ်၏။ ထို့ကြောင့် ထိုသောမနဿဝေဒနာ စသည်တို့ဖြင့်သာလျှင် စိတ်၏အထူးကို သိစေခြင်းငှါ တတ်ကောင်း၏။ ထိုကြောင့် ထိုသောမနဿစိတ် စသည်တို့၏ မောဟဟိတ် အဖြစ်သည်ရှိသော် လည်း လောဘ[၁] နှင့် တကွ အဖြစ်ကိုသာလျှင် နိဂုံး၌ ဆိုအပ်၏။

## လောဘမူစိတ်ရှစ်ပါးတို့၏ဖြစ်စဉ်

ရှစ်ပါးကုန်သော ဤလောဘမူစိတ်တို့၏ ဤဆိုလတ္တံ့သော ဖြစ်စဉ်ကိုသိအပ်၏၊

ရှစ်ပါးအရချဲ့ပြဦးအံ့—

(၁) အကြင်အခါ၌ ကာမဂုဏ်တို့၌ အပြစ်မရှိ-ဤသို့စသော နည်းဖြင့် မိစ္ဆာဒိဋ္ဌိကို ရှေ့သွားပြု၍ ရွှင်ရွှင်ပြပြ သဘောအားဖြင့် ထက်သည်သာလျှင် ဖြစ်သော မတိုက်တွန်းအပ်သော စိတ်ဖြင့် ကာမဂုဏ်တို့ကိုလည်း မှီဝဲ၏။ ဒိဋ္ဌမင်္ဂလာ အစရှိသည်တို့ကိုလည်း အနှစ်သာရအားဖြင့် ယုံကြည်၏။ ထိုအခါ ရှေးဦးစွာသော အကုသိုလ်စိတ်သည် ဖြစ်၏။

---

၁–လောဘမူစိတ်သည် လောဘဟိတ်, မောဟဟိတ် နှစ်ပါးနှင့် ယှဉ်သော်လည်း လောဘဟိတ်သည်သာ အခြားသော စိတ်နှင့် မဆက်ဆံသောကြောင့် နိဂုံး၌ ''ဣမာနိ။ပ။ လောဘသဟဂတစိတ္တာနိနာမ''ဟု လောဘသဟဂုတ်စိတ်ကိုသာ ဆိုရ၏။

(၂) အကြင်အခါ၌ ကာမဂုဏ်တို့၌ အပြစ်မရှိ–ဟု၍သို့စသော နည်းဖြင့် မိစ္ဆာဒိဋ္ဌိကို ရှေ့သွားပြု၍ ရွှင်ရွှင်ပြုံးပြုံး နှံ့သော တိုက်တွန်းအပ်သော စိတ်ဖြင့် ကာမဂုဏ်တို့ကို ခံစား၏။ ဒိဋ္ဌမင်္ဂလာအစရှိသည်တို့ကိုလည်း အနှစ်သာရအားဖြင့် ယုံကြည်၏။ ထိုအခါ ဒုတိယဖြစ်သော အကုသိုလ်စိတ်သည် ဖြစ်၏။

(၃) အကြင်အခါ၌ မိစ္ဆာဒိဋ္ဌိကို ရှေ့သွား–မပြုမူ၍ သက်သက်ရွှင်ရွှင်ပြုံးပြုံး သဘောအားဖြင့် ထက်သည်သာလျှင် ဖြစ်သော မတိုက်တွန်းအပ်သော စိတ်ဖြင့် မေထုန်ကိုသော်လည်း မှီဝဲ၏။ သူတပါး၏ စည်းစိမ်ကိုမူလည်း ရှေးရှုကြံစည်၏။သူတပါး ဥစ္စာဘဏ္ဍာကိုမူလည်း ခိုးယူ၏။ ထိုအခါ တတိယဖြစ်သော အကုသိုလ်စိတ်သည်ဖြစ်၏။

(၄) အကြင်အခါ၌ နှံ့သော တိုက်တွန်းအပ်သော စိတ်ဖြင့် မေထုန်ကိုသော်လည်း မှီဝဲ၏၊ သူတပါး၏ စည်းစိမ်ကိုသော်လည်း ရှေးရှုကြံစည်၏။ သူတပါး၏ ဥစ္စာဘဏ္ဍာကိုသော်လည်း ခိုးယူ၏။ ထိုအခါ လေးခုမြောက်သော အကုသိုလ်စိတ်သည် ဖြစ်၏။

(၅) အကြင်အခါ၌ ကာမဂုဏ်တို့၏ မပြည့်စုံခြင်းကို စွဲ၍၎င်း၊ တပါးကုန်သော သောမနဿအကြောင်းတို့၏ မရှိသဖြင့်၎င်း လေးပါးသော ဝိကပ်တို့၌ သောမနဿမှ ကင်းကုန်၏။ ထိုအခါ ကြွင်းကုန်သော လေးပါးသော ဥပေက္ခာသဟဂုတ်စိတ်တို့သည် ဖြစ်ကုန်၏။

## ပိသဒ္ဒါအနက်

**အဋ္ဌပိ–**၌ ရှိသော ပိ သဒ္ဒါသည် ပေါင်းခြင်း သမ္ပိဏ္ဍန အနက်ရှိ၏။ ထို ပိ သဒ္ဒါဖြင့် ဆိုအပ်လတ္တံ့သော နည်းဖြင့် အကုသလကမ္မပထ တရားတို့တွင် ထိုလောဘမူစိတ်တို့၏ ရသင့်သော ကမ္မပထအား လျော်သော အားဖြင့် ဖြစ်သော အပြားကို၎င်း၊

ကာလ, ဒေသ, သန္တာန်, အာရုံ အစရှိသည်တို့၏ အပြားအားဖြင့် တပါးမက များသော အပြားရှိသည်အဖြစ်ကိုဥင်း သိမ်းပေါင်း၏။

လောဘမူအဘွင့်ပြီးပြီ။

---

**ဒေါသမူစိတ် ၂-ပါး**

**၅။ ။ဒေါမနဿသဟဂတံ ပဋိဃသမ္ပယုတ္တံ အသင်္ခါရိက မေကံ, သသင်္ခါရိကမေကန္တိ ဣမာနိ ဒွေပိ ပဋိဃ-သမ္ပယုတ္တစိတ္တာနိ နာမ။ ။**

(၁) ဒေါမနဿဝေဒနာနှင့် ကေပ္ပါဒအစရှိသော အစွမ်းဖြင့် နှီးနှောသော၊ ဝါ-ဒေါမနဿဝေဒနာနှင့်တကွ ကေပ္ပါဒအစရှိသော အဖြစ်သို့ရောက်သော,ဒေါသနှင့် အညီအညွတ် ကေပ္ပါဒအစရှိသော အပြားတို့နှင့် ယှဉ်သော, တိုက်ဘွန်းခြင်းမရှိသော စိတ်သည်တခု၊

(၂) တိုက်တွန်းခြင်းရှိသော၊ ဝါ-တိုက်တွန်းခြင်းနှင့် တကွဖြစ်သော စိတ်သည်တခု၊ ဤသို့သော အပြားအားဖြင့် နှစ်ပါးအပြား ရှိသည်လည်း ဖြစ်ကုန်သော ဤစိတ်တို့သည် ပဋိဃသမ္ပယုတ်စိတ်ဟူသောအမည်ရှိကုန်၏။

---

**ဒေါသမူစိတ်အဘွင့်**

၅။ ။မကောင်းသော စိတ်သည် **ဒုမ္မန**-မည်၏။ ထိုသူအား မကောင်းသော စိတ်ရှိသောကြောင့်**ဒုမ္မန**မည်၏။ထိုမကောင်းသော စိတ်ရှိသူ၏ ဖြစ်ကြောင်း ဝေဒနာသည် **ဒေါမနဿ**-မည်၏။ ဤဒေါမနဿဟူသည် စိတ်၌ဖြစ်သော ဒုက္ခဝေဒနာ၏ အမည် ပင်တည်း။ထိုဒေါမနဿဝေဒနာနှင့် တကွဖြစ်ခြင်းကြောင့် စိတ်သည် **ဒေါမနဿသဟဂတ**မည်၏။ အာရုံ၌ ထိပါးတတ်သောကြောင့် ဒေါသသည် **ပဋိဃ**မည်၏။ ထိုစကား မှန်၏၊ ထိုဒေါသသည် ကြမ်းထမ်းသော သဘောရှိသည်၏ အဖြစ်ကြောင့် အာရုံကို မထိပါးသော်လည်း ထိပါးသကဲ့သို့ ဖြစ်၏။

## ဒေါမနဿသဒ္ဒါကို ဆိုရခြင်းအကြောင်း

ဒေါမနဿသဟဂုတ်စိတ်၏ ဝေဒနာအစွမ်းဖြင့် မပြားသော်လည်း တပါးသောစိတ်နှင့် မဆက်ဆံသော အစွမ်းဖြင့် စိတ်ကို မှတ်ပြခြင်း အကျိုးငှါ **ဒေါမနဿ** [၁] သဒ္ဒါကို ပြုအပ်ပါသတည်း။

## ပဋိဃကို ဆိုရခြင်းအကြောင်း

ပဋိဃ [၂] နှင့် ယှဉ်ရသော အဖြစ်ကိုကား နှစ်ပါးသော ဒေါသ, ပဋိဃတို့၏ စင်စစ် တကွ ဖြစ်သည်အဖြစ်ကို ပြခြင်း အကျိုးငှါ မိန့်ဆိုအပ်၏-ဟုမှတ်။

## ဒေါမနဿနှင့် ပဋိဃတို့၏အထူး

ဒေါမနဿနှင့် ပဋိဃတို့၏အထူးကိုဆိုဦးအံ့။ ဤဒေါမနဿနှင့် ပဋိဃနှစ်ပါးတို့တွင် ဒေါမနဿသည် အလိုမရှိအပ်သော အနိဋ္ဌာရုံကို ခံစားခြင်း လက္ခဏာရှိသော ဝေဒနာက္ခန္ဓာ၌ အကျုံးဝင်သော တခုသော တရားဖြစ်၏။ ပဋိဃသည် ကြမ်းထမ်းသော သဘောဖြစ်သော သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သော တခုသော တရားဖြစ်၏။ ဤကား—ထိုဒေါမနဿနှင့်, ပဋိဃတို့၏ အထူးတည်း။

ဒေါမနဿနှင့် ပဋိဃတို့၏ အကြောင်းရင်းကို ဆိုဦးအံ့။ အလုံးစုံသော အလိုမရှိအပ်သော အာရုံသည်၎င်း၊ ကိုးပါးအပြားရှိသော ရန်ငြိုး ဖွဲ့ခြင်းအကြောင်းတို့သည်၎င်း ဤဒေါမနဿ, ပဋိဃ ၂-ပါးတို့တွင် ဒေါမနဿ၏ အကြောင်းလည်း ဖြစ်၏၊ ပဋိဃ၏အကြောင်းလည်း ဖြစ်၏-ဟု မှတ်အပ်၏။ ထိုနှစ်ပါးတို့၏ အထူးကို ဆက်ဆိုဦးအံ့။ နှစ်ပါးကုန်သော ထိုဒေါမနဿ, ပဋိဃတို့၏ ဖြစ်စဉ်ကို

---

၁—ဒေါမနဿ ဝေဒနာသည် တပါးသော စိတ်တို့၌ မယှဉ်သည် အဖြစ်ကို၎င်း,ဤစိတ်၌သာ အမြဲ ယှဉ်သည်အဖြစ်ကို၎င်း ပြခြင်းငှါ ဒေါမနဿံသဒ္ဒါဖြင့် အထူးပြု၍ "ဒေါမနဿ သဟဂတံ"ဟု ဆိုရ၏၊

၂—ပဋိဃနှင့် ဒေါမနဿ ဝေဒနာတို့၏ အမြဲ ဖြစ်သည် အဖြစ်ကို ပြခြင်းငှါ "ပဋိဃ သမ္ပယုတ္တံ"ဟု ဆိုရ၏။

သူတပါး၏ အသက်ကို သတ်ခြင်း စသော အကုသိုလ်တို့၌ ထက်စွာ, နုံစွာဖြစ်သော ကာလတို့၌ သိအပ်၏။

ဤဒေါသမူစိတ်၌လည်း နိဂုံး၌ ပါရှိသော ဝိ-သဒ္ဒါ၏ အနက်ကို လောဘမူ၌ ဆိုအပ်ပြီးသော နည်းကို အစဉ်မှီးသဖြင့် မှတ်အပ်၏။

ဒေါသမူအဘွင့်ပြီး၏။

---

## မောဟမူစိတ် ၂-ပါး

**၆။ ။ဥပေက္ခာသဟဂတံ ဝိစိကိစ္ဆာသမ္ပယုတ္တမေကံ၊ ဥပေက္ခာသဟဂတံ ဥဒ္ဓစ္စသမ္ပယုတ္တမေကန္တိ ဣမာနိ ဒွေပိ မောမူဟစိတ္တာနိ နာမ။**

(၁) ဥပေက္ခာဝေဒနာနှင့် ကေုပ္ပါဒ အစရှိသောအစွမ်းဖြင့် နှီးနှောသော၊ ဝါ-ဥပေက္ခာဝေဒနာနှင့် တကွ ကေုပ္ပါဒ အစ ရှိသော အဖြစ်သို့ ရောက်သော, ဝိစိကိစ္ဆာနှင့် အညီအညွတ် ကေုပ္ပါဒ အစရှိသော အပြားတို့နှင့် ယှဉ်သော စိတ်သည်တခု၊

(၂) ဥပေက္ခာဝေဒနာနှင့် ကေုပ္ပါဒအစရှိသော အစွမ်းဖြင့် နှီးနှောသော၊ ဝါ-ဥပေက္ခာဝေဒနာနှင့် တကွ ကေုပ္ပါဒအစရှိသော အဖြစ်သို့ ရောက်သော ဥဒ္ဓစ္စနှင့် အညီအညွတ် ကေုပ္ပါဒအစရှိသော အပြားတို့နှင့် ယှဉ်သောစိတ်သည်တခု၊ ဤသို့သော အပြားအားဖြင့် နှစ်ပါးအပြား ရှိသည်လည်း ဖြစ်ကုန်သော ဤစိတ်တို့သည် မောမူဟ-စိတ်ဟူသော အမည် ရှိကုန်၏။

---

## မောဟမူစိတ် ၂-ပါးအဘွင့်

၆။ ။ထိုယုံမှားခြင်းဖြင့် သဘောကို စုံစမ်းသည်ရှိသော် ပူပန် တတ်၏၊ ထိုသို့ပူပန်ကြောင်းဖြစ်သောကြောင့် **ဝိစိကိစ္ဆာ** မည်၏။

တနည်းကား—ဤစိတ်အား ဉာဏ်ဖြင့် ကုစားခြင်းငှါ ခဲယဉ်းသည် ဖြစ်၍ ဉာဏ်တည်းဟူသော ဆေးသွားသည် ကင်းသောကြောင့် **ဝိစိကိစ္ဆာ** မည်၏။

မှတ်ချက်။ ။ဝိစိကိစ္ဆာပုဒ်ကို "သဘာဝံ ဝိစိနန္တော ကိစ္ဆတိ ကိလ-မတိ ဧတာယာတိ ဝိစိကိစ္ဆာ" ဟုငင်း, "ဝိဂတာ စိကိစ္ဆာ ဉာဏ်မိဿာတိ ဝိစိကိစ္ဆာ" ဟုငင်း ဝိဂြိုဟ်ပြု၊ ဝိစိကိစ္ဆာစေတသိက်ရ၏-ဟူလို။

ထိုဝိစိကိစ္ဆာစေတသိက်နှင့် ယှဉ်သောကြောင့် စိတ်သည် **ဝိစိ-ကိစ္ဆာ** မည်၏။ အလွန်တုန်လှုပ်တတ်သော စိတ်၏ ဖြစ်ကြောင်း ဖြစ်သောစေတသိက်သည် **ဥဒ္ဓစ္စ** မည်၏။

## ဥဒ္ဓစ္စကိုဆိုရခြင်းအကြောင်း

ဥဒ္ဓစ္စသည် အကုသိုလ်စိတ် အားလုံး၌ ဆက်ဆံသော်လည်း ဤမောဟမူစိတ်၌သာလျှင် မိမိနှင့် ယှဉ်ဘော် ယှဉ်ဘက် တရားတို့၌ ထင်ရှား ပြခန်း၍ ဖြစ်သောကြောင့် ဤမောဟမူစိတ်ကိုသာလျှင် ထို ဥဒ္ဓစ္စ[၁] ဖြင့်အထူးပြု၍ ဆိုအပ်ပါသတည်း။

ထို့ကြောင့် ဓမ္မသင်္ဂဏီပါဠိတော်၌ ကြွင်းသော အကုသိုလ်စိတ်တို့တွင် ဥဒ္ဓစ္စကို ယေဝါပနကအစွမ်းဖြင့် ဟောအပ်၏။ ဤမောဟမူစိတ်၌သာလျှင် "ဥဒ္ဓစ္စံ ဥပ္ပန္နံ ဟောတိ" ဟု သရုပ်အားဖြင့် ဟောတော်မူအပ်၏။

## ဤအရာ၌ဆောင်ပုဒ်ဂါထာကား

သဗ္ဗာကုသလယုတ္တမ္ပိ၊ ဥဒ္ဓစ္စံ အန္တိမာနသေ။
ဗလဝံ ဣတိ တံယေဝ၊ ဝုတ္တမုဒ္ဓစ္စ ယောဂတော။
တေနေဝ ဟိ မုနိန္ဒေန၊ ယေဝါပနက နာမတော။
ဝတ္တာ သေသေသု ဓမ္မေဝ၊ တံ သရူပေန ဒေသိတံ။ ။

ဟူသည်တည်း။

---

၁–ဥဒ္ဓစ္စ စေတသိက်သည် အကုသိုလ်စိတ် အသုံးစုံတို့နှင့် ယှဉ်သော်လည်း မောဟမူစိတ်၌ကား ပြခန်းသောအားဖြင့် ဖြစ်သောကြောင့် "ဥဒ္ဓစ္စသမ္ပယုတ္တံ"ဟုဆိုရ၏။

### အဓိပ္ပါယ်ကား

ဥဒ္ဓစ္စသည် အလုံးစုံသော အကုသိုလ်စိတ်နှင့် ယှဉ်သော်လည်း နောက်ဆုံးဖြစ်သော အကုသိုလ်စိတ်၌ အားကြီး၏။ ထို့ကြောင့် ထိုနောက်ဆုံးဖြစ်သော စိတ်ကိုသာလျှင် ဥဒ္ဓစ္စနှင့် ယှဉ်သော အားဖြင့် အရှင်အနုရုဒ္ဓါဆရာသည် မိန့်ဆိုအပ်၏။

ထို့ကြောင့်သာလျှင် မြတ်စွာဘုရားသည် ဥဒ္ဓစ္စမှ ကြွင်းသော အကုသိုလ်စိတ်တို့၌ ဥဒ္ဓစ္စကို 'ယေဝါပနက' အမည်အားဖြင့် ဟောတော်မူ၍ ဤနောက်ဆုံး အကုသိုလ်စိတ်၌သာလျှင် ထိုဥဒ္ဓစ္စကို သရုပ်အားဖြင့် ဟောတော်မူအပ်၏။

---

### မောဟမူစိတ်၌ ဥပေက္ခာသဟဂုတ်သာ ဖြစ်ခြင်းအကြောင်း

ဤနှစ်ပါးသော မောဟမူစိတ်တို့သည် မူလတပါးနှင့် ကင်းသဖြင့် အလွန်တွေဝေသောကြောင့်၎င်း၊ အာရုံကို မဆုံးဖြတ်နိုင်ခြင်း, အာရုံ၌ပျံ့လွင့်ခြင်း အစွမ်းအားဖြင့်ဖြစ်သော ဝိစိကိစ္ဆာ, ဥဒ္ဓစ္စတို့နှင့် အမြဲ ယှဉ်သဖြင့် တုန်လှုပ်သည်၏ အဖြစ်ကြောင့်၎င်း၊ အလုံးစုံသော အာရုံတို့၌ တပ်နှစ်သက်ခြင်း, ပြစ်မှားခြင်း ကင်းကုန်ရကား ဥပေက္ခာသဟဂုတ် [၁] တို့သာလျှင် ဖြစ်ကုန်၏။

### သင်္ခါရအပြား မရှိခြင်း အကြောင်း

ထို့ကြောင့်သာလျှင် သဘောအားဖြင့် ထက်သော အဖြစ်၏၎င်း၊ တိုက်တွန်းအပ်သည်အဖြစ်၏၎င်း မရှိသောကြောင့် သင်္ခါရ [၂] အပြားသည်လည်း ထိုမောဟမူစိတ်၌ မရှိပေ။

---

၁–မောဟမူစိတ်၌ လောဘဟိတ်, ဒေါသဟိတ် နှစ်ပါးနှင့် မယှဉ်ပါဘဲ မောဟဟိတ် တပါးတည်းနှင့်သာ ယှဉ်သဖြင့်၎င်း, ဥဒ္ဓစ္စနှင့် ယှဉ်သဖြင့်၎င်း အလွန့် အလွန် တွေဝေသောကြောင့် ဣဋ္ဌာရုံ၌လည်း သောမနဿ မဖြစ်နိုင်၊ အနိဋ္ဌာရုံ၌လည်း ဒေါမနဿ မဖြစ်နိုင်သောကြောင့် အမြဲ ဥပေက္ခာဝေဒနာ တပါးသာ ဖြစ်၏။

၂–ထိုသို့ ဝိစိကိစ္ဆာ ဥဒ္ဓစ္စနှင့် ယှဉ်သဖြင့် အလွန် တုန်လှုပ် ချောက်ချား၍ တိုက်တွန်းခြင်း မရှိသောကြောင့် သင်္ခါရ အပြား မရှိ၊ **အသင်္ခါရိက** ဟု ဆိုကြကုန်၏။

## ဆောင်ပုဒ်ဂါထာကား

မုဠ္ဟတ္တာ စေဝ သံသပ္ပ၊ ဝိက္ခေပါ စေက ဟေတုကံ။
သောပေက္ခံ သမ္ပဒါ နော စ၊ ဘိန္နံ သဒ္ဓါရဘေဒတော။
န ဟိ တဿ သဘာဝေန၊ တိက္ခတုဿာဟ နိယတာ။
အတ္ထိ သံသပ္ပမာနဿ၊ ဝိက္ခိပန္တဿ သမ္ပဒါ။ ။

## အဓိပ္ပါယ်ကား

အာရုံ၌ တွေဝေသည် အဖြစ်ကြောင့်၎င်း၊ အာရုံ၌ ယုံမှားသည် အဖြစ်, အာရုံ၌ပျံ့လွင့်သည်အဖြစ်ကြောင့်၎င်း၊ မောဟဟိတ် တပါး တည်း ရှိသော ဧကဟိတ်စိတ်သည် အလုံးစုံသော အာရုံ၌ ဥပေက္ခာ ဝေဒနာနှင့်သာ တကွ ဖြစ်၏။ ထိုမောဟမူစိတ်သည် သဒ္ဓါရအပြား အားဖြင့် မပြား။ အဘယ့်ကြောင့် ဆိုသော် အာရုံ၌ ယုံမှားသည် အဖြစ်ကြောင့်၎င်း၊ အာရုံ၌ ပျံ့လွင့်သည် အဖြစ်ကြောင့်၎င်း၊ ထို မောဟမူစိတ်၏ သဘောအားဖြင့် ထက်သည် အဖြစ်သည်၎င်း၊ တိုက်တွန်းအပ်သည် အဖြစ်သည်၎င်း၊ အလုံးစုံသော အာရုံ၌ မရှိ သောကြောင့်တည်း။ ထိုစိတ်တို့သည် မူလတပါးမှ ကင်းသည်ဖြစ်၍ အလွန် ပြင်းစွာသော တွေဝေခြင်းဖြင့် တွေဝေတတ်သောကြောင့် **မောမူဟ** မည်ကုန်၏။

---

## အကုသိုလ်နိဂုံး

၇။ ။**ဣစ္စေဝံ သဗ္ဗထာပိ ဒွါဒသာကုသလစိတ္တာနိ သမတ္တာနိ။**

အကြင်အကြင် ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ခပ်သိမ်းသော အခြင်းအရာ အားဖြင့်လည်း တဆဲ့နှစ်ပါးသော အကုသိုလ်စိတ်တို့ သည် ပြီးကုန်၏။

---

၇။ ။**ဣစ္စေဝံ** ဤသို့ အစရှိသော စကားသည် အကြင်ဆိုအပ်ကုန် ပြီးသော တဆယ့်နှစ်ပါးသော အကုသိုလ်စိတ်တို့၏ နိဂုံးအုပ်သော စကားတည်း။ ထိုဣစ္စေဝံ-ပါဌ်၌ ဣတိ-သဒ္ဒါသည် သဒ္ဒါအပေါင်း

ထိုသဒ္ဒါအပေါင်းသည် ဟောအပ်သော အနက်အပေါင်းကို ပြခြင်း အနက် ရှိ၏။ **စံ** သဒ္ဒါသည် သဒ္ဒါအစဉ်, အနက်အစဉ်ကို ပြခြင်း အနက် ရှိ၏။ တနည်း-ဤ ဣစ္စေဝံ သဒ္ဒါသည် ထိုသဒ္ဒါသည် ဟောအပ်သော အနက်တို့၏ အပြီးကို အားထုတ်ခြင်း၌ နိပါတ် အပေါင်းတည်း။

အကြင်အကြင် ဆိုအပ်ပြီးသော နည်းဖြင့် သောမနဿ,ဥပေက္ခာ, ဒိဋ္ဌိတို့နှင့် ယှဉ်ခြင်း ပဋိဃနှင့် ယှဉ်ခြင်း အစရှိသော ဝိစိကိစ္ဆာ, ဥဒ္ဓစ္စနှင့်ယှဉ်ခြင်းဟူသော အလုံးစုံယှဉ်သော အခြင်းအရာ အားဖြင့် ၁၂-ပါးသော အကုသိုလ်စိတ်တို့သည် ပြီးကုန်၏။ တနည်း-အကျဉ်း ရေတွက်၍ ယူအပ်ကုန်ပြီ။ ဤ**ကား** ဣစ္စေဝံ စသောပါဌ်ကို အနက် ပေးနည်းတည်း။

ထို"**အကုသလစိတ္တာနိ**"ပါဌ်၌ ကုသိုလ်၏ ဆန့်ကျင်ဘက် တရား တို့သည် **အကုသိုလ်** မည်ကုန်၏၊ မိတ်ဆွေနှင့် ဆန့်ကျင်ဘက် ဖြစ်သော သူသည် အမိတ္တ မည်သကဲ့သို့တည်း။ ဆန့်ကျင်ဘက်ဖြစ်ပုံ ကိုလည်း ကုသိုလ်, အကုသိုလ်တို့၏ အစဉ်အတိုင်း ပယ်တတ်သော အဖြစ်, ပယ်အပ်သောအဖြစ်ဖြင့် သိအပ်၏။

---

## အကုသိုလ်သင်္ဂဟဂါထာ

**၈။ ။အဋ္ဌဓာ လောဘမူလာနိ၊ ဒေါသမူလာနိ စ ဒွိဓာ။**
**မောဟမူလာနိ စ ဒွေတိ၊ ဒွါဒသာကုသလာ သိယုံ။ ။**

လောဘဟုဆိုအပ်သော မူလရှိကုန်သော စိတ်တို့သည် ဝေဒနာ စသော အပြားအားဖြင့် ရှစ်ပါးအပြား ရှိကုန်၏။ဒေါသဟု ဆိုအပ် သော မူလရှိကုန်သော စိတ်တို့သည် သင်္ခါရအပြားဖြင့် နှစ်ပါး အပြား ရှိကုန်၏။ မောဟသာလျှင် မူလရှိကုန်သော စိတ်တို့သည် သမ္ပယောဂ အပြားဖြင့် နှစ်ပါး အပြား ရှိကုန်၏။ ဤသို့ အကုသိုလ် စိတ်တို့သည် ၁၂-ပါး ဖြစ်ကုန်၏။

၈။ ။**"အဋ္ဌဓာ"** ဤသို့ အစရှိသော ပါဠိသည် အကျဉ်းချုံးသော ဂါထာတည်း။ လောဘ စေတသိက်သည် ကောင်းစွာ တည်သည်၏ အဖြစ်ကို ပြီးစေသဖြင့် အမြစ်နှင့် တူသောကြောင့် **မူလ**လည်း မည်၏။ ထိုစိတ်တို့အား ထိုလောဘတည်းဟူသော မူလ ရှိသောကြောင့် **လောဘမူ** မည်ကုန်သော စိတ်တို့သည် ဝေဒနာ အစရှိသော အပြားအားဖြင့် ရှစ်ပါးအပြား ရှိကုန်၏။ ထို့အတူ ဒေါသဟုဆိုအပ်သော မူလရှိကုန်သော စိတ်တို့သည် သင်္ခါရအပြားအားဖြင့် နှစ်ပါးအပြား ရှိကုန်၏။ သက်သက်သော မောဟဟူသော မူလရှိကုန်သောကြောင့် မောဟမူဟု ဆိုအပ်ကုန်သော စိတ်တို့သည် သမ္ပယောဂ အပြားအားဖြင့် နှစ်ပါးအပြား ရှိကုန်၏။ ဤသို့အကုသိုလ်စိတ်တို့သည် ၁၂-ပါးဖြစ်ကုန်၏။ ဤကား အနက်ပေနည်းတည်း။

အကုသိုလ်စိတ် အဘွင့် ပြီးပြီ။

---

## အဟိတ်အကုသလဝိပါက်စိတ် ၇-ပါး

၉။ ။**ဥပေက္ခာသဟဂတံ စက္ခုဝိညာဏံ၊ တထာ သောတ-ဝိညာဏံ၊ ဃာနဝိညာဏံ၊ ဇိဝှာဝိညာဏံ၊ ဒုက္ခ-သဟဂတံ ကာယဝိညာဏံ၊ ဥပေက္ခာသဟဂတံ သမ္ပဋိစ္ဆနစိတ္တံ၊ ဥပေက္ခာသဟဂတံ သန္တီရဏစိတ္တဉ္စေတိ ဣမာနိ သတ္တပိ အကုသလဝိပါက စိတ္တာနိ နာမ။** ။

(၁) ဥပေက္ခာဝေဒနာနှင့် ဧကုပ္ပါဒ အစရှိသော အစွမ်းဖြင့် နှီးနှောသော၊ ဝါ-ဥပေက္ခာဝေဒနာနှင့် တကွ ဧကုပ္ပါဒ အစရှိသော အဖြစ်သို့ ရောက်သော စက္ခုဝိညာဏ်စိတ်ဝိုင်း၊

(၂) ထို့အတူ သောတဝိညာဏ်စိတ်ဝိုင်း၊

(၃) ဃာနဝိညာဏ်စိတ်ဝိုင်း၊

(၄) ဇိဝှါဝိညာဏ်စိတ်ဝိုင်း၊

(၅) ဒုက္ခဝေဒနာနှင့် ကေုပ္ပါဒ အစရှိသော အစွမ်းဖြင့် နှိုးနှော်သော၊ ဝါ-ဒုက္ခဝေဒနာနှင့် တကွ ကေုပ္ပါဒ အစရှိသော အဖြစ်သို့ ရောက်သော ကာယဝိညာဏ်စိတ်ရင်း၊

(၆) ဥပေက္ခာဝေဒနာနှင့် ကေုပ္ပါဒ အစရှိသော အစွမ်းဖြင့် နှိုးနှော်သော၊ ဝါ-ဥပေက္ခာဝေဒနာနှင့် တကွ ကေုပ္ပါဒ အစရှိသော အဖြစ်သို့ ရောက်သော သမ္ပဋိစ္ဆိုင်းစိတ်ရင်း၊

(၇) ဥပေက္ခာဝေဒနာနှင့် ကေုပ္ပါဒ အစရှိသော အစွမ်းဖြင့် နှိုးနှော်သော၊ ဝါ-ဥပေက္ခာဝေဒနာနှင့် တကွ ကေုပ္ပါဒ အစရှိသော အဖြစ်သို့ ရောက်သော သန္တီရဏစိတ်ရင်း၊ ဤသို့သော အပြား အားဖြင့် ခုနစ်ပါး အပြားရှိသည်လည်း ဖြစ်ကုန်သော ဤစိတ်တို့သည် အကုသလဝိပါက်စိတ်ဟူသော အမည်ရှိကုန်၏။

---

## အဟိတ်အကုသလဝိပါက် စိတ် ၇-ပါး အဘွင့်

၉။ ။ဤသို့ မူလအပြားအားဖြင့် သုံးပါးအပြား ရှိသော်လည်း ဝါ-သုံးပါးအပြား ရှိသော အကုသိုလ်စိတ်ကို သမ္ပယောဂ အစ ရှိသော အပြားအားဖြင့် ၁၂-ပါး အပြားအားဖြင့် ခွဲခြမ်း ဝေဘန် ပြီး၍ ယခုအခါ၌ အဟိတ်[၁] စိတ်တို့ကိုခွဲဝေ၍ ညွှန်ပြတော်မူလိုသော အရှင်အနုရုဒ္ဓါဆရာသည် ထိုအဟိတ်စိတ်တို့၏ အကုသလဝိပါက် အစရှိသည်၏ အစွမ်းဖြင့် သုံးပါးအပြား ရှိသော်လည်း အကုသိုလ် စိတ်၏ အခြားမဲ့၌ အကုသလဝိပါက်စိတ်တို့ကိုသာလျှင် စက္ခုအစ ရှိသော မှီရာ, သမ္ပဋိစ္ဆိုင်း အစရှိသော ကိစ္စ၏ ၇-ပါး အပြား အားဖြင့် ဝေဘန်ခြင်းငှါ "ဥပေက္ခာသဟဂတံ စက္ခုဝိညာဏံ" ဤသို့ အစရှိသော ပါဌ်ကို မိန့်တော်မူသတည်း။

မှတ်ချက်။ ။ဤစကားရပ်ဖြင့် အဟိတ်စိတ်၏ အနုသန္ဓေ ကျမ်းတက် ကို ပြ၏၊ အကြောင်းဖြစ်သော အကုသိုလ်စိတ်အား လျော်စွာ ကုသလဝိပါက်ကို မဆိုပါဘဲ အကျိုး အကု- သလဝိပါက်ဆိုရပုံ စသည်ကိုပြ၏။

---

[၁] ဟိတ်မရှိသောကြောင့် အဟိတ်စိတ် မည်၏၊

ထိုပါဠိ၌ အဘွင့်ကား ဤသို့တည်း၊ ဝိညာဏ်၏ တည်ရာ ဖြစ်၍ ညီညွတ်သည် မညီညွတ်သည်ကို ပြောကြားသကဲ့သို့ ဖြစ်တတ်သော ကြောင့် ပသာဒရုပ်သည် **စက္ခု**မည်၏။ တနည်းကား—ရူပါရုံကို သာယာသကဲ့သို့ ဖြစ်သောကြောင့် ပသာဒရုပ်သည် **စက္ခု**မည်၏။ ထိုစကားမှန်၏၊ စက္ခတိ-ဟူသော ဤသဒ္ဒါသည် "**မဓုံ စက္ခတိ ဗျဥ္ဇနံ စက္ခတိ**" အစရှိသော ပါဠိတို့၌ကဲ့သို့ သာယာသောအနက်ကို ဟော၏။ ထို့ကြောင့် မြတ်စွာဘုရားသည်လည်း "စက္ခုံ ခေါ ပန မာဂဏ္ဍိယ ရူပါရာမံ ရူပရတံ ရူပသမုဒိတံ" ဤသို့ အစရှိသော စကားကို ဟောတော်မူ၏။ ဤသို့ဖြစ်သော်လည်း "သောတံ ခေါ မာဂဏ္ဍိယ သဒ္ဒါရာမံ သဒ္ဒရတံ သဒ္ဒသမုဒိတံ" ဤသို့အစရှိသော စကားကို ဟောတော်မူသောကြောင့် သောတပသာဒ အစရှိသည် တို့၏လည်း သဒ္ဒါရုံ အစရှိသည်ကို သာယာခြင်းသည် ရှိခဲ့၏။ ထို့ကြောင့် ထိုသောတပသာဒ ရုပ်တို့၏လည်း စက္ခုသဒ္ဒါသည် ဟောအပ်သော အဖြစ်သို့ ရောက်ခဲ့ရာ၏၊ ဤကား စောဒနာတည်း။ တင်စား၍ ဆိုသောကြောင့် မရောက်ပေ၊ ထိုစကားကို ထင်စွာ ပြဦးအံ့—ဤစက္ခုသဒ္ဒါသည် ကြည့်ရှုခြင်းငှါ အလိုရှိသည်အဖြစ်ဟု ဆိုအပ်သော ကာမတဏှာလျှင် အကြောင်းရင်းရှိသော ကံကြောင့် ဖြစ်သော မဟာဘုတ်တို့ကို ကြည်စေခြင်း လက္ခဏာရှိသော စက္ခု ပသာဒ၌သာလျှင် တင်စား၏။ အဘယ်သို့ တင်စားသနည်းဟူမူ- 'မယူရ'အစရှိသော သဒ္ဒါတို့ကို ဥဒေါင်းငှက် အထူးစသည်တို့၌ တင်စား၍ ဆိုသကဲ့သို့တည်း။

မှတ်ချက်။ ။မြေ၌ တွန်မြည်တတ်သောကြောင့် "မယူရ"မည်၏ ဆိုရာ မြေ၌ တွန်မြည်တတ်သော အခြားငှက် များစွာ ရှိပါလျက် မယူရ-သဒ္ဒါသည် အခြားသော ငှက်တို့ကို မဟောပါဘဲ၊ ဥဒေါင်းငှက်၌သာ အထင်ရှဋီအားဖြင့် ဟောသကဲ့သို့-ဟူလို။

စက္ခုပသာဒနှင့် တကွ ဖြစ်ခြင်းကြောင့် မျက်မှောင်ရိုးဖြင့် ပိုင်းခြားအပ်သော မျက်လုံးအသားဆိုင်ကိုလည်း စက္ခုဟု ဆိုအပ်၏။

တနည်းကိုဆိုဦးအံ့—သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌ ခေတ်တို့၏ တပါးမက များသော အနက်ရှိသောကြောင့် "စက္ခတိ"သဒ္ဒါ၏ ထင်စွာပြခြင်း အနက်ရှိသည် အဖြစ်သည်လည်း ဖြစ်သင့်၏။ ထို့ကြောင့် အဆင်းကို ထင်စွာပြတတ်သောကြောင့် ပသာဒရုပ်ကို **စက္ခု** မည်၏ဟု ဆိုအပ်၏။

ထိုစက္ခုပသာဒ၌ မှီတတ်သောကြောင့် စက္ခုပသာဒ၌ မှီ၍ ဖြစ်သော စိတ်သည် **စက္ခုဝိညာဏ်**[၁] မည်၏။ ထိုစကား မှန်၏—ထိုစိတ်ကို စက္ခုပသာဒကို မှီ၍ ဖြစ်သော ရူပါရုံကို သိခြင်းလက္ခဏာ ရှိ၏ဟု-မိန့်ဆိုအပ်၏။

ဤအတူ သောတဝိညာဏ် အစရှိသည်တို့၌လည်း ထိုက်သည် အားလျော်စွာ မှတ်အပ်၏။ **တထာ**-ဟူသော ပါဌ်ဖြင့် ဥပေက္ခာ-သဟဂုတ် အဖြစ်ကို ညွှန်အပ်၏။ ဝိညာဏ်၏ တည်ရာ ဖြစ်၍ အသံကို ကြားတတ်သောကြောင့် သောတပသာဒရုပ်သည် **သောတ** မည်၏။ ဂန္ဓာရုံကို ယူတတ်သောကြောင့် ဃာနပသာဒရုပ်သည် **ဃာန** မည်၏။ အသက်၏ အကြောင်းဖြစ်သောကြောင့် ရသာရုံသည် **ဇီဝိတ** မည်၏။ ထိုရသာရုံ၌ ညွတ်တတ်သည် ဖြစ်၍ ထိုဇီဝိတ ဖြစ်သော ရသာရုံကို ခေါ်တတ်သောကြောင့် ဇိဝှါပသာဒရုပ်သည် **ဇိဝှါ** မည်၏။

> **ဇီဝိတအဝှါ**-ဟုဆိုလိုလျက် ဝဏ္ဏလောပ နိရုတ္တိနည်းအားဖြင့် **ဇီဝိတ** ၌ **ဝိ** နှင့် **တ**,ကိုချေ **အဝှါ** ၌ **အ** ကိုချေ။ **ဇီ** ၌ ဤကို ဣရဿ ပြု၍ **ဇိဝှါ**-ဟုပြီးပါသတည်း။

စက်ဆုပ်အပ်ကုန်သော အကုသိုလ်တရားတို့၏ တည်ရာဖြစ်သောကြောင့် ကာယပသာဒရုပ်သည် **ကာယ** မည်၏။ အကြောင်းသော်ကား ဖောဋ္ဌဗ္ဗာရုံကို ယူသော သဘော ရှိသောကြောင့် ထိုဖောဋ္ဌဗ္ဗာရုံကို သာယာသော အစွမ်းဖြင့် ဖြစ်ကုန်သော ထိုဖောဋ္ဌဗ္ဗာရုံလျှင် အကြောင်းရင်း ရှိကုန်သော အကုသိုလ်တရားတို့၏ ထူးသော

---

၁—စက္ခုပသာဒကို မှီ၍ ဖြစ်သောစိတ်သည် စက္ခုဝိညာဏ်စိတ် မည်၏၊ (ကြွင်းတူပြီ)

အကြောင်း ဖြစ်သောကြောင့် ကာယိန္ဒြေကို ထိုအကုသိုလ်တရားတို့၏ ဖြစ်ရာကဲ့သို့ ဆိုအပ်ပါသတည်း။

တနည်းကား—ကာယပသာဒနှင့် တကွဖြစ်သော ဤရူပကာယသည်လည်း စက်ဆုပ်အပ်သော ဆံအစရှိသည်တို့၏ တည်ရာ ဖြစ်သောကြောင့် **ကာယ** မည်၏။ ထိုရူပကာယနှင့် တကွဖြစ်သောကြောင့် ကာယပသာဒ ကိုလည်း ထို့အတူ **ကာယ**-ဟုပင် ဆိုအပ်၏။

စက်ဆုပ်အပ်သည် ဖြစ်၍ ကာယိကသုခကို တူးဖြိုတတ်သောကြောင့် ဝေဒနာသည် **ဒုက္ခ** မည်၏။ တနည်းကား—သည်းခံနိုင်ခဲသောကြောင့် ဝေဒနာသည် **ဒုက္ခ**မည်၏။ အပရေဆရာတို့ကား—ထိုဝေဒနာအား ခဲယဉ်းသော အခွင့်ပေးခြင်း ရှိသောကြောင့် ဝေဒနာသည် **ဒုက္ခ** မည်၏-ဟုဆိုကုန်၏။

ပဉ္စဝိညာဏ်သည် ယူအပ်သော ရူပါရုံစသော အာရုံငါးပါးကို ခံလင့်သော အခြင်းအရာအားဖြင့် ဖြစ်၍ ခံလင့်တတ်သောကြောင့် **သမ္ပဋိစ္ဆိုင်း**[၁] မည်၏။ အကြင်အကြင် ခံလင့်ပြီးသော ရူပါရုံ အစရှိသော အာရုံကို စုံစမ်းတတ်သောကြောင့် **သန္တီရဏ**[၂] မည်၏။ အချင်းချင်း ဆန့်ကျင်ကုန်သော ကုသိုလ်,အကုသိုလ်တို့၏ အကျိုးဖြစ်သောကြောင့် **ဝိပါက်** မည်၏။ ဤဝိပါက်ဟူသော အမည်သည်မှုချ အကျိုး၏ အဖြစ်သို့ ရောက်ကုန်သော နာမ်တရားတို့၏ အမည်တည်း။ ထို့ကြောင့် ကဋတ္တာရုပ်တို့သည် ကုသိုလ်ကံ,အကုသိုလ်ကံကြောင့် ဖြစ်သော်လည်း ဝိပါက်ဟူသော အမည်ကို မရကုန်။အကုသိုလ်၏ ဝိပါက်စိတ်တို့သည် **အကုသလဝိပါကစိတ္တာနိ** မည်ကုန်၏။

---

၁—စက္ခုဝိညာဏ် စသောဝိညာဏ်ငါးပါးက ယူအပ်ပြီးသော အာရုံကို ခံလင့်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်းကြောင့် **သမ္ပဋိစ္ဆိုင်းစိတ်** မည်၏။

၂—သမ္ပဋိစ္ဆိုင်းသည် ခံယူပြီးသော အာရုံငါးပါးကို ကောင်းစွာ စုံစမ်းတတ်သောကြောင့် **သန္တီရဏစိတ်** မည်၏။

## **အဟိတ် ကုသလဝိပါက်စိတ် ၈-ပါး**

၁၀။ **။ဥပေက္ခာသဟဂတံ ကုသလဝိပါကံ စက္ခုဝိညာဏံ၊ တထာ သောတဝိညာဏံ၊ ဃာနဝိညာဏံ၊ ဇိဝှါ-ဝိညာဏံ၊ သုခသဟဂတံ ကာယဝိညာဏံ၊ ဥပေက္ခာ-သဟဂတံ သမ္ပဋိစ္ဆနစိတ္တံ၊ သောမနဿသဟဂတံ သန္တီရဏစိတ္တံ၊ ဥပေက္ခာသဟဂတံ သန္တီရဏစိတ္တဉ္စေတိ ဣမာနိ အဋ္ဌပိ ကုသလဝိပါကာဟေတုကစိတ္တာနိနာမ။**

(၁) ဥပေက္ခာဝေဒနာနှင့်။ပ။ နှီးနှောသော ဝါ-ဥပေက္ခာဝေဒနာနှင့်တကွ။ပ။ ရောက်သော ကုသိုလ်၏ အကျိုးဖြစ်သော စက္ခုဝိညာဏ်စိတ်ၜင်း၊

(၂) ထို့အတူ သောတဝိညာဏ်စိတ်ၜင်း၊

(၃) ဃာနဝိညာဏ်စိတ်ၜင်း၊

(၄) ဇိဝှါဝိညာဏ်စိတ်ၜင်း၊

(၅) သုခဝေဒနာနှင့်။ပ။ နှီးနှောသော ဝါ-သုခဝေဒနာနှင့်တကွ။ပ။ရောက်သော ကာယဝိညာဏ်စိတ်ၜင်း၊

(၆) ဥပေက္ခာဝေဒနာနှင့်။ပ။ နှီးနှောသော ဝါ-ဥပေက္ခာဝေဒနာနှင့်တကွ။ပ။ ရောက်သော သမ္ပဋိစ္ဆိုင်းစိတ်ၜင်း၊

(၇) သောမနဿဝေဒနာနှင့်။ပ။ နှီးနှောသော ဝါ-သောမနဿဝေဒနာနှင့်တကွ။ပ။ရောက်သော သန္တီရဏစိတ်ၜင်း၊

(၈) ဥပေက္ခာဝေဒနာနှင့်။ပ။ နှီးနှောသော ဝါ-ဥပေက္ခာဝေဒနာနှင့်တကွ။ပ။ ရောက်သော သန္တီရဏစိတ်ၜင်း၊ ဤသို့သော အပြားအားဖြင့် ရှစ်ပါး အပြားရှိသည်လည်း ဖြစ်ကုန်သော ဤစိတ်တို့သည် အဟိတ်ကုသလဝိပါက်စိတ်ဟူသော အမည် ရှိကုန်၏။

---

## **အဟိတ်ကုသလဝိပါက်စိတ် ၈-ပါးအဘွင့်**

၁၀။ ။ကိုယ့်စိတ်ကို ချမ်းသာစေတတ်သောကြောင့် ဝေဒနာသည် **သုခ** မည်၏။ တနည်းကား—ကောင်းစွာ ကိုယ်စိတ်၏

ကြင်နာခြင်းကို တူးဖြိုတတ်သောကြောင့် ဝေဒနာသည် **သုခ** မည်၏။ တနည်းကား—ချမ်းသာသဖြင့် သည်းခံအပ်သောကြောင့် ဝေဒနာသည် **သုခ** မည်၏။ အပရေဆရာတို့ကား—ထိုဝေဒနာအား လွယ်သော အခွင့်ပေးခြင်းရှိသောကြောင့် **သုခ** မည်၏ဟု ဆိုကြကုန်၏။

## ကုသလဝိပါက် သန္တီရဏ နှစ်ပါးပြားခြင်းအကြောင်း

အကုသလဝိပါက် သန္တီရဏစိတ်ကို တပါးတည်း ဆိုသကဲ့သို့ ဤသို့မဆိုပါဘဲ ကုသလဝိပါက် သန္တီရဏစိတ်ကို နှစ်ပါး အပြားအားဖြင့် အဘယ့်ကြောင့်ဆိုအပ်ပါသနည်းဟူမူ၊ ဣဋ္ဌာရုံ, ဣဋ္ဌမဇ္ဈတ္တာရုံတို့၏ အစွမ်းအားဖြင့် ဝေဒနာပြားသောကြောင့် နှစ်ပါးအပြားအားဖြင့် ဆိုအပ်၏။

ထိုသို့ ဖြစ်ချေသော် ထိုအကုသလဝိပါက်စိတ်၌လည်း အနိဋ္ဌာရုံ, အနိဋ္ဌမဇ္ဈတ္တာရုံတို့၏ အစွမ်းဖြင့် ဝေဒနာအပြားသည်လည်း ဖြစ်သင့်သည် မဟုတ်ပါလော။ ဤအကုသလဝိပါက်စိတ်ကို ဤသို့ဆိုသော အတိုင်း မမှတ်ထိုက်။ အဘယ့်ကြောင့် ဆိုသော် အနိဋ္ဌာရုံ၌ ဖြစ်သော ဒေါမနဿ၏ ပဋိဃနှင့် ကင်း၍ မဖြစ်သောကြောင့်၎င်း၊ **စင်စစ်** အကုသိုလ်သဘောရှိသော ပဋိဃ၏လည်း အဗျာကတတို့၌ မဖြစ်သောကြောင့်၎င်း ဝေဒနာအပြား မဖြစ်သင့်-ဟူလို၊ ယင်းစကားကို ထင်ရှားအောင် ဘော်ပြဦးအံ့—ပြားသော ဇာတ်ရှိသော တရားသည် ပြားသော ဇာတ်ရှိသော တရားတို့၌ မရအပ်, မရနိုင်။ ထို့ကြောင့် မိမိနှင့် အတူတကွ ယှဉ်ခြင်းငှါ လျောက်ပတ်သော ပဋိဃ၏ အဗျာကတတို့၌ မဖြစ်သင့်သောကြောင့် အကုသလဝိပါက်တို့၌ ဒေါမနဿဝေဒနာသည် မဖြစ်သင့်၊ မဖြစ်သင့်၍ ထိုအကုသလဝိပါက် သန္တီရဏ၏ ဒေါမနဿဝေဒနာနှင့် တကွ ဖြစ်သည် အဖြစ်ကို မဆိုအပ်ပါသတည်း။

တနည်းကား—အားကြီးသော သူသည် ပုတ်ခတ်အပ်သော် အားနည်းသော တစုံတယောက်သော သူသည် ထိုအားကြီးသော

သူကို ပြန်လှန် ပုတ်ခတ်ခြင်းငှါ မစွမ်းနိုင်၍ ထိုအားကြီးသော သူ၌ လျစ်လျူ ရှုရသကဲ့သို့ ထို့အတူ အကုသလဝိပါက်စိတ်တို့၏ ထက်ဝန်းကျင် အားနည်းသည့် အဖြစ်ကြောင့် အနိဋ္ဌာရုံ၌လည်း ဒေါမနဿ ဖြစ်ခြင်း မရှိသောကြောင့် သန္တီရဏစိတ်သည် ဥပေက္ခာ သဟဂုတ်သာ ဖြစ်၏။

## စက္ခုဝိညာဏ်စိတ်တို့၏ ဥပေက္ခာသဟဂုတ် ဖြစ်ခြင်းအကြောင်း

ကုသလဝိပါက်, အကုသလဝိပါက် ဖြစ်ကုန်သော စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ် စိတ် ၄-ပါး တို့သည် ဝတ္ထုနှင့် အာရုံ ထိခိုက်ခြင်း၏ အားနည်းသည့် အဖြစ် ကြောင့် ဣဋ္ဌာရုံတို့၌ ဖြစ်စေ, အနိဋ္ဌာရုံတို့၌ ဖြစ်စေ ဥပေက္ခာ သဟဂုတ်တို့သာ ဖြစ်ကုန်၏။

အဘယ့်ကြောင့် အားနည်းပါသနည်းဟူမူ၊ ထိုလေးပါးသော စက္ခုဝိညာဏ် စသော စိတ်တို့၏ မှီရာ ဖြစ်ကုန်သော စက္ခုပသာဒရုပ် စသည်တို့သည် ဥပါဒါရုပ်တို့သာ ဖြစ်ကုန်၏။ ရူပါရုံ စသော အာရုံ တို့သည်လည်း ထို့အတူ ဥပါဒါရုပ်တို့သာ ဖြစ်ကုန်၏။ ဥပါဒါရုပ်နှင့် ဥပါဒါရုပ်၏ ထိခိုက်ခြင်းသည် ဝါဂွမ်းဆိုင် တခုနှင့် ဝါဂွမ်းဆိုင် တခု၏ ထိခိုက်ခြင်းကဲ့သို့ အလွန် အားနည်း၏။ ထို့ကြောင့် ထိုစက္ခုဝိညာဏ် စသော စိတ်လေးပါးတို့သည် အချင်းခပ်သိမ်း ဥပေက္ခာသဟဂုတ်တို့သာ ဖြစ်ကုန်၏။

## ကာယဝိညာဏ်စိတ်၏ ဒုက္ခသဟဂုတ်, သုခသဟဂုတ် ဖြစ်ခြင်းအကြောင်း

ကာယဝိညာဏ်၏ အာရုံကား ဖောဋ္ဌဗ္ဗ-ဟုဆိုအပ်သော ဘူတရုပ် သုံးပါးသာလျှင်တည်း။ ထိုဖောဋ္ဌဗ္ဗာရုံ၏ ကာယပသာဒ၌ ထိခိုက်

ခြင်းသည်လည်း ထိုကာယပသာဒရုပ်ကို လွန်၍ ထိုကာယပသာဒ၏ မှီရာ ဖြစ်ကုန်သော မဟာဘုတ်တို့၌ ထိခိုက်၏။ ဘူတရုပ်တို့နှင့် ဘူတရုပ်တို့၏ ထိခိုက်ခြင်းသည် အားကြီး၏။ ဥပမာကား— ပေထိပ်၌ ဝါဂွမ်းဆိုင်ကို တင်၍ တူဖြင့် ထုရိုက်လိုက်သောအခါ တူသည် ဝါဂွမ်းဆိုင်ကို လွန်၍ ဝါဂွမ်းဆိုင်တွင် မရပ်ပါဘဲ ပေထိပ်ကို ရိုက်မိသကဲ့သို့တည်း။ ထို့ကြောင့် ဝတ္ထုနှင့် အာရုံတို့ ထိခိုက်ခြင်း၏ အားကြီးသည် အဖြစ်ကြောင့် ကာယဝိညာဏ်စိတ်သည် အလိုမရှိ အပ်သော အနိဋ္ဌာရုံ၌ ဒုက္ခသဟဂုတ်[၁] ဖြစ်၏၊ အလိုရှိအပ်သော ဣဋ္ဌာရုံ၌ သုခသဟဂုတ်ဖြစ်၏။

## သမ္ပဋိစ္ဆိုင်းစိတ်၏ ဥပေက္ခာသဟဂုတ် ဖြစ်ခြင်းအကြောင်း

သမ္ပဋိစ္ဆိုင်း[၂] စိတ်နှစ်ပါးသည်ကား မိမိနှင့် မှီရာ မတူကုန်သော စက္ခုဝိညာဏ်စိတ်တို့၏ အခြားမဲ့၌ ဖြစ်၍ တူသော မှီရာရှိသော စိတ်မှ အနန္တရပစ္စည်းကို မရသောကြောင့် သဘောတူသော အထောက်အပံ့မှ ကင်းသော ယောကျ်ားကဲ့သို့ အားမကြီး၍ ခပ်သိမ်းသော အခြင်းအရာအားဖြင့် အာရုံအရသာကို ခံစားခြင်းငှါ မစွမ်းနိုင်သောကြောင့် ခပ်သိမ်းသော အာရုံတို့၌ ဥပေက္ခာ သဟဂုတ်သာ ဖြစ်လေ၏။

---

၁—ဖေါဋ္ဌဗ္ဗာရုံ အရှိန်က အားကြီးသဖြင့် မဟာဘုတ်ကို ထိခိုက်သောကြောင့် မကောင်းသော အတွေ့၌ ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်, ကောင်းသောအတွေ့၌ သုခသဟဂုတ် ကာယဝိညာဏ်စိတ် ဖြစ်၏။ ကြွင်းသောစိတ်တို့ကား ဥပါဒါရုပ်ချင်းချင်း ထိခိုက်မှုအရှိန် အားနည်းသောကြောင့် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စသည်သာ ဖြစ်ရ၏။

၂—စက္ခုဝိညာဏ် စသော စိတ်များသည် ပဉ္စဝတ္ထုရုပ်ကို မှီကြ၍ သမ္ပဋိစ္ဆိုင်းစိတ်ကား ဟဒယဝတ္ထုကို မှီ၍ တူသောမှီရာရှိသော စိတ်မှ အနန္တရပစ္စည်းကို မရသဖြင့် အားအရှိန် နည်းသောကြောင့် အာရုံအရသာကို မခံစားနိုင်၍ သမ္ပဋိစ္ဆိုင်းစိတ် ၂-ပါးသည် ဥပေက္ခာ သဟဂုတ်သာ ဖြစ်၏။

## သန္တီရဏစိတ်၏ သုခသဟဂုတ် ဖြစ်ခြင်းအကြောင်း

ဆိုအပ်ပြီးသည့်မှ ပြန်သောအားဖြင့် ကုသလဝိပါက် သန္တီရဏ[၁] စိတ်သည် ဣဋ္ဌာရုံ၌ သောမနဿသဟဂုတ် ဖြစ်၍ ဣဋ္ဌမဇ္ဈတ္တာရုံ၌ ဥပေက္ခာသဟဂုတ် ဖြစ်၏။

## အာဝဇ္ဇန်းဒွေ ဥပေက္ခာသဟဂုတ် ဖြစ်ရခြင်းအကြောင်း

ထိုသို့ ဖြစ်သော် ပဉ္စဒွါရာဝဇ္ဇန်းနှင့် မနောဒွါရာဝဇ္ဇန်း၏ အဘယ့်ကြောင့် ဥပေက္ခာသဟဂုတ် အဖြစ်ကို ဆိုပါသနည်း။ ထို အာဝဇ္ဇန်း ဒွေသည် တူသော မှီရာရှိသော စိတ်၏ အခြားမဲ့၌ ဖြစ်သည် မဟုတ်ပါလော-ဟူမူ-ဖြစ်သည် မှန်ပေ၏။ သို့သော် ထိုနှစ်ပါးတို့တွင် ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် ရှေး၌ တစုံတခုသော ဝီထိစိတ်၏ မယူအပ်သေးသည်သာလျှင် ဖြစ်သော အာရုံ၌ တကြိမ် သာလျှင် ဖြစ်၏၊ နောက်ဖြစ်သော မနောဒွါရာဝဇ္ဇန်း စိတ်သည် လည်း သဘောမတူသော ဇောစိတ်,ဘဝင်စိတ်အစဉ်မှ နောက်၌ ဖြစ်သည်အစွမ်းဖြင့် ကြိယာတပါးကို ငဲ့ခြင်းရှိ၏။ ထို့ကြောင့် ခပ်သိမ်းသော အခြင်းအရာအားဖြင့် အာရုံ၏အရသာကို ခံစား ခြင်းငှါ မစွမ်းနိုင်ရကား ဥပေက္ခာဝေဒနာနှင့် ယှဉ်သည်သာတည်း။

---

၁—မှီရာ ဝတ္ထုချင်း တူသဖြင့် အာရုံ အရသာကို ခံစားနိုင်သောကြောင့် ဣဋ္ဌာရုံ၌ သောမနဿ သဟဂုတ် သန္တီရဏ ဖြစ်၏၊ ဣဋ္ဌမဇ္ဈတ္တာရုံ၌ ဥပေက္ခာသဟဂုတ် သန္တီရဏ ဖြစ်၏၊

ဝီထိစိတ်အစဉ်အရ သမ္ပဋိစ္ဆိုင်းကို ရှေ့ထား ဆိုရ၏၊

ဆန့်ကျင်ကုန်သော ကုသိုလ်, အကုသိုလ်တို့၏အကျိုး ဖြစ်သောကြောင့် **ဝိပါက်** မည်၏၊

အကုသလ ဝိပါက်စိတ်ကား အဗျာကတ ဖြစ်၍ အားနည်းသောကြောင့် ဥပေက္ခာ သဟဂုတ်သာ ဖြစ်၏။

## ဤကုသလဝိပါက်စိတ်၌ အကျဉ်းပေါင်းအပ်သော ဂါထာတို့ကား

"ဝတ္ထာလမ္ဗသဘာဝါနံ။ ပ။ သောပေက္ခာ သမ္ပဋိစ္ဆနံ။"

ဟူသည်တည်း။

## အဓိပ္ပါယ်ကား

(၁) မှီရာသဘော,အာရုံသဘော ဖြစ်ကုန်သော ဥပါဒါရုပ်တို့၏ ထိပါးခြင်းသည် အားနည်းသောကြောင့် စက္ခုဝိညာဏ်စသော လေးပါးသောစိတ်သည် ဥပေက္ခာဝေဒနာနှင့် ယှဉ်၏။

(၂) ကာယဝိညာဏ် မှီရာဖြစ်သော ဖေါဋ္ဌဗ္ဗာရုံ ကိစ္စတပ်သော မဟာဘုတ် တို့၏ ထိခြင်း၏ အားကြီးသည် အဖြစ် ကြောင့် ကာယပသာဒကို မှီ၍ ဖြစ်သော ဝိညာဏ်သည် ဥပေက္ခာဝေဒနာနှင့် မယှဉ်၊ (ဒုက္ခဝေဒနာ,သုခဝေဒနာတို့နှင့်သာ အသီးသီးယှဉ်၏)။

(၃) သမ္ပဋိစ္ဆိုင်းစိတ်အား တူသော မှီရာရှိသော အနန္တရပစ္စည်းသည် မရှိ၍ အာရုံ၌ အားနည်းသောကြောင့် သမ္ပဋိစ္ဆိုင်းစိတ်သည် ဥပေက္ခာဝေဒနာနှင့် တကွ ဖြစ်၏။

ကုသိုလ်၏ ဝိပါက်စိတ်တို့သည် ယှဉ်သော ဟိတ်မှ ကင်းသောကြောင့် အဟိတ်စိတ် မည်ကုန်၏။ ထိုကြောင့် ကုသလဝိပါကာဟေတုကစိတ် မည်ကုန်၏။ အဘယ့်ကြောင့် ကုသလဝိပါက်ဖြစ်ပါလျက် အဟိတ်မည်ပါသနည်း ဟူမူ—ဖြစ်စေတတ်သော ဇနကဟိတ်၏ အစွမ်းဖြင့် ပြီးကုန်သော်လည်း ထိုစိတ်တို့သည် ဖြစ်လာသောအခါ ယှဉ်သော ဟိတ်၏ မရှိသည့်အဖြစ်ကြောင့် အဟိတ်ဟူသော အမည်ကို ရကုန်၏။ အဘယ့်ကြောင့်ဆိုသော် ဤသမ္ပယုတ်ဟိတ်၏ အစွမ်းအားဖြင့် အဟိတ်အမည် ရအပ်သည်မှတပါး ဇနကဟိတ်၏ အစွမ်းအားဖြင့် အဟိတ်အမည် ရသည်ရှိသော် ကာမာဝစရမဟာဝိပါက်စိတ်တို့နှင့် ဤအဟိတ် ကုသလဝိပါက် စိတ်တို့၏ ထူးခြားမှု မဖြစ်သောကြောင့် သမ္ပယုတ်ဟိတ်၏ အစွမ်းအားဖြင့်သာလျှင် အဟိတ်ဟူသော အမည်ကိုရကုန်၏။

## အဟေတုကသဒ္ဒါမထည့်ရခြင်းအကြောင်း

ဤအဟိတ်အရာဝယ် ကုသလဝိပါက် နိဂုံး၌ အဟေတုက[၁] သဒ္ဒါ ထည့်ဆိုသကဲ့သို့ အကုသလဝိပါက်စိတ်၌ အဟေတုကသဒ္ဒါ မဆို ရခြင်းအကြောင်းကား အသို့ပါနည်း ဟူမူ—လျှဦးပါးဘွယ်မရှိ သောကြောင့် မပြုအပ်ပါသတည်း၊ ထိုစကား ထင်ရှားအောင် ဘော်ပြဦးအံ့၊ သာမညသည်ငင်း,ကေန္တမဟုတ်သည်၏ အဖြစ်သည် ငင်း ရှိခဲ့သော် အထူးပြုခြင်းသည် အကျိုးရှိ၏။

မှတ်ချက်။ ။သာမညဖြစ်ခြင်းသည် 'သမ္ဘဝ' မည်၏။ သာမည၏ အကျိုးဖြစ်သော ကေန္တမဟုတ်သော သဘောသည် 'ဗျဘိစာရ' မည်၏။ ဤသို့ သမ္ဘဝနှင့် ဗျဘိစာရ ရှိပါမှ ဝိသေသနဆိုရ၏။ ဥပမာ-ဗုဒ္ဓျတီတိ ဗုဒ္ဓေါ ပုဒ်၌ သိတတ်သောကြောင့် **ဗုဒ္ဓ** မည်၏ ဆိုသော် သိသော ပုဂ္ဂိုလ်သည် ရဟန္တာများလည်း သိနိုင်, သိတတ်သောကြောင့် ဗုဒ္ဓ-သဒ္ဒါသည် 'သမ္ဘဝ' ဖြစ်၏။ ထိုသို့ သာမညသဒ္ဒါဖြစ်၍ သောတုဇနတို့ ဉာဏ်၌ ဤဗုဒ္ဓ-ပုဒ်အရသည် ရဟန္တာလေလော, ဘုရားလေ လောဟု အနေကန် ဖြစ်၍ ယုံမှားမှု 'ဗျဘိစာရ' ဖြစ် ရ၏။ ထို့ကြောင့် ဤဗုဒ္ဓအရာမှာ သိတတ်သော်လည်း ရဟန္တာကို မယူရ-ဘုရားကိုသာယူရ၏-ဟုပြဆိုခြင်းငှါ ဘဂဝါ-ဟူသော ဝိသေသနကို ဆိုရ၏-ဟူလို။ ဦးဘဘင် နှစ်ယောက်ရှိရာ အဘယ် ဦးဘတင်နည်းဟု ကွဲပြားရန် "ရန်ကုန်ဦးဘတင်, ပဲခူးဦးဘတင်"ဟု

---

၁—အကုသလဝိပါက်စိတ်ကား အဟိတ် သက်သက် ဖြစ်၍ နိဂုံး၌ အဟေတုက သဒ္ဒါနှင့် မဆိုပါဘဲ ကုသလဝိပါက်သည်သာ အဟိတ်, သဟိတ် နှစ်ပါး ရှိသောကြောင့် အဟိတ်ဟု သိစေခြင်းငှါ အဟေတုကသဒ္ဒါကို နိဂုံး၌ မှတ်၍ ဆိုရ၏။

အကုသိုလ်စိတ်၏ အခြားမဲ့၌ ဆိုသဖြင့် အကုသိုလ်စိတ်၏ အကျိုးဟု ထင်မည် စိုးသောကြောင့် ကုသလဝိပါက်စိတ်၌ "**ကုသလဝိပါကံ**" ထည့်ဆိုရ၏၊ အကုသလ ဝိပါက်ကား အကုသိုလ်စိတ်၏ အခြားမဲ့၌ ဆိုသဖြင့် "**အကုသလဝိပါကံ**"ဟု အထူး မဆိုရသည်။

နေရပ်ဖြင့် ကွဲပြားရန် အထူး မ,၍ ဆိုရသကဲ့သို့မှတ်။ ဤ၌ ကုသလဝိပါက်သည် သဟိတ် ကာမာဝစရ ဝိပါက် ရှိနေ၍ သဟိတ်ဝိပါက်လော, အဟိတ်ဝိပါက်လောဟု သံသယ ဖျာဝိစာရ ဖြစ်ဘွယ် ရှိနေ၍ သဟိတ်မဟုတ်, အဟိတ်ဟုသိစေရန် ကုသလဝိပါက်၌သာ အဟေတုက သဒ္ဒါကို ထည့်ဆိုရ၏။ အကုသလဝိပါက်သည်ကား အခြားအကုသလဝိပါက် မရှိ၍ သံသယ, လျှဉ်းပါးဘွယ် ဖျာဝိစာရ မရှိသောကြောင့် အဟေတုက သဒ္ဒါကို မထည့်ရ-ဟူလို။

အဟိတ်အဖြစ်ကို ဆိုဦးအံ့။ အကုသလဝိပါက်စိတ်တို့၏ လောဘ အစရှိသော အဖြစ်နှင့် တကွ ဖြစ်သော တရားတို့၏ အကျိုး ဖြစ်သဖြင့် ထိုလောဘ အစရှိသော တရားတို့နှင့် ဆန့်ကျင်ဘက် ဖြစ်ကုန်သော အလောဘ စသော ဟိတ်တို့နှင့်လည်း ယှဉ်ခြင်းမရှိ၊ မယှဉ်နိုင်သောကြောင့်၎င်း၊ မိမိဖြစ်သော အကုသလဝိပါက်စိတ်သည်လည်း အဗျာကတ ဖြစ်၍ အပြစ် မရှိသော သဘော ဖြစ်သောကြောင့် လောဘဟိတ် အစရှိသော အကုသိုလ်တရားတို့နှင့်လည်း မယှဉ်နိုင်သောကြောင့်၎င်း တရံတခါမျှ သဟိတ်အဖြစ် မရှိ၍ သဟိတ်လေလော-ဟု လျှဉ်းပါးဘွယ်, သံသယ ဖြစ်ဘွယ် မရှိ၊ အဟိတ် ဧကန် ဖြစ်သောကြောင့် ထိုအကုသလဝိပါက်စိတ်တို့ကို အဟေတုကသဒ္ဒါဖြင့် အထူး မပြုအပ်ကုန်။

---

## အဟိတ်ကြိယာစိတ် ၃-ပါး

၁၁။ ။ဥပေက္ခာသဟဂတံ ပဉ္စဒွါရာဝဇ္ဇနစိတ္တံ၊ တထာ မနောဒွါရာဝဇ္ဇနစိတ္တံ၊ သောမနဿသဟဂတံ ဟသိတုပ္ပါဒစိတ္တဉ္စေတိ ဣမာနိ တီဏိပိ အဟေတုကကြိယစိတ္တာနိ နာမ။ ။

(၁) ဥပေက္ခာ ဝေဒနာနှင့်။ ပ ။ နှီးနှောသော၊ ဝါ-ဥပေက္ခာ ဝေဒနာနှင့် တကွ။ပ။အဖြစ်သို့ ရောက်သော ပဉ္စဒွါရာဝဇ္ဇန်း စိတ်ဂုဏ်း၊

(၂) ထို့အတူ ဥပေက္ခာသဟဂုတ် ဖြစ်သော မနောဒွါရာ ဝဇ္ဇန်းစိတ်ဂုဏ်း၊

(၃) သောမနဿဝေဒနာနှင့် ။ပ။ နှီးနှောသော၊ ဝါ-သော မနဿဝေဒနာနှင့် တကွ။ပ။အဖြစ်သို့ ရောက်သော ဟသိတုပ္ပါဒ် စိတ်ဂုဏ်း၊ ဤသို့သော အပြားအားဖြင့် သုံးပါးကုန်သော ဤစိတ် တို့သည် အဟိတ်ကြိယာစိတ်ဟူသော အမည်ရှိကုန်၏။

---

## အဟိတ်ကြိယာစိတ် ၃-ပါး အဘွင့်

၁၁။ ။ယခုအခါ၌ အဟိတ်စိတ် အရာဝယ် အဟိတ်ကြိယာ စိတ်တို့ကိုလည်း ကိစ္စအပြားအားဖြင့် သုံးပါးအပြားဖြင့်၊ ဝါ-ကို ပြခြင်းငှါ "ဥပေက္ခာသဟဂတံ" ဤသို့ အစရှိသော စကားကို မိန့်ဆိုအပ်၏။

## ပဉ္စဒွါရာဝဇ္ဇန်းအကြောင်း

စက္ခုစသော ငါးဒွါရ၌ ထိခိုက်သော အာရုံငါးပါးကို ဆင်ခြင်တတ်, ထိုအာရုံ၌ နှလုံးသွင်းတတ်သောကြောင့် **ပဉ္စဒွါရာဝဇ္ဇန်း**[၁] မည်၏။ တနည်း-ငါးဒွါရ၌ ဖြစ်သော စိတ်အစဉ်ကို ဘဝင်ဖြစ်ရန် မပေးမူ၍ ဝီထိစိတ် ဖြစ်ခြင်းငှါ ညွှတ်စေတတ်သော ကြောင့် ကြိယာအဟိတ် မနောဓာတ် စိတ်သည် **ပဉ္စဒွါရာဝဇ္ဇန်း** မည်၏။

## မနောဒွါရာဝဇ္ဇန်းအကြောင်း

**မနောဒွါရာဝဇ္ဇန်း** စိတ်၏ အနန္တရပစ္စည်း ဖြစ်သော ဘဝင်္ဂုပစ္ဆေဒ ဘဝင်သည် ဝီထိစိတ်တို့၏ ဖြစ်ခြင်းအကြောင်း

---

၁-စက္ခုဒွါရ စသော ငါးဒွါရ၌ ထင်လာသော အာရုံ ငါးပါးကို ဆင်ခြင် နှလုံးသွင်း တတ်သော စိတ်သည် **ပဉ္စဒွါရာဝဇ္ဇန်းစိတ်** မည်၏။

ဖြစ်သောကြောင့် **မနောဒွါရ** မည်၏။ ထိုမနောဒွါရ၌ မြင်ဘူးခြင်း, ကြားဘူးခြင်း, သိဘူးခြင်း၏ အစွမ်းဖြင့် ထင်ခြင်းသို့ ရောက်သော အာရုံကို ဆင်ခြင်တတ်သောကြောင့် **မနောဒွါရာဝဇ္ဇန်း**[၁] မည်၏။

တနည်း—ဆိုအပ်ပြီးသော နည်းဖြင့် စိတ်အစဉ်ကို ညွတ်စေတတ်သောကြောင့် ကြိယာ အဟိတ် မနောဝိညာဏဓာတ် ဥပေက္ခာသဟဂုတ်စိတ်သည် **မနောဒွါရာဝဇ္ဇန်း** မည်၏။ ဤမနောဒွါရာဝဇ္ဇန်းကိုပင်လျှင် သန္တီရဏစိတ်သည် စုံစမ်းအပ်ပြီးသော အာရုံကို ပိုင်းခြား မှတ်သားတတ်သောကြောင့် ပဉ္စဒွါရ၌ ဖြစ်ခိုက် **ဝုဋ္ဌော** ဟုလည်းဆိုအပ်၏။

မှတ်ချက်။ ။ပဉ္စဒွါရာဝဇ္ဇန်းကို "ပဉ္စဒွါရေ အာရမ္မဏံ အာဝဇ္ဇေတီတိ ပဉ္စဒွါရာဝဇ္ဇနံ" ဟုပြု၊ မနောဒွါရာဝဇ္ဇန်းကို "မနောဒွါရေ အာရမ္မဏံ အာဝဇ္ဇေတီတိ မနောဒွါရာဝဇ္ဇနံ" ဟုပြု။

ပြုံးခြင်းကို ဖြစ်စေတတ်သောကြောင့် **ဟသိတုပ္ပါဒ်**[၂] မည်၏။ ဘုရား, ရဟန္တာ ပုဂ္ဂိုလ်တို့အား မရှုန့်ရင်းသော သိမ်မွေ့သော

---

၁—ဘဝင် အယဉ်ဟု ဆိုအပ်သော မနောဒွါရ၌ ထင်လာသော အာရုံ ခြောက်ပါးကို ဆင်ခြင်တတ်, အာရုံပြုတတ်သော စိတ်သည် **မနောဒွါရာဝဇ္ဇန်းစိတ်** မည်၏။

၂—ပြုံးရယ်ခြင်းကို ဖြစ်စေတတ်သော စိတ်သည် **ဟသိတုပ္ပါဒ်စိတ်** မည်၏။

ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် ရှေး၌ တစုံတခုသော ဝီထိစိတ်သည် မယူအပ်သေးသော အာရုံ ငါးပါးကို ရှေးဦးစွာ အာရုံ ပြုရသောကြောင့်၎င်း, ထိုအာရုံ ငါးပါး၌ တကြိမ်သာ ဖြစ်သောကြောင့်၎င်း အလွန် အားနည်း သဖြင့် အာရုံ အရသာကို မခံစားနိုင်၍ ဥပေက္ခာ သဟဂုတ်သာ ဖြစ်၏၊ မနောဒွါရာဝဇ္ဇန်းစိတ်သည်ကား ဇောတ်မတူသော ဇောစိတ် ဖြစ်ဘို့ရန် ဝဲ့ကွက် နေရသဖြင့် အာရုံ အရသာကို မခံစားနိုင်သောကြောင့် ဥပေက္ခာ သဟဂုတ်သာ ဖြစ်၏၊ ဟသိတုပ္ပါဒ်စိတ်ကား သောမနဿစိတ်ဖြင့်သာ ရယ်ရွှင်ခြင်းကို ဖြစ်စေတတ်သောကြောင့် သောမနဿသဟဂုတ် ဖြစ်၏။

ပဉ္စဒွါရာဝဇ္ဇန်းစိတ်နှင့် မနောဒွါရာဝဇ္ဇန်းစိတ် နှစ်ပါးကား ဇောစိတ် မဟုတ်သဖြင့် အာရုံကို ဆင်ခြင်ရုံမျှ ပြုလုပ်ရုံမျှ ဖြစ်သောကြောင့် **ကြိယာ** မည်၏၊ ငှက်စာဆော်သော သစ်ပင်၏ လေပန်းနှင့် တူ၏၊ ဟသိတုပ္ပါဒ်စသော ဇောဖြစ်သော ကြိယာစိတ်များကား အာသဝေါကင်းသော ဘုရား, ရဟန္တာတို့၏ သန္တာန်တော်၌ ဖြစ်၏၊ ဘုရား, ရဟန္တာ အရှင်များသည် ကုသိုလ် ပြုသော်လည်း အကျိုးကို မဖြစ်နိုင် ပြုကာမျှ ဖြစ်သောကြောင့် **ကြိယာ** မည်၏။

အာရုံတို့၌ ပြီးသော အခြင်းအရာမျှ အကြောင်းဖြစ်သော ကြိယာ အဟိတ် မနောဝိညာဏဓာတ် သောမနဿသဟဂုတ်စိတ်ကို ဟသိတုပ္ပါဒ်ဟု ဆိုအပ်၏။

---

**အဟိတ်စိတ်နိဂုံး**

**၁၂။ ။ဣစ္စေဝံ သဗ္ဗထာပိ အဋ္ဌာရသာဟေတုကစိတ္တာနိ သမတ္တာနိ။ ။**

ဤသို့ ဆိုအပ်ပြီးသော နည်းဖြင့် ခပ်သိမ်းသော အခြင်းအရာ အားဖြင့်လည်း ၁၈-ပါးကုန်သော အဟိတ်စိတ်တို့သည် ပြီးကုန်၏။

---

၁၂။ ။**သဗ္ဗထာပိ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို အကုသလဝိပါက်, ကုသလဝိပါက်, ကြိယာတို့၏ အပြားအားဖြင့်-ဟု အနက်ပေး။ **အဋ္ဌာရသ**-ဟူသော ဤသဒ္ဒါသည် အရေအတွက်ကို ပိုင်းခြားကြောင်း ဖြစ်သော သဒ္ဒါတည်း။ **အဟေတုကစိတ္တာနိ**-ဟူသော ဤသဒ္ဒါသည်ကား ပိုင်းခြား၍ ပြအပ်သော တရားကို ပြသော သဒ္ဒါတည်း။

အဟိတ်စိတ်အဘွင့်ပြီးပြီ။

---

**သောဘဏစိတ် ၅၉-ပါး**

**၁၄။ ။ပါပါဟေတုကမုတ္တာနိ၊ သောဘဏာနီတိ ဝုစ္စရေ။ ဧကူနသဋ္ဌိ စိတ္တာနိ၊ အထေကနဝုတီပိ ဝါ။ ။**

အကုသိုလ်စိတ်, အဟိတ်စိတ်တို့မှ လွတ်ကုန်သော တခုယုတ် ခြောက်ဆယ်သော စိတ်တို့ကို သောဘဏစိတ် မည်ကုန်၏-ဟူ၍ ဆိုအပ်ကုန်၏။

တနည်းကား—အကုသိုလ်စိတ်, အဟိတ်စိတ်တို့မှ လွတ်ကုန်သော တခုယုတ် ကိုးဆယ်သော စိတ်တို့ကိုလည်း သောဘဏစိတ် မည်ကုန်၏-ဟူ၍ ဆိုအပ်ကုန်၏။

---

## သောဘဏစိတ် ၅၉-ပါး အဘွင့်

၁၄။ ။ဤသို့ ၁၂-ပါးသော အကုသိုလ်စိတ်, ၁၈-ပါးသော အဟိတ်စိတ်တို့၏ အစွမ်းဖြင့် အမျိုးသုံးဆယ်သော စိတ်တို့ကို ပြပြီး၍ ယခုအခါ၌ ထိုအကုသိုလ်စိတ်, အဟိတ်စိတ်တို့မှ လွတ်ကုန်သော စိတ်တို့၏ သောဘဏ-ဟူသော အမည်ကို ထားခြင်းငှါ **ပါပါဟေတုကမုတ္တာနိ**-ဤသို့စသော စကားကို မိန့်ဆိုအပ်၏။

မိမိသည် ကိန်းအပ်သော သူအား အပါယ်စသော ဒုက္ခသို့ ရောက်စေတတ်သောကြောင့် **ပါပ** [၁] မည်ကုန်သော အကုသိုလ်စိတ်တို့မှငင်း၊ ဟိတ်နှင့် ယှဉ်ခြင်း မရှိခြင်းကြောင့် အဟိတ်မည်သော စိတ်တို့မှငင်း၊ လွတ်ကုန်သော ၂၄-ပါးသော ကာမာဝစရစိတ်, ၃၅-ပါးသော မဟဂ္ဂုတ်စိတ်, လောကုတ္တရာစိတ်တို့၏ အစွမ်းဖြင့် တခုယုတ် ခြောက်ဆယ်အတိုင်းအရှည်ရှိကုန်သော၊တနည်းကား— ရှစ်ပါးသော လောကုတ္တရာစိတ်တို့ကို ဈာန်အင်္ဂါတို့နှင့် ယှဉ်သော အပြားအားဖြင့် အသီး အခြား ငါးပါးအပြား ရှိသည်ကို ပြု၍ တခုယုတ် ကိုးဆယ်သော စိတ်တို့ကို တင့်တယ်သော ဂုဏ်ကို

---

၁-အကုသိုလ်စိတ် ၁၂-ပါးသည် အပါယ်သို့ ကျရောက်စေတတ်သောကြောင့် ပါပ မည်၏။

ဆောင်သောကြောင့်ဝင်း၊ အလောဘအစရှိသော အပြစ်ကင်းသော ဟိတ်တို့နှင့် ယှဉ်သောကြောင့်ဝင်း **သောဘဏစိတ်**[၁] ဟူ၍ ဆိုအပ်ကုန်၏။

---

## ကာမာဝစရသောဘဏစိတ် ၂၄-ပါး

## မဟာကုသိုလ်စိတ် ၈-ပါး

**၁၅။ ။သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ အသင်္ခါရိကမေကံ၊ သသင်္ခါရိကမေကံ။ သောမနဿသဟဂတံ ဉာဏဝိပ္ပယုတ္တံ အသင်္ခါရိကမေကံ၊ သသင်္ခါရိကမေကံ။ ဥပေက္ခာသဟဂတံ ဉာဏသမ္ပယုတ္တံ အသင်္ခါရိကမေကံ၊ သသင်္ခါရိကမေကံ။ ဥပေက္ခာသဟဂတံ ဉာဏဝိပ္ပယုတ္တံ အသင်္ခါရိကမေကံ၊ သသင်္ခါရိကမေကန္တိ ဣမာနိ အဋ္ဌပိ ကာမာဝစရကုသလစိတ္တာနိ နာမ။**

---

၁—အကုသိုလ်စိတ်သည် အပြစ်ရှိသော လောဘဟိတ်, ဒေါသဟိတ်, မောဟဟိတ် ၃-ပါးနှင့် ယှဉ်သဖြင့် မတင့်တယ်သောကြောင့် **အသောဘဏ** မည်၏၊

အဟိတ်စိတ်သည်ကား ယှဉ်ဘော် ယှဉ်ဘက် ဟိတ်မရှိ၍ မတင့်တယ်ခြင်းကြောင့် **အသောဘဏ** မည်၏၊

ကာမာဝစရစသော စိတ်များကား သဒ္ဓါဂုဏ်, ဟိရီဂုဏ် စသော ကောင်းမြတ်သော ဂုဏ်တို့နှင့် ယှဉ်သဖြင့် တင့်တယ်သောကြောင့် **သောဘဏစိတ်** မည်၏။

တနည်း—အလောဘ, အဒေါသ, အမောဟ ဖြစ်သော အပြစ် ကင်း၍ တင့်တယ်သော ဟိတ်တို့နှင့် ယှဉ်သောကြောင့် **သောဘဏစိတ်** မည်ကုန်၏။

အကုသိုလ်စိတ် ၁၂-ပါး, အဟိတ်စိတ် ၁၈-ပါး ပေါင်း စိတ် ၃၀-သည် အသောဘဏစိတ် မည်၏၊

ကာမာဝစရစိတ် ၂၄-ပါး, ရူပါဝစရစိတ် ၁၅-ပါး, အရူပါဝစရစိတ် ၁၂-ပါး, လောကုတ္တရာစိတ် ၈-ပါး ပေါင်း ၅၉-ပါးသော စိတ်သည် သောဘဏစိတ် မည်၏၊

တနည်း—လောကုတ္တရာစိတ် အရ အကျယ် ၄၀-ကိုလည်း ထည့်၍ ၉၁-ပါးသော စိတ်သည် **သောဘဏစိတ်** မည်၏။

(၁) သောမနဿ ဝေဒနာနှင့်။ ပ ။ နှီးနှောသော၊ ဝါ- သောမနဿဝေဒနာနှင့် တကွ။ပ။ ရောက်သော, ဉာဏ်နှင့် အညီ အညွတ် ကေပ္ပါဒအစရှိသော အပြားတို့နှင့် ယှဉ်သော, တိုက်တွန်း ခြင်းမရှိသော စိတ်သည် တခု၊

(၂) တိုက်တွန်းခြင်း ရှိသော၊ ဝါ-တကွ ဖြစ်သော စိတ်သည် တခု၊

(၃) သောမနဿ ဝေဒနာနှင့်။ ပ ။ နှီးနှောသော၊ ဝါ- သောမနဿဝေဒနာနှင့် တကွ။ပ။ ရောက်သော, ဉာဏ်နှင့် မယှဉ် သော, တိုက်တွန်းခြင်း မရှိသော စိတ်သည် တခု၊

(၄) တိုက်တွန်းခြင်း ရှိသော၊ ဝါ-တကွ ဖြစ်သော စိတ် သည် တခု။

(၅) ဥပေက္ခာဝေဒနာနှင့်။ ပ ။ နှီးနှောသော၊ ဝါ-ဥပေက္ခာ ဝေဒနာနှင့်တကွ။ပ။ ရောက်သော, ဉာဏ်နှင့် အညီအညွတ် ကေပ္ပါဒ အစရှိသော အပြားတို့နှင့် ယှဉ်သော, တိုက်တွန်းခြင်း မရှိသော စိတ်သည် တခု၊

(၆) တိုက်တွန်းခြင်း ရှိသော၊ ဝါ-တကွ ဖြစ်သော စိတ်သည် တခု၊

(၇) ဥပေက္ခာဝေဒနာနှင့်။ ပ ။ နှီးနှောသော၊ ဝါ-ဥပေက္ခာ ဝေဒနာနှင့် တကွ။ပ။ ရောက်သော, ဉာဏ်နှင့် မယှဉ်သော, တိုက်တွန်းခြင်း မရှိသော စိတ်သည် တခု၊

(၈) တိုက်တွန်းခြင်း ရှိသော၊ ဝါ-တကွ ဖြစ်သော စိတ်သည် တခု၊ ဤသို့သော အပြားအားဖြင့် ရှစ်ပါးအပြား ရှိသည်လည်း ဖြစ်ကုန်သော ဤစိတ်တို့သည် ကာမာဝစရကုသိုလ်စိတ် ဟူသော အမည် ရှိကုန်၏။

## မဟာကုသိုလ်စိတ် ၈-ပါးအဘွင့်

၁၅။ ။ယခုအခါ၌ သောဘဏစိတ်တို့တွင် ကာမာဝစရ-သောဘဏ[၁] စိတ်တို့ကိုသာလျှင် ရှေးဦးစွာ အကျဉ်းပြဆိုအပ်သောကြောင့် ထိုကာမာဝစရသောဘဏတို့တွင်လည်း အဗျာကတစိတ်တို့၏ ကုသိုလ်စိတ်လျှင် ပြဓာန်းခြင်း ရှိသည့် အဖြစ်ကြောင့် အဗျာကတ၏ ရှေးဦးစွာ ကာမာဝစရကုသိုလ်စိတ်ကိုင်း၊ ထိုကုသိုလ်စိတ်၏ နောက်မှ ထိုကာမာဝစရကုသိုလ်၏ အကျိုးဖြစ်သောဝိပါက်စိတ်ကိုင်း၊ထိုကာမာဝစရဝိပါက်စိတ်၏အခြားမဲ့၌ ထိုဝိပါက်နှင့်ဘုံတခုတည်း၌ အကျုံးဝင်သော ကာမာဝစရကြိယာစိတ်ကိုင်း၊ အသီး အသီး ဝေဒနာ,[၂] ဉာဏ်, သင်္ခါရတို့၏ အပြားအားဖြင့် ရှစ်ပါးအပြားဖြင့် ပြခြင်းငှါ **သောမနဿသဟဂတံ** ဤသို့ အစရှိသောစကားကို မိန့်ဆိုအပ်၏။

ထိုသောမနဿသဟဂတံ-အစရှိသော ပါဠ်၌ အဘွင့်ကား ဤသို့တည်း—သဘောအားလျော်စွာ ထိုးထွင်း၍ သိတတ်သောကြောင့် **ဉာဏ်** မည်၏။ ကြွင်းသော သောမနဿ အစရှိသောစကားသည် ဘွင့်ဆိုအပ်ပြီးသော နည်းရှိသည်သာတည်း။

ဆက်၍ဆိုဦးအံ့— ဤသောမနဿသဟဂတံ-စသော ပါဠ်၌ အဆုံးအဖြတ်ကို ဤသို့ သိအပ်၏။ အားကြီးသော သဒ္ဓါကြောင့်ငှ်း,

---

၁—သောဘဏစိတ်တို့ဘွင် ကာမာဝစရစိတ်ကို ရှေးဦးစွာ မြတ်စွာဘုရား ဟောတော်မူသောကြောင့် ရှေးဦး ပဌမ မိန့်ဆိုရ၏၊

ကာမာဝစရ စိတ်တို့တွင်လည်း ဝိပါက်နှင့်ကြိယာတို့သည် ကုသိုလ်လျှင် ရှေ့သွားရှိသောကြောင့် ကုသိုလ်ကို ရှေးဦး ထား၍ မိန့်ဆိုရ၏၊ ကုသိုလ်၏ အကျိုးတရား ဖြစ်သောကြောင့် ကုသိုလ်၏ အခြားမဲ့၌ ဝိပါက်စိတ်ကို မိန့်ဆိုရ၏၊ ကုသိုလ်သတ္တိ အရှိန် ကင်းသောကြောင့်ငှ်း, အကျိုး မပေးသော တရားမျိုး ဖြစ်သောကြောင့်ငှ်း ကြိယာကို နောက်ဆုံးထား၍ မိန့်ဆိုရ၏။

၂—မိုဃ်းရွာမှု မိုဃ်းမရွာမှုကို အစွဲပြု၍ ဝပြော စည်ပင်ခြင်း, ငတ်မွတ်ခြင်းကို မိုဃ်းသည်ပြုသည် ဆိုသကဲ့သို့ ဉာဏ်, သင်္ခါရ မပြားသော်လည်း ဉာဏ်, သင်္ခါရတို့၏ ရှိမှု, မရှိမှုကို အစွဲပြု၍ ရှိခြင်း, မရှိခြင်း အပြားကိုပင် ဉာဏ်အပြား, သင်္ခါရအပြားဟု ဆိုအပ်ပါသတည်း။

ပညာ အမြော်အမြင်နှင့် ပြည့်စုံခြင်းကြောင့်၎င်း၊ ပစ္စည်းနှင့် ပြည့်စုံခြင်း, အလှူခံပုဂ္ဂိုလ်နှင့် ပြည့်စုံခြင်း ကြောင့်၎င်း၊ ဤသို့စသော အကြောင်းတို့ကြောင့် **သောမနဿသဟဂုတ်** အဖြစ်ကို သိအပ်၏။

ပညာကို ဖြစ်စေတတ်သော ကံကြောင့်၎င်း၊ ဗြဟ္မာဘုံ၌ ဖြစ်ခဲ့ဘူးသောကြောင့်၎င်း၊ ဣန္ဒြေရင့်သော ကြောင့်၎င်း၊ ကိလေသာမှ ဝေးသောကြောင့်၎င်း **ဉာဏသမ္ပယုတ်** အဖြစ်ကို သိအပ်၏။ ထိုမှ ပြန်သောအားဖြင့် **ဥပေက္ခာသဟဂုတ်** အဖြစ်ကို၎င်း၊ **ဉာဏဝိပ္ပယုတ်** အဖြစ်ကို၎င်း သိအပ်၏။

သင့်တင့်လျောက်ပတ်သော ကျောင်း, အိမ်,အာဝါသ စသည် အစွမ်းဖြင့် ကိုယ်, စိတ်တို့၏ ခံ့ကျန်းသည် အဖြစ်ကြောင့်၎င်း၊ ရှေးဘဝ ဒါနမှု အစရှိသည်တို့၌ ပြုခဲ့ဘူးသော အလေ့အလာ ရှိခြင်း အစရှိသည်တို့ကြောင့်၎င်း **အသင်္ခါရိက** အဖြစ်ကို သိအပ်၏။ ထိုမှ ပြန်သောအားဖြင့် **သသင်္ခါရိက** အဖြစ်ကို သိအပ်၏။

## သောမနဿသဟဂုတ် ကုသိုလ်စသည် ဖြစ်ပုံ

(၁) ထိုကာမာဝစရ ကုသိုလ်တို့တွင် အကြင်သူသည် အကြင်အခါ၌ လှူဘွယ်ဝတ္ထု ပြည့်စုံခြင်း, အလှူခံပုဂ္ဂိုလ်၏ ပြည့်စုံခြင်း အစရှိသည်ကို၎င်း၊ တပါးသော ဝမ်းမြောက်ဘွယ် သောမနဿ အကြောင်းကို၎င်း အကြောင်းပြု၍ ရွှင်ရွှင်ပျပျ, လှူသော အလှူ၏ အကျိုးသည်ရှိ၏, ဤသို့အစရှိသော နည်းဖြင့် ဖြစ်သော သမ္မာဒိဋ္ဌိအယူကို ရှေ့သွားပြု၍, လွတ်လွတ် စွန့်ကြဲခြင်း အစရှိသည်တို့၏ အစွမ်းဖြင့် မတွန့်တို မဆုတ်နစ်မူ၍, သူတပါးတို့သည် မတိုက်တွန်းအပ်သည်ဖြစ်၍ ဒါနစသော ကုသိုလ်ကောင်းမှုတို့ကို ပြု၏။ ထိုအခါ ထိုသူအား **သောမနဿသဟဂုတ်, ဉာဏသမ္ပယုတ်, အသင်္ခါရိကစိတ်** ဖြစ်၏။

(၂) အကြင်အခါ၌ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ရွှင်ရွှင်ပျပျ, ကောင်းသော သမ္မာဒိဋ္ဌိအယူကို ရှေ့သွားပြုသော်လည်း, မလွတ်မကျွတ်စွန့်လွှတ် လှူဒါန်းသည်၏ အစွမ်းဖြင့် တွန့်တို ဆုတ်နစ်လျက်, သူတပါးတို့ကလည်း တိုက်တွန်းအပ်မှသာ ဒါနစသောကုသိုလ်တို့ကို

ပြု၏။ ထိုအခါ၌ ထိုသူအား ဒုတိယမြောက် ဖြစ်သော **သောမနဿသဟဂုတ်,ဉာဏသမ္ပယုတ်,သသင်္ခါရိကစိတ်** ဖြစ်၏။

(၃) အကြင်အခါ၌ ဆွေမျိုးများ၏ အကျင့်ကို မြင်သဖြင့် အလိုလိုဖြစ်သော အလေ့အကျင့် ရှိကုန်သော သူငယ်တို့သည် ရဟန်းတို့ကို မြင်ကုန်၍ ဝမ်းမြောက် ဝမ်းသာဖြစ်ကုန်၍ အဆောတလျင် တစုံတခုသော လက်၌ရှိသော ပစ္စည်းကို ပေးမှုလည်း ပေးလှူတတ်ကုန်၏၊ ရှိခိုးမှုလည်း ရှိခိုးတတ်ကုန်၏။ ထိုအခါ ထိုသူငယ်တို့အား တတိယမြောက် ဖြစ်သော **သောမနဿသဟဂုတ်, ဉာဏဝိပ္ပယုတ်, အသင်္ခါရိကစိတ်** ဖြစ်၏။

(၄) အကြင်အခါ၌ လှူကုန်လော့, ရှိခိုးကုန်လော့ဟု ဆွေမျိုးတို့သည် တိုက်တွန်းအပ်ကုန်သည် ဖြစ်၍ ဤသို့ ရှိခိုးခြင်း စသည်ကို ပြုကုန်၏။ ထိုအခါ လေးခုမြောက်ဖြစ်သော **သောမနဿသဟဂုတ်, ဉာဏဝိပ္ပယုတ်,သသင်္ခါရိကစိတ်** ဖြစ်၏။

(၅-၈) အကြင်အခါ၌ လှူဘွယ်ဝတ္ထု, အလှူခံပုဂ္ဂိုလ် အစရှိသည်တို့၏ မပြည့်စုံခြင်းကိုငှင်း၊ တပါးကုန်သော သောမနဿဖြစ်ခြင်း အကြောင်းတို့၏ငှင်း မရှိခြင်းကို အကြောင်းပြု၍ လေးပါးသော ဆိုခဲ့ပြီးသော ကာလအထူးတို့၌ သောမနဿနှင့်ကင်းကုန်၏။ ထိုအခါ ကြွင်းကုန်သော လေးပါးသော **ဥပေက္ခာသဟဂုတ်စိတ်**တို့သည် ဖြစ်ကုန်၏။

**အဋ္ဌဝိ** ၌ ဝိ-သဒ္ဒါဖြင့် ဆယ်ပါးသော ပုညကြိယာ အစရှိသည်တို့၏ အစွမ်းဖြင့် တပါးမက များသောစိတ်အဖြစ်ကို ပေါင်း၏။ ထို့ကြောင့် ရှေးဆရာတို့သည်—

ကမေန ပုညဝတ္ထူဟိ၊ ဂေါစရာဓိပတီဟိ စ။
ကမ္မဟီနာဒိတော စေဝ၊ ဂဏေယျ နယကောဝိဒေါ။ ။

ဟုမိန့်ဆိုအပ်ကုန်၏။

## အဓိပ္ပါယ်ကား

နည်းဌ် လိမ္မာသော ပညာရှိသည် ဤကုသိုလ်စိတ်ကို အစဉ်အားဖြင့် ပုညကြိယာဝတ္ထုတို့ဖြင့်၎င်း၊ အာရုံ အဓိပတိတို့ဖြင့်၎င်း၊ ကံ,အယုတ်စသော အပြားဖြင့်၎င်း ရေတွက်ရာ၏—ဟူလို။

၎င်းဂါထာအရ ချဲ၍ ပြဦးအံ့—ဤရှစ်ပါးသော ကုသိုလ်စိတ်တို့သည် ဆယ်ပါးသော ပုညကြိယာဝတ္ထု အစွမ်းဖြင့် ဖြစ်သောကြောင့် အသီးအသီး ဆယ်ပါး,ဆယ်ပါးစီ ပြု၍ ရှစ်ဆယ်သော စိတ်တို့သည် ဖြစ်ကုန်၏။ ထိုရှစ်ဆယ်သော ကုသိုလ်စိတ်တို့သည်လည်း ခြောက်ပါးသော အာရုံတို့၌ ဖြစ်သောကြောင့် အသီးအသီး ခြောက်ဖြင့် မြှောက်အပ်ကုန်သည် ရှိသော် ၄၈၀-သော ကုသိုလ်စိတ်တို့ ဖြစ်ကုန်၏။ အဓိပတိ အပြားအားဖြင့် ၂၄၀-အတိုင်းအရှည် ရှိကုန်သော ဉာဏဝိပ္ပယုတ်စိတ်တို့၏ ဝီမံသာဓိပတိ မယှဉ်သောကြောင့် ထို ၂၄၀-သောစိတ်တို့ကို သုံးပါးသောအဓိပတိတို့ အစွမ်းဖြင့် သုံးခုဖြင့် မြှောက်အပ်ကုန်သည် ရှိသော် ၇၂၀-သော ကုသိုလ်စိတ်တို့ဖြစ်ကုန်၏။ ထိုမှတပါး ဉာဏသမ္ပယုတ်စိတ်တို့အား အဓိပတိ ၄-ပါးတို့၏ အစွမ်းဖြင့် ၄-ခုဖြင့် မြှောက်အပ်ကုန်သည် ရှိသော် ၉၆၀-သော ကုသိုလ်စိတ်တို့ ဖြစ်ကုန်၏။ ဤသို့ အဓိပတိအစွမ်းအားဖြင့် ၁၆၈၀-သော ကုသိုလ်စိတ်တို့ ဖြစ်ကုန်၏။ ထို ၁၆၈၀ သော ကုသိုလ်စိတ်တို့သည် ကာယကံ,ဝစီကံ,မနောကံဟု ဆိုအပ်သော ကံ ၃-ပါးတို့၏ အစွမ်းဖြင့် ၃-ခုဖြင့် မြှောက်အပ်ကုန်သည် ရှိသော် ၅၀၄၀-သော ကုသိုလ်စိတ်တို့ ဖြစ်ကုန်၏။ ထို ၅၀၄၀ သော ကုသိုလ်စိတ်တို့ကို ဟီန,မဇ္ဈိမ,ပဏီတတို့၏ အပြားအားဖြင့် ၃-ခုဖြင့် မြှောက်အပ်ကုန်သည် ရှိသော် ၁၅၁၂၀-သော ကုသိုလ်စိတ်တို့ ဖြစ်ကုန်၏။ ယင်းကုသိုလ်စိတ်တို့ကို ရည်၍ အရှင် ဗုဒ္ဓဒတ္တမထေရ်သည်—

သတ္တရသ သဟဿာနိ၊ ဒွေသတာနိ အသီတိ စ။
ကာမာဝစရ ပုညာနိ၊ ဘဝန္တီတိ ဝိနိဒ္ဒိသေ။ ။

ဟုမိန့်ဆိုအပ်ပါသတည်း။

## အဓိပ္ပါယ်ကား

ကာမာဝစရ ကုသိုလ်စိတ်တို့သည် ၁၇၂၀၀-ဖြစ်ကုန်၏ ဟု ညွှန်ပြ ရာ၏-ဟူလို။

အထက်ပါ အရှင်ဗုဒ္ဓဃောသမထေရ် မိန့်ဆိုအပ်သော စကားကို အဓိပတိ အစွမ်းဖြင့် အရေအတွက် ယုတ်ရမည်ကို မယုတ်စေမူ၍ ဉာဏဝိပ္ပယုတ် ဟူသော ဒေသနာအယဉ်၏ ကျသည် အစွမ်းဖြင့် မိန့်ဆိုအပ်သော စကားအဖြစ်ဖြင့် မှတ်အပ်၏။ ကာလ,ဒေသ အစရှိသော အပြားအားဖြင့် ထိုကာမာဝစရကုသိုလ်စိတ်တို့၏ အပြားသည် မရေတွက်နိုင်သည်သာတည်း။

## ကုသိုလ်အဓိပ္ပါယ်

စက်ဆုပ်အပ်ကုန်သော အကုသိုလ်တရားတို့ကို တုန်လှုပ်စေတတ်သောကြောင့် **ကုသိုလ်**[၁] မည်ကုန်၏။ တနည်း-စက်ဆုပ်အပ်သော အကုသိုလ်တရားတို့ကို ဖျက်ဆီးတတ်သောကြောင့် **ကုသိုလ်** မည်ကုန်၏။ တနည်း—စက်ဆုပ်အပ်သော အကုသိုလ်တရားတို့ကို ကင်းစေတတ်သောကြောင့် **ကုသိုလ်** မည်ကုန်၏။

မှတ်ချက်။ ။ဤအလို ကုသလာနိ-ပုဒ်ကို ''ကုစ္ဆိတေ ပါပဓမ္မေ သလယန္တိ ကမ္ပေန္တီတိ ကုသလာနိ''
တနည်း—''ကုစ္ဆိတေ ပါပဓမ္မေ သလယန္တိ ဝိဒ္ဓံသေန္တီတိ ကုသလာနိ''
တနည်း—''ကုစ္ဆိတေ ပါပဓမ္မေ သလယန္တိ အပဂမေန္တီတိ ကုသလာနိ''ဟု ပြု။ ဤအလို ကု-ရှေးရှိသော သလဓာတ်။

တနည်း—စက်ဆုပ်အပ်သော အခြင်းအရာအားဖြင့် သန္တာန်၌ ဖြစ်တတ်သောကြောင့် ကုသ-ဟု ဆိုအပ်ကုန်သော အကုသိုလ်တရားတို့ကို ဖြတ်တတ်သောကြောင့် **ကုသိုလ်** မည်ကုန်၏။

---

၁-စက်ဆုပ်ဘွယ် အကုသိုလ်စိတ်တို့ကို ကင်းပျောက်စေတတ်, ပယ်ရှားတတ်သောကြောင့် **ကုသိုလ်** မည်၏။

မှတ်ချက်။ ။ဤအလို ကုသ-ရှေးရှိသော လု-ခုတ် "ကုသေ လုနန္တီတိ ကုသလာနိ"ဟုပြု။

တနည်းကား—စက်ဆုပ် အပ်သော အကုသိုလ် တရားတို့ကို ခေါင်းပါးအောင် ပြုတတ်သောကြောင့်၎င်း၊ အဆုံး ပြုတတ်သော ကြောင့်၎င်း၊ ကုသ-ဟုဆိုအပ်သော ဉာဏ်ဖြင့်၎င်း၊ သဒ္ဓါအစရှိသော တရားအပေါင်းဖြင့်၎င်း၊ သဟဇာတပစ္စည်း, ဥပနိဿယပစ္စည်း အဖြစ်ဖြင့် ထိုက်သည်အား လျော်စွာ ရအပ်, ဖြစ်စေအပ်သော ကြောင့်၎င်း **ကုသိုလ်** မည်ကုန်၏။

မှတ်ချက်။ ။ဤအလို "ကုသသဒ္ဒိတေန ဉာဏေန လာတဗ္ဗာနီတိ ကုသလာနိ"ဟု၎င်း "ကုသသဒ္ဒိတေန ဓမ္မဇာတေန လာတဗ္ဗာနိ ပဝတ္တေတဗ္ဗာနီတိ ကုသလာနိ"ဟု၎င်းပြု။

ထိုကုသိုလ်တို့သည်ပင်လျှင် အကြွင်း ဆိုအပ်ပြီးသော အနက်ဖြင့် ကာမာဝစရတို့ မည်ကုန်၏။ ကုသိုလ်လည်း မည်ကုန်သောကြောင့်- **ကာမာဝစရ ကုသလစိတ္တာနိ** [၁] မည်ကုန်၏။

---

## မဟာဝိပါက်စိတ်ရှစ်ပါး

၁၆။ **။သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ အသင်္ခါရိက မေကံ၊ သသင်္ခါရိကမေကံ။ သောမနဿသဟဂတံ ဉာဏဝိပ္ပယုတ္တံ အသင်္ခါရိကမေကံ၊ သသင်္ခါရိကမေကံ။ ဥပေက္ခာသဟဂတံ ဉာဏသမ္ပယုတ္တံ အသင်္ခါရိကမေကံ၊ သသင်္ခါရိကမေကံ။ ဥပေက္ခာသဟဂတံ ဉာဏဝိပ္ပယုတ္တံ အသင်္ခါရိကမေကံ၊ သသင်္ခါရိကမေကန္တိ ဣမာနိ အဋ္ဌပိ သဟေတုက ကာမာဝစရ ဝိပါက စိတ္တာနိ နာမ။ ။**

---

၁–အကုသိုလ်စိတ်သည် ကာမာဝစရ မည်သော်လည်း ယုံမှား လည်းပါးဘွယ် မရှိ၍ မဆိုရ၊ ကုသိုလ်သည်သာ ရူပ, အရူပ ကုသိုလ်တို့နှင့် လျည်းပါးဘွယ် ရှိ၍ ကုသိုလ်၌သာ ကာမာဝစရသဒ္ဒါ တပ်၍ ဆိုရ၏၊ ဝိပါက်, ကြိယာစိတ်တို့၌လည်း ဤအတူမှတ်။

(၁) သောမနဿ ဝေဒနာနှင့်။ ပ။ နှီးနှောသော၊ ဝါ-သော မနဿဝေဒနာနှင့် တကွ ။ပ။ ရောက်သော, ဉာဏ်နှင့် အညီအညွတ် ကျေပွါဒ အစရှိသော အပြားတို့နှင့် ယှဉ်သော, တိုက်တွန်းခြင်း မရှိသော စိတ်သည် တခု၊

(၂) တိုက်တွန်းခြင်း ရှိသော၊ ဝါ-တိုက်တွန်းခြင်းနှင့် တကွ ဖြစ်သော စိတ်သည် တခု၊

(၃) သောမနဿဝေဒနာနှင့်။ ပ။ နှီးနှောသော၊ ဝါ-သော မနဿဝေဒနာနှင့် တကွ။ ပ။ ရောက်သော, ဉာဏ်နှင့် မယှဉ်သော, တိုက်တွန်းခြင်း မရှိသော စိတ်သည် တခု၊

(၄) တိုက်တွန်းခြင်း ရှိသော၊ ဝါ-တိုက်တွန်းခြင်းနှင့် တကွ ဖြစ်သော စိတ်သည် တခု၊

(၅) ဥပေက္ခာဝေဒနာနှင့်။ ပ။ နှီးနှောသော၊ ဝါ-ဥပေက္ခာ ဝေဒနာနှင့်တကွ ။ ပ။ ရောက်သော, ဉာဏ်နှင့် ။ ပ။ ယှဉ်သော, တိုက်တွန်းခြင်း မရှိသော စိတ်သည် တခု၊

(၆) တိုက်ဘွန်းခြင်း ရှိသော၊ ဝါ-တိုက်တွန်းခြင်းနှင့် တကွ ဖြစ်သော စိတ်သည် တခု၊

(၇) ဥပေက္ခာဝေဒနာနှင့်။ ပ။ နှီးနှောသော၊ ဝါ-ဥပေက္ခာ ဝေဒနာနှင့်တကွ ။ ပ။ ရောက်သော, ဉာဏ်နှင့် မယှဉ်သော, တိုက်တွန်းခြင်း မရှိသော စိတ်သည် တခု၊

(၈) တိုက်တွန်းခြင်းရှိသော၊ ဝါ-တိုက်တွန်းခြင်းနှင့် တကွဖြစ် သော စိတ်သည် တခု၊ ဤသို့သော အပြားအားဖြင့် ရှစ်ပါးကုန်သော ဤစိတ်တို့သည် သဟိတ်ကာမာဝစရ ဝိပါက်စိတ်-ဟူသော အမည် ရှိကုန်၏။

---

## မဟာဝိပါက်စိတ်အဘွင့်

၁၆။ ။ထိုကုသိုလ်စိတ်တို့သည် ပုညကြိယာဝတ္ထု၏ အစွမ်း အားဖြင့်၎င်း၊ ကံ, ဒွါရတို့၏ အစွမ်းအားဖြင့်၎င်း၊ ကံ၏ အစွမ်း

အားဖြင့်၎င်း၊ အဓိပတိ အစွမ်းအားဖြင့်၎င်း ဖြစ်ကုန်သကဲ့သို့ မဟာဝိပါက်စိတ်တို့သည် မဖြစ်ကုန်။ အဘယ့်ကြောင့် မဖြစ်ကုန်သနည်း ဟူမူ၊ ဒါန အစရှိသည်တို့၏ အစွမ်းအားဖြင့် မဖြစ်သောကြောင့်၎င်း၊ ကာယဝိညတ် စသည်ကို မဖြစ်စေနိုင်သည်၏ အဖြစ်ကြောင့်၎င်း၊ အကျိုးတပါးကို မပေးနိုင်သော သဘောရှိသည် အဖြစ်ကြောင့်၎င်း၊ ဆန္ဒ အစရှိသည်တို့ကို ရှေ့သွားပြု၍ မဖြစ်သောကြောင့်၎င်း မဖြစ်ကုန်။ ထို့ကြောင့် ထိုပုညကြိယာဝတ္ထု အစရှိသည်တို့၏ အစွမ်းအားဖြင့် ယုတ်စေ, လျော့စေ၍ ထိုက်သည်အားလျော်စွာ အရေအတွက်သချ်ာအပြားကို ယှဉ်အပ်၏။

## မဟာဝိပါက်စိတ်၏ သောမနဿ ဥပေက္ခာ စသည်တို့၏ ဖြစ်ခြင်းအကြောင်း

ဤမဟာဝိပါက် စိတ်တို့သည်လည်း ကံ၏ ဇဝ္ဇာရုံ, ဇဝ္ဇမဇ္ဈတ္တာရုံ အစွမ်းဖြင့် အစဉ်အတိုင်း **သောမနဿသဟဂုတ်, ဥပေက္ခာသဟဂုတ်** ဖြစ်ကုန်၏။ ဝိပါက်စိတ်၏ ပဋိသန္ဓေ အစရှိသည့် အစွမ်းဖြင့် ဖြစ်သော အခါ ရှေးကံ၏ အားကြီးသည်၏ အဖြစ်, အားမကြီးသည်၏ အဖြစ်ကြောင့် **ဉာဏသမ္ပယုတ်, ဉာဏဝိပ္ပယုတ်စိတ်** ဖြစ်ကုန်၏။ တဒါရုံဝိပါက်ဖြစ်သော အခါ၌ကား များသောအားဖြင့် ဇောစိတ်အား လျော်စွာ ဉာဏသမ္ပယုတ်, ဉာဏဝိပ္ပယုတ် ဖြစ်ကုန်၏။ တရံတခါ တဒါရုံဝိပါက်ဖြစ်သော အခါတို့၌ ပဝတ္တိအကျိုးကို ပေးသော ကံ-တပါးအားလျော်စွာ ဉာဏသမ္ပယုတ်, ဉာဏဝိပ္ပယုတ်စိတ်တို့ ဖြစ်ကုန်၏။

အကြင်အကြင် ဆိုအပ်ကုန်ပြီးသော မိမိလုံ့လ, သူတပါးလုံ့လကို ကြည့်၍၎င်း၊ မိမိလုံ့လ, သူတပါးလုံ့လနှင့် တကွ၎င်း၊ သေခါနီးအခါ ထင်ကုန်သော ကံအစရှိသော အကြောင်းတို့ကြောင့်၎င်း၊ ဥတုဘောဇဉ် အစရှိသည်တို့၏ လျောက်ပတ်စွာ ဖြစ်ခြင်း, လျောက်ပတ်စွာ မဖြစ်ခြင်း၏ အစွမ်းကြောင့်၎င်း **အသင်္ခါရိက, သသင်္ခါရိက** တို့သည် ဖြစ်ကုန်၏။

## မဟာကြိယာစိတ် ၈-ပါး

၁၇။ ။သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ အသင်္ခါရိက-မေကံ၊ သသင်္ခါရိကမေကံ။ သောမနဿသဟဂတံ ဉာဏဝိပ္ပယုတ္တံ အသင်္ခါရိကမေကံ၊ သသင်္ခါရိကမေကံ။ ဥပေက္ခာသဟဂတံ ဉာဏသမ္ပယုတ္တံ အသင်္ခါရိကမေကံ၊ သသင်္ခါရိကမေကံ။ ဥပေက္ခာသဟဂတံ ဉာဏဝိပ္ပယုတ္တံ အသင်္ခါရိကမေကံ၊ သသင်္ခါရိကမေကန္တိ ဣမာနိ အဋ္ဌ ပိ သဟေတုက ကာမာဝစရကြိယစိတ္တာနိ နာမ။

(၁) သောမနဿ ဝေဒနာနှင့်။ပ။ နှီးနှောသော၊ ဝါ-သောမနဿဝေဒနာနှင့် တကွ။ပ။ ရောက်သော, ဉာဏ်နှင့် အညီအညွတ် ကေုပ္ပါဒ အစရှိသော အပြားတို့နှင့် ယှဉ်သော, တိုက်တွန်းခြင်းမရှိသော စိတ်သည် တခု၊

(၂) တိုက်တွန်းခြင်း ရှိသော၊ ဝါ-တိုက်တွန်းခြင်းနှင့် တကွ ဖြစ်သော စိတ်သည် တခု၊

(၃) သောမနဿ ဝေဒနာနှင့်။ပ။ နှီးနှောသော၊ ဝါ-သောမနဿဝေဒနာနှင့် တကွ။ပ။ ရောက်သော, ဉာဏ်နှင့် မယှဉ်သော, တိုက်တွန်းခြင်းမရှိသော စိတ်သည် တခု၊

(၄) တိုက်တွန်းခြင်း ရှိသော၊ ဝါ-တိုက်တွန်းခြင်းနှင့် တကွ ဖြစ်သော စိတ်သည် တခု၊

(၅) ဥပေက္ခာဝေဒနာနှင့်။ပ။ နှီးနှောသော၊ ဝါ-ဥပေက္ခာဝေဒနာနှင့် တကွ။ပ။ ရောက်သော, ဉာဏ်နှင့် ။ပ။ ယှဉ်သော, တိုက်တွန်းခြင်းမရှိသော စိတ်သည် တခု၊

(၆) တိုက်တွန်းခြင်း ရှိသော၊ ဝါ-တိုက်တွန်းခြင်းနှင့် တကွ ဖြစ်သော စိတ်သည် တခု၊

(၇) ဥပေက္ခာဝေဒနာနှင့်။ပ။ နှီးနှောသော၊ ဝါ-ဥပေက္ခာဝေဒနာနှင့် တကွ။ပ။ ရောက်သော, ဉာဏ်နှင့် မယှဉ်သော, တိုက်တွန်းခြင်း မရှိသော စိတ်သည် တခု၊

(ဂ) တိုက်တွန်းခြင်း ရှိသော၊ ဝါ-တိုက်တွန်းခြင်းနှင့် တကွ ဖြစ်သော စိတ်သည် တခု၊ ဤသို့သော အပြားအားဖြင့် ရှစ်ပါး အပြား ရှိသည်လည်း ဖြစ်ကုန်သော ဤစိတ်တို့သည် သဟိတ် ကာမာဝစရကြိယာစိတ်တို့ မည်ကုန်၏။

---

## မဟာကြိယာစိတ်အဘွင့်

၁၇။ ။ကြိယာစိတ်တို့၏လည်း သောမနဿသဟဂုတ် အစ ရှိသော အဖြစ်ကို ကုသိုလ်၌ ဆိုအပ်ပြီးသောနည်းဖြင့် ထိုက်သည် အားလျော်စွာ သိအပ်၏။

---

## နိဂုံး

**၁၈။ ။ဣစ္စေဝံ သဗ္ဗထာပိ စတုဝီသတိ သဟေတုက ကာမာ-ဝစရကုသလ ဝိပါက ကြိယစိတ္တာနိ သမတ္တာနိ။ ။**

ဤသို့ ဆိုအပ်ပြီးသော ခပ်သိမ်းသော အခြင်းအရာအားဖြင့် ၂၄-ပါးကုန်သော ကာမာဝစရကုသိုလ်, သဟိတ် ကာမာဝစရ ဝိပါက်, ကြိယာစိတ်တို့သည် ပြီးကုန်ပြီ။

---

## နိဂုံးအဘွင့်

၁၈။ ။သဟေတုက ကာမာဝစရ ကုသလဝိပါက ကြိယ စိတ္တာနိ-ဟူသော ဤပါဌ်၌ **သဟေတုက** သဒ္ဒါ[၁] သည် ဝိပါက်,ကြိယာ စိတ်တို့ အဘို့ ငဲ့၍ ဆိုအပ်သော ဝိသေသနတည်း။ ကုသိုလ်စိတ်၏ အဘို့ ငဲ့၍ ဆိုသော ဝိသေသနမဟုတ်။ အဘယ့်ကြောင့်ဆိုသော်

---

၁–ကုသိုလ်စိတ်ကား သဟိတ် ကေန် ဖြစ်သောကြောင့် **သဟေတုက**သဒ္ဒါ မထည့်ရ၊ ဝိပါက်စိတ်, ကြိယာစိတ်များသာ အဟိတ်, သဟိတ် နှစ်မျိုး ပြားသဖြင့် အဟိတ် ဝိပါက်, အဟိတ် ကြိယာကို နစ်ခစခြင်းငှါ ဝိပါက်, ကြိယာစိတ်များ၌သာ **သဟေတုက** သဒ္ဒါကို ထည့်၍ မိန့်ဆိုရ၏။

ကုသိုလ်စိတ်၏ စင်စစ် သဟိတ်သာ ဖြစ်သောကြောင့်တည်း။ ထိုစကားမှန်၏—ရသင့်သောအတိုင်း အနက် ယောဇနာရသော "ယထာလာဘယောဇနာနည်း"သည် ရှိ၏။ "သက္ခရကထလိကမ္ပိ မစ္ဆကုမ္မမ္ပိ စရန္တမ္ပိ တိဋ္ဌန္တမ္ပိ" ဤသို့ အစရှိသော ပါဠိတို့၌ ကျောက်စရစ်ခဲ, အိုးခြမ်းကွဲ၏ မသွားနိုင်သောကြောင့် ငါး, လိပ်တို့ကိုငဲ့၍ သွားခြင်းကြိယာကို ယှဉ်အပ်သကဲ့သို့တည်း။

---

**သင်္ဂဟဂါထာ**

**၁၉။ ။ဝေဒနာဉာဏသင်္ခါရ၊ ဘေဒေန စတုဝီသတိ။**
**သဟေတုကာမာဝစရ၊ ပုညပါကကြိယာ မတာ။ ။**

ကာမာဝစရကုသိုလ်စိတ်, သဟိတ် ကာမာဝစရ ဝိပါက်စိတ်, ကြိယာစိတ်တို့ကို ဝေဒနာ,ဉာဏ်, သင်္ခါရတို့၏ အပြားအားဖြင့် အသီးအသီး နှစ်ပါးအပြား ရှိသည်၏ အဖြစ်ကြောင့်၎င်း၊ လေးပါးအပြား ရှိသည်၏ အဖြစ်ကြောင့်၎င်း၊ ရှစ်ပါးအပြား ရှိသည်၏ အဖြစ်ကြောင့်၎င်း ပေါင်း၍ ၆-ပါး အပြား ရှိကုန်၏-ဟူ၍၎င်း၊ ၁၂-ပါး အပြား ရှိကုန်၏-ဟူ၍၎င်း၊ ၂၄-ပါး အပြားရှိကုန်၏-ဟူ၍၎င်း ပညာရှိတို့သည် သိအပ်ကုန်၏။

---

၁၉။ ။ကာမာဝစရကုသိုလ်, သဟိတ် ကာမာဝစရ ဝိပါက်, ကြိယာစိတ်တို့ကို ဝေဒနာ, ဉာဏ်, သင်္ခါရ, တို့၏ အပြားအားဖြင့် အသီးအသီး ဝေဒနာ အပြားအားဖြင့် ၂-ပါးအပြား ရှိသည် အဖြစ်ကြောင့်၎င်း၊ ဉာဏ်အပြားအားဖြင့် လေးပါးအပြား ရှိသည် အဖြစ်ကြောင့်၎င်း၊ သင်္ခါရအပြားအားဖြင့် ရှစ်ပါးအပြား ရှိသည် အဖြစ်ကြောင့်၎င်း၊ ပေါင်း၍ ၂၄-ပါးအပြားရှိ၏-ဟူ၍ သိအပ်ကုန်၏။ ဤကား-အနက်ပေးနည်းတည်း။

ဝေဒနာတို့ပြားသောကြောင့် ဝေဒနာအပြားသည် သင့်တန်စေ၊ဉာဏ်,သင်္ခါရတို့၏ အပြားကား အဘယ်သို့ သင့်နိုင်ပါအံ့

နည်း-ဟူမူ။ ဉာဏ်,သညာရတို့၏ ရှိသည်အဖြစ် မရှိသည်အဖြစ်ကို ပြအပ်သော အပြားကိုလည်း ဉာဏ်, သညာရတို့သည် ပြအပ်သည် မည်၏။ဥပမာဆိုသော် ဝပြောမှု,ငတ်မွတ်မှုကို မှီးသည် ပြအပ်၏-ဟု ဆိုအပ်သကဲ့သို့တည်း။ ထို့ကြောင့် ဉာဏ်,သညာရတို့သည် ပြအပ်သော အပြားသည် ဉာဏ်,သညာရအပြားပင် ဖြစ်၏။ ဤသို့ ယူရသည်ဖြစ်၍ ဤဉာဏ်,သညာရအရာ၌ တစုံတခုသော ဆန့်ကျင်ခြင်း မရှိပေ။

---

**ကာမာဝစရစိတ်ပေါင်းသင်္ဂဟဂါထာ**

**၂၀။ ။ကာမေ တေဝီသ ပါကာနိ၊ ပုညာပုညာနိ ဝီသတိ။**
**ကောဒသ ကြိယာစေတိ၊ စတုပညာသ သဗ္ဗထာ။ ။**

ဝိပါက်စိတ်တို့သည် ၂၃-ပါး၊ ကုသိုလ်,အကုသိုလ်စိတ်တို့သည် ၂၀၊ ကြိယာစိတ်တို့သည် ၁၁-ပါး၊ ဤသို့ အားဖြင့် ကာမာဝစရ စိတ်တို့သည် ၅၄-ပါး ဖြစ်ကုန်၏။

---

၂၀။ ။ယခုအခါ၌ အလုံးစုံသော ကာမာဝစရ စိတ်တို့ကို ပေါင်း၍ ပြခြင်းငှါ "**ကာမေတေဝီသ**" ဤသို့စသော စကားကို မိန့်ဆိုတော်မူအပ်၏။ ကာမဘုံ၌ ၇-ပါးသော အကုသိုလ်ဝိပါက် စိတ်တို့ကိုငင်း၊ ၁၆-ပါးသော သဟိတ်,အဟိတ်ဖြစ်ကုန်သော ကုသိုလ်,ဝိပါက်စိတ်တို့ငင်း၊ဤသို့ ဝိပါက်စိတ်[၁] တို့သည် ၂၃-ပါး ဖြစ်ကုန်၏။ ၁၂-ပါးကုန်သော အကုသိုလ်စိတ်တို့ငင်း၊ ရှစ်ပါးသော ကုသိုလ်စိတ်တို့ငင်း၊ ဤသို့ ကုသိုလ်,အကုသိုလ်စိတ်[၂] တို့သည် ၂၀-ဖြစ်ကုန်၏။ အဟိတ်ကြိယာစိတ် ၃-ပါး၊ သဟိတ်ကြိယာစိတ် ၈-ပါး၊

---

၁—အဟိတ်ဝိပါက် ၁၅-ပါး, ကာမာဝစရဝိပါက် ၈-ပါး ပေါင်း ကာမဝိပါက် ၂၃-ပါး ဖြစ်၏။

၂—ကုသိုလ်စိတ် ၈-ပါး, အကုသိုလ်စိတ် ၁၂-ပါး ပေါင်း ၂၀-ဖြစ်၏။

ဤသို့အားဖြင့် ကြိယာစိတ်[၁]တို့သည် ၁၁-ပါး ဖြစ်ကုန်၏။ ဤသို့ ခပ်သိမ်းသော အခြင်းအရာအားဖြင့် ကာမစိတ်[၂]တို့သည် ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၏ အတွင်းဝင်သော အပြား အားဖြင့် ၅၄-ပါးအပြား ရှိကုန်၏။ ကာလ,ဒေသ,သန္တာန် အစ ရှိသော အပြားအားဖြင့် တပါးမက များသော အပြားရှိကုန်၏။ ဤကားအနက်တည်း။

ကာမာဝစရစိတ်အဘွင့်ပြီး၏။

---

## ရူပါဝစရကုသိုလ်စိတ် ၅-ပါး

**၂၁။ ။ဝိတက္က, ဝိစာရ ပီတိ, သုခေ, ကဂ္ဂတာ သဟိတံ ပဌမ ဈာနကုသလစိတ္တံ။ ဝိစာရ, ပီတိ, သုခေ, ကဂ္ဂတာ သဟိတံဒုတိယဈာနကုသလစိတ္တံ။ပီတိ,သုခေ,ကဂ္ဂတာ သဟိတံ တတိယဈာနကုသလစိတ္တံ။ သုခေ, ကဂ္ဂတာ သဟိတံ စတုတ္ထဈာနကုသလစိတ္တံ။ဥပေက္ခေ, ကဂ္ဂတာ သဟိတံ ပဉ္စမဈာနကုသလစိတ္တဉ္စေတိ ဣမာနိ ပဉ္စပိ ရူပါဝစရကုသလစိတ္တာနိ နာမ။ ။**

(၁) ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ ငါးပါးနှင့် တကွ ဖြစ်သော ပဌမဈာန်နှင့် ယှဉ်သော ကုသိုလ်စိတ်ဧင်း၊

(၂) ဝိစာရ,ပီတိ, သုခ, ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ လေးပါးနှင့် တကွ ဖြစ်သော ဒုတိယဈာန်နှင့် ယှဉ်သော ကုသိုလ်စိတ်ဧင်း၊

---

၁—အဟိတ်ကြိယာစိတ် ၃-ပါး, ကာမာဝစရကြိယာစိတ် ၈-ပါး ပေါင်း ကြိယာစိတ် ၁၁-ပါး ဖြစ်၏။

၂—ဝိပါက်စိတ် ၂၃-ပါး, ကုသိုလ်-အကုသိုလ်စိတ် ၂၀, ကြိယာစိတ် ၁၁-ပါး ပေါင်း ကာမစိတ် ၅၄-ပါး ဖြစ်၏။

(၃) ပီတိ, သုခ, ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ ၃-ပါး နှင့် တကွ ဖြစ်သော တတိယဈာန်နှင့် ယှဉ်သော ကုသိုလ်စိတ်ရင်း၊

(၄) သုခ, ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ ၂-ပါးနှင့် တကွ ဖြစ်သော စတုတ္ထဈာန်နှင့် ယှဉ်သော ကုသိုလ်စိတ်ရင်း၊

(၅) ဥပေက္ခာ, ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ ၂-ပါး နှင့် တကွ ဖြစ်သော ပဉ္စမဈာန်နှင့် ယှဉ်သော ကုသိုလ်စိတ်ရင်း၊ ဤသို့သော အပြားအားဖြင့် ငါးပါးအပြား ရှိသည်လည်း ဖြစ်ကုန်သော ဤစိတ် တို့သည် ရူပါဝစရကုသိုလ်စိတ် ဟူသော အမည် ရှိကုန်၏။

---

## ရူပါဝစရကုသိုလ်စိတ် ၅-ပါးအဘွင့်

၂၁။ ။ယခုအခါ ထိုကာမာဝစရစိတ်၏ အခြားမဲ့၌ ပြဆို အပ်သော ရူပါဝစရစိတ်၏ အကျယ်အားဖြင့် ဘွင့်ဆိုအပ်သော အစဉ်သည် ရောက်လာ၏။ ထို့ကြောင့် ထိုရူပါဝစရစိတ်၏ ဈာန် အင်္ဂါတို့နှင့် ယှဉ်သော အပြားအားဖြင့် ငါးပါးသော အပြားတို့ ဖြင့် ဝေဘန်၍ ပြခြင်းငှါ **"ဝိတက္က။ ပ။ သဟိတံ"** ဤသို့ အစရှိ သော စကားကို မိန့်ဆိုတော်မူ၏။

ဝိတက်ရင်း, ဝိစာရရင်း, ပီတိရင်း, သုခရင်း, ဧကဂ္ဂတာရင်း၊ ဤသို့ ဤစေတသိက်တို့နှင့် တကွ ဖြစ်သော စိတ်သည် **ဝိတက္က, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာသဟိတ**-မည်၏။

## ဝိတက်စသည်အဓိပ္ပါယ်

ထိုငါးပါးတို့တွင် အာရုံသို့သမ္ပယုတ်တရားတို့ကို တင်တတ်သော ကြောင့် **ဝိတက်** မည်၏၊ ထိုဝိတက်သည် မိမိနှင့် အတူတကွ ဖြစ်ကုန် သောတရားတို့ကို အာရုံသို့ ရှေးရှုတင်ခြင်း လက္ခဏာ ရှိ၏။ တင်ပုံကို ခွဲ၍ ပြဦးအံ့—တစုံတယောက်သော တောရွာနေ ယောကျ်ားသည်

မင်းနှင့် အကျွမ်းဝင်သူ မိမိနှင့် စပ်ဆိုင်သူ ဆွေမျိုးကိုငင်း၊ မင်းကျွမ်းဝင်သူ မိတ်ဆွေကိုငင်း အမှီပြု၍ မင်းအိမ်သို့ ဝင်ဘိသကဲ့သို့ ဤအတူ ဝိတက်ကို အမှီပြု၍ စိတ်သည် အာရုံသို့ ရှေးရှုတက်၏။

ထိုသို့ဖြစ်ခဲ့သော် ဝိတက်မရှိသော စိတ်သည် အာရုံသို့ အဘယ်သို့ တက်ပါသနည်း-ဟူမူ—ထိုဝိတက် မရှိသော စိတ်သည်လည်း ဝိတက်၏ အားအစွမ်းဖြင့်သာလျှင် အာရုံသို့ ရှေးရှုတက်နိုင်၏။ ထိုစကားကို ထင်စွာပြဦးအံ့—ထိုတောသား ယောကျ်ားသည် မင်းအိမ်သို့ သွားဖန်များသဖြင့် ထိုမင်းကျွမ်းဝင်သူနှင့် ကင်း၍လည်း ကြောက်ရွံ့ခြင်းမရှိ၊ မင်းအိမ်သို့ တက်သကဲ့သို့ ထို့အတူ ဝိတက်ရှိသော စိတ်အစဉ်၌ မပြတ်ဖြစ်သည်၏ အဖြစ်ကြောင့် ဝိတက်နှင့် ကင်း၍လည်း ဝိတက် မရှိသော စိတ်သည် အာရုံသို့ ရှေးရှု တက်နိုင်၏။ ဤ၌ ပရိစယ-ဟူသည်ကား ဝိတက်ရှိသော စိတ်၏ အစဉ်၌ မပြတ် ဖြစ်သည်အစွမ်းဖြင့် ဖြစ်သော စိတ်၏ ပွါးများခြင်းပင်တည်း။

နည်းတပါးကိုဆိုဦးအံ့—ဤဝိတက်မရှိသော စိတ်တို့တွင် ပဉ္စဝိညာဏ်စိတ်သည် ဝိတက် မရှိသော်လည်း ဝတ္ထုနှင့် အာရုံတို့ ထိခိုက်သော အားအစွမ်းဖြင့် အာရုံသို့ ရှေးရှုတက်နိုင်၏၊ ဒုတိယဈာန် အစရှိသော စိတ်တို့သည်လည်း အောက်အောက်၌ ဖြစ်သော ဘာဝနာ၏ အစွမ်းဖြင့် အာရုံသို့ ရှေးရှုတက်နိုင်၏။

---

## ဝိစာရအဘွင့်

ထိုတရားသဘောဖြင့် အာရုံ၌ စိတ်ကို ဆင်ခြင် သုံးသပ်တတ်သောကြောင့် **ဝိစာရ** မည်၏၊ ထိုဝိစာရသည် အာရုံကို ဆင်ခြင် သုံးသပ်တတ်သော လက္ခဏာရှိ၏။ ထို့ကြောင့် ထိုဝိစာရကို အာရုံနှင့် တကွ စိတ်ကို စပ်တတ်၏-ဟု ဝိစာရနိဒ္ဒေသ ပါဠိတော်၌ ပြအပ်၏။

## ဝိတက်နှင့် ဝိစာရအထူး

ဝိတက်နှင့် ဝိစာရတို့ အထူးကား—ဤဝိတက်,ဝိစာရ နှစ်ပါးတို့တွင် ဝိစာရထက် ရုန့်ရင်းကြမ်းထမ်းသော အနက်ကြောင့်၎င်း၊ ထိုဝိစာရ၏သာလျှင် ရှေ့သွားဖြစ်သော အနက်ကြောင့်၎င်း၊ ရှေးဦးစွာ ခေါင်းလောင်း၏ ထိုးအပ်သော အသံကဲ့သို့ စိတ်အားရှေးဦးစွာ အာရုံ၌ ကျခြင်းသည် **ဝိတက်** မည်၏။ ခေါင်းလောင်းညည်းသံကဲ့သို့ အဖန်တလဲလဲ ဆင်ခြင်သုံးသပ်ခြင်းသည် **ဝိစာရ** မည်၏။

တနည်းကား—ဤဝိတက်, ဝိစာရနှစ်ပါးတို့တွင် ဝိတက်သည် ပျံ့သော ဖြစ်ခြင်းရှိ၏။ စိတ်၏ တုန်လှုပ်သော ဖြစ်ခြင်းရှိ၏။ အဘယ်ကဲ့သို့ နည်းဆိုသော်-ကောင်းကင်သို့ ပျံတက်ခြင်းငှါ အလိုရှိသော ငှက်၏ အတောင်ကို ခတ်ခြင်းကဲ့သို့၎င်း၊ အနံ့သို့ အစဉ်လိုက်သော စိတ်ရှိသော ပျားပိတုန်း၏ ပဒုမ္မာကြာတောသို့ ရှေးရှုကျခြင်းကဲ့သို့၎င်းတည်း။

ဝိစာရသည် စိတ်၏ ငြိမ်သက်သော ဖြစ်ခြင်း ရှိ၏။ စိတ်၏ မတုန်လှုပ်သော ဖြစ်ခြင်းရှိ၏။ အဘယ်ကဲ့သို့နည်းဆိုသော်-ကောင်းကင်၌ ပျံတက်ပြီးသော ငှက်၏ အတောင်ကို ဖြန့်တန်းသကဲ့သို့၎င်း၊ ပဒုမ္မာကြာတောသို့ ရှေးရှုကျသော ပျားပိတုန်းသည် ကြာတော၏ အထက်အဘို့၌ ဝဲသကဲ့သို့၎င်း ဖြစ်၏။

---

## ပီတိအဘွင့်

ကိုယ်စိတ်ကို နှစ်သက်စေတတ်သောကြောင့်၎င်း၊ တိုးပွါးစေတတ်သောကြောင့်၎င်း **ပီတိ** မည်၏၊ ထိုပီတိသည် အာရုံကို နှစ်သက်ခြင်း လက္ခဏာရှိ၏။ အာရုံကို သင့်သောအားဖြင့် ယူခြင်း လက္ခဏာ ရှိ၏-ဟု ဆိုလို၏။

## သုခ၏အဘွင့်

မိမိနှင့် ယှဉ်သော တရားတို့ကို ချမ်းသာစေတတ်သောကြောင့် **သုခ** မည်၏၊ ထိုသုခသည် ဣဋ္ဌာရုံကို ခံစားခြင်း လက္ခဏာ ရှိ၏။ အဘယ်ကဲ့သို့နည်းဟူမူ—ကောင်းသော အရသာကို ခံစားသော မင်းကဲ့သို့တည်း။

## ပီတိနှင့်သုခတို့၏အထူး

ထိုပီတိ,သုခနှစ်ပါးတို့တွင် အာရုံကိုရှေးဦးစွာ ရခြင်း၌ ပီတိ၏ အထူးသည် ထင်ရှား၏။ အဘယ်ကဲ့သို့နည်းဟူမူ—ခရီးခဲသို့ သွားခြင်းကြောင့် ပင်ပန်းသော ယောကျ်ားသည် တော၏ အတွင်း၌ ရေကို ရှေးဦးစွာ မြင်ရသော အခါ နှစ်သက်ခြင်းကဲ့သို့တည်း။

အကြင် ရအပ်ပြီးသော အာရုံကို ခံစားခြင်း၌ သုခ၏ အထူးသည် ထင်ရှား၏။ အဘယ်ကဲ့သို့နည်းဟူမူ—မြင်အပ်ပြီးသော ရေကို သောက်ခြင်း အစရှိသည်၌ ချမ်းသာခြင်းကဲ့သို့တည်း။

---

## ဧကဂ္ဂတာအဘွင့်

အထူးထူးသော အာရုံ၌ ပျံ့လွင့်ခြင်း မရှိသည်အဖြစ်ဖြင့် ဤစိတ်အား တခုတည်းသော အာရုံဟု ဆိုအပ်သော အဘို့ရှိသောကြောင့် စိတ်သည် **ဧကဂ္ဂ** မည်၏၊ ထိုတခုတည်းသော အာရုံရှိသော စိတ်၏ ဖြစ်ကြောင်းဖြစ်သောကြောင့် သမာဓိ စေတသိက်သည် **ဧကဂ္ဂတာ** မည်၏။ ထိုသမာဓိစေတသိက်သည် တည်ကြည်ခြင်း လက္ခဏာရှိ၏။ အကြောင်းကား ထိုသမာဓိ၏ အစွမ်းဖြင့် သမ္ပယုတ်တရားနှင့် တကွ ဖြစ်သော စိတ်သည် အာရုံ၌ ပျံ့လွင့်ခြင်း မရှိသောကြောင့်တည်း။

ဒေသနာအစဉ်အားဖြင့်ငင်း၊ ဖြစ်စဉ်အားဖြင့်ငင်း အစဖြစ်သောကြောင့် ပဌမလည်း ဖြစ်၏၊ ထိုပဌမဟူသည် ကသိုဏ်းအာရုံကို

ကပ်၍ ရှုတတ်သောကြောင့်၎င်း၊ ဆန့်ကျင်ဘက် နီဝရဏတို့ကို လောင်ကျွမ်းတတ်သောကြောင့်၎င်း၊ **ဈာန်** [၁] လည်းမည်၏။

ထို့ကြောင့် ဝိတက်စသော တရားအပေါင်းသာလျှင် **ပဌမဈာန်** မည်၏။ အကြောင်းသော်ကား ဝိတက်စသော ဈာန်အင်္ဂါအပေါင်း၌သာ ဈာန်ဟူသော အမည် ဖြစ်သောကြောင့်တည်း။ ဥပမာကား—အကွပ်အကန့်စသော အင်္ဂါအပေါင်း၌သာ လှည်းအမည် ဖြစ်သကဲ့သို့တည်း။ ထို့ကြောင့် ဝိဘင်း၌ "ဈာနန္တိ ဝိတက္ကော ဝိစာရော ပီတိ သုခံ စိတ္တေကဂ္ဂတာ"ဟု ဟောတော်မူအပ်၏။ ပဌမ ဈာန်နှင့်ယှဉ်သော ကုသိုလ်စိတ်သည် **ပဌမဈာနကုသလစိတ္တံ**-မည်၏။

## ဝိတက်စသည်ကိုသာ ဈာန်အင်္ဂါဆိုရသော အကြောင်း

ဓောဒနာဦးအံ့—တပါးသော ဖဿ စသော သမ္ပယုတ်တရား တို့သည် ရှိပါကုန်လျက် ဤဝိတက် စသော တရားငါးပါးတို့ကိုသာ အဘယ့်ကြောင့် ဈာန်အင်္ဂါ အစွမ်းဖြင့် ဆိုအပ်ပါကုန်သနည်း ဟူမူ။ အဖြေကိုဆိုဦးအံ့—ဤဝိတက်စသောတရားငါးပါးတို့သာကသိုဏ်း စသော အာရုံကို ကပ်၍ ရှုတတ်သောကြောင့်၎င်း၊ကာမစ္ဆန္ဒ စသော နီဝရဏတရားတို့၏ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် ဖြစ်သောကြောင့် ၎င်း၊ ၎င်းတို့ကိုသာ **ဈာန်အင်္ဂါ** [၂] အစွမ်းဖြင့် ဆိုအပ်ပါကုန်၏။

ထိုစကားကို အကျယ်ချဲ့၍ ပြဦးအံ့—ဝိတက်သည် အာရုံ၌ စိတ် ကို ရှေ့ရှု တင်တတ်၏၊ ဝိစာရသည် အာရုံကို အစဉ်ဖွဲ့တတ်၏၊ ပီတိ သည် အာရုံ၌ ထိုစိတ်၏ နှစ်သက်ခြင်းကို ပြု၏၊ သုခသည် အာရုံ၏ ပွါးစေခြင်းကို ပြု၏၊ ဤသို့သဘော ရှိသော သမ္ပယုတ်တရားနှင့်တကွ

---

၁—ပထဝီ ကသိုဏ်း စသော အာရုံကို ကပ်၍ ရှုတတ်သောကြောင့် **ဈာန်** မည်၏။ ဝိတက်, ဝိစာရ စသော တရားများကား ဈာန်၏ အစိတ် ဖြစ်သောကြောင့် **ဈာနင်** မည်၏။

၂—ဖဿ စသော တရားများသည် နီဝရဏ တရားတို့ကို မပယ်ဖျက်နိုင်သောကြောင့် ဈာန်အင်္ဂါ၌ မဆိုရ၊ ဝိတက် စသော တရားများကား အာရုံကို ကပ်၍ ရှုနိုင်ခြင်း, နီဝရဏ တရားတို့ကို ပယ်ဖျောက်နိုင်ခြင်းကြောင့် ၎င်းဝိတက် စသော တရားများကိုသာ ဈာန်အင်္ဂါ၌ ဆိုရ၏။

ဖြစ်သော ထိုစိတ်ကို ထိုဝိတက်စသည်တို့သည် အာရုံသို့ ရှေးရှုတင်ခြင်း, အစဉ်ဖွဲ့ခြင်း, နှစ်သက်ခြင်း, ပွါးများခြင်းတို့ဖြင့် ချီးမြှောက်ထောက်ပင့်အပ်သော ဧကဂ္ဂတာသည် စိတ်ကို ကောင်းစွာ ထားသော ကိစ္စဖြင့် မိမိသို့ အစဉ်လိုက်စေလျက် တခုတည်းသော အာရုံ၌ ကောင်းစွာ အမျှထားတတ်၏၊ ဇုန္ဒြေမျှတသည် အစွမ်းဖြင့် အညီအမျှ ဆန့်ကျင်ဘက် နီဝရဏတရား၏ ဝေးသည်အဖြစ်ကြောင့် စိတ်၏ တွန့်တိုခြင်း, ပျံ့လွင့်ခြင်း မရှိသည်အဖြစ်အားဖြင့် ကောင်းစွာ ထားတတ်၏။ ထိုကြောင့် ထိုဝိတက်စသော တရားငါးပါးတို့၏ ကသိုဏ်းအာရုံကို ကပ်၍ ရှုတတ်သော ကိစ္စသည် အသီးအခြားသာ ဖြစ်၏။

**ဆန့်ကျင်ပုံကို** ပြဆိုဦးအံ့— ကာမစ္ဆန္ဒ အစရှိသည်တို့နှင့် ဆန့်ကျင်ဘက် အဖြစ်၌ **သမာဓိ** သည် တပ်မက်တတ်သော ရာဂ၏ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် ဖြစ်သောကြောင့် **ကာမစ္ဆန္ဒ**၏ ဆန့်ကျင်ဘက် ဖြစ်၏။ အကြောင်းကား—ကာမစ္ဆန္ဒ၏ အစွမ်းဖြင့် အထူးထူးသော အာရုံတို့ဖြင့် ဖြားယောင်းအပ်သောကြောင့် မရပ်မတည် ပတ်ပတ်လည်သော စိတ်ကို ကောင်းစွာ အာရုံ၌ ထားခြင်းသည် ဧကဂ္ဂတာကြောင့် ဖြစ်၏။ **ပီတိ**သည် ဝမ်းမြောက်သော သဘောရှိသောကြောင့် **ဒေါသ**၏ ဆန့်ကျင်ဘက်ဖြစ်၏။ **ဝိတက်**သည် အသင့်အားဖြင့် ကြံစည်သည် အစွမ်းဖြင့် ပျံ့လွင့်ခြင်းနှင့်တကွ ဖြစ်သောကြောင့် **ထိန, မိဒ္ဓ**၏ ဆန့်ကျင်ဘက် ဖြစ်၏။ **သုခ**သည်ငြိမ်းသော သဘော ရှိသောကြောင့် မငြိမ်းသော သဘော, ပူပန်သော သဘောရှိသော **ဥဒ္ဓစ္စ, ကုက္ကုစ္စ**၏ ဆန့်ကျင်ဘက်ဖြစ်၏။ **ဝိစာရ**သည် အာရုံ၌ သုံးသပ်သည်၏ အစွမ်းဖြင့်ပညာနှင့် အလားတူသော သဘော ဖြစ်သောကြောင့် **ဝိစိကိစ္ဆာ**၏ ဆန့်ကျင်ဘက်ဖြစ်၏။ ဤသို့ကသိုဏ်း စသော အာရုံကို ကပ်၍ ရှုတတ်သော ကိစ္စ ရှိသောကြောင့်၎င်း၊ ကာမစ္ဆန္ဒ အစရှိသည်တို့နှင့် ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် ဖြစ်သောကြောင့်၎င်း၊ ဤဝိတက်စသော တရားငါးပါးတို့ကိုသာ ဈာန်အင်္ဂါ၏ အဖြစ်ဖြင့် ပိုင်းခြားမှတ်သားအပ်ကုန်၏။ ရှေးဆရာတို့သည် အဘယ်စကားကို မိန့်ဆိုကုန်သနည်းဟူမူ။

ဥပနိဿာယ ကိစ္စတ္တာ၊ ကာမာဒိပဋိပက္ခတော။
သဥ္စေသုပိ စ အညေသု၊ ပဥ္စေဝ ဈာန သညိတာ။ ။

ဟုမိန့်ဆိုကုန်၏။

အနက်ကား—ကသိုဏ်းစသော အာရုံကို ကပ်၍ ရှုခြင်းကိစ္စ ရှိသည်အဖြစ်ကြောင့်၎င်း၊ကာမစ္ဆန္ဒ အစရှိကုန်သော နီဝရဏတရား တို့နှင့် ဆန့်ကျင်ဘက် ဖြစ်သောကြောင့်၎င်း ဈာန်ငါးပါးမှ တပါး ကုန်သော ဖဿ စသော တရားတို့သည် ရှိကုန်သော်လည်း ဝိတက် စသော ငါးပါးသော တရားတို့ကိုသာလျှင် ဈာန်ဟု သမုတ်အပ် ကုန်၏-ဟူလို

ဤဈာန်အင်္ဂါ ငါးပါး၌ ဥပေက္ခာ သည်ကား ငြိမ်သက်ခြင်း သဘော ရှိသောကြောင့် သုခ၌သာ အတွင်းဝင်၏-ဟုမှတ်အပ်ကုန် ၏။ ထို့ကြောင့် ရှေးဆရာတို့သည်-

"ဥပေက္ခာ သန္တဝုတ္တိတ္တာ၊ သုခမိစ္စေဝ ဘာသိတာ"

ဟုမိန့်ဆိုကုန်၏။

အနက်ကား—ဥပေက္ခာကို ငြိမ်သက်ခြင်း သဘော ရှိသော ကြောင့် **သုခ**-ဟူ၍သာလျှင် ဆိုအပ်၏-ဟူလို။

သမ္ပယောဂ အင်္ဂါမှတပါး ပဟာနအင်္ဂါကို ဆက်၍ပြဦးအံ့၊ထိုရူပါ ဝစရကုသိုလ်၏ ပယ်အပ်သော အင်္ဂါအစရှိသည်တို့၏ အစွမ်းဖြင့် အထူးသည်၎င်း၊ ထိုမှတပါး အရူပါဝစရ, လောကုတ္တရာတို့၌လည်း ရအပ်သော အထူးသည်၎င်း အထက်၌ ထင်ရှားလတံ့။

## သဉ္ဉါရမရှိသောအကြောင်း

ဤရူပါဝစရကုသိုလ်ဈာန်၌ ကာမာဝစရ ကုသိုလ်စိတ်တို့၌ကဲ့သို့ သင်္ခါရအပြားကို အဘယ့်ကြောင့် မယူအပ်ပါသနည်း။ ထိုစကားမှန် ၏၊ ရူပါဝစရကုသိုလ်ဈာန်ကိုလည်း သက်သက် သမထကမ္မဋ္ဌာန်းကို

အားထုတ်သည့် အစွမ်းကြောင့် ရအပ်သော ရူပါဝစရဈာန်သည် **သသင်္ခါရိက** ဖြစ်သင့်၏။ မင်္ဂကိုရသည့် အစွမ်းကြောင့် ရရှိအပ်သော ရူပါဝစရဈာန်သည် အသင်္ခါရိက ဖြစ်သင့်သည် မဟုတ်ပါလော ဟူမူ—ဤရူပါဝစရကုသိုလ်ဈာန်သည် ဤစောဒက ဆရာပြောသော အတိုင်းမဆိုအပ်။ အဘယ့်ကြောင့်ဆိုသော် မင်္ဂကို ရသည့်အစွမ်းဖြင့် မင်္ဂ၏အာနုဘော်ကြောင့် ရအပ်သော်လည်း နောက်အဘို့၌ ပရိကံ၏ အစွမ်းဖြင့်သာ ဖြစ်သောကြောင့် မဆိုအပ်ပေ။ ထို့ကြောင့် အလုံးစုံသော ဈာန်၏ ပရိကံဟု ဆိုအပ်သော ရှေးအဘို့၌ ဖြစ်သော အားထုတ်ခြင်းနှင့် ကင်း၍ သက်သက်ရှေးအကြောင်း ကောင်းမှု၏ အစွမ်းဖြင့် ဈာန်မဖြစ်နိုင်သောကြောင့် **အသင်္ခါရိက** [၁] ဟုလည်း မဆိုသင့်။ ရှေးအကြောင်းကောင်းမှုနှင့် ကင်း၍ သက်သက် ပရိကံကို အားထုတ်သည်၏ အစွမ်းဖြင့်လည်း ဈာန်မဖြစ်နိုင်သောကြောင့် **သသင်္ခါရိက**-ဟုလည်း မဆိုသင့်။

တနည်းကား—ရှေးအဘို့၌ ဖြစ်သော အားထုတ်ခြင်း၏ အစွမ်းဖြင့်သာလျှင် ဖြစ်သောကြောင့် တရံတခါမျှ အသင်္ခါရိက အဖြစ်သည် မဖြစ်သင့်။ ထို့ကြောင့် **အသင်္ခါရိက**ဟုလည်း မဆိုအပ်။ သသင်္ခါရိကလော စသည်ဖြင့် လျဉ်းပါးဘွယ် မရှိသောကြောင့် **သသင်္ခါရိက** ဟုလည်း မဆိုအပ်။

---

## ဝိသဒ္ဒါအဘွင့်

ဤ **ရူမာနိပဉ္စိ** ပုဒ်၌ ပါရှိသော ဝိ-သဒ္ဒါဖြင့် စတုက္ကနည်း, ပဉ္စကနည်း၏ အစွမ်းဖြင့် သက်သက်သော နဝကရင်း၊ ထိုသုဒ္ဓိကနဝကကိုလည်း ဒုက္ခပ္ပဋိပဒါ ဒန္ဓာဘိညာ, ဒုက္ခပ္ပဋိပဒါ

---

၁-မင်္ဂကို ရသဖြင့် ဖြစ်ပေါ်လာသော ဈာန်သည် နောက်အဘို့၌ ပရိကံ အစွမ်းဖြင့်သာလျှင် ဖြစ်ခြင်းကြောင့် ''အသင်္ခါရိက''ဟုလည်း မဆိုရ၊ ကမ္မဋ္ဌာန်း အားထုတ်မှုကြောင့် ရသော ဈာန်သည်လည်း ရှေးဘဝ ဆုတောင်းမှုနှင့် ကင်း၍ မဖြစ်နိုင်ခြင်းကြောင့် ''သသင်္ခါရိက'' ဟုလည်း မဆိုရ၊ ထို့ကြောင့် ရူပါဝစရစိတ်၌ **သင်္ခါရ** မရှိဟု မှတ်။

ခိပ္ပါဘိညာ,သုခပ္ပဋိပဒါ ဒန္ဓာဘိညာ,သုခပ္ပဋိပဒါ ခိပ္ပါဘိညာ တို့၏ အစွမ်းဖြင့် ပဋိပဒါစတုက္ကနှင့် ယှဉ်၍ ဟောတော်မူအပ်သောကြောင့် လေးပါးကုန်သော နဝကတို့ငှင်း၊ ပရိတ္တံ,ပရိတ္တာရမ္မဏံ၊ ပရိတ္တံ, အပ္ပမာဏာရမ္မဏံ၊ အပ္ပမာဏံ, ပရိတ္တာရမ္မဏံ၊ အပ္ပမာဏံ, အပ္ပမာဏာရမ္မဏံ-ဟု အာရမ္မဏစတုက္ကနှင့် ယှဉ်အပ်သောကြောင့် လေးပါးကုန်သော နဝကတို့ငှင်း၊ ဒုက္ခပ္ပဋိပဒံ,ဒန္ဓာဘိညာ,ပရိတ္တံ, ပရိတ္တာရမ္မဏံ၊ ဒုက္ခပ္ပဋိပဒံ, ဒန္ဓာဘိညာ, ပရိတ္တံ, အပ္ပမာဏာရမ္မဏံ ဤသို့စသောအားဖြင့် **အာရုံပဋိပဒါ** ရောသောနည်း၏ အစွမ်းဖြင့် ၁၆-ပါးသော နဝကတို့ငှင်း၊ ဤသို့ ၂၅-ပါးသော နဝကတို့ ဖြစ်ကုန်၏။ ဤသို့အစရှိသော အပြားကို ပေါင်း၏။

---

## ရူပါဝစရဝိပါက်စိတ် ၅-ပါး

**၂၂။ ။ဝိတက္က, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာသဟိတံ ပဌမ ဈာနဝိပါကစိတ္တံ၊ ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာသဟိတံ ဒုတိယဈာနဝိပါကစိတ္တံ၊ ပီတိ, သုခ, ဧကဂ္ဂတာသဟိတံ တတိယ ဈာန ဝိပါကစိတ္တံ၊ သုခ, ဧကဂ္ဂတာသဟိတံ စတုတ္ထဈာနဝိပါကစိတ္တံ၊ ဥပေက္ခ, ဧကဂ္ဂတာသဟိတံ ပဉ္စမဈာနဝိပါကစိတ္တဉ္စေတိ ဣမာနိ ပဉ္စပိ ရူပါဝစရ ဝိပါကစိတ္တာနိ နာမ။**

(၁) ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ ငါးပါးနှင့် တကွ ဖြစ်သော ပဌမဈာန်နှင့် ယှဉ်သော ဝိပါက်စိတ်ငှင်း၊

(၂) ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ လေးပါးနှင့် တကွ ဖြစ်သော ဒုတိယဈာန်နှင့် ယှဉ်သော ဝိပါက်စိတ်ငှင်း၊

(၃) ပီတိ, သုခ, ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ သုံးပါးနှင့် တကွ ဖြစ်သော တတိယဈာန်နှင့် ယှဉ်သော ဝိပါက်စိတ်ငှင်း၊

(၄) သုခ, ကေဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ နှစ်ပါးနှင့် တကွ ဖြစ်သော စတုတ္ထဈာန်နှင့် ယှဉ်သော ဝိပါက်စိတ်ငှင်း၊

(၅) ဥပေက္ခာ, ကေဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ နှစ်ပါး နှင့် တကွ ဖြစ်သော ပဉ္စမဈာန်နှင့် ယှဉ်သော ဝိပါက်စိတ်ငှင်း၊ ဤသို့သော အပြားအားဖြင့် ငါးပါး အပြားရှိသည်လည်း ဖြစ်ကုန် သော ဤစိတ်တို့သည် ရူပါဝစရဝိပါက်စိတ် ဟူသော အမည် ရှိကုန် ၏။

---

## ရူပါဝစရဝိပါက်စိတ် ၅-ပါးအဘွင့်
## အပ္ပနာဝိပါက်စိတ်၏ ကုသိုလ်နှင့် တူသော အကြောင်း

၂၂။ ။ဈာန်အထူးသည် ဖြစ်စေအပ်သော ဝိပါက်စိတ်သည် စင်စစ်အားဖြင့် ထိုထိုဈာန်နှင့်တူသည်သာတည်း၊ထို့ကြောင့် ဝိပါက် စိတ်[၁]ကို ကုသိုလ်ဈာန်စိတ်နှင့် တူစွာသာ ဝေဘန်အပ်၏။ အဘယ့် ကြောင့် ကုသိုလ်ဈာန်နှင့် တူစွာ ဝိပါက်စိတ်ကို ဝေဘန်အပ်ပါ သနည်း-ဟူမူ။ ဤသို့သော အနက်ကို ပြခြင်းငှါ မြတ်စွာဘုရားသည် ဝိပါကနိဒ္ဒေသပါဠိတော်၌လည်း ကုသိုလ်ကိုပြပြီး၍ ထိုကုသိုလ်၏ အခြားမဲ့၌ မဟဂ္ဂုတ်ဝိပါက်စိတ်, လောကုတ္တရာ ဝိပါက်စိတ်တို့ကို ဝေဘန်အပ်ကုန်သောကြောင့်တည်း။

---

၁–လူစသည်တို့၏ အရိပ်သည် လူစသည်ဘို့နှင့် တူသကဲ့သို့ အကြောင်း ဖြစ်သော ဈာန်ကုသိုလ်စိတ်နှင့် တူသောကြောင့် ဝိပါက်စိတ်ကို "ဝိတက္ကဝိစာရပီတိသုခေကဂ္ဂတာ-သဟိတံ"ဟု ကုသိုလ်စိတ် အရ ဝေဘန်တော် မူအပ်၏။

ကာမာဝစရ ဝိပါက်စိတ်များကား နီဝရဏတရားတို့သည် လှုပ်ချောက်ချားအပ်သော ကြောင့် တူသောအကျိုးကို မပေးနိုင်၊ ရူပါဝစရ စသော ဝိပါက်များသာ အပ္ပနာသို့ ရောက်သဖြင့် နီဝရဏ တရားတို့သည် မချောက်ချားနိုင်သောကြောင့် ကုသိုလ်နှင့် တူသော အကျိုးကို ပေးနိုင်၏ဟု မှတ်။

ဤ ရူပါဝစရစိတ်နှင့် အရူပါဝစရစိတ် ၂၇-ပါးသည် ကိလေသာတို့ကို ပယ်ဖျက် နိုင်သောကြောင့်ငှင်း, ကြီးကျယ်သော အကျိုးကို ပေးနိုင်သောကြောင့်ငှင်း, အသက် ခန္ဓာ ရှည်မြင့်စွာ တည်နေနိုင်သောကြောင့်ငှင်း, ကြီးမြတ်သော အဖြစ်သို့ ရောက်ကုန် ရကား **မဟဂ္ဂုတ်** မည်၏၊ တနည်း—မြတ်သော ပုဂ္ဂိုလ်တို့သည် ရောက်အပ် သောကြောင့် **မဟဂ္ဂုတ်** မည်၏။

## သင်္ဂဟဂါထာ

၂၃။ ။ပဉ္စဓာ ဈာနဘေဒေန၊ ရူပါဝစရ မာနသံ။
ပုည,ပါက,ကြိယာဘေဒါ၊ တံ ပဉ္စဒသဓာ ဘဝေ။ ။

ရူပါဝစရစိတ်သည် ဈာန်အင်္ဂါတို့နှင့် ယှဉ်သော အပြားအားဖြင့် ငါးပါး အပြား ရှိ၏။ ကုသိုလ်,ဝိပါက်,ကြိယာတို့၏ အပြားအားဖြင့် ထိုရူပါဝစရစိတ်သည် ၁၅-ပါး အပြားရှိ၏။

---

## သင်္ဂဟဂါထာအဘွင့်

၂၃။ ။ရူပါဝစရစိတ်သည် ဈာန်အပြားအားဖြင့် ၅-ပါးကုန်သော, ၄-ပါးကုန်သော, ၃-ပါးကုန်သော, ၂-ပါးကုန်သော, တဖန် ၂-ပါးကုန်သော ဈာန်အင်္ဂါတို့နှင့် ယှဉ်သော အပြားအားဖြင့် အင်္ဂါငါးပါးရှိသော ဈာန်ဟူ၍၎င်း၊ အင်္ဂါလေးပါးရှိသော ဈာန်ဟူ၍၎င်း၊ အင်္ဂါသုံးပါးရှိသော ဈာန်ဟူ၍၎င်း၊ အင်္ဂါနှစ်ပါးရှိသော ဈာန်ဟူ၍၎င်း၊ တဖန်တုံ အင်္ဂါနှစ်ပါးရှိသော ဈာန်ဟူ၍၎င်း၊ ဤသို့ သာမညအားဖြင့် ငါးပါးအပြား ရှိ၏။ တဖန် ထိုရူပါဝစရစိတ်သည် ကုသိုလ်, ဝိပါက်, ကြိယာ တို့၏ အသီးအသီး ငါးပါး,ငါးပါးတို့၏ အပြားအားဖြင့် ၁၅-ပါး အပြားရှိ၏။ ဤသည်ကား အနက်တည်း။

ရူပါဝစရစိတ်အဘွင့် ပြီးပြီ။

---

## အရူပါဝစရစိတ် ၁၂-ပါး

### ကုသိုလ်စိတ် ၄-ပါး

၂၄။ ။အာကာသာနဉ္စာယတနကုသလစိတ္တံ၊ ဝိညာဏဉ္စာယတနကုသလစိတ္တံ၊ အာကိဉ္စညာယတနကုသလစိတ္တံ၊ နေဝသညာနာသညာယတနကုသလစိတ္တဉ္စေတိ ဣမာနိ စတ္တာရိပိ အရူပါဝစရကုသလစိတ္တာနိ နာမ။

(၁) အာကာသာနဉ္စာယတနစျာန်နှင့် ယှဉ်သော ကုသိုလ်စိတ်ငင်း၊ ဝါ-အဆုံးမရှိသော ကောင်းကင် ပညတ်လျှင် အာရုံရှိသော စျာန်နှင့် ယှဉ်သော ကုသိုလ်စိတ်ငင်း၊

(၂) ဝိညာဏဉ္စာယတနစျာန်နှင့် ယှဉ်သော ကုသိုလ်စိတ်ငင်း၊ ဝါ-အဆုံးမရှိသော ပဌမာရုပ္ပဝိညာဏ်လျှင် အာရုံရှိသော စျာန်နှင့် ယှဉ်သော ကုသိုလ်စိတ်ငင်း၊ ဝါ-ဒုတိယာရုပ္ပဝိညာဏ်သည် ရောက်အပ်သော ပဌမာရုပ္ပဝိညာဏ်လျှင် အာရုံရှိသော ကုသိုလ်စိတ်ငင်း၊

(၃) အာကိဉ္စညာယတနစျာန်နှင့် ယှဉ်သော ကုသိုလ်စိတ်ငင်း၊ ဝါ-စိုးစဉ်းမျှ အကြွင်း မရှိသော ပဌမာရုပ္ပဝိညာဏ်၏ အဖြစ်တည်းဟူသော နတ္ထိဘောပညတ်လျှင် အာရုံရှိသော စျာန်နှင့် ယှဉ်သော ကုသိုလ်စိတ်ငင်း၊

(၄) နေဝသညာနာသညာယတနစျာန်နှင့် ယှဉ်သော ကုသိုလ်စိတ်ငင်း၊ ဝါ-ရုန့်ရင်းသော သညာကား မရှိ၊ သိမ်မွေ့သော သညာမရှိသည် မဟုတ်သော မနာယတန, ဓမ္မာယတန၌ အကျုံးဝင်သော စျာန်နှင့် ယှဉ်သော ကုသိုလ်စိတ်ငင်း၊ ဤသို့သော အပြားအားဖြင့် လေးပါးအပြား ရှိသည့်လည်း ဖြစ်ကုန်သော ဤစိတ်တို့သည် အရူပါဝစရကုသိုလ်စိတ်ဟူသော အမည် ရှိကုန်၏။

---

## အရူပါဝစရကုသိုလ်လေးပါးအဘွင့်

၂၄။ ။ယခုအခါ အရူပါဝစရစိတ်ကို လေးပါးသော အာရုံအပြားအားဖြင့် ဝေဘန်၍ ပြလိုသော အရှင်အနုရုဒ္ဓါဆရာသည် "အာကာသာနဉ္စာယတနံ"အစရှိသော စကားကို မိန့်ဆိုတော်မူ၏။

## ၁-အာကာသာနဉ္စာယတနကုသိုလ်စိတ်အကြောင်း

ထိုအာကာသာနဉ္စာယတန အစရှိသော ပါဠ်၌ အနက်ကို ဤသို့ သိအပ်၏။ ထိုကောင်းကင်အား ဥပါဒ်အစရှိသော အပိုင်းအခြား ကင်းသည်ဖြစ်၍ အပိုင်းအခြား မရှိသောကြောင့် **အနန္တ** မည်၏။

ကောင်းကင်လည်း ဟုတ်၏၊ ဥပါဒ်စသော အပိုင်းအခြားလည်း မရှိ၍ အနန္တလည်း ဖြစ်၏။ ထို့ကြောင့် ကသိုဏ်းမှ ခွါ၍ရသော ကောင်းကင်ပညတ်သည် **အာကာသာနန္တ** မည်၏။ အနန္တာကာသံ-ဟု ဆိုလိုလျက် "အဂျာဟိတော" ဤသို့ အစရှိသော ပါဠိတို့၌ကဲ့သို့ ဝိသေသနပုဒ် နောက်၌ ကျသည် အစွမ်းဖြင့် အာကာသာနန္တံ-ဟု ဆိုအပ်၏။ အာကာသာနန္တပုဒ်သည်ပင် သကတ်အနက်၌ ဘာဝ ဏျ-ပစ္စည်း၏ အစွမ်းဖြင့် **အာကာသာနဉ္စ** မည်၏။

နတ်တို့၏ တည်ရာသည် **ဒေဝါလယ** မည်သကဲ့သို့ အပိုင်းအခြား မရှိသော ကောင်းကင်သည်သာလျှင် သမ္ပယုတ်တရားနှင့် တကွ ဖြစ်သော ဈာန်၏တည်ရာဟူသော အနက်အားဖြင့် **အာယတန** မည်သောကြောင့် **အာကာသာနဉ္စာယတန**မည်၏။ ထိုအပိုင်းအခြား မရှိသောကောင်းကင်ကို ခွါ၍ ရသော ကောင်းကင်အာရုံ၌ အပ္ပ-နာသို့ ရောက်သော ပဌမာရုပ္ပဈာန်ကိုလည်း ဌာနူပစာအားဖြင့် ဤအရာ၌ အာကာသာနဉ္စာယတန-ဟု ဆိုအပ်၏။ အဘယ်ကဲ့သို့ နည်းဆိုသော် ပထဝီကသိုဏ်းလျှင် အာရုံရှိသော ဈာန်ကို ပထဝီ ကသိုဏ်းဟု ဆိုအပ်သကဲ့သို့တည်း။

တနည်း—ထိုဈာန်အား အပိုင်းအခြား မရှိသော ကောင်း ကင်သာလျှင် တည်ရာ ရှိသောကြောင့် ဈာန်သည် **အာကာသာ-နဉ္စာယတန** မည်၏။ ထိုအပိုင်းအခြား မရှိသော ကောင်းကင်လျှင် အာရုံရှိသော ဈာန်နှင့် ယှဉ်သော ကုသိုလ်စိတ်သည် **အာကာသာ-နဉ္စာယတနကုသိုလ်စိတ်** မည်၏။

## ၂-ဝိညာဏဉ္စာယတနကုသိုလ်စိတ်အကြောင်း

ပဌမအာရုပ္ပဝိညာဏ်သည်ပင်လျှင် ဥပါဒ် အစရှိသော အပိုင်း အခြား မရှိသောကြောင့် **ဝိညာဏာနန္တ** မည်၏။ အကြောင်းသော် ကား ထိုပဌမာရုပ္ပဝိညာဏ်ကို ဥပါဒ် အစရှိသော အပိုင်းအခြား ရှိသော်လည်း ဥပါဒ် အစရှိသော အပိုင်းအခြား မရှိသော

ကောင်းကင်အာရုံ၌ ဖြစ်သောကြောင့်၎င်း၊ မိမိကိုယ်ကို အာရုံပြု၍ ဖြစ်သော ပရိကမ္မဘာဝနာ၏ ဥပါဒ် အစရှိသော အပိုင်းအခြားကို မယူမူ၍ အပိုင်းအခြား မရှိသောအားဖြင့် ပျံ့နှံ့သည် အစွမ်းဖြင့် ဖြစ်သောကြောင့်၎င်း **အနန္တ**-ဟုဆိုအပ်၏။

**ဝိညာဏာနန္တ**-ပုဒ်ကိုပင်လျှင် **ဏာ**-၌ ရှိသော **အာ**-ကို ရဿပြု၍ **န**-ကို ချေလျက် **ဝိညာဏဉ္စ**-ဟု ဆိုအပ်၏။ တနည်းကား—ဒုတိယာရုပ္ပ ဝိညာဏ်ဖြင့် ရောက်အပ်သောကြောင့် **ဝိညာဏဉ္စ** မည်၏။ ထိုအပိုင်းအခြား မရှိသော ပဌမာရုပ္ပဝိညာဏ်သည်ပင်လျှင် ဒုတိယာရုပ္ပဝိညာဏ်၏ တည်ရာဖြစ်၍ **အာယတန** မည်သောကြောင့် **ဝိညာဏဉ္စာယတန** မည်၏။ ကြွင်းသော စကားသည် ရှေး အာကာသာနဉ္စာယတနကုသလစိတ္တံ-ပုဒ်၌ ဆိုအပ်ပြီးသည်နှင့် တူသည်သာတည်း။

မှတ်ချက်။ ။ဤအလို "ဝိညာဏေန အဉ္စိတဗ္ဗန္တိ ဝိညာဏဉ္စံ၊ ဝိညာဏဉ္စမေဝ အာယတနန္တိ ဝိညာဏဉ္စာယတနံ" ဟုပြု။

## ၃-အာကိဉ္စညာယတန ကုသိုလ် အဘွင့်

ထိုပဌမာရုပ္ပဝိညာဏ်အား အနည်းငယ်မျှသော ယုတ်သော အပိုင်းအခြားအားဖြင့် ဘင်မျှသော အကြွင်းသည် မရှိသောကြောင့် **အကိဉ္စန** မည်၏။ ထိုဘင်မျှ အကြွင်း မရှိသော ပဌမာရုပ္ပ ဝိညာဏ်၏ ဖြစ်ကြောင်းသည် **အာကိဉ္စည** မည်၏။ ထိုဘင်မျှ အကြွင်း မရှိသော ပဌမာရုပ္ပဝိညာဏ်၏ မရှိခြင်းဟု ဆိုအပ်သော နတ္ထိဘောပညတ်ကို ရ၏။ တဒေဝအာယတနံ-အစရှိသော စကားသည် ရှေး "အာကာသာနဉ္စာယတနံ" ဟူသော ပုဒ်၌ ဆိုအပ်ပြီးသည်နှင့် တူ၏။

## ၄-နေဝသညာနာသညာယတန ကုသိုလ်စိတ် အဘွင့်

ရုန့်ရင်းသော သညာ၏ မရှိသောကြောင့်၎င်း၊ သိမ်မွေ့သော သညာ၏ ရှိသည်အဖြစ်ကြောင့်၎င်း၊ သမ္ပယုတ်တရားနှင့် တကွ ဖြစ်သော ထိုဈာန်အား ရုန့်ရင်းသော သညာသည် မရှိ။ သိမ်မွေ့ သော သညာသည် မရှိသည်လည်း မဟုတ်သောကြောင့် စတုတ္ထ အာရုပ္ပဈာန်သည် **နေဝသညာနာသည** မည်၏။ **နသညာ**-၌ န -၏ အစိတ် အ-ကို အာဒေသ ပြု၍ **နေဝသညာနာသညံ**-ဟု ဆိုအပ်၏။ ရုန့်ရင်းသော သညာကား မရှိ, သိမ်မွေ့သော သညာ မရှိသည် မဟုတ်သော ဈာန်သည်ပင်လျှင် မနာယတန, ဓမ္မာယတန၌ အကျုံး ဝင်၍ သမ္ပယုတ်တရားတို့၏ တည်ရာ ဖြစ်သောကြောင့် **နေဝ-သညာနာသညာယတန** မည်၏။

တနည်းကား— သညာသည်သာလျှင် ဝိပဿနာပညာ၏ အာရုံ အဖြစ်သို့ ရောက်၍ ငြီးငွေ့ခြင်းကို ဖြစ်စေ၏ဟု ဆိုအပ်သော ထင်သော သညာကိစ္စ၏ မရှိသောကြောင့် **နေဝသညာ**-လည်း မည်၏။ ရေပူ၌ တေဇောဓာတ်ကဲ့သို့ ရုန့်ရင်းသော သင်္ခါရတို့မှ ကြွင်းသော သိမ်မွေ့သော သင်္ခါရတရား ရှိသည်အဖြစ်အားဖြင့် သညာ၏ ထင်ရှားရှိသည် ဖြစ်၍ သညာ မရှိသည်လည်း မဟုတ် သောကြောင့် **နေဝသညာနာသညာ** မည်၏။ ထိုရုန့်ရင်းသော သညာလည်း မဟုတ်၊ သိမ်မွေ့သော သညာ မဟုတ်သည်လည်း မဟုတ်သော သညာသည်ပင်လျှင် သမ္ပယုတ်တရားနှင့် တကွ ဖြစ်သော ဤဈာန်၏ မှီရာ အဖြစ်ကြောင့် တည်ရာလည်း ဖြစ်၏၊ ထို့ကြောင့် **နေဝသညာနာသညာယတန** မည်၏။

### သညာဖြင့်မှတ်ပြရခြင်းအကြောင်း

ဤစတုတ္ထအရူပဝိညာဏ်၌ သညာ၏ အစွမ်းအားဖြင့် ဈာန်ကို မှတ်ခြင်းသည် အမြွက်ကိုပြကာမျှ ဖြစ်သော နိဒဿနနည်းသာတည်း။ အဘယ့်ကြောင့်ဆိုသော် ထိုဈာန်၌ ဝေဒနာ အစရှိသည်တို့သည် လည်း နေဝဝေဒနာနာဝေဒနာ အစရှိသည် မည်ကုန်သည်သာလျှင်

ဖြစ်သောကြောင့်တည်း။ ရုန့်ရင်းသော သညာကား မရှိ၊ သိမ်မွေ့သော သညာ မရှိသည် မဟုတ်သော ဈာန်တည်းဟူသော တည်ရာနှင့် ယှဉ်သော ကုသိုလ်စိတ်သည် **နေဝသညာနာ သညာယတနကုသိုလ်စိတ်** မည်၏။

## ဝိသဒ္ဒါအဘွင့်

၍ **ရူမာနီ စတ္တာရိဝိ** ဟူသော နိဂုံး၌ ဝိ-သဒ္ဒါဖြင့် အာရုံ,ပဋိပဒါရောသော နည်း၏ အစွမ်းဖြင့် သောဠသကွတ္တုကဒေသနာကိုင်ငင်း၊ ပါဠိတော်၌ လာသော တပါးသော နည်းအပြားကိုင်ငင်း ပေါင်း၏။

---

## သင်္ဂဟဂါထာ

**၃၀။ ။အာလမ္ဗဏပ္ပဘေဒေန၊ စတုဓာရုပ္ပမာနသံ။**
**ပုညပါကကြိယာဘေဒါ၊ ပုန ဒွါဒသဓာ ဋ္ဌိတံ။ ။**

အရူပါဝစရစိတ်သည် ကောင်းကင်အာရုံ အစရှိသော လေးပါးသော အာရုံတို့၏ အပြားအားဖြင့် တည်၏။ တဖန် ကုသိုလ်, ဝိပါက်, ကြိယာတို့၏ အပြားအားဖြင့် ၁၂-ပါးသော အပြားဖြင့် တည်၏။

---

၃၀။ ။ကသိုဏ်းပဋိဘာဂနိမိတ်, ကောင်းကင်ပညတ်, ပဌမာရုပ္ပဝိညာဏ်, ထိုပဌမာရုပ္ပဝိညာဏ်၏ မရှိခြင်း တည်းဟူသော နတ္ထိဘောပညတ်ဟု ဆိုအပ်ကုန်သော လွန်အပ်သော အာရုံတို့၏ငင်း၊ ကောင်းကင်ပညတ် အစရှိကုန်သော ၄-ပါးကုန်သော အာရုံတို့၏ငင်း အပြားအားဖြင့် အရူပါဝစရစိတ်သည် လေးပါး အပြားရှိ၏။

## အရူပါဝစရဈာန်လေးပါးဖြစ်ပုံ

အထက်ပါစကား၏ အကျယ် အဓိပ္ပါယ်ကို ဆိုဦးအံ့—ထိုအရူပါဝစရဈာန်သည် အစဉ်အတိုင်း ပဉ္စမဈာန်၏ အာရုံဖြစ်သော ကသိုဏ်းဟု ဆိုအပ်သော အာရုံကို လွန်၍ ထိုကသိုဏ်းကို ခွါသဖြင့် ရအပ်သော ကောင်းကင်ကို အာရုံပြု၍ ထိုကောင်းကင်ကိုလည်း လွန်၍ ထိုကောင်းကင်ပညတ်၌ ဖြစ်သော ပဌမာရုပ္ပဝိညာဏ်ကို အာရုံပြု၍ ထိုပဌမာရုပ္ပဝိညာဏ်ကိုလည်း လွန်၍ ထိုပဌမာရုပ္ပဝိညာဏ်၏ မရှိခြင်းမျှသာ ဖြစ်သော နတ္ထိဘောပညတ်ကို အာရုံပြု၍ ထိုပဌမာရုပ္ပဝိညာဏ် မရှိခြင်းသာလျှင် ဖြစ်သော နတ္ထိဘောကို လွန်၍ ထိုပဌမာရုပ္ပဝိညာဏ် မရှိခြင်းသာလျှင် ဖြစ်သော နတ္ထိဘောပညတ်၌ ဖြစ်သော တတိယာရုပ္ပဝိညာဏ်ကို အာရုံပြု၍ ဖြစ်၏။ ရူပါဝစရကုသိုလ်ကဲ့သို့ ရှေးရှေးဖြစ်သော ဈာန်အင်္ဂါ လွန်သည် အစွမ်းဖြင့် ရှေးရှေးဖြစ်သော ဈာန်၏လည်း အာရုံကို ယူ၍ မဖြစ်။ ထို့ကြောင့် အဋ္ဌကထာဆရာတို့သည်—

အာရမ္မဏာတိက္ကမတော၊ စတဿော ပိ ဘဝန္တိမာ။
အင်္ဂါတိက္ကမ,မေတာသံ၊ န ဣစ္ဆန္တိ ဝိဘာဝိနော။ ။

ဟုဆိုကုန်ပြီ။

### အဓိပ္ပါယ်ကား

ဤအရူပသမာပတ်တို့သည် အာရုံကို လွန်သောအားဖြင့် ၄-ပါး အပြား ရှိကုန်၏။ ထိုအရူပသမာပတ်တို့၏ အင်္ဂါလွန်ခြင်းကို ပညာရှိတို့သည် အလိုမရှိကုန်။

အရူပါဝစရစိတ်အဘွင့်ပြီးပြီ။

## လောကုတ္တရာစိတ် ၈-ပါး

## မဂ်စိတ် ၄-ပါး

၃၁။ ။သောတာပတ္တိမဂ္ဂစိတ္တံ၊ သကဒါဂါမိမဂ္ဂစိတ္တံ၊ အနာဂါမိမဂ္ဂစိတ္တံ၊ အရဟတ္တမဂ္ဂစိတ္တဉ္စေတိ ဣမာနိ စတ္တာရိပိ လောကုတ္တရကုသလစိတ္တာနိ နာမ။

(၁) သောတာပတ္တိမဂ်နှင့် ယှဉ်သော စိတ်ဋ္ဌင်း၊
(၂) သကဒါဂါမိမဂ်နှင့် ယှဉ်သော စိတ်ဋ္ဌင်း၊
(၃) အနာဂါမိမဂ်နှင့် ယှဉ်သော စိတ်ဋ္ဌင်း၊
(၄) အရဟတ္တမဂ်နှင့် ယှဉ်သော စိတ်ဋ္ဌင်း၊

ဤသို့သော အပြားအားဖြင့် လေးပါးကုန်သော ဤစိတ်တို့သည် လောကုတ္တရာကုသိုလ်စိတ်ဟူသော အမည် ရှိကုန်၏။

---

၃၁။ ။ယခုအခါ၌ လောကုတ္တရာကုသိုလ်ကို မဂ်လေးပါးနှင့် ယှဉ်သောကြောင့် လေးပါး အပြားအားဖြင့်, ဖိုလ်စိတ်ကိုလည်း ထိုမဂ်အား လျော်စွာ ဖြစ်သောကြောင့် လေးပါး အပြားအားဖြင့်ပင်ဝေဘန်၍ ပြခြင်းငှါ "**သောတာပတ္တိမဂ္ဂစိတ္တံ**" ဤသို့ အစရှိသော စကားကို မိန့်ဆိုအပ်ပါသတည်း။

## သောတာပတ္တိအဘွင့်

နိဗ္ဗာန်သို့ အာရုံပြုသော အားဖြင့် သွားတတ်သောကြောင့် မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်စိတ်ကို **သောတ**ဟုဆိုအပ်၏။ တနည်းကား—နိဗ္ဗာန်ဟု ဆိုအပ်သော မဟာသမုဒ္ဒရာသို့ညွတ်သည်၏ အဖြစ်ဖြင့် ရေအယဉ်နှင့် တူသည်၏ အဖြစ်ကြောင့် မြတ်သော အင်္ဂါ ရှစ်ပါးရှိသော မဂ်ကို **သောတ**ဟု ဆိုအပ်၏။ ထိုသောတ-မည်သော မဂ်သို့ ရှေးဦးစွာ ရောက်ခြင်းကြောင့် **သောတာပတ္တိ**

မည်၏။ **ရှေးဦးစွာ**ဟူသောအနက်ကို အဘယ့်ကြောင့် ဆိုရပါသနည်းဟူမူ၊ **အာပတ္တိ**၌ ပါသော **အာ-**သဒ္ဒါ၏ အစဖြစ်သော အမှုဟူသော အနက်၌ ဖြစ်သောကြောင့် ဝါ-ဟောသောကြောင့်တည်း။

## မဂ္ဂစိတ္တံအဘွင့်

နိဗ္ဗာန်ကို ရှာမှီးတတ်သောကြောင့် **မဂ်** [၁] မည်၏၊ တနည်းကား— နိဗ္ဗာန်ကို အလိုရှိသော သူတို့သည် ရှာမှီးအပ်သောကြောင့်လည်း **မဂ်**မည်၏၊ တနည်း—ကိလေသာတို့ကို သတ်၍ နိဗ္ဗာန်သို့သွားတတ်သော ကြောင့်လည်း **မဂ်** မည်၏၊ ထိုမဂ်နှင့် ယှဉ်သော စိတ်သည် **မဂ်စိတ်** မည်၏။ အရိယာမဂ်သို့ ရှေးဦးစွာ ရောက်ခြင်းဖြင့် ရအပ်သော မဂ်စိတ်သည် **သောတာပတ္တိမဂ္ဂစိတ္တ** မည်၏၊ တနည်းကား—ထိုပုဂ္ဂိုလ်အား အရိယာမဂ် အယဉ်သို့ ရှေးဦးစွာ ရောက်ခြင်းရှိသောကြောင့် ထိုပုဂ္ဂိုလ်သည် **သောတာပတ္တိ** မည်၏၊ ထိုအရိယာမဂ်သို့ ရှေးဦးစွာ ရောက်သော ပုဂ္ဂိုလ်၏ မဂ်သည် **သောတာပတ္တိမဂ်** မည်၏၊ ထိုသောတာပတ္တိမဂ်နှင့် ယှဉ်သော စိတ်သည် **သောတာပတ္တိမဂ်စိတ်** မည်၏။

## သကဒါဂါမိမဂ်အဘွင့်

တကြိမ် ပဋိသန္ဓေ၏အစွမ်းဖြင့် ဤလူ့ပြည်သို့ လာတတ်သောကြောင့် **သကဒါဂါမီ** မည်၏။

(၁) ဤလူ့ပြည်၌ သကဒါဂါမိဖိုလ်သို့ ရောက်၍ ဤလူ့ပြည်၌ပင် ပရိနိဗ္ဗာန်ပြုသော သကဒါဂါမိပုဂ္ဂိုလ်၊

---

၁—နိဗ္ဗာန်ကို ရှာမှီးတတ်သောကြောင့် မဂ် မည်၏၊ တနည်း—ကိလေသာတို့ကို သတ်ဖြတ် ပယ်ရှားလျက် နိဗ္ဗာန်သို့ သွားတတ်သောကြောင့် မဂ် မည်၏။

ကိလေသာကို ပယ်ရာ၌ သဒ္ဒါစသော ဋ္ဌန္တေတို့၏ မထက်သည် အဖြစ်, ထက်သည် အဖြစ်, အထူးသဖြင့် ထက်သည်အဖြစ်, အလွန် အထူးသဖြင့် ထက်သည်အဖြစ်ဟု ဆိုအပ်သော သတ္တိ ပြား၍ ကိလေသာ (သံယောဇဉ်)တို့ကို အသီးသီး ပယ်ခြင်း ကိစ္စ ထူးသောကြောင့် မဂ်လေးပါး ပြားရ၏။

(၂) ထိုနတ်ပြည်၌ သကဒါဂါမိဖိုလ်သို့ ရောက်၍ ထိုနတ်ပြည်၌ ပရိနိဗ္ဗာန်ပြုသော သကဒါဂါမ်ပုဂ္ဂိုလ်၊

(၃) ဤလူ့ပြည်၌ သကဒါဂါမိဖိုလ်သို့ ရောက်၍ ထိုနတ်ပြည်၌ ပရိနိဗ္ဗာန်ပြုသော သကဒါဂါမ်ပုဂ္ဂိုလ်၊

(၄) ထိုနတ်ပြည်၌ သကဒါဂါမိဖိုလ်သို့ ရောက်၍ ဤလူ့ပြည်၌ ပရိနိဗ္ဗာန်ပြုသော သကဒါဂါမ်ပုဂ္ဂိုလ်၊

(၅) ဤလူ့ပြည်၌ သကဒါဂါမိဖိုလ်သို့ ရောက်၍ ထိုနတ်ပြည်၌ ဖြစ်၍ ဤလူ့ပြည်၌ ပရိနိဗ္ဗာန်ပြုသော သကဒါဂါမ်ပုဂ္ဂိုလ်၊

ဤသို့ ငါးယောက်သော သကဒါဂါမ်ပုဂ္ဂိုလ်တို့တွင် ငါးယောက်ပြည့်သော နောက်ဆုံး သကဒါဂါမ်ပုဂ္ဂိုလ်ကို ဤ**သကဒါဂါမိမဂ္ဂစိတ္တံ** ဟူသော ပုဒ်၌ အလိုရှိအပ်၏။ အဘယ့်ကြောင့် ယူအပ်ပါသနည်းဆိုသော် ထိုပဉ္စမမြောက် သကဒါဂါမ်ပုဂ္ဂိုလ်သည်သာ ဤလူ့ပြည်မှ နတ်ပြည်သို့ ရောက်၍ တဖန်တကြိမ် ဤလူ့ပြည်သို့လာတတ်သောကြောင့် ယူအပ်၏။ ထိုသကဒါဂါမ်ပုဂ္ဂိုလ်၏ မဂ်သည် **သကဒါဂါမိမဂ်** မည်၏။

## မဂ်စိတ်၏ သကဒါဂါမိမည်ကြောင်း

မဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏ ထိုသို့ တကြိမ် ပဋိသန္ဓေ ယူသော အားဖြင့် ဤလူ့ပြည်သို့ မလာနိုင်သောကြောင့် ဖိုလ်ပုဂ္ဂိုလ်၏သာ လျှင် မုချသကဒါဂါမိ မည်သော်လည်း ထိုသကဒါဂါမိဖိုလ် ပုဂ္ဂိုလ်၏ အကြောင်းဖြစ်သောကြောင့် ဖိုလ်၏ ရှေးအဘို့၌ ဖြစ်သော သကဒါဂါမိမဂ်ကိုလည်း တပါးသော မဂ်ကို တားမြစ်ခြင်းငှါ ဖိုလ်ပုဂ္ဂိုလ်ဖြင့် အထူးပြု၍ သကဒါဂါမိမဂ်ဟု ဆိုအပ်ပါသတည်း။ အနာဂါမိမဂ်ပုဂ္ဂိုလ်ကိုလည်း ဤသကဒါဂါမိမဂ်ပုဂ္ဂိုလ်ကဲ့သို့ပင် မှတ်အပ်၏။ သကဒါဂါမိမဂ်နှင့် ယှဉ်သော စိတ်သည် **သကဒါဂါမိမဂ်စိတ်**မည်၏။

## အနာဂါမိမဂ်အဘွင့်

ပဋိသန္ဓေ၏ အစွမ်းဖြင့် ဤကာမဘုံသို့ မလာတတ်သောကြောင့် **အနာဂါမီ** မည်၏။ ထိုအနာဂါမိပုဂ္ဂိုလ်၏မဂ်သည် **အနာဂါမိမဂ်** မည်၏။ထိုအနာဂါမိမဂ်နှင့် ယှဉ်သော စိတ်သည် **အနာဂါမိမဂ်စိတ်**မည်၏။

## အရဟတ္တမဂ်အဘွင့်

မြတ်သော အလှူကို ခံထိုက်သည် ဖြစ်၍ ပူဇော်အထူးကို ခံခြင်းငှါ ထိုက်တော်မူသောကြောင့် **အရဟ** မည်တော်မူ၏။ တနည်း—ဤပုဂ္ဂိုလ်သည် ကိလေသာဟု ဆိုအပ်ကုန်သော ရန်သူတို့ကို သတ်အပ်ကုန်၏၊ ဤသို့ သတ်အပ်သော ကိလေသာရန်သူ ရှိသောကြောင့် **အရဟ** မည်တော်မူ၏။ တနည်း—ဤပုဂ္ဂိုလ်သည် သံသရာစက်၏ အကန့်ဖြစ်ကုန်သော ကိလေသာတို့ကို ဖျက်ဆီးအပ်ကုန်၏၊ ဤသို့ ဖျက်ဆီးအပ်သော သံသရာအကန့် ရှိသောကြောင့် **အရဟ**မည်တော်မူ၏။ တနည်းကား—မကောင်းမှု ပြုခြင်း၌ ဆိတ်ငြိမ်ရာ မရှိသောကြောင့် ရှစ်ယောက်မြောက်သော အရိယာပုဂ္ဂိုလ်သည် **အရဟ** မည်တော်မူ၏။ထိုအရဟမည်သော ရဟန္တာ ပုဂ္ဂိုလ်၏ ဖြစ်ကြောင်းသည် **အရဟတ္တ** မည်၏။ ဤအရဟတ္တ ဟူသော အမည်သည် စတုတ္ထဖိုလ်ဖြစ်သော အရဟတ္တဖိုလ်စိတ်၏ အမည်တည်း၊ ထိုအရဟတ္တဖိုလ်သို့ ရောက်ကြောင်းဖြစ်သော မဂ်သည် **အရဟတ္တမဂ်** မည်၏၊ ထိုအရဟတ္တမဂ်နှင့် ယှဉ်သောစိတ်သည် **အရဟတ္တမဂ်စိတ်** မည်၏။

## ဝိ-သဒ္ဒါအဘွင့်

**စတ္တာရိဝိ** ၌ ပါရှိသော ဝိ-သဒ္ဒါဖြင့် တခုခုသော မဂ်၏ နည်းတထောင် အစွမ်းဖြင့် မဂ်လေးပါးတို့၏ ၄၀၀၀-အပြားရှိသော နည်းကိုရင်း၊ သစ္စဝိဘင်း၌ လာသော နည်းခြောက်သောင်း အပြားရှိသော နည်းကိုရင်း၊ အောက်၌ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် တပါးမက များသော အပြားရှိသော အဖြစ်ကိုရင်း ပေါင်း၏။

## နည်းတထောင်ရှင်းပြခြင်း

ထိုနည်းတို့တွင် ဤဆိုလတံ့သည်ကား နည်းတထောင်မျှကို ထင်ရှားစွာ ပြခြင်းတည်း။ အဘယ်သို့နည်းဟူမူ-ရှေးဦးစွာ သောတာပတ္တိမဂ်ကို ဈာန်အမည်ဖြင့် ပဋိပဒါအပြားကို မသုံးသပ်မူ၍ သက်သက်သုညတမဂ် အပ္ပဏိဟိတမဂ် ဟူ၍ နှစ်ပါး အပြား အားဖြင့် ဝေဘန်အပ်၏။ တဖန် ပဋိပဒါစတုက္ကနှင့် ယှဉ်၍ အသီးအသီး လေးပါး အပြားအားဖြင့် ဝေဘန်အပ်၏။ ဤသို့ ဈာန်အမည်အားဖြင့် ဆယ်ပါး အပြားဖြင့် ဝေဘန်အပ်၏။ ထို့အတူ မဂ်, သတိပဋ္ဌာန်, သမ္မပ္ပဓာန်, ဣဒ္ဓိပါဒ်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, သစ္စာ, သမထ, ဝိပဿနာ, ဓမ္မ, ခန္ဓာ, အာယတန, ဓါတ်, အာဟာရ, ဖဿ, ဝေဒနာ, သညာ, စေတနာ, စိတ်အမည်တို့ဖြင့် အသီးအသီး ဆယ်ပါး, ဆယ်ပါးသော အခြင်းအရာတို့ဖြင့် ထိုထိုသို့သော သိထိုက်သော ပုဂ္ဂိုလ်တို့၏ အစွမ်းဖြင့် ဝေဘန်အပ်ကုန်၏။ ထို့ကြောင့် ဈာန်၏ အစွမ်းဖြင့် ဆယ်ပါးသော နည်းတို့ငင်း၊ မဂ်အစရှိသည်တို့၏ တခုယုတ် နှစ်ဆယ်သော နည်းတို့၏ အစွမ်းဖြင့် ဆယ်ပါး, ဆယ်ပါးသော နည်းတို့ငင်း၊ ဤသို့ နှစ်ဆယ်သော အရာတို့၌ နည်းနှစ်ရာတို့သည် ဖြစ်ကုန်၏။ တဖန် ထိုနှစ်ရာတို့ကို အဓိပတိ လေးပါးတို့နှင့် ယှဉ်စေ၍ အသီးအသီး လေးပါးအပြားအားဖြင့် ဝေဘန်အပ်ကုန်၏။ ဤသို့ အဓိပတိတို့နှင့် မရောမူ၍ နည်းနှစ်ရာတို့ငင်း၊ ရော၍ နည်းရှစ်ရာတို့ငင်း၊ ဤသို့ သောတာပတ္တိမဂ်၌ နည်းတထောင်ဖြစ်၏။ သကဒါဂါမိမဂ် စသည်တို့၌လည်း ထို့အတူ နည်းတထောင်စီ ဖြစ်ကုန်၏။

---

## ဖိုလ်စိတ်၄-ပါး

၃၂။ ။သောတာပတ္တိဖလစိတ္တံ၊သကဒါဂါမိဖလစိတ္တံ၊အနာဂါမိဖလစိတ္တံ၊ အရဟတ္တဖလစိတ္တဉ္စေတိ ဣမာနိ စတ္တာရိပိ လောကုတ္တရဝိပါကစိတ္တာနိ နာမ။ ။

(၁) သောတာပတ္တိဖိုလ်စိတ်ရင်း၊
(၂) သကဒါဂါမိဖိုလ်စိတ်ရင်း၊
(၃) အနာဂါမိဖိုလ်စိတ်ရင်း၊
(၄) အရဟတ္တဖိုလ်စိတ်ရင်း၊

ဤသို့သော အပြားအားဖြင့် လေးပါးကုန်သော ဤစိတ်တို့သည် လောကုတ္တရာဝိပါက်စိတ်ဟူသော အမည် ရှိကုန်၏။

---

## ဖိုလ်စိတ်လေးပါးအဘွင့်

၃၂။ ။အရိယာမဂ်သို့ ရှေးဦးစွာ ရောက်ခြင်းကြောင့် ရအပ်သော အကျိုးဖြစ်သော စိတ်သည် **သောတာပတ္တိဖိုလ်စိတ်** [၁] မည်၏။ တနည်း—သောတာပန် ပုဂ္ဂိုလ်၏ အကျိုးဖြစ်သော စိတ်သည် **သောတာပတ္တိဖိုလ်စိတ်** မည်၏။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာလည်းဖြစ်, ဖိုလ်စိတ်လည်းဖြစ်သော စိတ်သည် **အရဟတ္တဖိုလ်စိတ်** မည်၏။

---

## သင်္ဂဟဂါထာ

**၃၄။ ။စတုမဂ္ဂပ္ပဘေဒေန၊ စတုဓာကုသလံ တထာ။**
**ပါကံ တဿ ဖလတ္တာတိ၊ အဋ္ဌဓာနုတ္တရံ မတံ။ ။**

လောကုတ္တရာ ကုသိုလ်စိတ်သည် မဂ်လေးပါးတို့၏ အပြားအားဖြင့် လေးပါးအပြား ရှိ၏။ ထို့အတူ လောကုတ္တရာ ဝိပါက်စိတ်သည် ထိုကုသိုလ်စိတ်၏ အကျိုးဖြစ်သောကြောင့် လေးပါးအပြား ရှိ၏၊ ဤသို့ လောကုတ္တရာစိတ်ကို ရှစ်ပါး အပြားရှိ၏ဟူ၍ သိအပ်၏။

---

၁—အကြောင်း တရား ဖြစ်သော မဂ်ကြောင့် ဖြစ်ပေါ်လာသော အကျိုး တရားသည် ဖိုလ် မည်၏၊ ယင်းဖိုလ်စိတ်သည်သည်း အကြောင်း တရား မဂ်အား လျော်စွာ လေးပါးပင် ပြားရ၏။

၃၄။ ။**စတုမဂ္ဂပ္ပဘေဒေန** ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို သဒ္ဒိန္ဒြေ အစရှိသော ဣန္ဒြေတို့၏ မထင်သော အပြား,အထူးသဖြင့် ထင်သော အပြား, အလွန်အထူးအားဖြင့် ထင်သော အပြား အားဖြင့် ပြားသော သတ္တိရှိသည် အဖြစ်ကြောင့် သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသတို့ကို အကြွင်းမဲ့ ပယ်ခြင်း, ကာမ ရာဂဗျာပါဒတို့ကို ခေါင်းပါးသည်အဖြစ်သို့ ရောက်စေခြင်း,ထိုကာမ ရာဂ,ဗျာပါဒတို့ကို အကြွင်းမဲ့ပယ်ခြင်း, ရူပရာဂ, အရူပရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာတို့ကို အကြွင်းမဲ့ပယ်ခြင်း, ဤသို့သံယောဇဉ်တို့ကို ပယ်သော အစွမ်း အရ လေးပါးပြားကုန်သော သောတာပတ္တိမဂ် အစရှိကုန်သော အဋ္ဌင်္ဂိကမဂ်တို့၏ ဝါ-တို့နှင့်ယှဉ်သော အပြား အားဖြင့် မဂ်လေးပါးဟု ဆိုအပ်သော လောကုတ္တရာ ကုသိုလ် စိတ်သည် လေးပါးအပြား ရှိ၏။ လောကုတ္တရာ ဝိပါက်စိတ် သည်ကား ထိုလောကုတ္တရာ ကုသိုလ်၏ အကျိုး ဖြစ်သောကြောင့် ထိုကုသိုလ်အား လျော်သောအားဖြင့် ထို့အတူ လေးပါးအပြား ရှိ၏။ ဤသို့ မိမိထက် လွန်သော တရား မရှိသည်အဖြစ်ကြောင့် အနုတ္တရဟုဆိုအပ်သော လောကုတ္တရာစိတ်ကို ရှစ်ပါးအပြားအား ဖြင့် သိအပ်၏။ ဤသို့ ယောဇနာခြင်းကို ပြုရာ၏။

## လောကုတ္တရာ၌ ကြိယာမရှိသောအကြောင်း

လောကုတ္တရာ ကြိယာ၏ မဖြစ်သင့်သောကြောင့် ၁၂-ပါး အပြားရှိသည် အဖြစ်ကို မဆိုအပ်ပေ။ အဘယ့်ကြောင့် ထိုကြိယာ စိတ် မဖြစ်ပါသနည်း။ မဂ်စိတ်၏ တကြိမ်တည်းသာ ဖြစ်သော ကြောင့် **ကြိယာစိတ်**[၁] မဖြစ်ပါသတည်း။ ထိုစကားမှန်၏၊ အကယ်၍ မဂ်စိတ်သည် အဖန်တလဲလဲ ဖြစ်ငြားအံ့၊ ထိုမဂ်စိတ် အကြိမ်ကြိမ် ဖြစ်ခြင်းကြောင့် ကြိယာစိတ်ကို ဆိုသင့်ရာ၏။ ထိုမဂ်စိတ်သည် ကိလေသာကို အကြွင်းမဲ့ ဖြတ်သည်၏ အစွမ်းဖြင့်သာလျှင် ရအပ် သောကြောင့်၎င်း၊တကြိမ်မျှသာဖြစ်သော ထိုမဂ်စိတ်သည် ကျသော

---

၁—မဂ်စိတ်သည် တကြိမ်သာ ဖြစ်သောကြောင့် လောကုတ္တရာစိတ်၌ ကြိယာမရှိဟု မှတ်။

မိုဃ်းကြိုးသည် သစ်ပင်အစရှိသည်တို့၏ အမြစ်နှင့် တကွ ဖျက်ဆီး ခြင်းကို ပြီးစေသကဲ့သို့ ထိုထို ကိလေသာတို့၏ စင်စစ် မဖြစ် ခြင်းကို ပြီးစေ တတ်သောကြောင့်၎င်း၊ တဖန် ဖြစ်သော်လည်း ပြုဘွယ်,ပယ်ဘွယ်ကိစ္စ မရှိသောကြောင့်၎င်း၊ မျက်မှောက်သော ကိုယ်၏ အဖြစ်၌ ချမ်းသာစွာနေခြင်းအကျိုးငှါ ဖလသမာပတ်၏သာ နိဗ္ဗာန်အာရုံ ရှိသည်၏ အစွမ်းဖြင့် ဖြစ်သောကြောင့်၎င်း၊ တရံတခါ မျှလည်း သေက္ခပုဂ္ဂိုလ်,အသေက္ခပုဂ္ဂိုလ်တို့အား မဖြစ်။ ထို့ကြောင့် ခပ်သိမ်းသော အခြင်းအရာအားဖြင့် လောကုတ္တရာ ကြိယာစိတ် မရှိပေ။

---

## ဇာတ်အားဖြင့်ရေတွက်ခြင်း

**၃၅။ ။ဒွါဒသာကုသလာနေဝံ၊ ကုသလာနေက ဝီသတိ။**
**ဆတ္တိံသေဝ ဝိပါကာနိ၊ ကြိယစိတ္တာနိ ဝီသတိ။ ။**

အကြင်အကြင် ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် အကုသိုလ်စိတ်တို့ သည် ၁၂-ပါးအပြားရှိကုန်၏။ ကုသိုလ်စိတ်တို့သည် ၂၁-ပါး အပြား ရှိကုန်၏။ ဝိပါက်စိတ်တို့သည် ၃၆-ပါးအပြား ရှိကုန်၏။ ကြိယာစိတ်တို့သည် ၂၀-အတိုင်းအရှည် ရှိကုန်သည်သာတည်း။

---

၃၅။ ။**ဒွါဒသာကုသလာနေဝံ**-ဤသို့ အစရှိသော စကားသည် အကြင်အကြင် ဆိုအပ်ကုန်သော ဇာတ်အားဖြင့်[၁] ဖြစ်ကုန်သော စိတ်တို့ကို ရေတွက်ကြောင်းဖြစ်သော သင်္ဂဟဂါထာတည်း။

---

**ဇာတ်အားဖြင့်ရေတွက်ပြပုံ—**

၁–(က)အကုသိုလ်စိတ် ၁၂-ပါး, (ခ) ကာမာဝစရကုသိုလ် ၈-ပါး,ရူပါဝစရကုသိုလ် ၅-ပါး, အရူပါဝစရကုသိုလ် ၄-ပါး, လောကုတ္တရာကုသိုလ် ၄-ပါး ပေါင်း ကုသိုလ် ၂၁-ပါး၊ (ဂ) အကုသလဝိပါက် ၇-ပါး, အဟိတ် ကုသလဝိပါက် ၈-ပါး, ကာမာဝစရ ဝိပါက် ၈-ပါး, ရူပါဝစရဝိပါက် ၅-ပါး, အရူပါဝစရဝိပါက် ၄-ပါး, လောကုတ္တရာ ဝိပါက် ၄-ပါး ပေါင်း ဝိပါက်စိတ် ၃၆-ပါး၊ (ဃ) အဟိတ်ကြိယာ ၃-ပါး, ကာမာဝစရ ကြိယာ ၈-ပါး, ရူပါဝစရကြိယာ ၅-ပါး, အရူပါဝစရကြိယာ ၄-ပါး ပေါင်း ကြိယာစိတ် ၂၀-ဖြစ်၏။

## ဘုံအပြားအားဖြင့် ရေတွက်ခြင်း

၃၆။ ။စတုပညာသဝ ကာမေ၊ ရူပေ ပန္နရသီရယေ။
စိတ္တာနိ ဒွါဒသာရုပ္ပေ၊ အဋ္ဌဓာနုတ္တရေ တထာ။ ။

ကာမ ၁၁-ဘုံ၌ များသောအားဖြင့် ကျင်လည်တတ်,ဖြစ်တတ်ကုန်သော စိတ်တို့ကို ၅၄-ပါးအပြား ရှိကုန်၏ဟူ၍ မြတ်စွာဘုရားသည် ဟောတော်မူ၏။ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌ ကျင်လည်တတ်,ဖြစ်တတ်ကုန်သော စိတ်တို့ကို ၁၅-ပါးအပြား ရှိကုန်၏ဟူ၍ ဟောတော်မူ၏။ အရူပလေးဘုံ၌ ကျင်လည်တတ်, ဖြစ်တတ်ကုန်သော စိတ်တို့ကို ၁၂-ပါးအပြား ရှိကုန်၏ ဟူ၍ ဟောတော်မူ၏။ ထိုမှတပါး လောကုတ္တရာတရား အပေါင်း၌ စိတ်တို့ကို ရှစ်ပါးအပြား ရှိကုန်၏ဟူ၍ ဟောတော်မူ၏။

---

၃၆။ ။ဤသို့ဇာတ်၏အစွမ်းဖြင့် အကျဉ်း ပေါင်းရုံးခြင်းကို ပြပြီး၍တဖန် ဘုံ၏အစွမ်းဖြင့် [၁] အကျဉ်းပေါင်းရုံးခြင်းကို ပြခြင်းငှါ **စတုပညာသဝ ကာမေ** ဤသို့အစရှိသော စကားကို မိန့်ဆိုတော်မူအပ်၏။ ကာမဘုံ၌ စိတ်တို့သည် ၅၄-ပါးအပြားရှိကုန်၏ဟူ၍ ဟောတော်မူ၏။ ရူပဘုံ၌ စိတ်တို့သည် ၁၅-ပါး အပြားရှိကုန်၏ဟူ၍ ဟောတော်မူ၏။ အရူပဘုံ၌ စိတ်တို့သည် ၁၂-ပါး အပြားရှိကုန်၏ ဟူ၍ ဟောတော်မူ၏။ ၈-ပါး အပြားရှိသော တရားအပေါင်းဖြစ်သော လောကုတ္တရာ၌ စိတ်တို့သည် ၈-ပါး အပြားရှိကုန်၏ဟူ၍ ဟောတော်မူ၏။ ဤကားအနက်တည်း။

---

ဘုံအားဖြင့်ရေတွက်ပြပုံ—

၁—(က) အကုသိုလ်စိတ် ၁၂-ပါး, အဟိတ်စိတ် ၁၀-ပါး, ကာမာဝစရစိတ် ၂၄-ပါး ပေါင်း ကာမစိတ် ၅၄-ပါးဖြစ်၏။ (ခ) ရူပါဝစရစိတ်ကား ကုသိုလ် ၅-ပါး, ဝိပါက် ၅-ပါး, ကြိယာ ၅-ပါး ပေါင်း၁၅-ပါးဖြစ်၏။ (ဂ) အရူပါဝစရစိတ်ကား ကုသိုလ် ၄-ပါး, ဝိပါက် ၄-ပါး, ကြိယာ ၄-ပါး ပေါင်း ၁၂-ပါးဖြစ်၏။ (ဃ) လောကုတ္တရာစိတ်ကား ကုသိုလ် ၄-ပါး, ဝိပါက် ၄-ပါး ပေါင်းရှစ်ပါးဖြစ်၏။

## အခြားဘုံ၌ ဖြစ်သော်လည်း ကာမစိတ်မည်ကြောင်း

ကာမမည်ကြောင်းဆက်၍ ပြဦးအံ့—ဤဂါထာ၌ ကာမတဏှာ အစရှိသည်တို့၏ အာရုံ၏ အဖြစ်ဖြင့် ကာမဘုံ အစရှိသည်၌ အကျုံးဝင်သော စိတ်တို့သည် မိမိ မိမိဘုံမှ တပါးသော ဘုံ၌ ဖြစ်ကုန်သော်လည်း ကာမဘုံ အစရှိသည်တို့၌ ဖြစ်သော စိတ်တို့ဟူ၍ ဆိုအပ်ကုန်၏။ ဥပမာကား—လူမိန်းမ၏ ဝမ်း၌ ဖြစ်သော တိရစ္ဆာန်သည်လည်း တိရစ္ဆာန်မျိုး၌ အကျုံးဝင်သည် အဖြစ်ကြောင့် တိရစ္ဆာန်မျိုးတို့၌သာ ရေတွက်အပ်သကဲ့သို့တည်း။

## လောကုတ္တရာစိတ်မည်ကြောင်း

တစုံတခုသော ဘုံ၌ အကျုံးမဝင်သောကြောင့် ကိုးပါးအပြားရှိသော လောကုတ္တရာတရား အပေါင်း၏ တစိတ်တဒေသ ဖြစ်ကုန်၍ "ရုက္ခေသာခါ" ဤသို့ အစရှိသည်တို့၌ကဲ့သို့ လောကုတ္တရာ တရား အပေါင်း၌ စိတ်တို့ဟူ၍ ဆိုအပ်ကုန်၏။ တနည်းကား—ကာမေ, ရူပေ-ဟူသော ဤသဒ္ဒါသည် ကျေသော အဝစရ-နောက်ပုဒ်ရှိ၏ဟု ညွှန်ပြသော သဒ္ဒါတည်း။ အရူပဘုံ၌ ဖြစ်ကုန်သော စိတ်တို့သည် အာရုပ္ပ မည်ကုန်၏။ ထိုတရားတို့အား မိမိထက် လွန်သော စိတ်မရှိသောကြောင့် **အနုတ္တရ** မည်ကုန်၏။ ဤသို့ ဒုတိယာဗဟုဝုစ် ဝိဘတ်၏ အစွမ်းကြောင့် ကာမာဝစရစိတ်တို့သည် ၅၄-ပါးအပြားရှိကုန်၏ဟုဟောတော်မူ၏။ ရူပါဝစရစိတ်တို့သည် ၁၅-ပါးအပြား ရှိကုန်၏ဟု ဟောတော်မူ၏။ အရူပါဝစရစိတ်တို့သည် ၁၂-ပါးအပြား ရှိကုန်၏ဟု ဟောတော်မူ၏။ လောကုတ္တရာစိတ်တို့သည် ရှစ်ပါး အပြားရှိကုန်၏ဟု ဟောတော်မူ၏။ ဤသို့ ဤဂါထာ၌ ပုဒ်တို့၏ စပ်ခြင်းကို မှတ်အပ်၏။

---

### စိတ်အကျဉ်းအကျယ်

၃၇။ ။ဣတ္ထမေကူန နဝုတိ၊ ပဘေဒံ ပန မာနသံ။
ဧကဝီသသတံ ဝါထ၊ ဝိဘဇန္တိ ဝိစက္ခဏာ။ ။

စိတ်ကို အကြောင်းအကြောင်း ဆိုအပ်ခဲ့ပြီးသော ဇာတိဘေဒ, ဘူမိဘေဒ, အပြား အားဖြင့် တခုယုတ် ကိုးဆယ် အပြားရှိသည်ကို ပြု၍ ပညာရှိတို့သည် ဝေဘန်ကုန်၏။ တနည်းကား—၁၂၁-ပါး အပြားရှိသည်ကို ပြု၍ ပညာရှိတို့သည် ဝေဘန်ကုန်၏။

---

၃၇။ ။အကြောင်း ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ဇာတ်အပြားအားဖြင့် ပြားသော ဘုံလေးပါးတို့၌ ဖြစ်သော စိတ်တို့၏ အပြား၏ အစွမ်းဖြင့် တခုယုတ် ကိုးဆယ် အပြားရှိသည်ကို ပြု၍ စိတ်ကို အထူးထူးအားဖြင့် အနက်ကို မြင်တတ်သော သဘော ရှိကုန်သော ပညာရှိတို့သည် ဝေဘန်ကုန်၏။ တနည်းကား—၂၁-ပါး အလွန်ရှိသော တရာအပြား[၁] ရှိသော စိတ်ကို ပညာရှိတို့သည် ဝေဘန်ကုန်၏။

---

**စိတ်အကျယ် ၁၂၁-ပါး**

**၃၈။ ။ကထမေကူနနဝုတိ စိတ္တံ ဧကဝီသသတံ ဟောတိ၊ ဝိတက္က, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာသဟိတံ ပဌမဈာန သောတာပတ္တိမဂ္ဂစိတ္တံ၊ ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာသဟိတံ ဒုတိယဈာနသောတာပတ္တိမဂ္ဂစိတ္တံ၊ ပီတိ, သုခ, ဧကဂ္ဂတာသဟိတံ တတိယဈာနသောတာပတ္တိမဂ္ဂစိတ္တံ၊**

---

၁—လောကီစိတ်ကား ကာမစိတ် ၅၄-ပါး, မဟဂ္ဂုတ်စိတ် ၂၇-ပါး ပေါင်း ၈၁-ပါး ဖြစ်၏၊ လောကုတ္တရာ ဈာန်ပွားစိတ် ၄၀ ပေါင်း စိတ် ၁၂၁-ပါး ဖြစ်၏။ (၁) ပဌမဈာန်နှင့် ယှဉ်သော သောတာပတ္တိမဂ်စိတ်, (၂) ဒုတိယဈာန်နှင့် ယှဉ်သော သောတာပတ္တိမဂ်စိတ်, (၃) တတိယဈာန်နှင့် ယှဉ်သော သောတာပတ္တိမဂ်စိတ်, (၄) စတုတ္ထဈာန်နှင့် ယှဉ်သော သောတာပတ္တိမဂ်စိတ် (၅) ပဥ္စမဈာန်နှင့် ယှဉ်သော သောတာ ပတ္တိမဂ်စိတ်ဟု သောတာပတ္တိမဂ်စိတ် ၅-ပါး။

ထို့အတူ သကဒါဂါမိမဂ်စိတ် ၅-ပါး, အနာဂါမိမဂ်စိတ် ၅-ပါး, အရဟတ္တမဂ်စိတ် ၅-ပါး ပေါင်း မဂ်စိတ် ၂၀-ဖြစ်၏၊ ထို့အတူ ဖိုလ်စိတ်လည်း ၂၀-ဖြစ်၏၊ ထို့ကြောင့် လောကုတ္တရာစိတ် ၄၀-ဖြစ်၏။

ဤသို့ လောကီစိတ် ၈၁-ပါး, လောကုတ္တရာစိတ် ၄၀-အားဖြင့် စိတ်အကျယ် ၁၂၁-ပါးဖြစ်၏ ဟူလို။

**သုခေ, ကဂ္ဂတာသဟိတံ စတုတ္ထဇ္ဈာနသောတာပတ္တိမဂ္ဂစိတ္တံ၊ ဥပေက္ခေ, ကဂ္ဂတာသဟိတံ ပဉ္စမဇ္ဈာန-သောတာပတ္တိမဂ္ဂစိတ္တဉ္စေတိ ဣမာနိ ပဉ္စပိ သောတာ-ပတ္တိမဂ္ဂစိတ္တာနိ နာမ။ ။**

တခုယုတ် ကိုးဆယ် အပြားရှိသော စိတ်သည် အဘယ်သို့လျှင် ၁၂၁-ပါး အပြားရှိပါသနည်း။

(၁) ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ ငါးပါးနှင့် တကွဖြစ်သော ပဌမဈာန်နှင့် ယှဉ်သော သောတာပတ္တိမဂ်စိတ်ဧင်း၊

(၂) ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ လေးပါးနှင့် တကွဖြစ်သော ဒုတိယဈာန်နှင့် ယှဉ်သော သောတာ-ပတ္တိမဂ်စိတ်ဧင်း၊

(၃) ပီတိ, သုခ, ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ သုံးပါးနှင့် တကွဖြစ်သော တတိယဈာန်နှင့် ယှဉ်သော သောတာပတ္တိမဂ်စိတ်ဧင်း၊

(၄) သုခ, ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ ၂-ပါးနှင့် တကွဖြစ်သော စတုတ္ထဈာန်နှင့် ယှဉ်သော သောတာပတ္တိမဂ်စိတ်ဧင်း၊

(၅) ဥပေက္ခာ, ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ ၂-ပါးနှင့် တကွဖြစ်သော ပဉ္စမဈာန်နှင့် ယှဉ်သော သောတာပတ္တိမဂ်စိတ်ဧင်း၊ ဤသို့သော အပြားအားဖြင့် ငါးပါးအပြားရှိသည်လည်း ဖြစ်ကုန်သော ဤစိတ်တို့သည်သောတာပတ္တိမဂ်စိတ်ဟူသောအမည်ရှိကုန်၏။

---

## ပါဒကဈာန်စသည်အဘွင့်

၃၀။ ။ဈာန်အင်္ဂါတို့၏ အစွမ်းဖြင့် ပဌမဈာန်နှင့် တူသော ကြောင့် ထိုစိတ်သည် ပဌမဈာန်လည်း ဖြစ်၏၊ သောတာပတ္တိမဂ်စိတ်လည်း ဖြစ်၏၊ ထို့ကြောင့် ပဌမဈာနသောတာပတ္တိမဂ်စိတ် မည်၏။

အကျယ်ချဲ့၍ ပြဦးအံ့—ပါဒကဈာန်, သမ္မသိတဈာန်, ပုဂ္ဂိုလ်၏ အလိုတို့တွင်လည်း တပါးပါး၏ အစွမ်းဖြင့် ထိုထိုဈာန်နှင့် တူသည် အဖြစ်ကြောင့် ဝိတက်စသော အင်္ဂါ ထင်ရှား ဖြစ်သဖြင့် လေးပါးသော မဂ်တို့သည် ပဥ္စမဈာန် အစရှိသော အမည်ကို ရကုန်လျက် အသီးအသီး ငါးပါး အပြားအားဖြင့် ကွဲပြားကုန်၏။ ထို့ကြောင့် "ဈာနင်္ဂယောဂဘေဒေန" အစရှိသော စကားကို မိန့်ဆိုတော်မူ၏။

ထိုသုံးပါးသော ဈာန်တို့၌ ပဥ္စမဈာန် အစရှိသည်တို့တွင် အကြင်အကြင်ဈာန်ကိုဝင်စား၍ ထိုထိုဈာန်မှထ၍, သင်္ခါရတရားတို့ကို သုံးသပ်သော ယောဂီပုဂ္ဂိုလ်အား ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည် ဖြစ်၏၊ ထိုဝင်စားသော ဈာန်သည် ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၏ အကြောင်း၏ အဖြစ်ကြောင့် **ပါဒကဈာန်** [၁] မည်၏။

အကြင်အကြင်ဈာန်ကို သုံးသပ်သော ယောဂီပုဂ္ဂိုလ်အား ထိုဝုဋ္ဌာနဂါမိနီ ဝိပဿနာသည် ဖြစ်၏၊ ထိုသုံးသပ်သော ဈာန်သည် **သမ္မသိတဈာန်** [၂] မည်၏။ ပဥ္စမဈာန်နှင့် တူသော အင်္ဂါငါးပါးနှင့် ပြည့်စုံသော မဂ်ဖြစ်ပါမူ ငါ့အား ကောင်းလေစွဟု ၎င်း၊ တနည်း—ဒုတိယဈာန် အစရှိသည်တို့တွင် တပါးပါးသော ဈာန်နှင့် တူသော လေးပါးသော အင်္ဂါစသည် အပြားရှိသော မဂ်သည် ငါ့အား ဖြစ်ပါမူ ကောင်းလေစွဟု ဤသို့ယောဂီပုဂ္ဂိုလ်၏ ဖြစ်စေလိုသော အလိုသည် **ပုဂ္ဂလဇ္ဈာသယ** [၃] မည်၏။

ထိုသုံးမျိုးတို့တွင် အကြင်သူသည် ပဥ္စမဈာန် အစရှိသည်တို့တွင် တပါးပါးသော ဈာန်ကို ဝင်စားပြီး၍ ထိုဈာန်မှ ထ၍ ပြိုးပြွမ်းသော သင်္ခါရတို့ကို သုံးသပ်၍ မဂ်ကို ဖြစ်စေအပ်၏။ ထိုပုဂ္ဂိုလ်၏ ထိုဖြစ်ပေါ်သော မဂ်သည် ပဥ္စမဈာန် အစရှိသည်တို့တွင် ထိုထို

---

၁—အကြင် ဈာန်ကိုဝင် စားပြီးမှ မဂ်စိတ်ဖြစ်အံ့၊ မဂ်စိတ် ဖြစ်ကြောင်း အခြေခံ ဖြစ်သော ထိုဈာန်သည် ပါဒကဈာန်မည်၏။

၂—အကြင်ဈာန်ကို သုံးသပ်၍ မဂ်စိတ် ဖြစ်ပေါ်လာ၏၊ ထိုသုံးသပ်အပ်သော ဈာန်သည် **သမ္မသိတဈာန်** မည်၏။

၃—ယောဂီပုဂ္ဂိုလ် သန္တာန်၌ ဖြစ်သော ဈာန်နှင့်စပ်သော အလိုဆန္ဒသည် **ပုဂ္ဂလဇ္ဈာသယ** မည်၏။

ပါဒကဈာန်နှင့် တူစွာသော ဖြစ်၏။ အကယ်၍ ဝိပဿနာ၏ အခြေဖြစ်သော တခုခုသော ဈာန်သည်မရှိ။ သက်သက် ပဋ္ဌမဈာန် အစရှိသည်တို့တွင် တပါးပါးသော ဈာန်ကို သုံးသပ်၍ မဂ်ကို ဖြစ်စေအပ်၏။ ထိုယောဂီပုဂ္ဂိုလ်၏ ထိုမဂ်သည် သုံးသပ်အပ်သော ဈာန်နှင့် တူစွာ ဖြစ်၏။

အကြင်အခါ၌ အမှတ်မရှိသော ဈာန်ကို ဝင်စား၍ ထိုဈာန်မှ ထ၍ ဈာန်တပါးပါးကို သုံးသပ်၍ မဂ်ကိုဖြစ်စေအပ်၏။ ထိုအခါ ပုဂ္ဂိုလ်၏ အလိုအစွမ်းဖြင့် နှစ်ပါးသော ပါဒကဈာန်, သမ္မသိတဈာန်, တို့တွင် တပါးပါးသော ဈာန်နှင့် တူရ၏။ ယောဂီပုဂ္ဂိုလ်အား ထိုသို့ သဘောရှိသော အလိုသည် အကယ်၍ မရှိအံ့။ အောက် အောက် ဈာန်မှ ထ၍ အထက်ထက် ဈာန်တရားတို့ကို သုံသပ်၍ ဖြစ်စေအပ်သော မဂ်သည် ပါဒကဈာန်ကို မငဲ့မူ၍ သုံးသပ်အပ် သော ဈာန်နှင့် တူ၏။

အထက်ထက် ဖြစ်သော ဈာန်မှ ထ၍ အောက်အောက် ဖြစ် သော ဈာန်တရားတို့ကို သုံးသပ်၍ ဖြစ်စေအပ်သော မဂ်သည် သုံးသပ်အပ်သော ဈာန်ကို မငဲ့မူ၍ ပါဒကဈာန်နှင့် တူစွာ ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် အောက်အောက် ဖြစ်သော ဈာန်ထက် အထက်အထက် ဖြစ်သော ဈာန်သည် အားအလွန်ကြီးသောကြောင့် တည်း။

## လောကုတ္တရာစိတ်၏ဝေဒနာအဘွင့်

လောကုတ္တရာစိတ်ဝေဒနာဖြစ်ပုံကိုဆိုဦးအံ့—ဝေဒနာ မှတ်ခြင်း သည်ကား အလုံးစုံသော မဂ်တို့၌ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ-အရ မှတ်ပြခြင်းဖြင့် ဖြစ်၏။

## သုက္ခဝိပဿက ပုဂ္ဂိုလ်၏ ဈာနင် ဖြစ်ပုံ

သုက္ခဝိပဿက ရဟန္တာအား အလုံးစုံသော ဈာနင်ကို မှတ် ခြင်းသည် ထို့အတူ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ မှတ်ပြခြင်းအရသာလျှင် ဖြစ်၏။ အကျယ်ချဲ့ပြဦးအံ့—ထိုသုက္ခဝိပဿက ပုဂ္ဂိုလ်အား ပါဒက ဈာန် အစရှိသည်တို့၏ မရှိသဖြင့် ထိုပါဒကဈာန် စသည်တို့၏ အစွမ်း

ဖြင့် မှတ်ခြင်း မရှိသောကြောင့် ဝိပဿနာ မှတ်ခြင်းဖြင့်သာလျှင် ငါးပါးသော အင်္ဂါရှိသော မဂ်ဖြစ်၏။ တနည်းသော်ကား-သမာပတ်ကို ရသော ပုဂ္ဂိုလ်သည်လည်း ဈာန်ကို အခြေ မပြုမူ၍ ပြိုးပြွမ်းသော သင်္ခါရတို့ကို သုံးသပ်၍ ဖြစ်စေအပ်သော မဂ်သည်လည်း ဝိပဿနာ မှတ်ခြင်းဖြင့်သာလျှင် အင်္ဂါငါးပါး ရှိ၏။ ဤ၌ ဤဆိုအပ်ပြီးသော အဆုံးအဖြတ်သည် အဋ္ဌကထာစသည်မှ ထုတ်ဆောင်အပ်သော မြတ်သော အဆုံးအဖြတ်တည်း။

မထေရ်တို့၏ အယူကိုပြကြောင်းဖြစ်သော စကား အစရှိသည်တို့၏ အစွမ်းဖြင့် ဖြစ်သော အကျယ်ကိုကား အဋ္ဌကထာ စသည်တို့၌ ဆိုအပ်သော နည်းဖြင့် သိအပ်၏။ ဤအရာ၌ကဲ့သို့ အလုံးစုံသော အရာတို့၌ အကျယ်ဖြစ်သော နည်းကို ထိုထိုသော အဋ္ဌကထာတို့၌ ဆိုအပ်သော နည်းဖြင့် ယူအပ်၏။ ကျမ်းကျယ်သည်ကို ကြောက်ကုန်သော စာသင်သားတို့ကို ချီးမြှောက်ခြင်းငှါ ဤကျမ်း၌ အကျဉ်းစကားကို အလိုရှိအပ်၏။

---

၄၁။ ॥ယထာ စ ရူပါဝစရံ၊ ဂယှတာနုတ္တရံ တထာ။
ပဌမာဒိဈာနဘေဒေ၊ အာရုပ္ပဉ္စာပိ ပဉ္စမေ။

၄၂။ ॥ဧကာဒသဝိဓံ တသ္မာ၊ ပဌမာဒိကမီရိတံ။
ဈာနမေကေကမန္တေ တု၊ တေဝီသတိဝိဓံ ဘဝေ။ ॥

ရူပါဝစရစိတ်ကိုရင်း, လောကုတ္တရာစိတ်ကိုရင်း ပဌမဈာန်အစရှိသော ဈာန်အင်္ဂါတို့နှင့် ယှဉ်သော အပြားအားဖြင့် ဆိုအပ်သကဲ့သို့ ထို့အတူ အရူပါဝစရစိတ်ကိုလည်း ဥပေက္ခာ,ဧကဂ္ဂတာနှင့် ယှဉ်ခြင်းကြောင့် ပဉ္စမဈာန် အဖြစ်ဖြင့် ယူအပ်သောကြောင့် ပဌမဈာန်အစရှိသော တခုတခုသော ဈာန်သည် ၁၁-ပါးအပြားရှိ၏ဟု ဆိုအပ်၏။ အဆုံးဖြစ်သော ပဉ္စမဈာန် စိတ်သည်ကား ၂၃-ပါး အပြားရှိ၏။

---

၄၁-၄၂။ ॥ရူပါဝစရစိတ်ကို ပဌမဈာန် အစရှိသော ငါးပါးသော ဈာန်အပြားရှိသော အပြားဖြင့် ပဌမဈာန် ဤသို့စသည်ဖြင့်

ဆိုအပ်သကဲ့သို့၊ ထို့အတူ လောကုတ္တရာစိတ်ကိုလည်း "ပဉ္စမဈာန သောတာပတ္တိမဂ္ဂစိတ္တံ" ဤသို့စသည်ဖြင့် ဆိုအပ်၏။ အရူပါဝစရ စိတ်ကိုလည်း ဉပေက္ခာ,ဧကဂ္ဂတာနှင့် ယှဉ်သဖြင့် အင်္ဂါတူသော ကြောင့် ပဉ္စမဈာန် အဖြစ်ဖြင့်ယူအပ်၏။ ပဉ္စမဈာန်ဟူသော အမည်ကို ရ၏။ ဤကား အနက်တည်း။ တနည်းကား—ရူပါဝစရ စိတ်ကိုင်း, လောကုတ္တရာစိတ်ကိုင်း, ပဉ္စမဈာန် အစရှိသော အမည်ဖြင့် "ပဉ္စမဈာနကုသလစိတ္တံ၊ ပဉ္စမဈာနသောတာပတ္တိမဂ္ဂစိတ္တံ" ဤသို့ အစရှိသည်ဖြင့် ယူအပ်သကဲ့သို့ ထို့အတူ အရူပါဝစရစိတ်ကို လည်း ပဉ္စမဈာန်ဟူသော အမည်ဖြင့် ယူအပ်၏။ ဤကား ယောဇနာခြင်းတည်း။ ထိုသို့ယောဇနာခြင်းသည် မှန်၏။ အရှင် အနုရုဒ္ဓါ ဆရာသည်လည်း ဤ နောက်ယောဇနာ နည်းကိုသာ အလိုရှိအပ်၏ဟု ထင်၏။ အဘယ့်ကြောင့်ဆိုသော် **နာမရူပ ပရိစ္ဆေဒကျမ်း**၌ ဖြောင့်ဖြောင့်သာလျှင် ထို နောက်နည်းအတိုင်း ဆိုအပ်သောကြောင့်တည်း။ ထိုစကားမှန်၏၊ ထိုနာမရူပပရိစ္ဆေဒ ကျမ်း၌—

ရူပါဝစရစိတ္တာနိ၊ ဂယှန္တာနုတ္တရာနိ စ။
ပဉ္စမာဒိဈာနဘေဒေ၊ အာရုပ္ပဉ္စာပိ ပဉ္စမေ။ ။

ဟုမိန့်ဆိုအပ်၏။

**အဓိပ္ပါယ်ကား**

ရူပါဝစရစိတ်တို့ကိုင်း, လောကုတ္တရာ စိတ်တို့ကိုင်း ပဉ္စမဈာန် အစရှိသော ဈာန်တို့၏ အပြားအားဖြင့် ဟောအပ်ကုန်သကဲ့သို့ အရူပစိတ်ကိုလည်း ပဉ္စမဈာန်ဟူသော အမည်ဖြင့် ဟောအပ်၏ ဟူလို။

**တသ္မာ** ဟူသည်ကား—အကြင့်ကြောင့် ရူပါဝစရစိတ်ကဲ့သို့ လောကုတ္တရာစိတ်ကိုလည်း ပဉ္စမဈာန် အစရှိသော ဈာန်အပြား ဖြင့် ဆိုအပ်၏။ အရူပါဝစရစိတ်ကိုလည်း ပဉ္စမဈာန် အဖြစ်ဖြင့် ဆိုအပ်၏။ တနည်းကား—အကြင့်ကြောင့် ဈာန်အင်္ဂါ တို့နှင့် ယှဉ်သော အပြားအားဖြင့် တပါးပါးသော လောကုတ္တရာစိတ်ကို

ငါးပါးအပြားရှိသည်ကို ပြု၍ လောကုတ္တရာစိတ်ကို ၄၀-အပြား ရှိ၏-ဟူ၍ ဆိုအပ်၏။ ရူပါဝစရစိတ်, လောကုတ္တရာ စိတ်တို့ကို ပဉ္စမဈာန် အစရှိသော ဈာန်အပြားဖြင့် ဆိုအပ်သကဲ့သို့ ထို့အတူ အရူပါဝစရ စိတ်ကိုလည်း ပဉ္စမဈာန် အဖြစ်ဖြင့် ဆိုအပ်၏။ ထို့ကြောင့် ပဉ္စမဈာန် အစရှိသော တပါးပါးသော ဈာန်သည် လောကီ၌ သုံးပါး အပြားရှိ၏။ လောကုတ္တရာ၌ ရှစ်ပါး အပြား ရှိ၏။ ထို့ကြောင့် ၁၁-ပါး အပြားရှိ၏။ အဆုံးဖြစ်သော ပဉ္စမဈာန် စိတ်သည်ကား ၃-ပါးအပြားရှိသော ရူပါဝစရစိတ်, ၁၂-ပါးအပြား ရှိသော အရူပါဝစရစိတ်,ရှစ်ပါး အပြားရှိသော လောကုတ္တရာ စိတ်တို့၏ အစွမ်းဖြင့် ၂၃-ပါးအပြားရှိ၏။ ဤကားအနက်တည်း။

---

၄၃။ ။သတ္တတိံသဝိဓံ ပုညံ၊ ဒွိပညာသဝိဓံ တထာ။
ပါကမိစ္စာဟု စိတ္တာနိ၊ ဧကဝီသသတံ ဗုဓာ။ ။

ကုသိုလ်စိတ်သည် ၃၇-ပါး[၁] အပြားရှိ၏၊ ထိုမှတပါး ဝိပါက် စိတ်သည် ၅၂-ပါး[၂] အပြားရှိ၏၊ ထို့ကြောင့် စိတ်တို့ကို ၁၂၁-ပါး အပြားရှိကုန်၏ ဟူ၍ ပညာရှိတို့သည် ဆိုကုန်၏။

---

၄၃။ ။ပါဒကဈာန် အစရှိသည်တို့၏ အစွမ်းဖြင့် အရေအတွက် တိုးပွားခြင်းသည် ကုသိုလ်, ဝိပါက်တို့၌သာ ဖြစ်သင့်၏။ ထို့ကြောင့် ထိုကုသိုလ်, ဝိပါက်တို့၏ ရေတွက်ခြင်းကိုသာ ၁၂၁-ပါး အရေ အတွက်ဖြင့် အင်္ဂါ၏ အဖြစ်ဖြင့် ပြလိုသောကြောင့် “သတ္တတိံသ” ဤသို့ စသော စကားကို ဆို၏။

**ဤဆိုအပ်ပြီးသောစကားဖြင့် အဘိဓမ္မတ္ထဝိဘာဝိနီ မည်သော အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၏အဘွင့်၌ ပဌမစိတ်ပိုင်းအဘွင့်သည် ပြီးဆုံးခြင်းသို့ရောက်ပြီ။**

---

၁—စိတ် အကျယ် ၁၂၁-ပါးတွင် ကာမာဝစရကုသိုလ်စိတ် ၈-ပါး, ရူပါဝစရကုသိုလ် စိတ် ၅-ပါး, အရူပါဝစရကုသိုလ်စိတ် ၄-ပါး, လောကုတ္တရာကုသိုလ်စိတ် ၂၀-ပေါင်း ကုသိုလ်စိတ် ၃၇-ပါးဖြစ်၏။

၂—အဟိတ်ဝိပါက်စိတ် ၁၅-ပါး, ကာမာဝစရဝိပါက်စိတ် ၈-ပါး, မဟဂ္ဂုတ်ဝိပါက်စိတ် ၉-ပါး, လောကုတ္တရာဝိပါက်စိတ် ၂၀-ပေါင်း ဝိပါက်စိတ် ၅၂-ပါး ဖြစ်၏။

# ဋီကာကျော် မြန်မာပြန်

## စေတသိက်ပိုင်း

# စေတသိက်ပိုင်း

## စေတသိက်လက္ခဏာ ၄-ပါး

၁။ ။ဧကုပ္ပါဒနိရောဓာ စ၊ ဧကာလမ္ဗဏဝတ္ထုကာ။
စေတောယုတ္တာ ဒွိပညာသ၊ ဓမ္မာ စေတသိကာ မတာ။ ။

စိတ်နှင့် တကွဖြစ်ခြင်း, တကွချုပ်ခြင်း, စိတ်နှင့်တူသော အာရုံ, တူသောမှီရာလည်း ရှိကုန်သော စိတ်နှင့် ယှဉ်ကုန်သော ၅၂-ပါး သော သဘောတရားတို့ကို စေတသိက် အမည်ရှိကုန်၏-ဟူ၍ သိအပ်ကုန်၏။

---

## စေတသိက်လက္ခဏာ ၄-ပါးအဘွင့်

၁။ ။ဤသို့ ဆိုအပ်ပြီးသော ပဌမပိုင်းဖြင့် ရှေးဦးစွာ စိတ်ကို ဘုံ,ဇာတ်, သမ္ပယောဂ ,သင်္ခါရ, ဈာန်,အာရုံ,မဂ်တို့၏ အပြားအား ဖြင့် ထိုက်သည်အား လျော်စွာ ဝေဘန်ပြီး၍ ယခုအခါ၌ စေတသိက် ကို ဝေဘန်ရန် အခွင့်သို့ အစဉ် ရောက်လာသောကြောင့် ရှေးဦးစွာ သမ္ပယောဂလက္ခဏာ လေးပါးကို ပြသည်အစွမ်းဖြင့် စေတသိက် လက္ခဏာကို ပြဆိုပြီး၍၊ ထိုစေတသိက်လက္ခဏာကို ပြပြီးသည် အခြားမဲ့၌ အညသမာန်းရာသီ, အကုသလရာသီ, သောဘဏ ရာသီတို့၏ အစွမ်းဖြင့် သုံးပါးသော ရာသီတို့ဖြင့် စေတသိက် တရားတို့ကို ပြလျက် ထိုစေတသိက်တို့၏ ၁၆-ပါးသော အခြင်း အရာတို့ဖြင့် သမ္ပယောဂနည်းကိုရင်း၊ ၃၃-ပါးအပြားအားဖြင့် သင်္ဂဟနည်းကိုရင်း ပြဆိုခြင်းငှါ "ဧကုပ္ပါဒနိရောဓာ စ" ဤသို့ အစရှိသော စကားကို အားထုတ်အပ်ပါသတည်း။

အကြင် စေတသိက်တို့အား စိတ်နှင့်တကွ တပေါင်းတည်း ဖြစ် ခြင်းသည်ရင်း, ချုပ်ခြင်းသည်ရင်း ရှိသောကြောင့် ထိုစေတသိက် တို့သည် **ဧကုပ္ပါဒနိရောဓ** မည်ကုန်၏။ အကြင် စေတသိက်တို့အား စိတ်နှင့် တူသော အာရုံသည်ရင်း, တူသော မှီရာသည်ရင်း ရှိသော ကြောင့် ထိုစေတသိက်တို့သည် **ဧကာလမ္ဗဏဝတ္ထုက** မည်ကုန်၏။

ဤသို့ လေးပါးသော လက္ခဏာတို့ဖြင့် စိတ်နှင့် ယှဉ်ကုန်သော ၅၂-ပါးကုန်သော သဘော လက္ခဏာကို ဆောင်တတ်သောကြောင့် ဓမ္မ မည်ကုန်သော တရားတို့ကို စိတ်နှင့်အမြဲ ယှဉ်လေ့ရှိသည်လည်း ဖြစ်ကုန်သော စိတ်နှင့်အမြဲ မယှဉ်လေ့ ရှိသည်လည်း ဖြစ်ကုန်သော စေတသိက်တို့ဟူ၍ သိအပ်ကုန်၏။

## လက္ခဏာလေးပါးကို ဆိုရသောအကြောင်း

ထိုဧကုပ္ပါဒ-ဂါထာ၌ စိတ်နှင့်တကွ ဖြစ်ကာမျှဖြင့်သာလျှင် စေတသိက်တို့ကို စေတောယုတ္တ-ဟူ၍၊ အကယ်၍ အလိုရှိအပ်ငြားအံ့။ ထိုသို့ ဧကုပ္ပါဒ လက္ခဏာ တပါးဖြင့် စေတောယုတ္တ ဖြစ်၏ဟု ယူပါမူ၊ စိတ်နှင့် တကွ ဖြစ်ကုန်သော စိတ္တဇရုပ် တရားတို့၏လည်း စေတောယုတ္တ အဖြစ်သည် ရောက်ခဲ့ရာ၏။ ထိုသို့ စိတ္တဇရုပ်ကို နစ်စေလိုသောကြောင့် **ဧကနိရောဓ**-သဒ္ဒါကို ဆိုအပ်၏။

ဤစိတ်နှင့် တကွ ဖြစ်ခြင်း, တကွချုပ်ခြင်း လက္ခဏာ ၂-ပါး၏ စေတောယုတ္တအဖြစ်ကို ဆိုပါမူ စိတ်သို့ အစဉ်လိုက်၍ ဖြစ်ကုန်သော ဝိညတ်ရုပ် ၂-ပါး၏လည်း စေတသိက် မည်ခြင်းကို တားမြစ်ခြင်းငှါ မတတ်နိုင်ရာ။ ထို့ကြောင့် အကြင် ကမ္မဇရုပ်တရားတို့အား စိတ်နှင့် တကွ ဖြစ်ခြင်းသည်၎င်း, တကွချုပ်ခြင်းသည်၎င်း ရှိသောကြောင့် ထိုကမ္မဇရုပ်တရားတို့သည် **ဧကုပ္ပါဒနိရောဓ** မည်ကုန်၏-ဟု ကြံဆသော ဆရာ၏ အယူ၌ စိတ်၏ ရှေးဦးစွာ ဖြစ်၍ စိတ်၏ ဘင်ခဏ၌ ချုပ်ကုန်သော ကမ္မဇ ရုပ်တရားတို့ကိုလည်း တားမြစ် ခြင်းငှါ **ဧကာလမ္ဗဏ**-သဒ္ဒါကို မိန့်ဆိုအပ်၏။ ဤသို့အကြင် စေတသိက်[၁] တို့သည် ဆိုအပ်ပြီးသော ဧကုပ္ပါဒ, ဧကနိရောဓ, ဧကာလမ္ဗဏ

---

၁–စိတ်နှင့် တူသော ဖြစ်မှု ရှိခြင်း, စိတ်နှင့် တူသော ချုပ်မှု ရှိခြင်း, စိတ်နှင့် တူသော အာရုံ ရှိခြင်း, စိတ်နှင့် တူသော မှီရာ ရှိခြင်း, ဤအင်္ဂါ ၄-ပါးနှင့်ပြည့်စုံမှ **စေတသိက်** မည်၏။

**စိတ္တဇရုပ်, ကမ္မဇရုပ်** တို့သည် စိတ်နှင့်အတူ ဖြစ်မှုရှိသော်လည်း အတူ ချုပ်မှု မရှိသောကြောင့် **စေတသိက်** မမည်။

**ကာယဝိညတ်, ဝစီဝိညတ်** ၂-ပါးသည် စိတ်နှင့် အတူဖြစ်မှု အတူ ချုပ်မှုရှိသော်လည်း တူသော အာရုံ မရှိသောကြောင့် **စေတသိက်** မမည်။

လက္ခဏာ ၃-ပါးရှိကုန်၏။ ထိုစေတသိက်တို့သည် မြဲသောအားဖြင့် တူသော တည်ရာရှိကုန်သည်သာ-ဟု ပြခြင်းငှာ **ကေဝဏ္ဏုက**[၁] သဒ္ဒါကို ဆိုအပ်၏။ ထို့ကြောင့် အလွန်ချဲ့သဖြင့် အကျိုးမရှိပြီ။

---

## သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါး

၂။ **။ကထံ ဖဿော, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြိယံ, မနသိကာရောစေတိ သတ္တိမေ စေတသိကာ သဗ္ဗစိတ္တသာဓာရဏာ နာမ။**

အဘယ်သို့ သိအပ်သနည်းဟူမူ—

(၁) အာရုံကို တွေ့ခြင်း လက္ခဏာရှိသော **ဖဿ** စေတသိက်ငင်း၊

(၂) အာရုံ၏ အရသာကို ခံစားခြင်း လက္ခဏာရှိသော **ဝေဒနာ** စေတသိက်ငင်း၊

(၃) အာရုံ၏ သဘောကို မှတ်ခြင်း လက္ခဏာရှိသော **သညာ** စေတသိက်ငင်း၊

(၄) အာရုံ၌ သမ္ပယုတ်တရားတို့ကို စေ့ဆော်ခြင်း လက္ခဏာရှိသော **စေတနာ** စေတသိက်ငင်း၊

(၅) တခုတည်းသော အာရုံကိုသာ ယူသည်ဖြစ်၍ တည်ကြည်ခြင်း, မပျံ့လွင့်ခြင်း လက္ခဏာရှိသော **ဧကဂ္ဂတာ** စေတသိက်ငင်း၊

(၆) သဟဇာတ် ဖြစ်သော ရုပ်နာမ်တရားတို့ကို စောင့်ခြင်း, အစိုးရခြင်း လက္ခဏာရှိသော **ဇီဝိတိန္ဒြေ** စေတသိက်ငင်း၊

(၇) အာရုံ၌ နှလုံးသွင်းခြင်း လက္ခဏာရှိသော **မနသိကာရ** စေတသိက်ငင်း၊ ဤသို့သော အပြားအားဖြင့် ၇-ပါးကုန်သော ဤစေတသိက်တို့သည် အလုံးစုံသော စိတ်တို့နှင့် ဆက်ဆံသည်၏ အဖြစ်ကြောင့် သဗ္ဗစိတ္တသာဓာရဏစေတသိက် မည်ကုန်၏။

---

၁—ဆိုအပ်ပြီးသော လက္ခဏာ ၃-ပါးနှင့် ပြည့်စုံသော တရားဖြစ်ပါမူ တူသော မှီရာရှိသည်ချည်းဟု ပြဆိုခြင်းငှာ **ကေဝဏ္ဏုက** သဒ္ဒါကို မိန့်ဆိုရ၏-ဟုမှတ်။

## သဗ္ဗစိတ္တသာဓာရဏစေတသိက်အဘွင့်

### ဖဿ-အဘွင့်

၂။ ။ကထံ-ဟူသော ဤပုစ္ဆာသည်ကား စေတသိက်တို့၏ သရုပ် အခြင်းအရာ, သမ္ပယောဂ အခြင်းအရာတို့ကို ဖြေလို၍ မေးသော အမေးပုစ္ဆာတည်း။ အာရုံကို တွေ့ထိတတ်သောကြောင့် **ဖဿ** မည်၏။ ထိုဖဿသည် အာရုံကို တွေ့ထိခြင်း လက္ခဏာရှိ၏။ အဘယ့်ကြောင့်ဆိုသော် ဤဖဿသည် နာမ်တရား ဖြစ်သော်လည်း အာရုံ၌ တွေ့ထိသော အခြင်းအရာအားဖြင့်သာလျှင် ဖြစ်သော ကြောင့်တည်း။ အဘယ်ကဲ့သို့နည်းဟူမူ၊ ထိုဖဿ၏ ထိုတွေ့ထိသော အခြင်းအရာ အားဖြင့် ဖြစ်ခြင်းကို ချဉ်သီး စားသောသူအား မြင်ရသော သူတပါး၏ တံထွေး ဖြစ်ခြင်းကဲ့သို့ မှတ်အပ်၏။

### ဝေဒနာအဘွင့်

အာရုံအရသာကို အစဉ် ခံစားတတ်သောကြောင့် **ဝေဒနာ** မည်၏၊ ထိုဝေဒနာသည် အာရုံကို ခံစားခြင်းလက္ခဏာ ရှိ၏။ အဘယ့်ကြောင့် ဝေဒနာကိုသာ အာရုံ ခံစားခြင်းရှိ၏ဟု ဆိုအပ်ပါ သနည်းဟူမူ။ အာရုံ အရသာကို ခံစားခြင်းသို့ ရောက်သည်ရှိသော် ကြွင်းသော ဝေဒနာနှင့် ယှဉ်ဘော် ယှဉ်ဘက်တရားတို့သည် တစိတ် တဒေသအားဖြင့်သာလျှင် အာရုံအရသာကို ခံစားကုန်၏၊ စင်စစ် အားဖြင့်ကား အစိုးတရအားဖြင့် ဝေဒနာသည်သာ ခံစား၏။ ထိုစကား မှန်၏၊ ထိုဝေဒနာကို ကောင်းသော ဘောဇဉ်၏ အရသာကို ခံစားသော မင်းနှင့်တူ၏ဟု မိန့်ဆိုအပ်၏။ သုခစသော ဝေဒနာအစွမ်းဖြင့် ထိုဝေဒနာ၏အပြားကို အရှင် အနုရုဒ္ဓါဆရာ ကိုယ်တိုင်ပင် ဆိုတော်မူလတ့ံ။

### သညာအဘွင့်

အညိုအစရှိသည် အပြားရှိသော အာရုံကို အမှတ်ပြု၍ သိတတ် သောကြောင့် **သညာ** မည်၏။ ထိုသညာသည် အမှတ်ပြု၍ သိခြင်း လက္ခဏာရှိ၏။ အဘယ့်ကြောင့် အမှတ်ပြု၍ သိပါသနည်းဟူမူ။ ထို

သညာသည် ဖြစ်သည်ရှိသော် သစ်အစရှိသည်တို့၌ လက်သမား အစရှိသည်တို့၏ အမှတ်ပြုခြင်းကဲ့သို့ နောက်၌ အမှတ်ပြုခြင်း၏ အကြောင်းဖြစ်သော အခြင်းအရာကို ယူ၍ ဖြစ်သောကြောင့်တည်း။ ဤအထက်ပါ စကားသည် အမှတ်ပြုတတ်သော ရှေးသညာအား သင့်တန်စေ၊ ရှေးဦးစွာ ဖြစ်သော အမှတ်ဖြင့် နောက်မှ သိသော သညာ၌ကား အသို့ သင့်ပါအံ့နည်းဟူမူ။ ထို နောက်ဖြစ်သော သညာသည်လည်း တဖန် တပါးသော သညာဖြင့် သိခြင်း၏ အကြောင်းဖြစ်သော အခြင်းအရာကို ယူ၍ ဖြစ်၏။ ထို့ကြောင့် အမှတ်ဖြင့် သိသော နောက်သညာ၌ တစိုးတစိသော သညာ၏ မဖြစ်နိုင်ခြင်းသည် မရှိ-ဟူလို။

**စေတနာအဘွင့်**

မိမိနှင့် ယှဉ်ဘော် ယှဉ်ဘက် ဖြစ်သော တရားတို့ကို အာရုံ၌ စေ့ဆော်တတ်, ကောင်းစွာထားတတ်သောကြောင့် **စေတနာ** မည်၏။ တနည်းကား—ပြုပြင်အပ်ကုန်သော သင်္ခတ တရားတို့ကို ပြုပြင်ခြင်း၌ အလွန် အားထုတ်ခြင်းသို့ ရောက်တတ်သောကြောင့် လည်း **စေတနာ** မည်၏။ ထို့ကြောင့်ပင် ဤစေတနာသည်သာ လျှင် ပြုပြင်ခြင်း၌ ပြခန်းသောကြောင့် ဝိဘင်းကျမ်း သုတ္တန္တ ဘာဇနီယ၌ သင်္ခါရက္ခန္ဓာကို ဝေဘန်တော်မူသော မြတ်စွာဘုရား သည် " သင်္ခတံ။ပ။သင်္ခါရာ " ဟု ဟောတော်မူပြီး၍ " စက္ခု သမ္ဖဿဇာစေတနာ " ဤသို့ အစရှိသည်ဖြင့် ညွှန်ပြတော်မူအပ်၏။ ထိုစေတနာသည် စေ့ဆော်ခြင်း လက္ခဏာ ရှိ၏။ အဘယ်ကဲ့သို့ နည်းဟူမူ၊ တပည့်ကြီး,လက်သမားကြီး အစရှိသော သူတို့ကဲ့သို့ မိမိကိစ္စ,သူတပါးကိစ္စတို့ကို ပြီးစေတတ်၏-ဟု မှတ်အပ်၏။

ဧကဂ္ဂတာ,ဝိတက်,ဝိစာရ,ပီတိတို့၏သရုပ်လက္ခဏာကို ထင်စွာပြ ခြင်းသည်အောက်စိတ်ပိုင်း၌လာပြီး,ပြဆိုပြီးသည့်အတိုင်းသာတည်း။

**ဇီဝိတိန္ဒြေစေတသိက်အဘွင့်**

ထို ဇီဝိတိန္ဒြေဖြင့် ယှဉ်ဘော် ယှဉ်ဘက် တရား တို့သည် တည်တတ်ကုန်၏။ ထိုသို့တည်ကြောင်း ဖြစ်သောကြောင့် **ဇီဝိတ**

မည်၏၊ ဇီဝိတသည်ပင်လျှင် အတူတကွဖြစ်သော တရားကို စောင့်ခြင်း၌ အစိုးရသည်အဖြစ်နှင့် ယှဉ်သည်ဖြစ်၍ ဣန္ဒြေလည်း မည်သောကြောင့် **ဇီဝိတိန္ဒြေ** မည်၏။ ထိုဇီဝိတိန္ဒြေသည် အတူတကွဖြစ်သော တရားတို့ကို စောင့်ခြင်းလက္ခဏာရှိ၏။ အဘယ်နှင့် တူသနည်းဟူမူ၊ ကြာအစရှိသည်ကို စောင့်ရှောက်သော ရေနှင့်တူ၏။

## မနသိကာရ အဘွင့်

ပြုခြင်း သဘော, ဆင်ခြင်ခြင်းသဘောသည် **ကာရ** မည်၏၊ စိတ်၌ အာရုံပြုခြင်း,ဆင်ခြင်ခြင်း သဘောသည် **မနသိကာ**ရ မည်၏၊ ထိုမနသိကာရစေတသိက်သည် စိတ်ကို အာရုံ၌ ရှေ့ရှုဆောင်ခြင်း လက္ခဏာရှိ၏။

## ဝိတက်,စေတနာ,မနသိကာရ တို့၏အထူး

ဝိတက်စသည်တို့၏ အထူးကား-**ဝိတက်**သည် သဟဇာတ်တရားတို့ကို အာရုံသို့ ရှေ့ရှုတင်ခြင်း သဘော ရှိသောကြောင့် ထိုသဟဇာတ်တရားတို့ကို ထိုအာရုံ၌ တည်စေသကဲ့သို့ ဖြစ်၏။

**စေတနာ**သည် မိမိသည် အာရုံကို ယူခြင်းဖြင့် အကြင်အကြင် ဝိတက်သည် တင်အပ်ပြီးကုန်သော သဟဇာတ်တရားတို့ကို ထိုထို အာရုံ၌ ယှဉ်စေတတ်သော စစ်ဗိုလ်မှူးနှင့် တူ၏။

**မနသိကာ**ရသည် ထိုသဟဇာတ်တရားတို့ကို အာရုံ၌ ရှေ့ရှု ယှဉ်စေခြင်းကြောင့် အာဇာနည်မြင်းတို့ကို အညီ ယှဉ်စေသော ရထားထိန်းကဲ့သို့ ဖြစ်၏။ ဤဆိုအပ်ပြီးသော အနက်သည် ထို ဝိတက်, စေတနာ, မနသိကာရ တို့၏ အထူးတည်း။

ထိုစကားမှန်၏။ ပရမတ္ထတရားတို့၏ ထိုထိုဟုတ်မှန်တိုင်းသော ကိစ္စနှင့် တကွသော သဘောလက္ခဏာကို သဘောအားဖြင့်ထိုးထွင်း သိမြင်၍ မြတ်စွာဘုရားသည် ထိုထိုတရားတို့ကို ဝေဘန်တော်မူအပ်ကုန်၏ဟု မြတ်စွာဘုရား၌ ယုံကြည်သောအားဖြင့် ဤတရားတို့သည် ဤသို့ ထူးကုန်၏-ဟု ကြံဆ၍ သင်ခြင်း, မေးမြန်းခြင်း အစရှိသည်တို့၏ အစွမ်းဖြင့် ထိုတရားတို့၏ သဘောကို သိစေခြင်းငှာ အားထုတ်

ခြင်းကို ပြုအပ်၏။ ထိုထိုသို့သော အရာ၌ ဘောက်ပြန်သော အာရုံကို သိကုန်သည် ဖြစ်၍ ပြင်းစွာ တွေဝေခြင်းသို့ မရောက်အပ်။ ဤသည်လျှင် ဤအားထုတ်ခြင်း၌ အဋ္ဌကထာ ဆရာတို့၏ အဆုံးအမတည်း။

မြဲသောအားဖြင့် ထိုစိတ်တို့၌ ဖြစ်သောကြောင့် အလုံးစုံကုန်သော တခုယုတ် ကိုးဆယ်သော စိတ်တို့နှင့် ဆက်ဆံကုန်သောကြောင့် ထိုစေတသိက်တို့သည် **သဗ္ဗစိတ္တသာဓာရဏ** [၁] မည်ကုန်၏။

---

## ပကိဏ်းစေတသိက် ၆-ပါး

၃။ ။**ဝိတက္ကော, ဝိစာရော, အဓိမောက္ခော, ဝီရိယံ, ပီတိ, ဆန္ဒော စာ တိ ဆ ဣမေ စေတသိကာ ပကိဏ္ဏကာ နာမ။**

(၁) သမ္ပယုတ် တရားတို့ကို အာရုံသို့ ရှေးရှုတင်ခြင်း လက္ခဏာ ရှိသော **ဝိတက်** စေတသိက်ငင်း၊

(၂) အာရုံ၌ သမ္ပယုတ်တရားတို့ကို သုံးသပ်စေခြင်း လက္ခဏာ ရှိသော **ဝိစာရ** စေတသိက်ငင်း၊

(၃) အာရုံကို ဆုံးဖြတ်ခြင်း လက္ခဏာ ရှိသော **အဓိမောက္ခ** စေတသိက်ငင်း၊

(၄) သမ္ပယုတ်တရားတို့ကို ထောက်ပံ့ ခိုင်စေခြင်း လက္ခဏာ ရှိသော **ဝီရိယ** စေတသိက်ငင်း၊

(၅) အာရုံကို နှစ်သက်ခြင်း လက္ခဏာ ရှိသော **ပီတိ** စေတသိက်ငင်း၊

(၆) ပြုလိုကာမတ္တသာ လက္ခဏာ ရှိသော **ဆန္ဒ** စေတသိက်ငင်း၊ ဤသို့သော အပြားအားဖြင့် ခြောက်ပါး အပြားရှိကုန်သော ဤစေတသိက်တို့သည် ပကိဏ်းစေတသိက်ဟူသော အမည်ရှိကုန်၏။

---

[၁] ဘယ်စိတ်နှင့် မဆို အမြဲ ယှဉ်သောကြောင့် **သဗ္ဗစိတ္တသာဓာရဏ** မည်၏။

## ပကိဏ်းစေတသိက် ၆-ပါးအတွင်း

### အဓိမောက္ခစေတသိက်

၃။ ။အာရုံကို ဆုံးဖြတ်ခြင်းသည် **အဓိမောက္ခ** မည်၏၊ ထို အဓိမောက္ခသည် အာရုံကို ဆုံးဖြတ်ခြင်းလက္ခဏာ ရှိ၏။ အဘယ် နှင့် တူသနည်းဟူမူ၊ အာရုံ၌ တုန်လှုပ်ခြင်း မရှိသည် အဖြစ်ကြောင့် မြဲမြံစွာ စိုက်အပ်သော ကျောက်စာတိုင်ကဲ့သို့ မှတ်အပ်၏။

### ဝီရိယစေတသိက်

ရဲရင့်သောသူတို့၏ အဖြစ်သည် **ဝီရိယ** မည်၏၊ တနည်း—ရဲရင့် သော သူတို့၏ အမှုသည် **ဝီရိယ** မည်၏၊ တနည်း—လျောက်ပတ် သော အားဖြင့် ဖြစ်စေအပ်သောကြောင့် အားထုတ်ခြင်း လုံ့လသည် **ဝီရိယ** မည်၏၊ ထိုဝီရိယသည် သဟဇာတ် တရားတို့ကို ထောက်ပံ့ ခြင်း လက္ခဏာ ရှိ၏။ အဘယ့်ကြောင့် ထောက်ပံ့ခြင်း လက္ခဏာ ရှိပါသနည်းဟူမူ၊ ဝီရိယ၏ အစွမ်းဖြင့် ထိုသဟဇာတ်တရားတို့၏ ဆုတ်နစ်သော ဖြစ်ခြင်းသည် မဖြစ်။ ဝါ-မဆုတ်နစ်။ ထို့ကြောင့် ဤဝီရိယ၏ ဝိတက်အစရှိသော စေတသိက် တို့နှင့် ထူးခြားပုံသည် အလွန် ထင်ရှား၏။

### ဆန္ဒစေတသိက်

အလိုရှိခြင်းသည် **ဆန္ဒ** မည်၏၊ အာရုံကို အလိုရှိကာမျှ ဖြစ်သော သဘောကို **ဆန္ဒ**ဟု ဆိုအပ်၏၊ ထိုဆန္ဒသည် အမှုကို ပြုလိုသည် အဖြစ်ဟူသော လက္ခဏာ ရှိ၏။ ထို့ကြောင့် ဤဆန္ဒကို စိတ်၏ အာရုံကို ယူရာ၌ လက်ကို ဆန့်ခြင်းကဲ့သို့ ဆိုအပ်၏။ ဒါနဝတ္ထုကို စွန့်သည် အစွမ်းဖြင့် ဖြစ်သော ကာလ၌လည်း ဤဆန္ဒသည် စွန့်အပ်သော ထိုဝတ္ထုဖြင့် အလိုရှိအပ်၏။ အဘယ်ကဲ့သို့နည်း ဟူမူ ပစ်အပ်သော မျှားတို့ကို ကောက်ယူရာ၌ အလိုရှိသော လေးသမား ကဲ့သို့တည်း။ သောဘဏ စိတ်တို့၌ဋငင်း၊ ထိုသောဘဏမှ တပါး

ကုန်သော အသောဘဏစိတ်တို့၌ငင်း၊ အပြားအားဖြင့် ပြိုးပြွမ်း ယှဉ်တတ်ကုန်သောကြောင့် **ပကိဏ်းစေတသိက်** [၁] မည်ကုန်၏။

---

## ၄။ ။ဝေမေတေ တေရသ စေတသိကာ အညသမာနာတိ ဝေဒိတဗ္ဗာ။

ဤသို့ တဆဲ့သုံးပါးကုန်သော ထိုစေတသိက်တို့ကို အညသမာန်း စေတသိက် အမည် ရှိကုန်၏ ဟူ၍သိအပ်ကုန်၏။

---

၄။ ။သောဘဏ စိတ်ကို ငဲ့ခြင်းကြောင့် သောဘဏ စိတ်မှ တပါးကုန်သော အသောဘဏ စိတ်တို့သည် **တပါး** မည်ကုန်၏။ သောဘဏစိတ်မှ တပါးကုန်သော အသောဘဏစိတ်ကို ငဲ့ခြင်းကြောင့် သောဘဏ စိတ်တို့သည် **တပါး** မည်ကုန်၏။ ထိုသောဘဏစိတ်, အသောဘဏစိတ်တို့နှင့် တူကုန်၏။ ဥဒ္ဓစ္စ, သဒ္ဓါစသော စေတသိက်တို့ကဲ့သို့ အကုသိုလ်စိတ်စသော သဘော မရှိကုန်။ ထို့ကြောင့် **အညသမာန်း** [၂] မည်ကုန်၏။

---

၁–ယှဉ်သင့်သော စိတ်နှင့်သာ ယှဉ်၍ မယှဉ်သင့်သော စိတ်နှင့် မယှဉ်-ဤသို့ ယှဉ်သင့်သလို အပြားအားဖြင့် ပြို ပြွမ်း ယှဉ်သောကြောင့် **ပကိဏ်း** စေတသိက်မည်၏။

၂–စိတ်အကုန်နှင့် မယှဉ်မူ၍ တပါးပါးနှင့်သာ ယှဉ်သောကြောင့် **အညသမာန်း** စေတသိက် မည်၏။ သောဘဏစိတ်နှင့် ယှဉ်သော အခါ အသောဘဏစိတ်မှ တပါးဖြစ်သော စိတ်နှင့် ယှဉ်သည်မည်၏။ အသောဘဏစိတ်နှင့် ယှဉ်သော အခါ သောဘဏစိတ်မှတပါး ဖြစ်သော စိတ်နှင့် ယှဉ်သည် မည်၏-ဟူလို။

အကုသိုလ်, အဗျာကတ်, သောဘဏစိတ်တို့နှင့် ယှဉ်သောကြောင့် အညသမာန်းရာသီကို ရှေးဦးစွာ မိန့်ဆိုရ၏။

အလုံးစုံသော စိတ်တို့နှင့် ယှဉ်သည် ဖြစ်၍ အရာ ကျယ်သောကြောင့် သဗ္ဗစိတ္တသာဓာရဏ စေတသိက်ကို ရှေးဦးစွာ မိန့်ဆို၏။

ပါဠိတော်၌ ဖဿပဉ္စကရာသီကို ရှေးဦးစွာ ဟော၍ ဖဿစေတသိက်ကို ရှေးဦးစွာ မိန့်ဆိုရ၏။

## အကုသိုလ်စေတသိက် ၁၄-ပါး

၅။ ။**မောဟော, အဟိရိကံ, အနောတ္တပ္ပံ,ဥဒ္ဓစ္စံ, လောဘော, ဒိဋ္ဌိ, မာနော, ဒေါသော, ဣဿာ, မစ္ဆရိယံ, ကုက္ကုစ္စံ, ထိနံ, မိဒ္ဓံ, ဝိစိကိစ္ဆာစေတိ စုဒ္ဒသိမေ စေတသိကာ အကုသလာ နာမ။**

(၁) အာရုံ၏ သဘောကို ဖုံးလွှမ်းခြင်း လက္ခဏာ ရှိသော **မောဟ** စေတသိက်ငင်း၊

(၂) ကာယဒုစ္စရိုက် စသည်မှ မရှက်ခြင်း လက္ခဏာ ရှိသော **အဟိရိက** စေတသိက်ငင်း၊

(၃) ကာယဒုစ္စရိုက် စသည်မှ မလန့်ခြင်း လက္ခဏာ ရှိသော **အနောတ္တပ္ပ** စေတသိက်ငင်း၊

(၄) စိတ်၏ မငြိမ်သက်ခြင်း, ပျံ့လွင့်ခြင်း လက္ခဏာ ရှိသော **ဥဒ္ဓစ္စ** စေတသိက်ငင်း၊

(၅) အာရုံ၌ ငြိသောအားဖြင့် တပ်ခြင်း လက္ခဏာ ရှိသော **လောဘ** စေတသိက်ငင်း၊

(၆) မှားသောအားဖြင့် နှလုံးသွင်းခြင်း လက္ခဏာ ရှိသော **ဒိဋ္ဌိ** စေတသိက်ငင်း၊

(၇) မိမိကိုယ်ကို ငါသာလျှင် မြတ်၏ဟူ၍ မှန်ကင်းကဲ့သို့ ထောင်လွှားခြင်း လက္ခဏာ ရှိသော **မာန** စေတသိက်ငင်း၊

(၈) ကြမ်းထမ်းသော အားဖြင့် ပြစ်မှားခြင်း လက္ခဏာ ရှိသော **ဒေါသ** စေတသိက်ငင်း၊

(၉) သူတပါး စည်းစိမ်ကို ငြူစူခြင်း လက္ခဏာ ရှိသော **ဣဿာ** စေတသိက်ငင်း၊

(၁၀) မိမိ စည်းစိမ်ကို လျှို့ဝှက်ခြင်း လက္ခဏာ ရှိသော **မစ္ဆရိယ** စေတသိက်ငင်း၊

(၁၁) ပြုအပ်ပြီးသော ဒုစ္စရိုက်, မပြုလိုက်မိသော သုစရိုက် တို့၌ အဖန်တလဲလဲ စိုးရိမ်ခြင်း လက္ခဏာ ရှိသော **ကုက္ကုစ္စ** စေတသိက်ငါး၊

(၁၂) စိတ်၏ မခံ့ခြင်း လက္ခဏာ ရှိသော **ထိန** စေတသိက်ငါး၊

(၁၃) စေတသိက်တို့၏ မခံ့ခြင်း လက္ခဏာ ရှိသော **မိဒ္ဓ** စေတသိက်ငါး၊

(၁၄) အာရုံကို မဆုံးဖြတ်နိုင်ခြင်း လက္ခဏာ ရှိသော **ဝိစိ-ကိစ္ဆာ** စေတသိက်ငါး၊ ဤသို့ ၁၄-ပါး ကုန်သော ဤစေတသိက် တို့သည် အကုသိုလ်စေတသိက် အမည် ရှိကုန်၏။

---

## အကုသိုလ်စေတသိက် ၁၄-ပါးအဘွင့်

၅။ ။ဤ ဆိုအပ်ပြီးသော နည်းဖြင့် ရှေးဦးစွာ သဗ္ဗစိတ္တ-သာဓာရဏစေတသိက် အစွမ်းဖြင့်ငါး, ပကိဏ်းစေတသိက် အစွမ်း ဖြင့်ငါး သောဘဏသဘော, အသောဘဏသဘော ရှိကုန်သော ၁၃-ပါးသော စေတသိက်တို့ကို အကျဉ်း ပြပြီး၍ ယခုအခါ၌ အောက်ဖြစ်သော စိတ်ကို ခွဲဝေခြင်း၌ ပြအပ်ပြီးသော အစဉ်ဖြင့် အကုသိုလ်တရား၌ အကျုံးဝင်ကုန်သော စေတသိက်တို့ကို ရှေးဦးစွာ ပြခြင်းငှာ ထို့နောက်မှ သောဘဏတရား၌ အကျုံးဝင်ကုန်သော စေတသိက်တို့ကို ပြခြင်းငှာ **"မောဟော"**[၁] ဤသို့ အစရှိသော စကားကို မိန့်ဆိုအပ်ပါသတည်း။

---

၁—အောက်ပါစိတ်ပိုင်း၌ ဆိုအပ်သော အစဉ်အားလျော်စွာ အကုသိုလ် စေတသိက်ကို ရှေ့ထား ဆိုရ၏။

အလုံးစုံသော အကုသိုလ်စိတ်နှင့် ယှဉ်သော စေတသိက်ကို ပြဆိုခြင်းငှာ **မောဟ** စေတသိက်ကို ရှေးဦးစွာမိန့်ဆိုရ၏။

သဗ္ဗစိတ္တသာဓာရဏ စေတသိက်တို့တွင်လည်း မူလဖြစ်သောကြောင့် **မောဟ** ကို ရှေးဦးစွာ မိန့်ဆိုရ၏။

## **အဟိတ်စေတသိက်ကိုမဆိုရခြင်းအကြောင်း**

အဟိတ် မည်ကုန်သော အသီးအခြား ဖြစ်ကုန်သော စေတသိက်တို့သည် မရှိသောကြောင့် ထို **အဟိတ်စေတသိက်**[၁] တို့ကို အသီးအခြား မဆိုအပ်ကုန်။

မှတ်ချက်။ ။အဟိတ် စိတ်၌သာ အသီးအခြား ယှဉ်သော စေတသိက် မရှိခြင်းကြောင့် အဟိတ် စေတသိက် ဟူ၍ မရှိတော့ပါ—ဟူလို။

## **မောဟစေတသိက်**

အာရုံ၌ တွေဝေတတ်သောကြောင့် ဉာဏ်၏ ဆန့်ကျင်ဘက် ဖြစ်သော တရားသည် **မောဟ** မည်၏၊ ထိုမောဟသည် အာရုံ၏ သဘောကို ဖုံးလွှမ်းခြင်း လက္ခဏာ ရှိ၏။ အကြောင်းသော်ကား ဤမောဟသည် အာရုံကို ယူခြင်း၏ အစွမ်းဖြင့် ဖြစ်သော်လည်း ထိုအာရုံ၏ ဟုတ်မှန်သော သဘောကို ဖုံးလွှမ်းသော အခြင်းအရာအားဖြင့်သာလျှင် ဖြစ်သောကြောင့်တည်း။

## **အဟိရိကစေတသိက်**

ကာယဒုစ္စရိုက် စသည်တို့မှ မရှက်တတ်, မစက်ဆုပ်တတ်သောကြောင့် မရှက်သောလူသည်၎င်း၊ တရားအပေါင်းသည်၎င်း **အဟိရိက** မည်၏၊ မရှက်တတ်သူ၏ ဖြစ်ကြောင်းသည် **အဟိရိက္က** မည်၏၊ ထိုအဟိရိက္က သဒ္ဒါသည်ပင် **အဟိရိက** မည်၏။

## **အနောတ္တပ္ပစေတသိက်**

ကာယဒုစ္စရိုက် စသည်တို့မှ မကြောက်တတ် သောကြောင့် **အနောတ္တပ္ပ** မည်၏။

---

၁—အဟိတ်စိတ်၌ ယှဉ်သော စေတသိက် အသီး အခြား မရှိသောကြောင့် **အဟိတ်စေတသိက်** မရှိ-ဟုမှတ်။

## အဟိရိကနှင့် အနောတ္တပ္ပအထူး

ထိုအဟိရိက, အနောတ္တပ္ပနှစ်ပါးတို့တွင် ရွာသူတို့၏ ဝက်သည် မစင်ကို မစက်ဆုပ်သကဲ့သို့ အဟိရိကသည် ကာယဒုစ္စရိုက် စသည်ကို မစက်ဆုပ်ခြင်း လက္ခဏာ ရှိ၏။ မီးကို ပိုးနှံသည် မကြောက်မလန့် သကဲ့သို့ အနောတ္တပ္ပသည် ထိုကာယဒုစ္စရိုက် စသည်ကို မကြောက် လန့်ခြင်း လက္ခဏာ ရှိ၏။ ထို့ကြောင့် ရှေးဆရာတို့သည်—

ဇိဂုစ္ဆတိ နာဟိရိကော၊ပါပါ ဂူထာဝ သူကရော။
န ဘာယတိ အနောတ္တပ္ပီ၊ သလဘော ဝိယ ပါဝကာ။ ။

ဟု မိန့်ကုန်ပြီ။

## အဓိပ္ပါယ်ကား

ရွာသူတို့၏ ဝက်သည် မစင်ကို မစက်ဆုပ်တတ်သကဲ့သို့ အရှက် မရှိသော သူသည် မကောင်းမှုကို မစက်ဆုပ်တတ်၊ ပိုးနှံကောင်သည် မီးကို မကြောက် မလန့်သကဲ့သို့ အကြောက်အလန့် ဩတ္တပ္ပ မရှိသော သူသည် မကောင်းမှုကို မကြောက်တတ်။

## ဥဒ္ဓစ္စစေတသိက်

မငြိမ်သက်သော စိတ်, စိတ်ရှိသောသူ၏ ဖြစ်ကြောင်းသည် **ဥဒ္ဓစ္စ** မည်၏၊ ထိုဥဒ္ဓစ္စသည် စိတ်၏ မငြိမ်သက်ခြင်း လက္ခဏာ ရှိ၏၊ အဘယ်ကဲ့သို့နည်းဟူမူ၊ ကျောက်ခဲဖြင့် ခပ်မိ၍ အထက်သို့ တက်သော ပြာကဲ့သို့တည်း။

## လောဘစေတသိက်

လိုချင် တပ်မက်တတ်သောကြောင့် **လောဘ** မည်၏၊ ထိုလောဘ သည် အာရုံ၌ မျောက်နဲ့စေးကဲ့သို့ အလွန်ကပ်ငြိတတ်သော လက္ခဏာ ရှိ၏။

## ဆန္ဒနှင့် လောဘတို့၏အထူး

အာရုံကို အလိုရှိကာမျှသည် **ဆန္ဒ**[၁] မည်၏၊ ထိုအာရုံ၌ အလွန် အလိုရှိခြင်းသည် **လောဘ** မည်၏၊ ဤသည်ကား ဆန္ဒနှင့် လောဘ အထူးတည်း။

## ဒိဋ္ဌိစေတသိက်

ဒိဋ္ဌိသည် ဤငါ၏ အယူသာ မှန်၏၊ တပါးသော သူ၏ အယူသည် အချည်းနှီးသာတည်းဟု မှားသောအားဖြင့် နှလုံးသွင်းခြင်း လက္ခဏာ ရှိ၏၊

## ဉာဏ်နှင့် ဒိဋ္ဌိအထူး

ဉာဏ်[၂] နှင့် ဒိဋ္ဌိတို့၏ အထူးကား—**ဉာဏ်**သည်အာရုံကိုဟုတ်မှန် တိုင်းသော သဘောဖြင့် သိတတ်၏၊ **ဒိဋ္ဌိ**သည် ဟုတ်မှန်သော သဘောကို စွန့်၍ မဟုတ် မမှန်သော အားဖြင့် ယူတတ်၏၊ ဤသည်ကား ထိုဉာဏ် ဒိဋ္ဌိတို့၏ အထူးတည်း။

## မာနစေတသိက်

ငါသည် မြတ်သူ ဖြစ်၏၊ ဤသို့ အစရှိသည်ဖြင့် ထင်မှတ်တတ် သောကြောင့် **မာန** မည်၏၊ ထိုမာနသည် ထောင်လွှား တက်ကြွ ခြင်း လက္ခဏာ ရှိ၏၊ ထို့ကြောင့် မာနကို မှန်ကင်းကဲ့သို့ ပြုလိုခြင်း လျှင် ထင်သော အခြင်းအရာ ရှိ၏-ဟု မိန့်တော်မူအပ်၏။

## ဒေါသစေတသိက်

ပြစ်မှားတတ်သောကြောင့် **ဒေါသ** မည်၏၊ ထိုဒေါသသည် ကြမ်းထမ်းသည် အဖြစ်လျှင် လက္ခဏာ ရှိ၏၊ တုတ်ဖြင့် ခပ်မိသော မြွေဟောက်နှင့် တူ၏။

---

၁—အာရုံကို အလိုရှိကာမျှ သဘောသည် **ဆန္ဒ** မည်၏၊ အာရုံကို တပ်မက်သောအားဖြင့် အလွန်အလိုရှိသောသဘောသည် **လောဘ** မည်၏၊ ဤကားအထူး။

၂—**ဉာဏ်** သည် အာရုံကို ဟုတ်မှန်သောသဘောအားဖြင့် သိတတ်၏၊ **ဒိဋ္ဌိ** သည်မဟုတ် မမှန်သောအားဖြင့် ယူတတ်၏၊ ဤကားအထူး။

## ဣဿာစေတသိက်

ငြူစူတတ်သောကြောင့် **ဣဿာ** [၁] မည်၏၊ ထိုဣဿာသည် သူတပါး စည်းစိမ်ချမ်းသာကို ငြူစူခြင်း လက္ခဏာ ရှိ၏။

## မစ္ဆရိယစေတသိက်

မိမိစည်းစိမ်ကို ဝန်တိုသော သူ၏ အဖြစ်သည် **မစ္ဆရိယ** မည်၏၊ တနည်းကား—ဤအံ့ဘွယ်သရဲသည် တပါးသော သူတို့အား မဖြစ်ပါစေသတည်း၊ ငါ့အားသာ ဖြစ်ပါစေသတည်း၊ ဤသို့ဖြစ်သော သဘောတရားသည် **မစ္ဆရိယ** မည်၏၊ ထိုမစ္ဆရိယသည် မိမိ စည်းစိမ်ကို လျှို့ဝှက်ခြင်း လက္ခဏာ ရှိ၏။

## ကုက္ကုစ္စစေတသိက်

ပြုအပ်ပြီးသော ဒုစ္စရိုက်ကံ, မပြုလိုက်မိသော သုစရိုက်ကံသည် စက်ဆုပ်အပ်သော အမှုအရာ ဖြစ်သောကြောင့် **ကုကတ** မည်၏၊ ထိုစကားမှန်၏၊ မပြုမိသော သုစရိုက်ကိုလည်း **ကုကတ**-ဟု လူတို့ ခေါ်ဝေါ်ကြကုန်၏။ အဘယ်သို့ ခေါ်ကြသနည်းဟူမူ၊ အကြင် သုစရိုက်ကို ငါသည် မပြုအပ်သေး၊ ထိုသုစရိုက်သည် စက်ဆုပ်အပ်သော အမှုအရာတည်းဟု ခေါ်ကြကုန်၏။ ဤကုက္ကုစ္စအရာ၌ကား ပြုအပ်ပြီးသော ဒုစ္စရိုက်, မပြုမိသော သုစရိုက်ကို အကြောင်းပြု၍ ဖြစ်သော နှလုံး မသာယာသော စိတ္တုပ္ပါဒ်သည် **ကုကတ** မည်၏၊ ထိုနှလုံး မသာယာသော စိတ္တုပ္ပါဒ်၏ အဖြစ်သည် **ကုက္ကုစ္စ** မည်၏။ ထိုကုက္ကုစ္စသည် ပြုအပ်ပြီးသော ဒုစ္စရိုက်, မပြုမိသော သုစရိုက်တို့ကို အာရုံ ပြုသောအားဖြင့် အဖန်တလဲလဲ စိုးရိမ်ခြင်း လက္ခဏာ ရှိ၏။

## ထိန မိဒ္ဓစေတသိက်

စိတ်၏ အမှု၌ မခံ့ခြင်းသည် **ထိန** မည်၏၊ အားထုတ်ခြင်း ကင်းသည် ဖြစ်၍ တွန့်တို ဆုတ်နစ်သည် အစွမ်းဖြင့် ပျင်းရိသည်

---

၁—**ဣဿာ** သည် သူတပါး စည်းစိမ်ကို ငြူစူတတ်၏။ **မစ္ဆရိယ** ကား မိမိစည်းစိမ်ကို လျှို့ဝှက်တတ်၏၊ ဤကားအထူး။

အဖြစ်သည် **ထိန** မည်၏၊ စေတသိက်တို့၏ မခံ့ခြင်းသည် **မိဒ္ဓ** မည်၏၊ အစွမ်းသတ္တိ ကင်းသော စိတ်၏ အဖြစ်သည် **မိဒ္ဓ** မည်၏၊ တနည်းကား—သမ္ပယုတ်တရားတို့၏ အစွမ်းသတ္တိ မရှိသည် အဖြစ် တည်းဟူသော ပင်ပန်းခြင်းသည်လည်း **မိဒ္ဓ** မည်၏။

## ထိနမိဒ္ဓအထူး

ထိုနှစ်ပါးတို့တွင် **ထိန** [၁] သည် စိတ်၏ အမှု၌ မခံ့ခြင်း လက္ခဏာ ရှိ၏၊ **မိဒ္ဓ** သည် ဝေဒနာစသော ခန္ဓာသုံးပါး၏ အမှု၌ မခံ့ခြင်း လက္ခဏာ ရှိ၏၊ ဤကား ထိုထိန,မိဒ္ဓတို့၏ အထူးတည်း။ ထို့ကြောင့် ဓမ္မသင်္ဂဏီပါဠိတော်၌—

တတ္ထ ကတမံ ထိနံ၊ ယာ စိတ္တဿ အကလ္လတာ အကမ္မညတာ၊
တတ္ထ ကတမံ မိဒ္ဓံ၊ ယာ ကာယဿ အကလ္လတာ အကမ္မညတာ။

ဤသို့စသည်ဖြင့် ဤထိန, မိဒ္ဓတို့၏ နိဒ္ဒေသသည် ဖြစ်၏။ အဓိပ္ပါယ်ကား-ထိုထိန,မိဒ္ဓတို့တွင် အဘယ်သည် ထိနမည်သနည်း၊ စိတ်၏ အကြင် အမှု၌ မခံ့သည် အဖြစ်သည် ရှိ၏၊ ထိုအမှု၌ မခံ့သည် အဖြစ်သည် **ထိန** မည်၏။ ထိုထိနမိဒ္ဓ နှစ်ပါးတို့တွင် အဘယ်သည် **မိဒ္ဓ** မည်သနည်း၊ ဝေဒနာစသော ခန္ဓာသုံးပါးအပေါင်း၏ အကြင်အမှု၌ မခံ့သည် အဖြစ်သည် ရှိ၏၊ ထိုအမှု၌ မခံ့သည် အဖြစ်သည် **မိဒ္ဓ** မည်၏။

စောဒနာဦးအံ့—ပါဠိတော်၌ "ကာယဿ" ဟု ဟောတော်မူသောကြောင့် ရူပကာယ၏လည်း အမှု၌ မခံ့သည် အဖြစ်သည် **မိဒ္ဓ** မည်၏၊ ထို့ကြောင့် ထိုမိဒ္ဓ၏လည်း ရုပ်အဖြစ်သည် ဖြစ်သင့်သည် မဟုတ်ပါလောဟူမူ၊ မဖြစ်သင့်၊ အဘယ့်ကြောင့် မဖြစ်သင့်ပါ သနည်း-ဟူမူ၊ ထိုထိုသို့သော ကျမ်းတို့၌ ဆရာတို့သည် ဆောင်အပ်သော အကြောင်း၏ အစွမ်းဖြင့် ထိုမိဒ္ဓ၏ ရုပ်အဖြစ်ကို ပယ်မြစ်

---

၁–စိတ်၏ မခံ့ခြင်းသည် ထိန မည်၏၊ စေတသိက်၏ မခံ့ခြင်းသည် **မိဒ္ဓ** မည်၏။

အပ်သောကြောင့် မဖြစ်သင့်၊ ထို့ကြောင့်ရုပ်သည် မိဒ္ဓ မည်၏-ဟု ယူကုန်သော ဆရာတို့၏ အယူကို တားမြစ်ခြင်းငှါ ထိုဆရာတို့၏ အယူကို ထားခြင်းလျှင် ရှေသွားရှိသော အကြောင်းကို အဋ္ဌကထာ စသည်တို့၌ ဆရာတို့သည် များစွာ ချဲ့ကြကုန်၏။ ဤဆိုလတံ့ သည်ကား ဤကျမ်း၌အကျဉ်းရုံး၍ ပြသော သင်္ဂဟဂါထာတည်း။

## ဂါထာအဓိပ္ပါယ်

[က] အချို့ကုန်သော ဆရာတို့သည် မိဒ္ဓသည် ရုပ်မည်၏ဟု ဆိုကုန်၏၊ ထိုစကားသည် မသင့်၊ အဘယ့်ကြောင့် မသင့်သနည်း ဟူမူ၊ ကာမစ္ဆန္ဒအစရှိသည်တို့ကဲ့သို့ မိဒ္ဓကိုလည်း မဂ်ဖြင့် ပယ်အပ် ကုန်သော နီဝရဏတရားတို့၌ မြတ်စွာဘုရားသည် ဟောတော် မူအပ်သောကြောင့် မသင့်။

[ခ] ထိုမိဒ္ဓကို မဂ်ဖြင့် ပယ်အပ်ကုန်သော နီဝရဏတရားတို့၌ ဟောအပ်၏၊ ရုပ်ကိုကား သောတာပတ္တိမဂ် အစရှိသည်ဖြင့် ပယ်အပ် ၏-ဟု မဟောအပ်သောကြောင့် မသင့်။

[ဂ] ရဟန်းတို့ "ရုပ်သည် သင်တို့၏ ဥစ္စာမဟုတ်၊ ထိုရုပ်ကို သင်တို့သည် ပယ်ကြကုန်လော"ဟု မြတ်စွာဘုရားသည် ဟောတော် မူအပ်သည် အဖြစ်ကြောင့် ထိုသုတ်၌ ရုပ်၏လည်း ပယ်အပ်သည် အဖြစ်ဟု ဆိုအပ်သော အဓိပ္ပါယ်အမြွက်သည် ထင်ခဲ့၏။

[ဃ] ထိုသုတ်၌ ထိုရုပ်လျှင် အာရုံရှိသော ဆန္ဒရာဂ ပယ်ခြင်းကို မြတ်စွာဘုရားသည် ဟောတော်မူအပ်၏၊ စင်စစ် ရုပ်ကို ပယ်ခြင်းငှါ မဟောအပ်၊ အဘယ့်ကြောင့် ဆိုသော် ထိုသုတ်၌ပင် ''ယော ဆန္ဒရာဂဝိနယော'' ဤသို့ အစရှိသော စကားကို မြတ်စွာဘုရား ဟောတော်မူသောကြောင့်တည်း။

[င] ရုပ်,နာမ် ဖြစ်ကုန်သော မိဒ္ဓတို့တွင် နာမ်ဖြစ်သော မိဒ္ဓကို ထိုသုတ္တန်ပါဠိတော်၌ ဟောအပ်၏-ဟု တစုံတယောက်သော ဆရာသည် အကယ်၍ ဆိုငြားအံ့၊ ဤသို့ ဆိုသည် ရှိသော် ထိုသုတ္တန်

ပါဠိ၌ "မိဒ္ဓံပဟာယ"ဟု သာမညအားဖြင့်သာ မြတ်စွာဘုရား ဟောတော်မူအပ်သောကြောင့် ရုပ်ဖြစ်သော မိဒ္ဓသည် မရှိ။

[စ] အကြင်မိဒ္ဓကို ရုပ်ဟူ၍ အရှင်သည် ကြံစည်အပ်၏၊ ထိုရုပ်ဖြစ်သော မိဒ္ဓသည် နာမ်ဖြစ်သော မိဒ္ဓကဲ့သို့ မိဒ္ဓ ဖြစ်ပါမူ နီဝရဏ မည်သင့်ရာ၏၊ ထို့ကြောင့် ရုပ်မိဒ္ဓ မဖြစ်သင့်ခြင်းကို ဆ၍ သိသင့်ရာ၏၊ ထို့ကြောင့် ရုပ်သည် မိဒ္ဓ မဖြစ်သင့်။

[ဆ] သမ္ပယောဂ အဖြစ်ကို ဟောတော်မူခြင်းကြောင့်၎င်း ထိုမိဒ္ဓသည် ရုပ်မဖြစ်၊ ဤသို့ ဆုံးဖြတ်ခြင်းကို ပြုအပ်၏၊ နာမ်ဖြစ်ကုန်သော ခန္ဓာတို့၏သာ အချင်းချင်း ယှဉ်ခြင်းကို ဆိုအပ်၏၊ ထို့ကြောင့် ရုပ်သည် မိဒ္ဓ မမည်။

[ဇ] အရူပဘုံ၌ မိဒ္ဓ ဖြစ်သည် အဖြစ်ကို ဟောတော်မူခြင်းကြောင့် ရုပ်ဖြစ်သော မိဒ္ဓ မရှိသင့်၊ ရဟန္တာတို့အား ကိုယ်၏ ကျင်နာခြင်း ရှိသည် အဖြစ်ကြောင့် အိပ်ခြင်းသည် ဖြစ်ရာ၏။

---

**သောဘဏစေတသိက်**

**သောဘဏသာဓာရဏ စေတသိက် ၁၉-ပါး**

၆။ **။သဒ္ဓါ,သတိ,ဟိရီ,ဩတ္တပ္ပံ,အလောဘော,အဒေါသော, တတြမဇ္ဈတ္တတာ, ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ, ကာယ လဟုတာ, စိတ္တလဟုတာ, ကာယမုဒုတာ, စိတ္တမုဒုတာ, ကာယကမ္မညတာ, စိတ္တကမ္မညတာ, ကာယပါဂုညတာ, စိတ္တပါဂုညတာ,ကာယုဇုကတာ, စိတ္တုဇုကတာ စေတိ ဧကူနဝီသတိမေ စေတသိကာ သောဘဏသာဓာရဏာ နာမ။ ။**

(၁) ဘုရား အစရှိသော ကောင်းသော အာရုံ၌ သမ္ပယုတ် တရားတို့ကို ကြည်လင်စေခြင်း လက္ခဏာ ရှိသော **သဒ္ဓါ** စေတသိက်၎င်း၊

(၂) ဘုရား အစရှိသော ကောင်းသော အာရုံ၌ သမ္ပယုတ် တရားတို့ကို အောက်မေ့စေခြင်း လက္ခဏာ ရှိသော **သတိ** စေတသိက်ငင်း၊

(၃) ကာယဒုစ္စရိုက် စသည်မှ ရှက်ခြင်း လက္ခဏာ ရှိသော **ဟိရီ** စေတသိက်ငင်း၊

(၄) ကာယဒုစ္စရိုက် စသည်မှ လန့်ခြင်း လက္ခဏာ ရှိသော **ဩတ္တပ္ပ** စေတသိက်ငင်း၊

(၅) အာရုံ၌ ငြိသောအားဖြင့် မတပ်ခြင်း လက္ခဏာ ရှိသော **အလောဘ** စေတသိက်ငင်း၊

(၆) ကြမ်းထမ်းသောအားဖြင့် မပြစ်မှားခြင်း လက္ခဏာ ရှိသော **အဒေါသ** စေတသိက်ငင်း၊

(၇) ထိုထိုသို့သော အာရုံတို့၌ သမ္ပယုတ်တရားတို့ကို လျစ်လျူ ရှုစေခြင်း လက္ခဏာ ရှိသော **တတြမဇ္ဈတ္တတာ** စေတသိက်ငင်း၊

(၈) စေတသိက်တို့၏ ငြိမ်းခြင်း လက္ခဏာ ရှိသော **ကာယ-ပဿဒ္ဓိ** စေတသိက်ငင်း၊

(၉) စိတ်၏ ငြိမ်းခြင်း လက္ခဏာ ရှိသော **စိတ္တပဿဒ္ဓိ** စေတသိက်ငင်း၊

(၁၀) စေတသိက်တို့၏ ပေါ့ခြင်း လက္ခဏာ ရှိသော **ကာယ-လဟုတာ** စေတသိက်ငင်း၊

(၁၁) စိတ်၏ ပေါ့ခြင်း လက္ခဏာ ရှိသော **စိတ္တလဟုတာ** စေတသိက်ငင်း၊

(၁၂) စေတသိက်တို့၏ နူးညံ့ခြင်း လက္ခဏာ ရှိသော **ကာယ-မုဒုတာ** စေတသိက်ငင်း၊

(၁၃) စိတ်၏ နူးညံ့ခြင်း လက္ခဏာ ရှိသော **စိတ္တမုဒုတာ** စေတသိက်ငင်း၊

(၁၄) စေတသိက်တို့၏ အမှု၌ ကောင်းသော အဖြစ်လျှင် လက္ခဏာ ရှိသော **ကာယကမ္မညတာ** စေတသိက်ငင်း၊

(၁၅) စိတ်၏ အမှုၻ ကောင်းသော အဖြစ်လျှင် လက္ခဏာ ရှိသော **စိတ္တကမ္မညတာ** စေတသိက်ဌင်း၊

(၁၆) စေတသိက်တို့၏ လေ့လာခြင်း လက္ခဏာ ရှိသော **ကာယပါဂုညတာ** စေတသိက်ဌင်း၊

(၁၇) စိတ်၏ လေ့လာခြင်း လက္ခဏာ ရှိသော **စိတ္တပါဂုညတာ** စေတသိက်ဌင်း၊

(၁၈) စေတသိက်တို့၏ ဖြောင့်စွာ ဖြစ်ခြင်း လက္ခဏာ ရှိသော **ကာယုဇုကတာ** စေတသိက်ဌင်း၊

(၁၉) စိတ်၏ ဖြောင့်စွာ ဖြစ်ခြင်း လက္ခဏာ ရှိသော **စိတ္တုဇုကတာ** စေတသိက်ဌင်း၊ ဤသို့ တခုယုတ် နှစ်ဆယ်ကုန်သော ဤစေတသိက်တို့သည် အလုံးစုံသော သောဘဏစိတ်နှင့် ယှဉ်သည်, ဆက်ဆံသည် အဖြစ်ကြောင့် သောဘဏသာဓာရဏ စေတသိက် မည်ကုန်၏။

---

## သောဘဏသာဓာရဏ စေတသိက် ၁၉-ပါး အဘွင့်

### သဒ္ဓါအဘွင့်

၆။ ။ယုံကြည်တတ်သောကြောင့် ဘုရား စသည်တို့၌ ကြည်ညိုခြင်းသည် **သဒ္ဓါ** မည်၏၊ ထိုသဒ္ဓါသည် သမ္ပယုတ်တရားတို့ကိုကြည်လင်စေခြင်း လက္ခဏာရှိ၏၊ အဘယ်နှင့် တူပါသနည်းဟူမူ၊ ရေနောက်ကို ကြည်စေနိုင်သော စကြဝတေးမင်း၏ ပတ္တမြားရတနာနှင့် တူ၏။

### သတိအဘွင့်

အောက်မေ့ခြင်း,မမေ့မလျော့ခြင်းသည် **သတိ** [၁] မည်၏၊ ထိုသတိသည် သမ္ပယုတ်တရားတို့ကို အောက်မေ့စေခြင်း လက္ခဏာ ရှိ၏။

---

၁–ရှေး၌ ယူအပ်ပြီးသော အာရုံကို အမှတ်အသား မပြုမူ၍ သိမှုသည် **သညာ** မည်၏။ ရှေးဦးစွာ ယူအပ်ပြီးသော အာရုံကို ဖြစ်စေ, မယူအပ်သေးသော အာရုံကိုဖြစ်စေ, အမှတ်မပြုဘဲ ပြဓာန်းသောအားဖြင့် ထင်မြင်လာမှုသည် **သတိ** မည်၏၊ ဤကားအထူးတည်း။

## ဟိရီအဘွင့်

ကာယဒုစ္စရိုက် စသည်တို့ကို စက်ဆုပ်တတ်သောကြောင့် **ဟိရီ** မည်၏၊ ထိုဟိရီစေတသိက်သည် မကောင်းမှုကို စက်ဆုပ်ခြင်း လက္ခဏာ ရှိ၏။

## ဩတ္တပ္ပအဘွင့်

ကာယဒုစ္စရိုက် စသည်မှ ထိတ်လန့်တတ်သောကြောင့် **ဩတ္တပ္ပ** မည်၏၊ ထိုဩတ္တပ္ပသည် မကောင်းမှုကို ထိတ်လန့်ခြင်း လက္ခဏာ ရှိ၏။

## ဟိရီနှင့်ဩတ္တပ္ပအထူး

မိမိကိုယ်ကို ရိုသေသည်၏ အစွမ်းဖြင့် မကောင်းမှုကို စက်ဆုပ်တတ်သောကြောင့် **ဟိရီ** [၁] မည်၏၊ ၎င်းဟိရီသည် အမျိုးသမီးနှင့်တူ၏၊ သူတပါးကို ရိုသေသည်၏ အစွမ်းဖြင့် မကောင်းမှုကို ထိတ်လန့်တတ်သောကြောင့် **ဩတ္တပ္ပ** [၂] မည်၏၊ ထိုဩတ္တပ္ပသည် ပြည့်တန်ဆာမနှင့်တူ၏။

## အလောဘအဘွင့်

လောဘ၏ ဆန့်ကျင်ဘက် ဖြစ်သော တရားသည် **အလောဘ** မည်၏၊ ထိုအလောဘသည် အာရုံ၌ စိတ်၏ မကပ်ငြိခြင်း လက္ခဏာ ရှိ၏၊ အဘယ်နှင့် တူပါသနည်း ဟူမူ၊ ကိလေသာမှ လွတ်ပြီးသော ရဟန်းနှင့် တူ၏။

## အဒေါသအဘွင့်

ဒေါသ၏ ဆန့်ကျင်ဘက် ဖြစ်သော တရားသည် **အဒေါသ** မည်၏၊ ထိုအဒေါသသည် အာရုံ၌ မကြမ်းထမ်းခြင်း လက္ခဏာ

---

၁—အမျိုးချွေးမ ကဲ့သို့ မိမိဂုဏ်ကို အလေးပြု၍ မကောင်းမှုမှ ရှောင်ကြဉ်ခြင်းသည် ဟိရီ မည်၏။

၂—ပြည့်တန်ဆာမ ကဲ့သို့ တပါးသော မိတ်ဆွေ သင်္ဂဟ စသည်ကို ငဲ့၍ မကောင်းမှုမှ ရှောင်ကြဉ်ခြင်းသည် ဩတ္တပ္ပ မည်၏၊ ဤကားအထူး။

ရှိ၏၊ အဘယ်နှင့် တူပါသနည်း ဟူမူ၊ လျောက်ပတ်သော အဆွေ ခင်ပွန်းကောင်းနှင့် တူ၏၊

## တတြမဇ္ဈတ္တတာအဘွင့်

ထိုထိုတရားတို့၌ လျစ်လျူရှုသည် အဖြစ်သည် **တတြမဇ္ဈတ္တတာ** မည်၏၊ ထိုတတြမဇ္ဈတ္တတာသည် စိတ်,စေတသိက်တို့ကို လျစ်လျူ ရှုခြင်း လက္ခဏာရှိ၏၊ အဘယ်နှင့် တူသနည်းဟူမူ၊ အညီအညွတ် ဖြစ်ကုန်သော မြင်းတို့ကို လျစ်လျူ ရှုတတ်သော ရထားထိန်းနှင့် တူ၏။

## ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိအဘွင့်

ဝေဒနာ အစရှိသော စေတသိက် အပေါင်း၏ ငြိမ်းခြင်းသည် **ကာယပဿဒ္ဓိ** မည်၏၊ စိတ်၏ ငြိမ်းခြင်းသည် **စိတ္တပဿဒ္ဓိ** မည်၏၊ ထိုကာယပဿဒ္ဓိ,စိတ္တပဿဒ္ဓိ ၂-ပါးတို့သည် စေတသိက်,စိတ်တရား တို့၏ ပူပန်ခြင်းမှ ငြိမ်းခြင်း လက္ခဏာ ရှိကုန်၏။

## ကာယလဟုတာ စိတ္တလဟုတာအဘွင့်

ဝေဒနာအစရှိသော စေတသိက် အပေါင်း၏ ပေါ့သည်အဖြစ် သည်**ကာယလဟုတာ** မည်၏၊ ထို့အတူစိတ်၏ပေါ့သည်အဖြစ်သည် **စိတ္တလဟုတာ** မည်၏၊ ထိုကာယလဟုတာ, စိတ္တလဟုတာတို့သည် စေတသိက်, စိတ်တို့၏ လေးသည် အဖြစ်မှ ငြိမ်းခြင်းလက္ခဏာ ရှိကုန်၏။

## ကာယမုဒုတာ စိတ္တမုဒုတာအဘွင့်

ဝေဒနာ အစရှိသော စေတသိက်အပေါင်း၏ နူးညံ့သည်၏ အဖြစ်သည် **ကာယမုဒုတာ** မည်၏၊ ထို့အတူ စိတ်၏ နူးညံ့သည် အဖြစ်သည် **စိတ္တမုဒုတာ**မည်၏၊ ထိုကာယမုဒုတာ, စိတ္တမုဒုတာတို သည် ဝေဒနာ အစရှိသော စေတသိက်အပေါင်း, စိတ်တို့၏ ခက်တရော်ရှိသည် အဖြစ်မှ ငြိမ်းခြင်း လက္ခဏာ ရှိ၏။

## ကာယကမ္မညတာ စိတ္တကမ္မညတာအဘွင့်

အမှု၌ ကောင်းခြင်းသည် **ကမ္မည** မည်၏၊ ထိုအမှု၌ ကောင်းသည်၏ အဖြစ်သည် **ကမ္မညတာ** မည်၏၊ ဝေဒနာ အစရှိသော စေတသိက်တို့၏ အမှု၌ ကောင်းသည်အဖြစ်သည် **ကာယကမ္မညတာ** မည်၏၊ ထို့အတူ စိတ်၏ အမှု၌ ကောင်းသည် အဖြစ်သည် **စိတ္တကမ္မညတာ** မည်၏၊ ထိုကာယကမ္မညတာ, စိတ္တကမ္မညတာ နှစ်ပါးတို့သည် ဝေဒနာစသော စေတသိက်အပေါင်း, စိတ်တို့၏ အမှု၌ မကောင်းသည်အဖြစ်, မခံ့သည်အဖြစ်မှ ငြိမ်းခြင်း လက္ခဏာ ရှိကုန်၏။

## ကာယပါဂုညတာ စိတ္တပါဂုညတာအဘွင့်

လေ့လာသည်၏ အဖြစ်သည် **ပါဂုည** မည်၏၊ ထိုပါဂုညပုဒ်သည် ပင်လျှင် **ပါဂုညတာ** မည်၏၊ ဝေဒနာ အစရှိသော စေတသိက် အပေါင်း၏ လေ့လာသည် အဖြစ်သည် **ကာယပါဂုညတာ** မည်၏၊ ထို့အတူ စိတ်၏ လေ့လာသည် အဖြစ်သည် **စိတ္တပါဂုညတာ** မည်၏၊ ထိုကာယပါဂုညတာ, စိတ္တပါဂုညတာတို့သည် စေတသိက် စိတ်တို့၏ အနာရှိသော စိတ်၏ အဖြစ်ဟု ဆိုအပ်သော မသဒ္ဓါခြင်း အစရှိသော ကိလေသာတို့ကို ငြိမ်းစေခြင်း လက္ခဏာ ရှိကုန်၏။

## ကာယုဇုကတာ စိတ္တုဇုကတာအဘွင့်

ဝေဒနာအစရှိသော စေတသိက် အပေါင်း၏ ဖြောင့်စွာဖြစ်သည် အဖြစ်သည် **ကာယုဇုကတာ** မည်၏၊ ထို့အတူ စိတ်၏ ဖြောင့်စွာ ဖြစ်သည်၏ အဖြစ်သည် **စိတ္တုဇုကတာ** မည်၏။ ထိုကာယုဇုကတာ, စိတ္တုဇုကတာ တို့သည် စေတသိက်, စိတ်တို့၏ ဖြောင့်သည် အဖြစ်လျှင် လက္ခဏာ ရှိကုန်၏။

အစဉ့်အတိုင်း ထိုကာယပဿဒ္ဓိ အစရှိသည်တို့သည် ကိုယ်, စိတ်တို့၏ ခက်တရော်ရှိခြင်း အစရှိသည်ကို ပြုတတ်သော ခတ် ချောက်ချားခြင်း၏ ဆန့်ကျင်ဘက် ဖြစ်ကုန်သော အကြောင်း

တို့ကြောင့် ဖြစ်ကုန်၏၊ ဤအရာ၌ ကာယ-အရ ဝေဒနာ အစ ရှိသော စေတသိက်ခန္ဓာ သုံးပါးကို ယူရ၏။

## နှစ်ပါးစုံအားဖြင့် ဟောရသောအကြောင်း

ကာယ[၁] စိတ္တ နှစ်ပါးစုံအားဖြင့်ဟောရပုံကား—အကြင့်ကြောင့် နှစ်ပါး နှစ်ပါးကုန်သော ထိုတရားတို့သည် တပေါင်းတည်းဖြစ်၍ အကြင်အကြင် မိမိတို့၏ ဥစ္စာဖြစ်သော ဆန့်ကျင်ဘက် ဖြစ်ကုန်သော တရားတို့ကို ပယ်ဖျက်တတ်ကုန်၏၊ ထို့ကြောင့် ဤအရာ၌ နှစ်ပါး အပြား ရှိသည်အဖြစ်ကို မိန့်ဆိုအပ်၏။ သမာဓိစသော တရားတို့၌ကား မဆိုအပ်ကုန်။

တနည်းကား—စိတ္တပဿဒ္ဓိ အစရှိသည်တို့ဖြင့် စိတ်၏သာလျှင် ငြိမ်းခြင်းစသည် အဖြစ်သည် ဖြစ်၏၊ ကာယပဿဒ္ဓိ အစရှိသည်တို့ ဖြင့်ကား ထိုကာယပဿဒ္ဓိ အစရှိသည်တို့ကြောင့် ဖြစ်သော မွန်မြတ်သော စိတ္တဇရုပ် ပျံ့နှံ့ခြင်း၏ အစွမ်းဖြင့် ရူပကာယ၏လည်း ငြိမ်းခြင်း အစရှိသော အဖြစ်သည် ဖြစ်၏၊ ထို့ကြောင့် ထိုထို သို့သော အကျိုးကို ပြခြင်းငှါ ဤကာယပဿဒ္ဓိ အစရှိသည်၌ နှစ်ပါး နှစ်ပါး အပြားရှိသည် အဖြစ်ကို မိန့်ဆိုအပ်၏။

အလုံးစုံကုန်သော သောဘဏစိတ်တို့၌ အမြဲဖြစ်သောကြောင့် ဆက်ဆံသော ယှဉ်သော စေတသိက်တို့သည် **သောဘဏသာဓာရဏ**[၂] စေတသိက် မည်ကုန်၏။

---

၁—သဒ္ဓါ စသော စေတသိက်တို့သည်ကား တပါးစီသာ အကုသိုလ် တရားတို့ကို ပယ်နိုင်ကုန်၏၊ ကာယပဿဒ္ဓိ စသော စေတသိက်များကား နှစ်ပါးစီ တွဲ၍သာ ဆန့်ကျင်ဘက် အကုသိုလ် တရားတို့ကို ပယ်နိုင်သောကြောင့် နှစ်ပါးစီ တွဲ၍ ဟောတော်မူ၏။

တနည်း—စိတ္တပဿဒ္ဓိ စသည်တို့ဖြင့် စိတ်၏ငြိမ်းခြင်း စသည်သာ ဖြစ်၏၊ ကာယပဿဒ္ဓိ စသည်တို့ဖြင့် ရုပ်၏လည်းငြိမ်းခြင်း စသည် ဖြစ်၏၊ ထို့ကြောင့် နှစ်ပါးစီတွဲ၍ ဟောရ၏။

၂—ခပ်သိမ်းသော သောဘဏစိတ် တခုယုတ် ခြောက်ဆယ်တို့နှင့် ယှဉ်သောကြောင့် သဒ္ဓါစသော စေတသိက်တို့သည် **သောဘဏသာဓာရဏ** စေတသိက် မည်ကုန်၏။

ပါဠိတော် အစဉ်အား လျော်စွာ သဒ္ဓါ စသော စေတသိက်တို့ကို မိန့် ဆို၏။

## ဝိရတိစေတသိက် ၃-ပါး

၇။ ။**သမ္မာဝါစာ, သမ္မာကမ္မန္တော, သမ္မာအာဇီဝေါ စေတိ တိဿော ဝိရတိယော နာမ**။

(၁) အာဇီဝဟေတုကို မငဲ့မူ၍၊ ဝါ-အသက်မွေးခြင်းလျှင် အကြောင်း မရှိသော မုသာဝါဒ, ပိသုဏဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပတည်းဟူသော ဝစီဒုစ္စရိုက် လေးပါးမှ ရှောင်ကြဉ်ခြင်း လက္ခဏာ ရှိသော **သမ္မာဝါစာ** စေတသိက်ဇင်း၊

(၂) အာဇီဝဟေတုကို မငဲ့မူ၍၊ ဝါ-အသက်မွေးခြင်းလျှင် အကြောင်း မရှိသော ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသု မိစ္ဆာစာရတည်းဟူသော ကာယဒုစ္စရိုက် ၃-ပါးမှ ရှောင်ကြဉ်ခြင်း လက္ခဏာ ရှိသော **သမ္မာကမ္မန္တ** စေတသိက်ဇင်း၊

(၃) အာဇီဝဟေတုကို ငဲ့၍ ဝါ-အသက်မွေးခြင်းလျှင် အကြောင်း ရှိသော ဝစီဒုစ္စရိုက် ၄-ပါး, ကာယဒုစ္စရိုက် ၃-ပါးမှ ရှောင်ကြဉ်ခြင်း လက္ခဏာ ရှိသော **သမ္မာအာဇီဝ** စေတသိက်ဇင်း၊ ဤသို့ ၃-ပါးကုန်သော ဤ စေတသိက်တို့သည် ဝိရတိစေတသိက် ဟူသော အမည် ရှိကုန်၏။

---

## ဝိရတိ ၃-ပါးအဘွင့်

၇။ ။ဤသဘောတရားဖြင့် ကောင်းစွာ ဆိုတတ်ကုန်၏။ ထိုသို့ ဆိုကြောင်း ဖြစ်သောကြောင့် ဝစီဒုစ္စရိုက် လေးပါးမှ ရှောင်ကြဉ်ခြင်းသည် **သမ္မာဝါစာ**[၁] မည်၏၊ ထိုသမ္မာဝါစာ ဝိရတိသည်—

(၁) ချွတ်လွဲသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊

(၂) အချစ်ကို ပျက်စေတတ်သော ဂုံးချောသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊

---

၁—အသက် မွေးမှုကို မငဲ့၍ ဝစီ ဒုစ္စရိုက်, ကာယ ဒုစ္စရိုက် ၇-ပါးမှ ရှောင်ကြဉ်ခြင်းသည် **သမ္မာဝါစာ, သမ္မာကမ္မန္တ** မည်၏။

(၃) ရုန့်ရင်းကြမ်းထမ်းသော စကားကို ဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊

(၄) အကျိုး မရှိသော စကားကို ဆိုခြင်းမှ ရှောင်ကြဉ်ခြင်း ဤသို့ လေးပါးအပြားရှိ၏။

ကမ္မ-ပုဒ်သည်ပင်လျှင် **ကမ္မန္တ** မည်၏၊ အဘယ်ပုဒ် တို့ကဲ့သို့နည်း ဟူမူ၊ ''သုတ္တန္တ,ဝနန္တ'' အစရှိသော ပုဒ်တို့ကဲ့သို့တည်း၊ ကောင်းစွာ ဖြစ်သော ကာယကံ ဟူသော ကာယဒုစ္စရိုက် ၃-ပါးမှ ရှောင်ကြဉ်သော ဝိရတိသည် **သမ္မာကမ္မန္တ** မည်၏။ ထိုသမ္မာကမ္မန္တ ဝိရတိ သည်၊

(၁) သူ၏ အသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း,

(၂) သူ မပေးသော သူ၏ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း,

(၃) သူ့မယားကို လွန်ကျူးခြင်းမှ ရှောင်ကြဉ်ခြင်း,

ဟူ၍ သုံးပါး အပြားရှိ၏။

ဤသဘောတရားဖြင့် ကောင်းစွာ အသက်မွေးတတ် ကုန်၏၊ ထိုသို့ အသက်မွေးကြောင်း ဖြစ်သောကြောင့် **မိစ္ဆာဇီဝ** မှ ရှောင်ကြဉ်ခြင်းဝိရတိသည် **သမ္မာအာဇီဝ** [၁] မည်၏။ ထိုသမ္မာအာဇီဝ သည် အသက်မွေးမှု ဟူသော အကြောင်းရှိသော ကာယဒုစ္စရိုက် သုံးပါး, ဝစီဒုစ္စရိုက် လေးပါးမှ ရှောင်ကြဉ်သည် အစွမ်းဖြင့် ၇-ပါး အပြားရှိ၏။ တနည်းကား—အံ့ဘွယ်သရဲကို ဖြစ်စေခြင်း, မိမိ ကိုယ်ကို ချီးမြှောက်၍ ပြောခြင်း အစရှိသော **မိစ္ဆာဇီဝ**မှ ရှောင်ကြဉ်သည် အစွမ်းဖြင့် များသော အပြားရှိ၏၊ ဤဝိရတိသည်

---

၁—အသက် မွေးမှုကို ငဲ့၍ ၎င်းဒုစ္စရိုက် ၇-ပါးမှ ရှောင်ကြဉ်ခြင်းသည် **သမ္မာအာဇီဝ** မည်၏။

အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလ သုံးပါးတို့တွင် အတိတ်ဖြစ်သော ဒုစ္စရိုက်ကို မရှောင်ကြဉ်နိုင်၊ ပြုဆဲဒုစ္စရိုက်ကိုင်ငြား, ပြုလတ္တံ့သော ဒုစ္စရိုက်ကိုင်ငြား အာရုံပြု၍ရှောင်ကြဉ်နိုင်၏။

အသက် မွေးကြောင်း မဟုတ်သော မိစ္ဆာဝါစာနှင့် မိစ္ဆာကမ္မန္တ ၂-ပါးသည် **ဒုစ္စရိုက်** သာမည်၏။ ဒုရာဇီဝ မမည်။ အသက် မွေးခြင်း၏ အကြောင်း ဖြစ်သော မိစ္ဆာဇီဝ အကုသိုလ်သည် **ဒုရာဇီဝ** မည်၏-ဟုမှတ်။

သုံးပါးအပြား ရှိသော်လည်း အသီးအသီး **သမ္ပတ္တဝိရတိ, သမာဒါန ဝိရတိ, သမုစ္ဆေဒဝိရတိ** တို့၏ အစွမ်းအားဖြင့်လည်း သုံးပါး အပြား ရှိ၏။ ဆိုအပ်ပြီးသော ဒုစ္စရိုက်တို့မှ ရှောင်ကြဉ်တတ်သောကြောင့် **ဝိရတိ** မည်ကုန်၏။

---

## အပ္ပမညာစေတသိက် ၂-ပါး

**၈။ ။ကရုဏာ, မုဒိတာ, အပ္ပမညာယော နာမာတိ သမ္ဘဝါပိ ပညိန္ဒြိယေန သဒ္ဓိံ ပဉ္စဝီသတိမေ စေတသိကာ သောဘဏာတိ ဝေဒိတဗ္ဗာ။**

(၁) အတိုင်းမသိသော ဒုက္ခိတသတ္တဝါ ပညတ်ကို အာရုံပြု၍ သနားခြင်း လက္ခဏာ ရှိသော **ကရုဏာ** စေတသိက်ရင်း၊

(၂) အတိုင်းမသိသော သုခိတသတ္တဝါ ပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်း လက္ခဏာရှိသော **မုဒိတာ** စေတသိက်ရင်း၊ ဤသို့ ဤစေတသိက်တို့သည် **အပ္ပမညာ** စေတသိက်မည်ကုန်၏၊ ဤသို့ ခပ်သိမ်းသော အခြင်းအရာအားဖြင့် **ပညိန္ဒြေ** မည်သော အမောဟ စေတသိက် နှင့် တကွ ၂၅-ပါး ကုန် သော ဤ စေ တ သိက် တို့ ကို **သောဘဏ** [၁] စေတသိက် မည်ကုန်၏-ဟူ၍ သိအပ်ကုန်၏။

---

## အပ္ပမညာစေတသိက် ၂-ပါးအဘွင့်

### ကရုဏာ

၈။ ။သူတပါးတို့ ဒုက္ခဖြစ်သည် ရှိသော် သူတော်ကောင်းတို့၏ နှလုံး ပင်ပန်းခြင်းကို ဖြစ်စေတတ်သောကြောင့် **ကရုဏာ** မည်၏၊ တနည်းကား-သူတပါး၏ ဒုက္ခကို ပယ်တတ်သောကြောင့်လည်း

---

၁—တင့်တယ် ကောင်းမြတ်သော သဘောတရားများ ဖြစ်သောကြောင့် **သောဘဏ** စေတသိက် မည်ကုန်၏။

**ကရုဏာ** မည်၏၊ တနည်းကား-သူတပါးတို့၏ဒုက္ခကို ဖျက်ဆီးတတ်သောကြောင့်လည်း **ကရုဏာ** မည်၏၊ တနည်းကား-ဆင်းရဲရောက်ကုန်သော သူတို့၌ ဖြန့်အပ်သောကြောင့်လည်း **ကရုဏာ** မည်၏၊ ထိုကရုဏာသည် သူတပါး၏ ဒုက္ခကို ပယ်ဖျောက်လိုသော သူ၏ အဖြစ်ဟူသော လက္ခဏာရှိ၏။ အဘယ့်ကြောင့်ဆိုသော် ထိုကရုဏာဖြင့် သူတပါး၏ ဒုက္ခကို ပယ်သည့်မှုလည်း ဖြစ်စေ, မပယ်သည့်မှုလည်း ဖြစ်စေ၊ ထိုဒုက္ခကို ပယ်လိုသော အခြင်းအရာ အားဖြင့်သာလျှင် ထိုကရုဏာသည် ဖြစ်သောကြောင့်တည်း။

## မုဒိတာ

သမ္ပယုတ်တရားတို့သည် ထိုသဘောတရားဖြင့် ဝမ်းမြောက်တတ်ကုန်၏၊ ထိုသို့ ဝမ်းမြောက်ကြောင်း ဖြစ်သောကြောင့် **မုဒိတာ** မည်၏၊ ထိုမုဒိတာသည် သူတပါး၏ စည်းစိမ်ဥစ္စာကို အာရုံပြု၍ ဝမ်းမြောက်ခြင်း လက္ခဏာ ရှိ၏။

## အပ္ပမညာ

အတိုင်းမသိသော သတ္တဝါလျှင် အာရုံရှိသောကြောင့် **အပ္ပမာဏ** မည်၏၊ ထိုအပ္ပမာဏသဒ္ဒါသည်ပင် **အပ္ပမညာ** [၁] မည်၏၊ စောဒနာဦးအံ့—အပ္ပမညာတို့သည် လေးပါး အပြား ရှိကုန်၏-ဟု မိန့်ဆိုလတ့် မဟုတ်လော၊ ဤအရာ၌ အဘယ့်ကြောင့် အပ္ပမညာကို နှစ်ပါးသာ မိန့်အပ်ပါသနည်းဟူမူ၊ ဆိုအပ်ပြီးသော အဒေါသစေတသိက်, တတြမဇ္ဈတ္တတာစေတသိက်တို့ဖြင့် မေတ္တာနှင့် ဥပေက္ခာတို့ကို ယူအပ်ပြီးသောကြောင့် ၂-ပါးသာ ဆိုအပ်၏-ဟူလို။

---

၁—အတိုင်း အရှည် မရှိသော အနန္တ ဒုက္ခိတ သတ္တဝါ, သုခိတ သတ္တဝါတို့ကို အာရုံပြု၍ ဖြစ်သော စေတသိက်တို့သည် **အပ္ပမညာ** မည်ကုန်၏-ဟုမှတ်။

အပ္ပမညာ တရားတို့သည် လေးပါး ရှိကုန်သော်လည်း အဒေါသ စေတသိက်ဖြင့် မေတ္တာကို, တတြမဇ္ဈတ္တတာ စေတသိက်ဖြင့် ဥပေက္ခာကို သိမ်းယူပြီးသောကြောင့် ဤသို့ မဆိုပါဘဲ ကြွင်းသော ၂-ပါးသော စေတသိက်တို့ကိုသာ မိန့်ဆိုအပ်ကုန်၏။

ထိုစကား ထင်ရှားအောင် ဘော်ပြဦးအံ့၊ အဒေါသသည်ပင်လျှင် သတ္တဝါတို့၌ ဝါ-သတ္တဝါတို့၏ အကျိုးစီးပွါးကို အလိုရှိသည့် အစွမ်းဖြင့် ဖြစ်သောကြောင့် **မေတ္တာ** မည်၏၊ တတြမဇ္ဈတ္တတာသည်ပင်လျှင် ထိုသတ္တဝါတို့၌ အမျက်ထွက်ခြင်း, ချစ်ခြင်းမှ ငြိမ်းစေသည့် အစွမ်းဖြင့် ဖြစ်သောကြောင့် **ဥပေက္ခာ** မည်၏။ ထို့ကြောင့် ရှေးဆရာတို့သည်—

အဗျာပါဒေန မေတ္တာ ဟိ၊ တတြမဇ္ဈတ္တတာယ စ။
ဥပေက္ခာ ဂဟိတာ ယသ္မာ၊ တသ္မာ န ဂဟိတာ ဥဘော။

ဟု မိန့်ဆိုကုန်၏။

## အဓိပ္ပါယ်ကား

အကြင့်ကြောင့် အဒေါသဖြင့် မေတ္တာကို ယူအပ်၏၊ တတြ-မဇ္ဈတ္တတာဖြင့် ဥပေက္ခာကို ယူအပ်၏၊ထို့ကြောင့် နှစ်ပါးကုန်သော မေတ္တာနှင့် ဥပေက္ခာတို့ကို ဤ၌ မယူအပ်ကုန်-ဟူလို။

## ပညိန္ဒြေ

အပြားအားဖြင့် သိတတ်, အနိစ္စ အစရှိသော အစွမ်းဖြင့် ထိုးထွင်း၍ သိတတ်သောကြောင့် **ပညာ** မည်၏၊ ထိုပညာသည်ပင် အကြင် အကြင်သို့သော သဘောကို ထိုးထွင်း၍ သိခြင်း၌ အစိုးရသည် အဖြစ်နှင့် ယှဉ်သည် ဖြစ်၍ ဣန္ဒြေမည်သောကြောင့် **ပညိန္ဒြေ** မည်၏။

## သညာ-ဝိညာဉ်-ပညာတို့၏အထူး

ဤသို့ဖြစ်သော် သညာ, ဝိညာဉ်, ပညာတို့၏ ထူးသော အကြောင်းကား အဘယ်နည်း-ဟူမူ၊ ရှေးဦးစွာ **သညာ** [၁] သည် အညို

---

၁—အညို, အဖြူ စသည်အစွမ်းဖြင့် သိရုံမျှသည် **သညာသိ** မည်၏။ အနိစ္စ စသော လက္ခဏာကို ထိုးထွင်း၍ မသိတတ်။

အစရှိသည်တို့၏ အစွမ်းဖြင့် သိရုံမျှကိုပြု၏၊ သိရုံမျှဖြစ်၏၊ အနိစ္စ စသောလက္ခဏာကို ထိုးထွင်း၍ သိခြင်းကို မပြုနိုင်၊ ထိုးထွင်း၍ မသိနိုင်။

**ဝိညာဉ်**[၁] သည်ကား အနိစ္စ စသော လက္ခဏာကိုမူ ထိုးထွင်း၍ သိခြင်းကို ပြီးစေ၏၊ထိုးထွင်း၍သိနိုင်၏၊ လုံ့လပြု၍မဂ်သို့ရောက်ခြင်း ငှါမတတ်နိုင်။

**ပညာ**[၂] သည်ကား သိရုံမျှပြု၍ သုံးပါး အပြားရှိသော အနိစ္စ အစရှိသော လက္ခဏာကို ထိုးထွင်း၍ သိမှု, မဂ်သို့ ရောက်စေမှုကို ပြုနိုင်၏၊ ဤအရာ၌ သူငယ်, ရွာနေသူ, ရွှေပန်းထိမ်သည်တို့၏ ရွှေကို ထိုးထွင်း၍ သိခြင်း ဥပမာကဲ့သို့တည်း။

## သညာ-ဝိညာဉ်တို့၏ ဖြစ်ပုံ

ဤသုံးပါးတို့တွင် ဉာဏဝိပ္ပယုတ်စိတ်၌ ယှဉ်သော သညာ၏ အခြင်းအရာကို ယူသည့်အစွမ်းဖြင့် ဖြစ်သော အခါ၌ သညာသာ ပြဓာန်း၏၊ ဝိညာဉ်သည် မပြဓာန်း။ အခြင်းအရာကို ယူခြင်းမှ ကွင်းသော အခါ၌ ဝိညာဉ်သည် ပြဓာန်း၏၊ အားကြီး၏၊ သညာ သည် မပြဓာန်း။ ဉာဏသမ္ပယုတ်စိတ်၌ ယှဉ်ကုန်သော သညာ, ဝိညာဉ် နှစ်ပါးတို့သည်ကား မပြဓာန်းကုန်၊ ပညာသို့သာ အစဉ် လိုက်၍ ဖြစ်ကုန်၏။

**သဗ္ဗထာပိ**-ပုဒ်ကို ပဋ္ဌဝိသတိ-ပုဒ်နှင့် စပ်အပ်၏။ ဝါ-စပ်၍ အနက်ပေးရမည်။

---

၁–**ဝိညာဉ်သိ**ကား ညိုပုံ, ဖြူပုံ စသည်ကို အကြောင်းနှင့် တကွလည်း သိ၏၊ အနိစ္စ စသော သဘော လက္ခဏာကိုလည်း သိ၏။ လုံ့လ အားထုတ်၍ မဂ်, ဖိုလ်သို့ ရောက်စေခြင်းငှါ မတတ်နိုင်ချေ။

၂–**ပညာသိ**ကား ညိုပုံ, ဖြူပုံစသည်ကိုလည်း အကြောင်းနှင့်တကွ သိ၏၊ အနိစ္စ စသော သဘောကိုလည်း သိ၏၊ လုံ့လ အားထုတ်၍ မဂ်သို့ ရောက်ခြင်းငှါလည်း တတ်နိုင်၏။ ရွှေကို ကလေးသိမှု, မိဘသိမှု, ရွှေပန်းထိမ်သည်သိမှုကဲ့သို့မှတ်။

ဘောက်ပြန်သောအားဖြင့် သိမှုသည် **ဒိဋ္ဌိသိ** မည်၏၊ မဘောက် မပြန် ဟုတ်မှန်သောအားဖြင့် သိမှုသည် **ပညာသိ** မည်၏၊ ဒိဋ္ဌိသိမှုသည် ပညာသိ မဟုတ်၊ **မာယာသိ, တဏှာသိ**သာ မည်၏။

**၉။ ။တွေ့ာဝတာ စ**
**တေရသညသမာနာ စ၊ စုဒ္ဒသာကုသလာ တထာ။**
**သောဘဏာ ပဉ္စဝီသတိ၊ ဒွိပညာသ ပဝုစ္စရေ။ ။**

အကျယ်မှ တပါး အကျဉ်းကို ဆိုဦးအံ့။ ဤမျှ အတိုင်းအရှည် ရှိသော စကားဖြင့် မိန့်ဆိုအပ်ကုန်သော စေတသိက်တို့ကို ၁၃-ပါး ကုန်သော အညသမာန်း စေတသိက်တို့ငင်း, ၁၄-ပါးကုန်သော အကုသိုလ် စေတသိက်တို့ငင်း, ထိုမှတပါး ၂၅-ပါးကုန်သော သောဘဏစေတသိက်တို့ငင်း၊ ဤသို့ ၅၂-ပါး အပြားရှိကုန်၏-ဟူ၍ မိန့်ဆိုအပ်ကုန်၏။

---

၉။ ။**တေရသည** - အစရှိသော ဂါထာသည် သုံးပါးသော အစု ရာသီတို့ဖြင့် ဆိုအပ်ပြီးကုန်သော စေတသိက်တို့ကို အကျဉ်း သိမ်း၍ပေါင်းသော ဂါထာတည်း။

---

## သမ္ပယောဂနည်း ၁၆-ပါး

**၁၀။ ။တေသံ စိတ္တာဝိယုတ္တာနံ၊ ယထာယောဂမိတော ပရံ။**
**စိတ္တုပ္ပါဒေသု ပစ္စေကံ၊ သမ္ပယောဂေါ ပဝုစ္စတိ။ ။**

စိတ်၌ အမြဲ ယှဉ်ကုန်သော ထိုစေတသိက်တို့၏ စိတ်တို့၌ အသီး အသီး ယှဉ်နည်းကို ဤအကျဉ်း ဆိုအပ်ပြီးသည်မှနောက်၌ ယှဉ်သင့် သည်အား လျော်စွာ အပြားအားဖြင့် ဆိုပေအံ့။

---

၁၀။ ။စိတ်နှင့် တကွ မကွေမကွာ ယှဉ်တတ်သောကြောင့် စေတသိက်တို့သည် **စိတ္တာဝိယုတ္တ** မည်ကုန်၏-ဟူသော အနက်ကို ဆိုလို၏။ ဖြစ်တတ်သောကြောင့် **ဥပ္ပါဒ** မည်၏။ စိတ်သည်သာလျှင် ဥပ္ပါဒ မည်သောကြောင့် **စိတ္တုပ္ပါဒ** မည်၏။ တပါးသော

အရာ၌ကား ယှဉ်သော စေတသိက်နှင့် တကွသော စိတ်ကို စိတ္တုပ္ပါဒ-ဟု ဆိုအပ်၏။ ဤတရားအပေါင်းဖြင့် စိတ်သည် ဖြစ်တတ်၏၊ ထိုသို့ ဖြစ်ကြောင်း ဖြစ်သော သတ္တိကြောင့် စေတသိက် တရားအပေါင်းသည် **ဥပ္ပါဒ** မည်၏၊ စိတ်ရင်း, ထိုစိတ်၏ ဖြစ်ကြောင်း ဖြစ်သော စေတသိက်ရင်း ထို့ကြောင့် စိတ်နှင့် စေတသိက်သည် **စိတ္တုပ္ပါဒ** မည်၏။ ထိုစကားမှန်၏၊ သမာဟာရ ဒွန်၌လည်း အချို့အရာ၌ သဒ္ဒါပညာရှိတို့သည် ပုလ္လိင်ကို အလိုရှိကုန်၏၊ စိတ်နှင့် တကွ မကွေမကွာ ယှဉ်ကုန်သော ထိုစေတသိက်တို့၏ စိတ်တို့၌ အသီးအသီး ယှဉ်နည်းကို ဤစေတသိက် သရုပ်ကို ဆိုပြီးသည် နောက်၌ ယှဉ်သင့်သည့်အား လျော်စွာ ဆိုပေအံ့၊ ဤကား ပုဒ်တို့စပ်ခြင်း, အနက်ပေးခြင်းပင်တည်း။

---

## ပကိဏ်းစေတသိက်အယှဉ်

### ဝိတက်ယှဉ်သောစိတ်များ

၁၃။ **။ပကိဏ္ဏကေသု ပန ဝိတက္ကော တာဝ ဒွိပဉ္စဝိညာဏ-ဝဇ္ဇိတ ကာမာဝစရစိတ္တေသု စေဝ ဧကာဒသသု ပဌမ-ဈာနစိတ္တေသု စာတိ ပဉ္စပညာသစိတ္တေသု ဥပ္ပဇ္ဇတိ။**

သဗ္ဗစိတ္တသာဓာရဏ စေတသိက်တို့၏ သမ္ပယောဂနည်းမှ တပါး ပကိဏ်းစေတသိက်တို့၏ သမ္ပယောဂနည်းကို ဆိုဦးအံ့၊ ပကိဏ်း စေတသိက် ခြောက်ခုတို့တွင် ရှေးဦးစွာ **ဝိတက်** စေတသိက်သည် ဒွေးပဉ္စဝိညာဏ်စိတ် ၁၀-သည် ကြဉ်အပ်ကုန်သော ကာမစိတ် ၄၄-ခုတို့၌ရင်း၊ ၁၁-ပါးကုန်သော ပဌမဈာန်နှင့် ယှဉ်သော စိတ်တို့၌ရင်း ဤသို့ **၅၅-ပါး**[၁] သော စိတ်တို့၌ ဖြစ်၏။

---

၁–ဝိတက် စေတသိက်သည် ဒွေးပဉ္စဝိညာဏ် ၁၀-ကြဉ်သော ကာမစိတ် ၄၄-ပါး, ပဌမဈာန် ၁၁-အားဖြင့် ၅၅-ပါးသော စိတ်၌ ယှဉ်၏။

ဒွေးပဉ္စဝိညာဏ် ၁၀, ဒုတိယဈာန်စိတ် ၁၁-ပါး, တတိယဈာန်စိတ် ၁၁-ပါး, စတုတ္ထဈာန်စိတ် ၁၁-ပါး, ပဉ္စမဈာန်စိတ် ၂၃-ပါးအားဖြင့် ၆၆-ပါးသော စိတ်တို့၌ မယှဉ်။

၁၃။ ။ထိုကြွင်းသော ကာမစိတ်တို့သည်ဒွေးပဉ္စဝိညာဏ်[၁]တို့ကို သဘောအားဖြင့် ဝိတက်နှင့် မယှဉ်သောကြောင့် ကြဉ်အပ်ကုန်၏။ ထို့ကြောင့် ထိုကြွင်းသော ကာမာဝစရစိတ် ၄၄-ပါးတို့သည် "ဒွိပဉ္စဝိညာဏဝဇ္ဇိတာနိ" မည်ကုန်၏။ တနည်းကား— ထို ဒွေးပဉ္စဝိညာဏ်တို့သည် ထိုကြွင်းသော ကာမာဝစရစိတ်တို့ကို ကြဉ်အပ်ကုန်၏၊ ထို့ကြောင့် ထိုကြွင်းသော ကာမာဝစရစိတ် ၄၄-ပါးတို့သည် "ဒွိပဉ္စဝိညာဏဝဇ္ဇိတာနိ" မည်ကုန်၏။ ဝိတက်သည် ထို ၄၄-ပါးကုန်သော ကာမာဝစရစိတ်တို့၌၎င်း၊ ၁၁-ပါးကုန်သော ပဌမ ဈာန်နှင့် ယှဉ်သော စိတ်တို့၌၎င်းဖြစ်၏၊ ကြွင်းသော[၂] စိတ်တို့၌ကား ဘာဝနာအစွမ်းဖြင့် ပယ်အပ်သောကြောင့် ဝိတက်မယှဉ် မဖြစ်၊ ဤကား အဓိပ္ပါယ်တည်း။

---

## ဝိစာရယှဉ်သောစိတ်များ

**၁၄။ ။ဝိစာရော ပန တေသု စေဝ ကောဒသသု ဒုတိယ-ဈာနစိတ္တေသု စာတိ ဆသဋ္ဌိစိတ္တေသု။ ။**

**ဝိစာရ** စေတသိက်သည် ထိုဝိတက်ဖြစ်သော စိတ် ၅၅-ပါးတို့၌၎င်း, ၁၁-ပါးသော ဒုတိယဈာန်နှင့်ယှဉ်သော စိတ်တို့၌၎င်း ဤသို့ **၆၆-ပါး** သော စိတ်တို့၌ ဖြစ်၏။

---

## ဝိစာရယှဉ်သောစိတ်အဘွင့်

၁၄။ ။ထိုဝိတက်ယှဉ်သော စိတ် ၅၅-ပါးတို့၌၎င်း, ၁၁-ပါးသော ဒုတိယဈာန်နှင့် ယှဉ်သော စိတ်တို့၌၎င်း ဤသို့ ၆၆-ပါးသော စိတ်တို့၌ ဝိစာရ စေတသိက်သည် ဖြစ်၏။

---

၁—ဒွေးပဉ္စဝိညာဏ်စိတ်များသည် အာရုံငါးပါးကို သာမည သိမှု ဖြစ်သဖြင့် အလွန်တရာ အားနည်း၍ အာရုံကို ကြံစည်နိုင်သော သဘောမျိုး မဟုတ်သောကြောင့် ၎င်းဒွေးပဉ္စဝိညာဏ်စိတ်၌ ဝိတက် မယှဉ်။

၂—ဒုတိယဈာန်။ပ။ ပဉ္စမဈာန် စိတ်များ၌ ဘာဝနာ၏ အစွမ်းအားဖြင့် ဝိတက်ကို ပယ်အပ်သောကြောင့် မယှဉ်။

## အဓိမောက္ခစေတသိက်ယှဉ်သောစိတ်

**၁၅။ ။အဓိမောက္ခော ဒွိပဉ္စဝိညာဏ, ဝိစိကိစ္ဆာသဟဂတ ဝဇ္ဇိတစိတ္တေသု။ ။**

**အဓိမောက္ခ** စေတသိက်သည် ဒွေး ပဉ္စဝိညာဏ် ၁၀-, ဝိစိကိစ္ဆာ သဟဂုတ်သည် ကြဉ်အပ်ကုန်သော **၇၈-ပါး**သော စိတ်တို့၌ ဖြစ်၏။

---

## အဓိမောက္ခစေတသိက်ယှဉ်သောစိတ်အဖွင့်

၁၅။ ။ဒွေးပဉ္စဝိညာဏ်စိတ် ၁၀-တို့သည်၎င်း, ဝိစိကိစ္ဆာ သဟဂုတ် ၁-ခုသည်၎င်း ဤသို့ ၁၁-ပါးသော စိတ်တို့သည် ကြဉ်အပ်ကုန်သော ၇၈-ပါးသော စိတ်တို့၌ အဓိမောက္ခ[၁] စေတသိက်သည် ဖြစ်၏။

---

## ဝီရိယစေတသိက်ယှဉ်သောစိတ်

**၁၆။ ။ဝီရိယံ ပဉ္စဒွါရာဝဇ္ဇန, ဒွိပဉ္စဝိညာဏ, သမ္ပဋိစ္ဆန, သန္တီရဏဝဇ္ဇိတ စိတ္တေသု။ ။**

**ဝီရိယ** စေတသိက်သည် ပဉ္စဒွါရာဝဇ္ဇန်း, ဒွေးပဉ္စဝိညာဏ် ၁၀, သမ္ပဋိစ္ဆိုင်းဒွေး, သန္တီရဏ ၃-ခုသည် ကြဉ်အပ်ကုန်သော **၇၃-ပါး**သော စိတ်တို့၌ ဖြစ်၏။

---

၁—အဓိမောက္ခ စေတသိက်သည် စိတ်တခုယုတ် ကိုးဆယ်တွင် ဒွေးပဉ္စဝိညာဏ် ၁၀, ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ပါးအားဖြင့် ၁၁-ပါးသော စိတ်တို့ကို ကြဉ်၍ ကျန်သော ၇၈-ပါးသော စိတ်၌ ဖြစ်၏။

ဒွိပဉ္စဝိညာဏ်၌ မြင်ရုံ ကြားရုံ စသော သဘောမျှသာ ဖြစ်၍ အလွန် အားနည်းသဖြင့် အာရုံကို မဆုံးဖြတ်နိုင်သောကြောင့် မယှဉ်၊ ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ကား ဆန္ဒကျင်ဘက် ဖြစ်သောကြောင့် မယှဉ်။

## ဝီရိယစေတသိက်ယှဉ်သောစိတ်အဘွင့်

၁၆။ ။ပဉ္စဒွါရာဝဇ္ဇန်း[၁] စိတ် ၁-ခု ဒွေးပဉ္စဝိညာဏ် ၁၀-ပါး သမ္ပဋိစ္ဆိုင်းဒွေး, သန္တီရဏ ၃-ခု ဤသို့အားဖြင့် ၁၆-ပါးသော စိတ်တို့သည် ကြဉ်အပ်ကုန်သော ၇၃-ပါးသော စိတ်တို့၌ ဝီရိယ စေတသိက်သည် ဖြစ်၏။

---

## ပီတိစေတသိက်ယှဉ်သောစိတ်

**၁၇။ ။ပီတိ ဒေါမနဿု, ပေက္ခာသဟဂတကာယဝိညာဏ,**
**စတုတ္ထဈာနဝဇ္ဇိတစိတ္တေသု။ ။**

**ပီတိ** စေတသိက်သည် ဒေါသမူဒွေး, ဥပေက္ခာသဟဂုတ်စိတ် ၅၅-ခု, ကာယဝိညာဏ်ဒွေး,စတုတ္ထဈာန်စိတ် ၁၁-ပါးသည်ကြဉ်အပ်ကုန်သော **၅၁-ပါး**သော စိတ်တို့၌ ဖြစ်၏။

---

## ပီတိစေတသိက်ယှဉ်သောစိတ်အဘွင့်

၁၇။ ။ဒေါမနဿ သဟဂုတ်စိတ် ၂-ပါး, ဥပေက္ခာသဟဂုတ် စိတ် ၅၅-ပါး,ကာယဝိညာဏ်စိတ် ၂-ပါး,စတုတ္ထဈာန်စိတ် ၁၁-ပါး ဤသို့အားဖြင့် ၇၀-သော စိတ်တို့သည် ကြဉ်အပ်သော ၅၁-ပါး သော စိတ်တို့၌ ပီတိစေတသိက်[၂] သည် ဖြစ်၏။

---

၁—ပဉ္စဒွါရာဝဇ္ဇန်း စသော စိတ် ၁၆-ပါးသည် အားနည်း၍ ဗိုလ်ကိစ္စ မတပ်နိုင်သောကြောင့် ဗိုလ်ထိုက်သော တရားသည် မယှဉ်နိုင်။

၂—ပီတိသည် နှစ်သက်သော သဘော, ဒေါသသည် ကြမ်းထမ်းသော သဘော ရှိ၍ ဆန့်ကျင်သောကြောင့် မယှဉ်။

ပီတိသည် သောမနဿဝေဒနာနှင့် အမြဲ ယှဉ်သောကြောင့် ဥပေက္ခာ ၅၅-ပါး၌ မယှဉ်။

သုခသဟဂုတ် ကာယဝိညာဏ်စိတ်ကား ကိုယ်၌ ဖြစ်သော ချမ်းသာကို ခံစားသော ကာယိက ဖြစ်၍၊ ပီတိကား စိတ်ချမ်းသာကို ခံစားသော မာနသိက ဖြစ်သောကြောင့် မယှဉ်။

စတုတ္ထဈာန် ကောဒသ၌ကား ပီတိကို ဘာဝနာ အစွမ်းဖြင့် ပယ်ထားသောကြောင့် မယှဉ်။

## ဆန္ဒစေတသိက်ယှဉ်သောစိတ်

၁၈။ ။ဆန္ဒော အဟေတုက, မောမူဟဝဇ္ဇိတစိတ္တေသု။ ။

**ဆန္ဒ** စေတသိက်သည် အဟိတ်စိတ် ၁၈-ပါး, မောဟမူဒွေး သည် ကြဉ်အပ်သော **တခုယုတ် ခုနှစ်ဆယ်**သော စိတ်တို့၌ ဖြစ်၏၊ ဤသို့ ထိုအညသမာန်း စေတသိက် ၁၃-ခုတို့၏ ၇-ပါး အပြား ရှိသော သမ္ပယောဂနည်းကို သိအပ်၏။

---

## ဆန္ဒစေတသိက်ယှဉ်သော စိတ်အဘွင့်

၁၈။ ။အဟိတ်စိတ် ၁၈-ပါး, မောဟမူစိတ် ၂-ပါး ဤသို့ အားဖြင့် ၂၀-သော စိတ်တို့သည် ကြဉ်အပ်ကုန်သော တခုယုတ် ခုနစ်ဆယ်သော စိတ်တို့၌ **ဆန္ဒ**[၁] စေတသိက်သည် ဖြစ်၏။

---

## သင်္ဂဟဂါထာ

၁၉။ ။တေ ပန စိတ္တုပ္ပါဒါ ယထာက္ကမံ—
ဆသဋ္ဌိ ပဉ္စပညာသ၊ ဧကာဒသ စ သောဠသ။
သတ္တတိ ဝီသတိ စေဝ၊ ပကိဏ္ဏကဝိဝဇ္ဇိတာ။
ပဉ္စပညာသ ဆသဋ္ဌိ၊ ဋ္ဌသတ္တတိ တိသတ္တတိ။
ဧကပညာသ စေကူန၊ သတ္တတိ သပကိဏ္ဏကာ။ ။

ပကိဏ်းစေတသိက်၆-ခုသည် ကြဉ်အပ်ကုန်သော၊ ဝါ-ပကိဏ်း စေတသိက် ၆-ခုကို ကြဉ်အပ်ကုန်သော ထိုစိတ်တို့ကို အစဉ် အတိုင်း ၆၆-ပါး အပြားရှိကုန်၏ ဟူ၍၎င်း၊ ၅၅-ပါး အပြား ရှိကုန်၏ဟူ၍၎င်း၊ ၁၁-ပါးအပြားရှိကုန်၏ဟူ၍၎င်း၊ ၁၆-ပါးအပြား ရှိကုန်၏ဟူ၍၎င်း၊ ၇၀-အတိုင်းအရှည် ရှိကုန်၏ဟူ၍၎င်း၊ ၂၀- အတိုင်းအရှည်ရှိကုန်၏ဟူ၍၎င်း၊ သိအပ်ကုန်၏။ ပကိဏ်းစေတသိက်

---

၁—ဆန္ဒသည် အလိုရှိသော သဘောမျိုး ဖြစ်၍ အဟိတ်စိတ်, မောဟမူစိတ်တို့ကား အလို ဆန္ဒ ကင်းသောကြောင့် မယှဉ်။

၆-ခုနှင့် အတူဖြစ်ကုန်သော ထိုစိတ်တို့ကို အစဉ်အတိုင်း ၅၅-ပါး အပြားရှိကုန်၏ ဟူ၍၎င်း၊ ၆၆-ပါး အပြားရှိကုန်၏ ဟူ၍၎င်း၊ ၇၀-ပါး အပြား ရှိကုန်၏ ဟူ၍၎င်း၊ ၇၃-ပါး အပြား ရှိကုန်၏ ဟူ၍၎င်း၊ တခုယုတ်ခုနစ်ဆယ် အတိုင်းအရှည်ရှိကုန်၏ဟူ၍၎င်း၊ သိအပ်ကုန်၏။

---

## သင်္ဂဟဂါထာအဘွင့်

၁၉။ ။**စေပန**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ပကိဏ်းစေတသိက်သည် ကြဉ်အပ်သောစိတ်, ထိုပကိဏ်းစေတသိက်နှင့် အတူဖြစ်သော စိတ်တို့သည်-ဟုအနက်ပေး။ **ယထာယောဂံ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ဝိတက် အစရှိသော ပကိဏ်းစေတသိက် ခြောက်ပါးသည် ကြဉ်အပ်သော, ထိုဝိတက် အစရှိသော ပကိဏ်း စေတသိက်နှင့် အတူတကွ ဖြစ်သော အစဉ်အားဖြင့်-ဟုအနက်ပေး။ **ဆသဋ္ဌိပဉ္စပညာသ**-အစရှိသော စကားကို ၁၂၁-ပါးသော အရေအတွက်၏ အစွမ်းဖြင့်၎င်း, တခုယုတ် ၉၀-သော အရေအတွက်၏ အစွမ်းဖြင့်၎င်း ထိုက်သည်အား လျော်စွာ ယှဉ်အပ်၏။

---

## အကုသိုလ်စေတသိက်သမ္ပယောဂနည်း

### အကုသလသာဓာရဏစေတသိက်ယှဉ်သောစိတ်

၂၀။ ။**အကုသလေသု ပန မောဟော, အဟိရိကံ, အနောတ္တပ္ပံ, ဥဒ္ဓစ္စဉ္စာတိ စတ္တာရောမေ စေတသိကာ သဗ္ဗာကုသလသာဓာရဏာ နာမ၊ သဗ္ဗေသုပိ ဒွါဒသာကုသလေသု လဗ္ဘန္တိ။** ။

အကုသိုလ်စေတသိက် ၁၄-ပါးတို့တွင် **မောဟ** စေတသိက်, **အဟိရိက** စေတသိက်, **အနောတ္တပ္ပ** စေတသိက်, **ဥဒ္ဓစ္စ** စေတသိက် အားဖြင့် လေးပါးကုန်သော ဤစေတသိက်တို့သည် အလုံးစုံသော အကုသိုလ်စိတ် ၁၂-ခုနှင့် ဆက်ဆံသောကြောင့် သဗ္ဗာကုသလ

သာခရဏ စေတသိက် မည်ကုန်၏။ ဤစေတသိက်လေးပါးတို့ကို အကုသိုလ်စိတ် **၁၂-ပါး**တို့၌ ရအပ်ကုန်၏, ယှဉ်ကုန်၏။

---

## အကုသလသာခရဏ

## စေတသိက်တို့ယှဉ်သောစိတ်အဘွင့်

၂၀။ ။"သဗ္ဗာကုသလသာခရဏာ" ဟု ဆိုပြီး၍ ထိုသဗ္ဗာကုသလသာခရဏ[၁] စေတသိက်ကို ပြီးပြည့်စုံစေခြင်းငှါ "သမ္ပယုဇ္ဇန္တိ" ဤသို့စသော စကားကို မိန့်ဆိုအပ်၏။

## အကုသိုလ်စိတ်၌ယှဉ်သောအကြောင်း

အဘယ့်ကြောင့် အကုသိုလ်စိတ်၌ ယှဉ်ပါသနည်းဟူမူ-အကြင်သူသည် သူ၏ အသက်ကို သတ်ခြင်းစသော အကုသိုလ်တို့၌ လွန်ကျူး၍ ကျင့်၏၊ ထိုသူသည် ထိုအကုသိုလ် ပြုရာ၌ မောဟဖြင့် အပြစ်ကို မမြင်မူ၍ အဟိရိကဖြင့် ထိုမကောင်းမှုကို မစက်ဆုပ်သည် ဖြစ်လျက် အနောတ္တပ္ပဖြင့် မကြောက်လန့်သည် ဖြစ်ရကား ဥဒ္ဓစ္စဖြင့် မငြိမ်းခြင်းသည် ဖြစ်၏။ ထို့ကြောင့် ထိုစေတသိက်လေးပါးတို့ကို အလုံးစုံသော အကုသိုလ်စိတ်တို့၌ ရအပ်ကုန်၏။

---

## လောဘစေတသိက်ယှဉ်သောစိတ်

**၂၁။ ။လောဘော အဋ္ဌသု လောဘသဟဂတစိတ္တေသွေဝ လဗ္ဘတိ။ ။**

---

[၁] ၁—ငင်းမောဟ စသော စေတသိက် ၄-ပါးသည် အကုသိုလ်စိတ် ၁၂-ပါး၌ အမြဲ ယှဉ်သောကြောင့် သဗ္ဗာကုသလသာခရဏ စေတသိက် မည်၏။

အဘယ့်ကြောင့် အကုသိုလ်စိတ် ၁၂-ပါး၌ ယှဉ်ပါသနည်း ဟူမူ-ငင်းစေတသိက် ၄-ပါး ရှိပါမှ အကုသိုလ်စိတ် ဖြစ်နိုင်သဖြင့် အကြောင်းရင်း ဖြစ်သောကြောင့် အကုသိုလ်စိတ် ၁၂-ပါးလုံး၌ ယှဉ်၏။

**လောဘ**[၁] စေတသိက်ကို ရှစ်ပါးသော လောဘသဟဂုတ်စိတ်တို့၌သာလျှင် ရအပ်၏။

## လောဘစေတသိက်ယှဉ်သောစိတ်အဘွင့်

၂၁။ ။**လောဘသဟဂတစိတ္တေသွေဝ**-ဟူသော ပါဌ်၌ **ဧဝ**-သဒ္ဒါသည် အထက်ပုဒ်သို့ လိုက်ခြင်း အကျိုးငှါ ဖြစ်၏၊ ထို့ကြောင့် အထက် ဆိုလတ္တံ့သော "ဒိဋ္ဌိသဟဂတစိတ္တေသု" ဤသို့စသော ပါဌ်တို့၌လည်း **အဝဓာရဏ**အနက်ကို မှတ်အပ်၏။

မှတ်ချက်။ ။ဋီကာကျော်၌ "ဒိဋ္ဌိသဟဂတစိတ္တေသု" ဟု ဘွင့်ဆိုထားသဖြင့် ရှေးစာမူတို့၌ "ဒိဋ္ဌိသဟဂတစိတ္တေသု" ဟု ရှိဟန်တူ၏၊ ယခုစာတို့၌ကား "ဒိဋ္ဌိဂတသမ္ပယုတ္တေသု" ဟု ရှိ၏။ ဧဝ-သဒ္ဒါကိုလည်း ၎င်းပုဒ်၌ လိုက်ရမည်-ဟူလို။ "ဧဝအကျိုး၊ ရှိစနိုး၊ ထည့်ရိုးဧဝဟူ" (နိယာမ်)

## ဒိဋ္ဌိစေတသိက်ယှဉ်သောစိတ်

**၂၂။ ။ဒိဋ္ဌိ စတူသု ဒိဋ္ဌိဂတသမ္ပယုတ္တေသု။ ။**

**ဒိဋ္ဌိ** စေတသိက်ကို လေးပါးကုန်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ်တို့၌ ရအပ်၏။

## ဒိဋ္ဌိစေတသိက်ယှဉ်သောစိတ်အဘွင့်

၂၂။ ။အကြင့်ကြောင့် သက္ကာယ အစရှိသည်တို့၌ ငါ၏ကိုယ် အစရှိသည်တို့၏ အစွမ်းဖြင့် မှားသော နှလုံးသွင်းကို ပြုသော သူအား ထိုသက္ကာယ တရားတို့၌ မြတ်နိုး ခင်မင်ခြင်း ဖြစ်သော ကြောင့် ဒိဋ္ဌိ[၂] စေတသိက်သည် လောဘသဟဂုတ်စိတ်၌သာဖြစ်၏။

---

၁–လောဘမူစိတ်သည် လောဘလျှင် အကြောင်း ရှိသောကြောင့် လောဘမူစိတ် ၈-ပါးလုံး၌ လောဘ ယှဉ်၏။

၂–ဒိဋ္ဌိ စေတသိက်ကား လောဘမူစိတ် ၈-ပါးတွင် သက္ကာယဒိဋ္ဌိ မရှိသောသူ၏ လောဘမူစိတ်နှင့် မယှဉ်နိုင်၊ သက္ကာယဒိဋ္ဌိ ရှိသောသူ၏ **လောဘ**မူစိတ်၌သာ ယှဉ်၏-ဟုမှတ်။

## မာနစေတသိက်ယှဉ်သောစိတ်

**၂၃။ ။မာနော စတူသု ဒိဋ္ဌိဂတဝိပ္ပယုတ္တေသု။ ။**

**မာန** စေတသိက်ကို လေးပါးကုန်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်တို့၌သာ ရအပ်၏။

---

## မာနစေတသိက်ယှဉ်သောစိတ်အဘွင့်

၂၃။ ။မာန[၁] စေတသိက်သည်လည်း ငါဟူသောမာန်၏ အစွမ်းဖြင့် ဖြစ်သောကြောင့် ဒိဋ္ဌိနှင့် တူစွာသာ ဖြစ်၏၊ သို့သော် ဒိဋ္ဌိနှင့် အတူ တခုသော စိတ်၌ မဖြစ်။ အဘယ်နှင့် တူသနည်းဟူမူ၊ ကေသရာဇာ ခြင်္သေ့သည် တပါးသော ထိုသို့ သဘောရှိသော ခြင်္သေ့နှင့် အတူတကွ တဂူတည်း၌ နေ၍မဖြစ်သကဲ့သို့တည်း။

## ဒေါသမူစိတ်၌မယှဉ်သောအကြောင်း

မိမိကိုယ်ကိုချစ်ခင်မှု၌ မှီသည် အဖြစ်ဖြင့် စင်စစ် လောဘလျှင် နီးစွာသော အကြောင်းရင်း ရှိသည်အဖြစ်ကြောင့် ဒေါသမူ[၂]စိတ်တို့၌လည်း မဖြစ်၊ထို့ကြောင့် ထိုမာနစေတသိက်ကို ဒိဋ္ဌိဂတဝိပ္ပယုတ်တို့၌သာ ရအပ်၏။

---

၁–မာန စေတသိက်ကား ဒိဋ္ဌိယှဉ်သော စိတ်၌ မယှဉ်နိုင်သောကြောင့် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်၌သာ ယှဉ်၏။

အဘယ်ကြောင့် မာနနှင့် ဒိဋ္ဌိတို့သည် အတူ မယှဉ်နိုင်ပါသနည်းဟူမူ ဒိဋ္ဌိ သည် ခန္ဓာကိုယ်၌ ငါစွဲစွဲ၍ ငါရှိ၏ ငါမြဲ၏-ဟု အမြင်မှား အယူမှားသော အားဖြင့် ဖြစ်၏၊ **မာန** ကား ငါစွဲ စွဲပြီးလျှင် ငါမြတ်၏, ငါဂုဏ်ရှိ၏-ဟု ထောင်လွှားသောအားဖြင့် ဖြစ်၍ စွဲလမ်းမှု တူသော်လည်း နှလုံးသွင်းပုံ, သုံးသပ်ပုံခြင်း မတူသောကြောင့် အတူတကွ မယှဉ်နိုင်-ဟုမှတ်၊ ထို့ကြောင့် ယင်းစေတသိက် ၂-ပါးတို့သည် ကေသရာဇာခြင်္သေ့မင်း နှစ်ပါးနှင့် တူကုန်၏၊ ကေသရာဇာ ခြင်္သေ့မင်းတို့ မည်သည် တဂူတည်း၌ အတူ နေရိုး မရှိ သကဲ့သို့တည်း။

၂–ယင်းဒိဋ္ဌိနှင့် မာန စေတသိက် နှစ်ပါးတို့သည် ခန္ဓာငါးပါး၌ သာယာ ခင်မင်မှုကို အရင်း ပြု၍ ဖြစ်သောကြောင့် ဒေါသမူစိတ်၌ မယှဉ်၊ လောဘမူစိတ်၌သာ ယှဉ်၏-ဟုမှတ်။

## ဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ စေတသိက်တို့ ယှဉ်သောစိတ်

**၂၄။ ။ဒေါသော, ဣဿာ, မစ္ဆရိယံ, ကုက္ကုစ္စဉ္စာတိ ဒွိသု ပဋိဃသမ္ပယုတ္တစိတ္တေသု။ ။**

**ဒေါသ** စေတသိက်, **ဣဿာ** စေတသိက်, **မစ္ဆရိယ** စေတသိက်, **ကုက္ကုစ္စ** စေတသိက် ဤသို့အားဖြင့် လေးပါးသော ဤစေတသိက်တို့ကို နှစ်ပါးကုန်သော ပဋိဃသမ္ပယုတ်တို့၌သာလျှင် ရအပ်ကုန်၏။

---

## ဒေါသစသောစေတသိက် ၄-ပါးယှဉ်သောစိတ်အဘွင့်

၂၄။ ။ထို့အတူ သူတပါး စည်းစိမ်ကို ငြူစူသောသူအားငင်း၊ မိမိစည်းစိမ်ကို သူတပါးတို့နှင့် မဆက်ဆံလိုသော သူအားငင်း၊ ပြုအပ်ပြီးသော ဒုစ္စရိုက်,မပြုလိုက်မိသော သုစရိုက်တို့၌ စိုးရိမ်သော သူအားငင်း၊ထိုထိုသို့သော အာရုံ၌ ထိခိုက်ချုတ်ချယ်သည် အစွမ်းဖြင့် ဖြစ်သောကြောင့် ဣဿာ,[၁] မစ္ဆရိယ, ကုက္ကုစ္စတို့ကို ပဋိဃစိတ်တို့၌ သာလျှင် ရအပ်ကုန်၏။

---

## ထိန-မိဒ္ဓ စေတသိက်တို့နှင့်ယှဉ်သောစိတ်

**၂၅။ ။ထိန,မိဒ္ဓံ ပဉ္စသု သသင်္ခါရိကစိတ္တေသု။ ။**

**ထိန, မိဒ္ဓ** စေတသိက်ကို ငါးပါးကုန်သော သသင်္ခါရိကစိတ်တို့၌သာလျှင် ရအပ်၏။

---

၁—သူတပါး စည်းစိမ်ကို ငြူစူခြင်း, မိမိ စည်းစိမ်ကို လျှို့ဝှက်ခြင်း, ပြုအပ်ပြီးသော ဒုစ္စရိုက် မပြုလိုက်မိသော သုစရိုက်တို့၌ အဖန်တလဲလဲ စိုးရိမ်ခြင်း ရှိသောသူတို့အား ထိုထို အာရုံတို့၌ ထိပါးညှဉ်းဆဲ သကဲ့သို့ ဖြစ်သောကြောင့် ထိုဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ စေတသိက်တို့သည် ဒေါသမူစိတ်၌သာ ယှဉ်ကုန်၏။

## ထိန-မိဒ္ဓစေတသိက်ယှဉ်သောစိတ်အဘွင့်

၂၅။ ။အမှုကို ပြုခြင်းငှါ မခံ့သော သဘောရှိသော သူအား ထို့အတူ သဘောအားဖြင့် ထက်ကုန်သော အသင်္ခါရိကစိတ်တို့၌ ဖြစ်ခြင်းငှါ မသင့်ခြင်းကြောင့် ထိန [၁] စေတသိက်,မိဒ္ဓ စေတသိက်ကို သသင်္ခါရိကစိတ်တို့၌သာ ရအပ်၏။

---

## သင်္ဂဟဂါထာ

**၂၇။ ။သဗ္ဗာပုညေသု စတ္တာရော၊ လောဘမူလေ တယော ဂတာ။**
**ဒေါသမူလေသု စတ္တာရော၊ သသင်္ခါရေ ဒွယံ တထာ။**
**ဝိစိကိစ္ဆာ ဝိစိကိစ္ဆာ၊ စိတ္တေ စာတိ စတုဒ္ဒသ။**
**ဒွါဒသာကုသလေသွေဝ၊ သမ္ပယုဇ္ဇန္တိ ပဉ္စဓာ။ ။**

(၁) လေးပါးကုန်သော စေတသိက် တို့သည် အလုံးစုံသော အကုသိုလ်စိတ် ၁၂-ခုတို့၌ ဖြစ်ကုန်၏။

(၂) သုံးပါးကုန်သော စေတသိက်တို့သည် လောဘမူစိတ်တို့၌ ဖြစ်ကုန်၏။

(၃) လေးပါးကုန်သော စေတသိက်တို့သည် ဒေါသမူစိတ် နှစ်ခုတို့၌ ဖြစ်ကုန်၏။

(၄) ထိန,မိဒ္ဓ စေတသိက် ၂-ပါးသည် သသင်္ခါရိကစိတ် ငါးခု၌ ဖြစ်၏။

(၅) ထို့အတူ ဝိစိကိစ္ဆာ စေတသိက်သည် ဝိစိကိစ္ဆာ သဟဂုတ်စိတ်၌သာ ဖြစ်၏။ ဤသို့၁၄-ပါးကုန်သော အကုသိုလ် စေတသိက် တို့သည် ၁၂-ပါးသော အကုသိုလ်စိတ် တို့၌သာ ငါးပါးအပြားအားဖြင့် ယှဉ်ကုန်၏။

---

[၁]—အမှုကိုပြုခြင်းငှါ မခံ့,တွေဝေထိုင်းမှိုင်းနေသောသူအား သဘောအားဖြင့် ထက်ကုန်သော အသင်္ခါရိကစိတ်တို့၌ မယှဉ်နိုင်သောကြောင့် သသင်္ခါရိကစိတ်၌သာ ယှဉ်၏-ဟုမှတ်။

## သင်္ဂဟဂါထာအဘွင့်

၂၇။ ။အလုံးစုံသော အကုသိုလ်စိတ်တို့၌သာ လေးပါးသော စေတသိက်တို့သည် ဖြစ်ကုန်၏၊ လောဘမူစိတ် နှစ်ခု၌သာလျှင် ဖြစ်သင့်သည်အား လျော်စွာ သုံးပါးသော စေတသိက်တို့သည် ဖြစ်ကုန်၏၊ ဒေါသမူစိတ် ၂-ပါးတို့၌သာ လေးပါးသော စေတသိက်တို့သည် ဖြစ်ကုန်၏၊ ထို့အတူ သသင်္ခါရိကစိတ် ၅-ခု၌ ထိနမိဒ္ဓ စေတသိက် ၂-ပါးသည် ဖြစ်၏၊ ဤသို့ အနက်ပေးရာ၏။

**ဝိစိကိစ္ဆာစိတ္တေစ-၌** ပါရှိသော စ-သဒ္ဒါသည် **အဝဓာရဏ** အနက်၌ ဖြစ်၏။ ဝိစိကိစ္ဆာစေတသိက်သည်ကား ဝိစိကိစ္ဆာစိတ်၌သာ ဖြစ်၏၊ ဤကား **ဝေ**-သဒ္ဒါ၏ စပ်ပုံတည်း။

---

## ဝိရတိစေတသိက်ယှဉ်သောစိတ်

**၂၉။ ။ဝိရတိယော ပန တိဿောပိ လောကုတ္တရစိတ္တေသု သဗ္ဗထာပိ နိယတာ ဧကတောဝ လဗ္ဘန္တိ၊ လောကိယေသု ပန ကာမာဝစရကုသလေသွေဝ ကဒါစိ သန္ဒိဿန္တိ ဝိသုံ ဝိသုံ။ ။**

သုံးပါးကုန်သော ဝိရတိ စေတသိက်တို့ကို လောကုတ္တရာစိတ် ရှစ်ခုတို့၌သာ ခပ်သိမ်းသော အခြင်းအရာအားဖြင့် အမြဲ တပြိုင်နက်သာ ရအပ်ကုန်၏။ နိယတမှ တပါး အနိယတကို ဆိုဦးအံ့၊ လောကီသောဘဏစိတ်တို့တွင် ကာမာဝစရကုသိုလ်စိတ် ရှစ်ခု၌သာ ရံခါထင်ကုန်၏၊ အသီးအသီးလည်း ဖြစ်ကုန်၏။

---

## ဝိရတိစေတသိက်ယှဉ်သောစိတ်အဘွင့်

၂၉။ ။လောကုတ္တရာစိတ်တို့၌ ပါဒကဈာန် အစရှိသည်တို့၏ အစွမ်းဖြင့် ရံခါ သမ္မာသင်္ကပ္ပမှ ကင်း၏။ မဂ်၏ ကာယဒုစ္စရိုက် အစ

ရှိသည်တို့ကို အကြွင်းမဲ့ ပယ်ဖြတ်သည် အစွမ်းဖြင့် ဖြစ်သောကြောင့်ငင်း၊ ဖိုလ်၏လည်း ထိုမဂ်အားလျော်သည် အစွမ်းဖြင့် ဖြစ်သောကြောင့်ငင်း၊ ဝိရတိတို့၏ ရံခါ မဖြစ်ခြင်း မရှိရာ။ ထို့ကြောင့် **''ဝိရတိယောပန''** ဤသို့စသော စကားကို မိန့်ဆိုအပ်၏။

**သဗ္ဗထာပိ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ထိုထို ဒုစ္စရိုက်, ဒုရာဇီဝ တရားတို့ကို ပယ်ဖျောက်သည် အစွမ်းဖြင့် ဖြစ်ကုန်သော ခပ်သိမ်းကုန်သော အခြင်းအရာတို့ဖြင့်-ဟု အနက်ပေး။ ထိုစကားမှန်၏၊ ထိုဝိရတိတို့၏ လောကီတို့၌ကဲ့သို့ လောကုတ္တရာတို့၌လည်း မုသာဝါဒ အစရှိသည်တို့ကို အသီးအသီး ပယ်သည်အစွမ်းဖြင့် ဖြစ်ခြင်းမရှိ။ အဘယ့်ကြောင့်ဆိုသော် အလုံးစုံကုန်သော ဒုစ္စရိုက်, ဒုရာဇီဝတရားတို့ကို ထိုထိုသို့သော မဂ်သည် အကြွင်းမဲ့ ပယ်သည် အစွမ်းအားဖြင့် အချုံကုန်သော ဒုစ္စရိုက်, ဒုရာဇီဝ တရားတို့ကို အပါယ်သို့ လားစေတတ်သည်အဖြစ် အစရှိသော အပိုင်းအခြားကို ပယ်သည်အစွမ်းဖြင့် တပြိုင်နက်သော ခဏ၌ ပယ်ဖြတ်တတ်သောကြောင့်တည်း။

စောဒနာဦးအံ့—ဤဆိုအပ်ပြီးသော အနက်ကို **ကေတောဝ-**ဟူသော ဤစကားဖြင့်သာလျှင် ပြီးသည် မဟုတ်ပါလော၊ ဤသို့ အကယ်၍ ဆိုငြားအံ့၊ ထိုစောဒကဆရာ၏ စကားကို မဆိုအပ်။ အဘယ့်ကြောင့် မဆိုအပ်သနည်း ဟူမူ—သုံးပါးကုန်သော ဝိရတိတို့၏ တပြိုင်နက် ဖြစ်ခြင်းကို ပြကာမျှဖြင့် ၄-ပါးအပြား ရှိသော ဝစီဒုစ္စရိုက် အစရှိသည်တို့၏ ဆန့်ကျင်သော အခြင်းအရာဖြစ်ခြင်းကို မပြအပ်သည် အဖြစ်ကြောင့်တည်း၊ ဝါ-ဖြစ်သောကြောင့် မဆိုအပ်။

အချို့သော ဆရာတို့သည်ကား ဤအနက် အဓိပ္ပါယ်ကို မမှတ်မူ၍ **သဗ္ဗထာ**-ဟူသော ဤသဒ္ဒါသည် ပို၏-ဟု ဆိုကုန်၏၊ ထိုအရာ၌ ထိုဆရာတို့၏ မသိခြင်းသည်ပင်လျှင် အကြောင်းတည်း။

**နိယတာ**[၁] ဟူသော ဤပါဠိဖြင့်လည်း လောကီစိတ်တို့၌ ကဲ့သို့ တခါတရံဖြစ်ခြင်းကို တားမြစ်၏၊ ထို့ကြောင့်သာလျှင် ထိုဝိရတိ စေတသိက်တို့ကို လောကီကုသိုလ်စိတ်တို့၌ ယေဝါပနအစွမ်းဖြင့် ဟောအပ်ကုန်၏၊ ဤလောကုတ္တရာအရာ၌ သရုပ်အားဖြင့် ဟောအပ် ကုန်၏။ **ကာမာဝစရကုသလေသွေဝ**-ဟူသော ပါဠိ၌ **အဝဓာရဏ** အနက် ရှိသော **ဧဝ**သဒ္ဒါဖြင့် ကာမာဝစရဝိပါက်, ကြိယာစိတ်တို့၌ ၎င်း, မဟဂ္ဂုတ်စိတ်တို့၌၎င်း ဖြစ်ခြင်းကို တားမြစ်၏၊ ထိုသို့ ဝိပါက် ကြိယာ မဟဂ္ဂုတ်စိတ်တို့၌ မဖြစ်ခြင်းကိုသာလျှင် အထက် သင်္ဂဟ နည်း၌ ဆိုလတံ့။ **ကဒါစိ**[၂] ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို မုသာ ဝါဒ အစရှိသော တပါးပါးသော ဒုစ္စရိုက်တို့မှ ရှောင်ကြဉ်သော အခါ၌-ဟု အနက်ပေး။ တရံတခါ ဖြစ်သော်လည်း ဝိတိက္ကမိတဗ္ဗ ဝတ္ထု-ဟု ဆိုအပ်ကုန်သော မိမိ၏ အာရုံတို့၏ ဖြစ်ခြင်းကို ငဲ့သော ကြောင့် တပေါင်းတည်း မဖြစ်ကုန်၊ ထို့ကြောင့် **ဝိသုံဝိသုံ**[၃] ဟု ဆိုအပ်ပါသတည်း။

---

၁—လောကုတ္တရာစိတ်ကား, အလုံးစုံသော ဒုစ္စရိုက် ဒုရာဇီဝ တရားတို့ကို တပြိုင်နက် သော ခဏ၌ အကြွင်းမဲ့ ပယ်နိုင်သောကြောင့် ၎င်းလောကုတ္တရာစိတ်၌ ဝိရတိ အမြဲ ယှဉ်၏၊ ထို့ကြောင့် "**နိယတာ**" ဟု မိန့်ဆိုရ၏။

၎င်းဒုစ္စရိုက်, ဒုရာဇီဝ တရားတို့ကို ပယ်သော အခါ၌လည်း တပါးစီ မပယ်၊ တပြိုင်နက် တခါတည်း ပယ်သောကြောင့် "**ဧကတော**" ဟု မိန့်ဆိုရ၏။

တခါတည်း ပယ်ရာ၌လည်း ဒုစ္စရိုက်, ဒုရာဇီဝ တရားတို့ကို မကြွင်း မကျန်စေမူ၍ ပယ်နိုင်သောကြောင့် "**သဗ္ဗထာ**" ဟု မိန့်ဆိုရ၏။

၂—လောကီ စိတ်၌ကား ပုထုဇ္ဇန် ပုဂ္ဂိုလ်တို့သည် တခါတရံသာ သီလ ကုသိုလ် ပြု၏၊ တခါတရံ ဒါန ကုသိုလ် ပြု၏၊ ဤသို့ ရံခါသာ ဝိရတိ ဖြစ်သောကြောင့် "**ကဒါစိ**"ဟု မိန့်ဆိုရ၏။

၃—တခါတရံ ဝိရတိ ဖြစ်ရာ၌လည်း သမ္မာဝါစာ ဖြစ်ခိုက် သမ္မာကမ္မန္တ, သမ္မာအာဇီဝ မဖြစ်၊ သမ္မာကမ္မန္တ ဖြစ်ခိုက် သမ္မာဝါစာ, သမ္မာအာဇီဝ မဖြစ်၊ အသီးအသီးသာ ဖြစ်သော ကြောင့် "**ဝိသုံဝိသုံ**"ဟု မိန့်ဆိုရ၏။

## အပ္ပမညာစေတသိက်တို့ယှဉ်သောစိတ်

**၃၀။ ။အပ္ပမညာယော ပန ဒွါဒသသု ပဉ္စမဇ္ဈာနဝဇ္ဇိတ မဟဂ္ဂတစိတ္တေသု စေဝ, ကာမာဝစရကုသလေသု စ, သဟေတုက ကာမာဝစရကြိယာ စိတ္တေသုစာတိ အဋ္ဌဝီသတိ စိတ္တေသွေဝ ကဒါစိ နာနာ ဟုတွာ ဇာယန္တိ၊ ဥပေက္ခာသဟဂတေသု ပနေတ္ထ ကရုဏာ မုဒိတာ န သန္တီတိ ကေစိ ဝဒန္တိ။ ။**

အပ္ပမညာ စေတသိက်တို့သည် ၁၂-ပါးကုန်သော ပဉ္စမဈာန် စိတ်သည် ကြဉ်အပ်ကုန်သော မဟဂ္ဂုတ်စိတ်တို့၌၎င်း၊ ကာမာဝစရ ကုသိုလ်စိတ် ၈-ခုတို့၌၎င်း၊ သဟိတ် ကာမာဝစရကြိယာစိတ် ၈-ခု တို့၌၎င်း၊ ဤသို့ ၂၈-ပါးသော စိတ်တို့၌သာလျှင် ရံခါ အသီးအသီး ဖြစ်၍ ဖြစ်ကုန်၏၊ **ကေစိဝါဒ** ဆိုဦးအံ့၊ ဤကာမာဝစရ သောဘဏ စိတ် ၁၆-ခုတို့တွင် ဥပေက္ခာသဟဂုတ် ရှစ်ခုတို့၌ ကရုဏာ, မုဒိတာ စေတသိက်တို့ မရှိကုန်-ဟု အချို့သော ဆရာတို့သည် ဆိုကုန်၏။

---

## အပ္ပမညာယှဉ်သောစိတ်အဖွင့်

၃၀။ ။အပ္ပနာသို့ ရောက်ကုန်သော အပ္ပမညာစေတသိက် တို့၏ တရံတခါမျှ သောမနဿနှင့် ကင်း၍ ဖြစ်ခြင်းသည် မရှိ သောကြောင့် **ပဉ္စမ။ပ။စိတ္တေသု**[၁] ဟု မိန့်ဆိုအပ်၏၊ နိဝရဏ ကင်းခြင်း အစရှိသော အဖြစ်ဖြင့် မြတ်သည်အဖြစ်သို့ ရောက်သော

---

၁-အပ္ပနာ ဖြစ်သော အပ္ပမညာ စေတသိက်တို့သည် တခါတရံမျှ သောမနဿနှင့် မကင်းသဖြင့် ပဉ္စမဈာန်ကား ဥပေက္ခာသဟဂုတ် ဖြစ်သောကြောင့် ပဉ္စမဈာန်၌ မယှဉ်။

ဒုက္ခိတ သတ္တဝါကို တွေ့မြင်မှ ကရုဏာ ဖြစ်၏၊ မတွေ့လျှင် မဖြစ်၊ သုခိတသတ္တဝါကို တွေ့မြင်မှ မုဒိတာ ဖြစ်၏၊ မတွေ့လျှင် မဖြစ်သောကြောင့် **ကဒါစိ** ဟု မိန့်ဆိုရ၏။

ကရုဏာ ဖြစ်ခိုက်ဝယ် မုဒိတာ မဖြစ်၊ မုဒိတာ ဖြစ်ခိုက်ဝယ် ကရုဏာ မဖြစ်၊ အသီးအသီး တပါးစီသာ ဖြစ်သောကြောင့် "နာနာ" ဟု မိန့်ဆိုရ၏။

၎င်းကရုဏာ, မုဒိတာ စေတသိက်တို့သည် ဒုက္ခိတ သတ္တဝါ ပညတ်, သုခိတ သတ္တဝါ ပညတ်လျှင် အာရုံရှိသဖြင့် ဝိပါက်စိတ်တို့ကား ကာမဇေန် အာရုံ, လောကုတ္တရာ စိတ်ကား နိဗ္ဗာန်အာရုံ ရှိသဖြင့် အာရုံ ပြားသောကြောင့် ကာမဝိပါက်စိတ်နှင့် လောကုတ္တရာ စိတ်တို့၌ မယှဉ်နိုင်။

ကြောင့် **မဟဂ္ဂုတ်** စိတ် မည်ကုန်၏၊ တနည်း-မြတ်သော ဈာန်ရသော ပုဂ္ဂိုလ်တို့သည် ရောက်အပ်သောကြောင့် **မဟဂ္ဂုတ်** မည်ကုန်၏။ **နာနာဟုတွာ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ပြားသော အာရုံရှိသောကြောင့် မိမိ၏ အာရုံဖြစ်ကုန်သော ဒုက္ခိတသတ္တဝါ, သုခိတသတ္တဝါတို့၏ထင်ခြင်းသို့ရောက်ခြင်းကို ငဲ့သည်အဖြစ်ကြောင့် အသီးအသီးဖြစ်၍-ဟု အနက်ပေး။ **ဧတ္ထ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို၍ကာမာဝစရကုသိုလ်စိတ်တို့၌-ဟု အနက်ပေး။

ကရုဏာ, မုဒိတာကို ပွါးများသော အခါ၌ အပ္ပနာဝီထိ၏ ရှေး၌ အလေ့အလာ၏ အစွမ်းဖြင့် ဥပေက္ခာသဟဂုတ်စိတ်တို့ဖြင့်လည်း ပရိကံဖြစ်၏။ အဘယ်ကဲ့သို့နည်းဆိုသော် မိမိ လေ့လာအပ်သော ကျမ်းဂန်ကို သရဇ္ဈာယ်သော သူအား တရံတခါ တပါးကို နှလုံးသွင်းသော်လည်း သရဇ္ဈာယ်နိုင်သကဲ့သို့တည်း။ တနည်းသော်ကား—လေ့လာအပ်သော ဝိပဿနာဖြင့် သင်္ခါရကို သုံးသပ်သော သူအား တရံတခါ အလေ့အလာ၏ အစွမ်းဖြင့် ဉာဏဝိပ္ပယုတ် စိတ်တို့ဖြင့်လည်း သုံးသပ်နိုင်သကဲ့သို့ငှင်း၊ ဥပေက္ခာသဟဂုတ်စိတ်တို့ဖြင့်လည်း ပရိကံသည်ဖြစ်၏။ ထို့ကြောင့် ဥပေက္ခာသဟဂုတ် ကာမာဝစရစိတ်တို့၌ ကရုဏာ,မုဒိတာတို့၏ မဖြစ်ဟူသော ဝါဒကို **ကေစိဝါဒ**[၁] ပြုတော်မူအပ်ပါသတည်း။

အပ္ပနာဝီထိ၌ ထိုကရုဏာ, မုဒိတာတို့၏ စင်စစ်အားဖြင့် သောမနဿသဟဂုတ် ကုသိုလ်, ကြိယာ တို့၌သာ ဖြစ်သည်ကို မှတ်အပ်၏၊ အဘယ့်ကြောင့် မှတ်အပ်ပါသနည်းဆိုသော်-ပြားသော ဇာတ်ရှိသော စိတ်အား အာသေဝနပစ္စည်း မတပ်သကဲ့သို့ ပြားသော ဝေဒနာ ရှိသော မဟဂ္ဂုတ်စိတ်အားလည်း အာသေဝနပစ္စည်း မတပ်နိုင်သည်အဖြစ်ကြောင့်တည်း။

---

၁—အပ္ပမညာ စေတသိက်သည် အပ္ပနာသို့ ရောက်သော အပ္ပမညာ, အပ္ပနာသို့ မရောက်သော အပ္ပမညာဟု နှစ်မျိုး ရှိရာ အပ္ပနာသို့ ရောက်သော အပ္ပမညာကား သောမနဿဝေဒနာနှင့်သာ တကွ ဖြစ်၏၊ အပ္ပနာသို့ မရောက်သော အပ္ပမညာကား ယေဘုယျအားဖြင့် ပကတိအခါဝယ် သောမနဿဝေဒနာနှင့်တကွ ဖြစ်၏၊ အပ္ပဂုဏ်အားဖြင့် နံ့သည်ထက်သည် အစွမ်းဖြင့် လျစ်လျူဖြစ်ခါ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်နိုင်သေး၍ **ကေစိ** ထိုးတော်မူ၏။

## သင်္ဂဟဂါထာ

**၃၂။ ။ကျေနုဝီသတိ ဓမ္မာ၊ ဇာယန္တေ ကူနသဋ္ဌိသု။**
**တယော သောဠသစိတ္တေသု၊ အဋ္ဌဝီသတိယံ ဒွယံ။**
**ပညာ ပကာသိတာ သတ္တ၊ စတ္တာလီသဝိဓေသုပိ။**
**သမ္ပယုတ္တာ စတုဓေဝံ၊ သောဘနေသွေဝ သောဘနာ။**

(၁) တခုယုတ် နှစ်ဆယ်သော စေတသိက်တို့သည် တခု ယုတ် ခြောက်ဆယ်သော စိတ်တို့၌ ဖြစ်ကုန်၏။

(၂) သုံးပါးကုန်သော ဝိရတိ စေတသိက်တို့သည် ၁၆-ပါး သော စိတ်တို့၌ ဖြစ်ကုန်၏။

(၃) အပ္ပမညာ စေတသိက် ၂-ပါးအပေါင်းသည် ၂၈-ပါး သော စိတ်၌ ဖြစ်၏။

(၄) ပညိန္ဒြေ စေတသိက်ကို ၄၇-ပါးအပြားရှိသော စိတ်တို့၌ ပြအပ်၏၊ အကြင်အကြင် ဆိုအပ်ပြီးသော နည်းဖြင့် သောဘဏ စေတသိက် ၂၅-ပါးတို့သည် သောဘဏစိတ် တခုယုတ် ခြောက် ဆယ်တို့၌သာ ၄-ပါး အပြားအားဖြင့် ယှဉ်ကုန်၏။

---

**၃၂။ ။တယောသောဠသစိတ္တေသု**-ဟူသည်ကား၊ဝါ-ဟူသော ပုဒ်ကို သမ္ပာဝါစာ အစရှိကုန်သော ၃-ပါးသော စေတသိက်တို့သည် လောကုတ္တရာစိတ် ၈-ပါး, ကာမာဝစရကုသိုလ်စိတ် ရှစ်ပါးတို့၏ အစွမ်းဖြင့် ၁၆-ပါးသော စိတ်တို့၌ ဖြစ်ကုန်၏-ဟုအနက်ပေး။

---

## နိယတယောဂီ၊အနိယတယောဂီစေတသိက်

**၃၃။ ။ဣဿာ,မစ္ဆေရ,ကုက္ကုစ္စ၊ ဝိရတိ, ကရုဏာဒယော။**
**နာနာ ကဒါစိ မာနော စ၊ ထိနမိဒ္ဓံ တထာ သဟ။**

ဝိုသာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိရတိ, ကရုဏာ အစရှိသော စေတသိက်တို့သည် ရံခါ အသီးအသီး ဖြစ်၍ ဖြစ်ကုန်၏၊ မာန စေတသိက်သည်လည်း ရံခါ ဖြစ်၏၊ ထို့အတူ ထိန, မိဒ္ဓ စေတသိက်သည် တကွ ရံခါ ဖြစ်၏။

---

## နိယတယောဂီ အနိယတယောဂီစေတသိက်အဘွင့်

၃၃။ ။ဤသို့ ဆိုအပ်ပြီးသော နည်းဖြင့် အမြဲ ယှဉ်သော စေတသိက်, အမြဲ မယှဉ်သော စေတသိက်တို့၏ အစွမ်းဖြင့် ဆိုအပ်ကုန်သော စေတသိက်တို့တွင် အမြဲ မယှဉ်သော စေတသိက်တို့ကို ဝေပေါင်းတည်းပြုပြီး၍ ကြွင်းသော စေတသိက်တို့၏ နိယတယောဂီ[၁] အဖြစ်ကို ပြခြင်းငှါ **"ဣဿာမစ္ဆေရ"** ဤသို့စသော စကားကို မိန့်ဆိုအပ်၏။

**ဣဿာ,**[၂] **မစ္ဆရိယ, ကုက္ကုစ္စ, ဝိရတိ, ကရုဏာ** အစရှိသော စေတသိက်တို့သည် အသီးအသီး ရံခါ ဖြစ်ကုန်၏၊ **မာန** စေတသိက်သည် ရံခါ ငါသာမြတ်၏၊ ဤသို့ အစရှိသော အစွမ်းဖြင့် ဖြစ်သော

---

၁–ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, သမ္မာဝါစာဝိရတိ, သမ္မာကမ္မန္တဝိရတိ, သမ္မာအာဇီဝဝိရတိ, ကရုဏာ, မုဒိတာ, မာန, ထိန, မိဒ္ဓ ဤ ၁၁-ပါးသော စေတသိက်တို့သည် အမြဲ မယှဉ်သောကြောင့် အနိယတယောဂီ စေတသိက် မည်ကုန်၏၊ ကြွင်းသော စေတသိက် ၄၁-ပါးတို့သည် အမြဲ ယှဉ်သောကြောင့် နိယတယောဂီ စေတသိက် မည်ကုန်၏။

၂–သူတပါး စည်းစိမ်ကို ငြူစူသောအခါ ဣဿာ ဖြစ်၏၊ မစ္ဆရိယ, ကုက္ကုစ္စ မဖြစ်၊ မိမိ စည်းစိမ်ကို လျှို့ဝှက်သောအခါ မစ္ဆရိယ ဖြစ်၏၊ ဣဿာ, ကုက္ကုစ္စ မဖြစ်၊ ပြုအပ်ပြီးသော ဒုစ္စရိုက်, မပြုလိုက်မိသော သုစရိုက်တို့၌ စိုးရိမ်သောအခါ ကုက္ကုစ္စ ဖြစ်၏၊ ဣဿာ, မစ္ဆရိယ မဖြစ်၊ ဤကား **နာနာ** ဖြစ်ပုံတည်း။

သူတပါး စည်းစိမ်ကို ငြူစူသော အခါ၌သာ ဣဿာ ဖြစ်၏၊ မငြူစူသော အခါ ဣဿာ မဖြစ်၊ မိမိ စည်းစိမ်ကို လျှို့ဝှက်သော အခါ၌သာ မစ္ဆရိယ ဖြစ်၏၊ မလျှို့ဝှက်သော အခါ မစ္ဆရိယ မဖြစ်၊ ပြုအပ်ပြီးသော ဒုစ္စရိုက်, မပြုလိုက်မိသော သုစရိုက်တို့၌ စိုးရိမ်သော အခါ၌သာ ကုက္ကုစ္စ ဖြစ်၏၊ မစိုးရိမ်သောအခါ ကုက္ကုစ္စ မဖြစ်၊ ဤကား **ကဒါစိ** အဓိပ္ပါယ်တည်း။ (အကြွင်းသိသာပြီ)

အခါ၌ ဖြစ်၏၊ **ထိန** စေတသိက်, **မိဒ္ဓ** စေတသိက် ၂-ပါးသည် ထို့အတူ ရံခါ အမှု၌ မခံ့သည် အစွမ်းဖြင့် ဖြစ်သော အခါ၌ အတူတကွ အချင်းချင်း မကွေမကွာ အမြဲယှဉ်သည် အစွမ်းဖြင့် ဖြစ်၏၊ ဤသို့ အနက်ယောဇနာရာ၏။

တနည်းကား—**မာနေ ဝါ**-ဟူသော ဤပါဠ်၌ ဝ-သဒ္ဒါကို သဟ ဟူသော ဤပုဒ်၌လည်း ယှဉ်စေ၍ **ထိန** စေတသိက်, **မိဒ္ဓ** စေတသိက်သည် ထို့အတူ ရံခါငဲ, တကွငဲ သသင်္ခါရိက ပဋိဃစိတ်၌ငဲ၊ ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်၌ငဲ၊ ဣဿာ, မစ္ဆေရ, ကုက္ကုစ္စ စေတသိက်တို့နှင့်ငဲ၊ မာန စေတသိက်နှင့်ငဲ အတူ, ရံခါ ထိုဒိဋ္ဌိဂတ ဝိပ္ပယုတ်မှ တပါးသော သသင်္ခါရိကစိတ်တို့နှင့် ယှဉ်သော အခါ၌ငဲ၊ ထိုပဋိဃ သသင်္ခါရိက ဝသောစိတ်တို့နှင့် ယှဉ်သော အခါ၌ငဲ အသီးအသီး ဖြစ်၏-ဟု အနက်ယောဇနာခြင်းကို မှတ်အပ်၏။ အခြားသော ဆရာတို့သည်ကား မာန စေတသိက်သည်ငဲ၊ ထိန စေတသိက်,မိဒ္ဓ စေတသိက်သည်ငဲ ထို့အတူ ရံခါ အသီး အသီးဖြစ်၍ ရံခါ တကွလည်း ဖြစ်၏-ဟု ဤမျှကိုသာ အနက် ယောဇနာ ကုန်၏။

---

၃၄။ ။ယထာဝုတ္တာနုသာရေန၊ သေသာ နိယတယောဂိနော။
သင်္ဂဟဉ္စ ပဝက္ခာမိ၊ တေသံ ဒါနိ ယထာရဟံ။ ။

အကြင်အကြင် ဆိုအပ်ပြီးသော နည်းကို အစဉ်မှီးသဖြင့် ၁၁-ပါး ကုန်သော စေတသိက်တို့သည် အမြဲ မယှဉ်သောကြောင့် အနိယတ ယောဂီ စေတသိက် မည်ကုန်၏၊ အနိယတယောဂီ စေတသိက် ၁၁-ပါးမှ ကြွင်းကုန်သော ၄၁-ပါးသော စေတသိက်တို့သည် အမြဲ ယှဉ်သောကြောင့် နိယတယောဂီ စေတသိက် မည်ကုန်၏။ ထိုနိယတယောဂီ, အနိယတယောဂီ, စေတသိက်တို့၏ ထိုက်သည် အား လျော်စွာ ပေါင်းသော သင်္ဂဟနည်းကိုလည်း ယခုအခါ၌ ငါသည် အပြားအားဖြင့် ဆိုပေအံ့။

## သင်္ဂဟနည်းအဘွင့်

၃၄။ ။**သေသာ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို အကြင်အကြင် ဆိုအပ်ကုန်သော ၁၁-ပါးကုန်သော အနိယတ စေတသိက် ၁၁-ပါး တို့မှ တပါးဖြစ်ကုန်သော ၄၁-ပါးသော စေတသိက်တို့တည်း ဟုအနက်ပေး။ **ကေစိဝါဒ**ကို ဆိုဦးအံ့၊ အချို့သော ဆရာတို့သည် အကြင်အကြင် ဆိုအပ်ကုန်ပြီးသော အနိယတ ယေဝါပနက စေတသိက်မှ ကြွင်းကုန်သော နိယတ ယေဝါပနက စေတသိက် တို့ဟု ဘွင့်ဆိုကုန်၏။ထိုစကားသည် ထိုကေစိဆရာတို့၏ အယူမျှသာ တည်း။ အဘယ့်ကြောင့် ဆိုသော် ဤသမ္ပယောဂအရာ၌ ယေဝါ ပနက အမည်ဖြင့် တစုံတခုသော စေတသိက်ကို မထုတ်ဆောင် သည်၏ အဖြစ်ကြောင့်တည်း။ ထိုစကားမှန်၏၊ ဤသမ္ပယောဂ အရာ၌ သက်သက် နိယတ, အနိယတတို့၏ အစွမ်းအားဖြင့် စိတ်တို့၌ ထိုက်သည်အားလျော်စွာ ရသင့် ရထိုက်သော စေတသိက် မျှကို ပြခြင်းငှါသာလျှင် အရှင်အနုရုဒ္ဓါဆရာသည် ပြုအပ်၏၊ ယေဝါပနက အမည်ဖြင့် တစုံတခုသော စေတသိက်တို့ကို မထုတ် ဆောင်အပ်ကုန်။

## သမ္ပယောဂနည်းနှင့် သင်္ဂဟနည်းအဘွင့်

ဤသို့ ရေးဦးစွာ ဖဿ-အစရှိကုန်သော စေတသိက်တို့တွင် ဤစေတသိက်ကို ဤမျှ အတိုင်း အရှည် ရှိသော စိတ်တို့၌ ရအပ်၏၊ ဤသို့ စိတ်ကို ပိုင်းခြားသည် အစွမ်းအားဖြင့် **သမ္ပယောဂနည်း**[၁] ကို ပြပြီး၍ ယခုအခါ၌ ဤစိတ်၌ ဤမျှ အတိုင်းအရှည် ရှိကုန်သော

---

၁—ဤစေတသိက်တို့ကို ဤမျှသော စိတ်တို့၌ ရအပ်၏ဟု စိတ်ကို ပိုင်းခြား၍ ပြခြင်းသည် **သမ္ပယောဂနည်း** မည်၏။

ဤစိတ်၌ ဤမျှသော စေတသိက်တို့သည် ဖြစ်ကြသည်ဟု စေတသိက်ကို ပိုင်းခြား၍ ပြခြင်းသည် **သင်္ဂဟနည်း** မည်၏။

စေတသိက်၌ ယှဉ်သော စိတ်ကို ရေတွက်၍ ပြသော နည်းသည် **သမ္ပယောဂနည်း** မည်၏။

စိတ်၌ ယှဉ်သော စေတသိက်တို့ကို ရေတွက်ပြသော နည်းသည် **သင်္ဂဟနည်း** မည်၏-ဟုလို။

စေတသိက်တို့ကို ရအပ်ကုန်၏-ဟု စေတသိက်တို့၏အစုကို ပိုင်းခြားသည့် အစွမ်းအားဖြင့် **သင်္ဂဟနည်း**ကို ပြခြင်းငှာ **"သင်္ဂဟဉ္စ"** ဤသို့ အစရှိသော စကားကို မိန့်ဆိုအပ်ပါသတည်း။

---

## သင်္ဂဟနည်း သင်္ဂဟဂါထာ

**၃၅။ ။ဆတ္တိံသာနုတ္တရေ ဓမ္မာ၊ ပဉ္စတိံသ မဟဂ္ဂတေ။**
**အဋ္ဌတိံသာပိ လဗ္ဘန္တိ၊ ကာမာဝစရသောဘဏေ။ ။**

လောကုတ္တရာစိတ်၌ ၃၆-ပါး ကုန်သော စေတသိက်တို့ကို ရအပ်ကုန်၏၊ မဟဂ္ဂုတ်စိတ်၌ ၃၅-ပါးကုန်သော စေတသိက်တို့ကို ရအပ်ကုန်၏၊ ကာမာဝစရ သောဘဏစိတ်၌ ၃၈-ပါးကုန်သော စေတသိက်တို့ကို ရအပ်ကုန်၏။

---

၃၅။ ။**ဆတ္တိံသ** ဤသို့ အစရှိသော စကားသည် ထိုထိုသို့သော စိတ်၌ ထိုက်သည်အားလျော်စွာ ရသင့် ရထိုက်သော စေတသိက်တို့၏ အစွမ်းအားဖြင့် ရေတွက်ကြောင်း ဖြစ်သော သင်္ဂဟဂါထာတည်း။

---

## လောကုတ္တရာစိတ် သင်္ဂဟနည်း

**၃၆။ ။ကထံ လောကုတ္တရေသု တာဝ အဋ္ဌသု ပဌမဈာနိက-စိတ္တေသု အညသမာနာ တေရသ စေတသိကာ အပ္ပမညာဝဇ္ဇိတာ တေဝီသတိ သောဘဏစေတသိကာ စေတိ ဆတ္တိံသ ဓမ္မာ သင်္ဂဟံ ဂစ္ဆန္တိ။ ။**

သင်္ဂဟနည်းသည် အဘယ်နည်းဟူမူ၊ လောကုတ္တရာစိတ်တို့၌ ရှေးဦးစွာ သင်္ဂဟနည်းကို ငါ ဆိုအပ်၏။ ရှစ်ပါးကုန်သော ပဌမဈာန်နှင့်ယှဉ်သော လောကုတ္တရာစိတ်တို့၌ အညသမာန်း စေတသိက် ၁၃-ပါးတို့ရင်း၊ အပ္ပမညာဒွေးသည် ကြဉ်အပ်ကုန်သော သောဘဏ

စေတသိက် ၂၃-ပါးတို့ရင်း၊ ဤသို့ ၃၆-ပါးကုန်သော စေတသိက်တို့သည် ပေါင်းခြင်းသို့ ရောက်ကုန်၏။

---

## လောကုတ္တရာစိတ်သင်္ဂဟနည်းအဘွင့်

၃၆။ ။ပဥ္စမဈာန်၌ ယှဉ်သော စိတ် ဖြစ်သောကြောင့် **ပဥ္စမဈာနိကစိတ်** မည်ကုန်၏၊ တနည်း—ထိုစိတ်တို့အား ထိုပဥ္စမဈာန်ရှိသောကြောင့် **ပဥ္စမဈာနိကစိတ်** မည်ကုန်၏။

## အပ္ပမညာကို ကြဉ်ရသောအကြောင်း

အပ္ပမညာ[၁] စေတသိက်တို့၏ သတ္တဝါလျှင် အာရုံရှိသောကြောင့်ရင်း၊ လောကုတ္တရာစိတ်တို့၏ နိဗ္ဗာန်လျှင် အာရုံရှိသည် အဖြစ်ကြောင့်ရင်း၊ "အပ္ပမညာဝဇ္ဇိတာနိ" ဟု ဆိုအပ်၏။

---

## ၃၇။ ။တထာ ဒုတိယဈာနိကစိတ္တေသု ဝိတက္ကဝဇ္ဇာ။ ။

ထို့အတူ ဒုတိယဈာန်နှင့် ယှဉ်သော လောကုတ္တရာစိတ် ရှစ်ခုတို့၌ ဝိတက်သည် ကြဉ်အပ်ကုန်သော ၃၅-ပါးကုန်သော စေတသိက်တို့သည် ရေတွက်ခြင်းသို့ ရောက်ကုန်၏။

---

၃၇။ ။**တထာ**-ဟူသော ပါဠိဖြင့် အညသမာန်း စေတသိက်တို့သည်ရင်း၊ အပ္ပမညာ ကြဉ်အပ်သော သောဘဏ စေတသိက်တို့သည်ရင်း၊ ပေါင်းခြင်းသို့ ရောက်ကုန်၏-ဟူသော ဤစကားတို့ကို ငင်၏။

---

၁—အပ္ပမညာ စေတသိက်တို့သည် ဒုက္ခိတ သတ္တဝါ ပညတ်, သုခိတသတ္တဝါ ပညတ်ကို အာရုံ ပြုကုန်၏၊ လောကုတ္တရာစိတ်ကား နိဗ္ဗာန်ကို အာရုံ ပြု၏၊ ဤသို့ အာရုံပြုကွဲသောကြောင့် လောကုတ္တရာစိတ်၌ အပ္ပမညာ စေတသိက် ၂-ပါးကို ကြဉ်အပ်၏။

ဝိတက်, ဝိစာရ, ပီတိတို့ကိုကား ဘာဝနာ အစွမ်းဖြင့် ပယ်အပ်ကုန်၏။

## လောကုတ္တရာပဌမဈာန်စိတ်သင်္ဂဟနည်း

**၄၀။ ။ပဌမဈာနိကစိတ္တေသုပိ ဥပေက္ခာသဟဂတာ တေဝေ သင်္ဃဏ္ဍိတိ သဗ္ဗထာပိ အဋ္ဌသု လောကုတ္တရစိတ္တေသု ပဉ္စကဈာနဝသေန ပဉ္စဓာဝ သင်္ဂဟော ဟောတီတိ။**

ပဌမဈာန်နှင့် ယှဉ်သော လောကုတ္တရာစိတ် ရှစ်ခုတို့၌လည်း ဥပေက္ခာဝေဒနာနှင့် တကွ ဖြစ်ကုန်သော ထိုစတုတ္ထဈာန်၌ ယှဉ်သော ၃၃-ပါးသော အညသမာန်း သောဘဏစေတသိက်တို့ကိုသာလျှင် ရေတွက်အပ်ကုန်၏၊ ဤသို့ ခပ်သိမ်းသော အခြင်းအရာအားဖြင့်လည်း ရှစ်ပါးကုန်သော လောကုတ္တရာစိတ်တို့၌ ဈာန်ငါးပါး အပေါင်း၏ အစွမ်းဖြင့် ငါးပါးအပြားဖြင့် သာလျှင် ပေါင်းခြင်းသည် ဖြစ်၏။

---

## ပဌမဈာန်စိတ် သင်္ဂဟနည်းအဘွင့်

၄၀။ ။**ဥပေက္ခာသဟဂတာ**-ဟူသည်ကား၊ဝါ-ဟူသောပုဒ်ကို ဝိတက်, ဝိစာရ, ပီတိ, သုခတို့သည် ကြဉ်အပ်ကုန်သော သုခ အရာသို့ ရောက်သော ဥပေက္ခာနှင့် တကွ ဖြစ်ကုန်သော-ဟု အနက်ပေး။ **ပဉ္စကဈာနဝသေန**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ဝိတက်, ဝိစာရတို့ကို အသီးအသီး လွန်မြောက်၍ ဝိပဿနာ ပွားသော ပုဂ္ဂိုလ်၏ မထက်လွန်းသော ဉာဏ်၏ အစွမ်းဖြင့် ဟောတော်မူအပ်သော ဈာန်ငါးပါး အပေါင်း၏ အစွမ်းအားဖြင့်-ဟု အနက်ပေး။

## စတုက္ကအားဖြင့် ဈာန်လေးပါးဖြစ်ပုံ

ထိုဝိတက်, ဝိစာရတို့ကိုကား တပေါင်းတည်း လွန်၍ ဝိပဿနာ ပွားသော သူ၏ ထက်သော ဉာဏ်၏ အစွမ်းအားဖြင့် ဟောတော်မူအပ်သော ဈာန်လေးပါး အပေါင်း၏ အစွမ်းဖြင့် ဒုတိယဈာန်နှင့် ယှဉ်သော စိတ်တို့၌ ဝိတက်, ဝိစာရတို့သည် ကြဉ်အပ်ကုန်သော အညသမာန်း စေတသိက်, သောဘဏ စေတသိက်တို့သာလျှင်

ဖြစ်သင့်သောကြောင့် လေးပါး အပြားဖြင့်သာလျှင် သင်္ဂဟနည်းသည် ဖြစ်၏။ ။ဤကား အနုရုဒ္ဓါဆရာ၏ အလိုတည်း။

---

**သင်္ဂဟဂါထာ**

**၄၁။ ။ဆတ္တိံသ ပဉ္စတိံသ စ၊ စတုတ္တိံသ ယထာက္ကမံ။**
**တေတ္တိံသ ဒွယမိစ္စေဝံ၊ ပဉ္စဓာနုတ္တရေ ဌိတာ။ ။**

လောကုတ္တရာစိတ်၌ သင်္ဂဟနည်းတို့သည် အစဉ်အတိုင်း ၃၆-ပါးသော စေတသိက်တို့ရင်း၊ ၃၅-ပါးသော စေတသိက်တို့ရင်း၊ ၃၄-ပါးသော စေတသိက်တို့ရင်း၊ ၃၃-ပါးသော စေတသိက် ၂-ခုတို့၏ အပေါင်းရင်း၊ ဤသို့လျှင် ငါးပါး အပြားအားဖြင့် တည်ကုန်၏။

---

၄၁။ ။၃၃-ပါးသော စေတသိက် ၂-ခုတို့၏ အပေါင်းသည် စတုတ္ထဈာန်, ပဉ္စမဈာန်စိတ်တို့၌ တည်၏။

---

**မဟဂ္ဂုတ်စိတ်သင်္ဂဟနည်း**

**၄၂။ ။မဟဂ္ဂတေသု ပန တီသု ပဌမဈာနိကစိတ္တေသု တာဝ အညသမာနာ တေရသ စေတသိကာ ဝိရတိတ္တယ-ဝဇ္ဇိတာ ဒွါဝီသတိ သောဘဏစေတသိကာစေတိ ပဉ္စတိံသ ဓမ္မာ သင်္ဂဟံ ဂစ္ဆန္တိ။**

မဟဂ္ဂုတ်စိတ်တို့တွင် သုံးပါးသော ပဌမဈာန်နှင့် ယှဉ်သော မဟဂ္ဂုတ်စိတ်တို့၌ ရှေးဦးစွာ အညသမာန်း စေတသိက် ၁၃-ပါးတို့ရင်း၊ ဝိရတိ ၃-ပါးသည် ကြဉ်အပ်ကုန်သော ၂၂-ပါးသော သောဘဏစေတသိက်တို့ရင်း၊ ဤသို့ ၃၅-ပါးသော စေတသိက်တို့သည် ပေါင်းခြင်းသို့ ရောက်ကုန်၏။

## မဟဂ္ဂုတ်စိတ်သင်္ဂဟနည်းအဘွင့်

၄၂။ ။**တီသု** ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ကုသိုလ်, ဝိပါက်, ကြိယာတို့၏ အစွမ်းအားဖြင့် သုံးပါး အပြားရှိကုန်သော-ဟု အနက်ပေး။

## ဝိရတိကြဉ်ရသောအကြောင်း

သီလစင်ကြယ်သည် အစွမ်းအားဖြင့် ကောင်းစွာ သုမ်သင်အပ်ပြီးသော ကာယပယောဂ, ဝစီပယောဂ ရှိသော ပုဂ္ဂိုလ်အား သက်သက် စိတ်ကို ကောင်းစွာ ထားကာမျှဖြင့် မဟဂ္ဂုတ်ဈာန်တို့သည် ဖြစ်ကုန်၏၊ ကာယကံ, ဝစီကံတို့ကို သုမ်သင်သည်၏ အစွမ်းဖြင့် ဖြစ်သည် မဟုတ်ကုန်၊ ဒုစ္စရိုက်, ဒုရာဇီဝတရားတို့ကို အကြွင်းမဲ့ဖြတ်ခြင်း, ငြိမ်းစေခြင်း၏ အစွမ်းဖြင့် ဖြစ်သည် မဟုတ်ကုန်၊ ထို့ကြောင့် **ဝိရတိဝဇ္ဇိတာ**[၁] ဟု ဆိုအပ်၏၊ (စာကိုယ်၌ဝိရတိတ္တယ-ဝဇ္ဇိတာရှိ၏)

---

## ၄၃။ ။ကရုဏာ မုဒိတာ ပနေတ္ထ ပဉ္စကမေဝ ယောဇေ-တဗ္ဗာ။ ။

အထူးကို ဆိုဦးအံ့၊ ဤမဟဂ္ဂုတ် ပဉ္စမဈာန်စိတ်၌ ကရုဏာ စေတသိက်, မုဒိတာ စေတသိက်တို့ကို အသီးအသီးသာလျှင် ယှဉ်အပ်ကုန်၏။

---

၁—မဟဂ္ဂုတ်ဈာန်တို့သည် သီလဝိသုဒ္ဓိ၏ အစွမ်းဖြင့် သုမ်သင် ပြီးစင်ပြီးသော ကာယပယောဂ, ဝစီပယောဂ ရှိသော ယောဂီ ပုဂ္ဂိုလ်အား သက်သက် စိတ် တည်ကြည်ကာမျှဖြင့် သာလျှင် ဖြစ်ကုန်၏။ မဟာကုသိုလ်စိတ်များ ကဲ့သို့ ကာယကံ, ဝစီကံတို့ကို သုမ်သင်သည်၏ အစွမ်းဖြင့် ဖြစ်သည် မဟုတ်ကုန်၊ လောကုတ္တရာ ကုသိုလ်စိတ်တို့ ကဲ့သို့ ဒုစ္စရိုက်, ဒုရာဇီဝ တရားတို့ကို အကြွင်းမဲ့ ဖြတ်သည့် အစွမ်းဖြင့် ဖြစ်ပေါ်လာသည် မဟုတ်ကုန်၊ ထို့ကြောင့် ဒုစ္စရိုက်, ဒုရာဇီဝတို့ကို ဖြတ်တတ်သော ဝိရတိစေတသိက်တို့ကို မဟဂ္ဂုတ်စိတ်၌ ကြဉ်အပ်ကုန်၏။

တနည်း—ဝိရတိ စေတသိက်တို့သည် ရှောင်ကြဉ်အပ်သော ဝိရမိတဗ္ဗ ဝတ္ထုကို အာရုံ ပြုကုန်၏။ မဟဂ္ဂုတ်စိတ်တို့ကား ပညတ်ကို အာရုံ ပြုကုန်၏၊ ဤသို့ အာရုံ မတူသော ကြောင့် ဝိရတိ စေတသိက်တို့ကို ကြဉ်အပ်ကုန်၏။

၄၃။ ။**ပစ္စေကမေဝ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို အသီး အသီးသာလျှင်-ဟု အနက်ပေး။

---

## မဟဂ္ဂုတ်ပဌမဈာန်စိတ်သင်္ဂဟနည်း

**၄၇။ ။ပဌမဇ္ဈာနိကစိတ္တေသု ပန ပန္နရသသု အပ္ပမညာဝဇ္ဇာ န လဗ္ဘန္တီတိ သဗ္ဗထာပိ သတ္တဝီသတိ မဟဂ္ဂတစိတ္တေသု ပဉ္စကဇ္ဈာနဝသေန ပဉ္စဓာဝ သင်္ဂဟော ဟောတီတိ။ ။**

၁၅-ပါးကုန်သော ပဌမဈာန်နှင့် ယှဉ်သော မဟဂ္ဂုတ်စိတ်တို့၌ အပ္ပမညာ စေတသိက်တို့ကို မရအပ်ကုန်၊ ဤသို့ ခပ်သိမ်းသော အခြင်းအရာအားဖြင့် ၂၇-ပါးသော မဟဂ္ဂုတ်စိတ်တို့၌ ဈာန်ငါးပါး အပေါင်း၏ အစွမ်းဖြင့် ငါးပါး အပြားဖြင့်သာလျှင် ရေတွက်ခြင်းသည် ဖြစ်၏။

---

## မဟဂ္ဂုတ်ပဌမဈာန်စိတ် သင်္ဂဟနည်းအဘွင့်

၄၇။ ။**ပန္နရသသု**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ရူပါဝစရ အစွမ်းဖြင့် သုံးပါးကုန်သော အရူပါဝစရ အစွမ်းဖြင့် ၁၂-ပါး ကုန်သော ဤသို့အားဖြင့် ၁၅-ပါးသော ပဌမဈာန်နှင့် ယှဉ်သော စိတ်တို့၌-ဟု အနက်ပေး။ အပ္ပမညာဝဇ္ဇာ န လဗ္ဘန္တိ [၁] ဟူသော ပါဌ်၌ မရသောအကြောင်းကို ဘွင့်ဆိုအပ်ခဲ့ပြီ။

---

## ကာမာဝစရ သောဘဏသင်္ဂဟနည်း

**၅၀။ ။အပ္ပမညာဝိရတိယော ပနေတ္ထ ပဉ္စပိ ပစ္စေကမေဝ ယောဇေတဗ္ဗာ။ ။**

---

၁-မဟဂ္ဂုတ် စိတ်တို့သည် အပ္ပနာ စိတ်များ ဖြစ်ကြ၍ အပ္ပနာသို့ ရောက်သော အပ္ပမညာ စေတသိက်တို့မည်သည် သောမနဿဝေဒနာနှင့် အမြဲ ဖြစ်လေ့ရှိသောကြောင့် ဥပေက္ခာ သဟဂုတ်ဖြစ်သော ပဌမဈာန်စိတ်တို့၌ မယှဉ်နိုင်ကြ၍ **အပ္ပမညာဒွေး**ကို ကြဉ်အပ်၏။

အထူးကို ဆိုဦးအံ့၊ ဤမဟာကုသိုလ် ပဌမဒွေး၌ ငါးပါးကုန်သော အပ္ပမညာ စေတသိက်, ဝိရတိ စေတသိက်တို့ကို အသီးအသီး သာလျှင် ယှဉ်အပ်ကုန်၏။

---

## အပ္ပမညာ, ဝိရတိတို့၏အသီးအသီးဖြစ်ပုံအဘွင့်

၅၀။ ။**ပစ္စေကမေဝ**[၁] ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို တခု တခုစီသာလျှင်-ဟု အနက်ပေး။ အဘယ့်ကြောင့် တခုတခုစီ ဖြစ်သနည်း ဆိုသော်၊ အပ္ပမညာ စေတသိက်တို့၏ သတ္တဝါလျှင် အာရုံရှိသည်အဖြစ်ကြောင့် ဝိရတိ စေတသိက်တို့၏လည်း လွန်ကျူးအပ်သောဝတ္ထုလျှင် အာရုံရှိသောကြောင့် ထိုအပ္ပမညာ စေတသိက်နှင့် ဝိရတိ စေတသိက်တို့၏ တခုသော စိတ်၌ ဖြစ်ခြင်း မရှိ။

---

## မဟာကြိယာစိတ်သင်္ဂဟနည်း

၅၄။ ။**ကြိယစိတ္တေသုပိ ဝိရတိဝဇ္ဇိတာ တထေဝ**
**စတုသုပိ ဒုကေသု စတုဓာဝ သင်္ယှတ္တိ။** ။

မဟာကြိယာစိတ် ရှစ်ခုတို့၌လည်း ဝိရတိ စေတသိက် သုံးခုသည် ကြဉ်အပ်ကုန်သော ထို ၃၅-ပါး ကုန်သော အညသမာန်း, သောဘဏ စေတသိက်တို့ကို သာလျှင် ထိုမဟာကုသိုလ်စိတ် အတူ သာလျှင် လေးပါးကုန်သော ဒုကတို့၌ လေးပါး အပြားဖြင့်သာလျှင် ရေတွက်အပ်ကုန်၏။

---

၁–မဟာကုသိုလ်စိတ်၌ အပ္ပမညာ, ဝိရတိစေတသိက်တို့သည် ယှဉ်ကြသော်လည်း **အပ္ပမညာ**စေတသိက်တို့သည် သတ္တဝါ ပညတ်ကို အာရုံပြုကုန်၏၊ **ဝိရတိ**စေတသိက်တို့သည် ဝိရမိတဗ္ဗဝတ္ထုကို အာရုံ ပြုကုန်၏၊ ဤသို့ အာရုံ ကွဲပြားသောကြောင့် အပ္ပမညာ ယှဉ်ခိုက်, ဝိရတိ မယှဉ်နိုင်၊ ဝိရတိ ယှဉ်ခိုက်, အပ္ပမညာ မယှဉ်နိုင်၍ အသီးအသီးသာ ယှဉ်ကုန်၏။

အပ္ပမညာ ၂-ပါးတွင်လည်း ကရုဏာ ယှဉ်ခိုက်, မုဒိတာ မယှဉ်နိုင်၊ မုဒိတာ ယှဉ်ခိုက်, ကရုဏာ မယှဉ်နိုင်၍ အသီးအသီးသာ ယှဉ်ကုန်၏-ဟုမှတ်။

## မဟာကြိယာ၌ဝိရတိကြဉ်ရခြင်းအကြောင်း

၅၄။ ။လောကီ ဖြစ်ကုန်သော ဝိရတိ စေတသိက်တို့၏ စင်စစ် ကုသိုလ်သဘော ရှိကြ၍ အဗျာကတ တရား၌ ဖြစ်ခြင်းမရှိကြသောကြောင့် **ဝိရတိဝဇ္ဇိတာ**[၁]-ဟု ဆိုအပ်၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် "ပဉ္စသိက္ခာပဒါ ကုသလာယေဝ"ဟု ဟောတော်မူ၏၊ ကုသိုလ်မှ တပါး အကုသိုလ်, အဗျာကတဟု ယူသည်ရှိသော်သဒ္ဓါ, သတိ အစရှိသည်တို့ကဲ့သို့ "သိယာ ကုသလာ, သိယာ အဗျာကတာ"ဟု ဟောရာ၏၊ ဖိုလ်သည်ကား မဂ်နှင့် တူစွာ ဖြစ်သောကြောင့်၎င်း၊ ဒုစ္စရိုက်, ဒုရာဇီဝ တရားတို့ကို ငြိမ်းစေသောကြောင့်၎င်း၊ လောကုတ္တရာဝိရတိတို့၏ စင်စစ် ကုသိုလ်၏ အဖြစ်သည် မသင့်၊ ထို့ကြောင့် ထိုဝိရတိတို့ကို ထိုသိက္ခာပဒဝိဘင်း၌ မယူခြင်း ဖြစ်၏။

---

## မဟာဝိပါက်စိတ်သင်္ဂဟနည်း

**၅၅။ ။တထာ ဝိပါကေသု စ အပ္ပမညာဝိရတိဝဇ္ဇိတာ**
**တေ ဝေ သင်္ဂယှန္တီတိ သဗ္ဗထာပိ စတုဝီသတိ**
**ကာမာဝစရသောဘဏစိတ္တေသု ဒုကဝသေန**
**ဒွါဒသဓာဝ သင်္ဂဟော ဟောတီတိ။**

ထို့အတူ မဟာဝိပါက်စိတ် ရှစ်ခုတို့၌လည်း အပ္ပမညာနွေး ဝိရတိ, စေတသိက် သုံးပါးတို့သည် ကြဉ်အပ်ကုန်သော ထို ၃၃-ပါးသော အညသမာန်း, သောဘဏ စေတသိက်တို့ကို သာလျှင် လေးပါးသော ဒုကတို့၌ လေးပါး အပြားဖြင့်သာ ရေတွက် အပ်ကုန်၏၊ ဤသို့ ခပ်သိမ်းသော အပြားအားဖြင့် ၂၄-ပါးသော ကာမာဝစရ သောဘဏစိတ်တို့၌ ဒုက၏ အစွမ်းအားဖြင့် ၁၂-ပါး အပြားဖြင့်သာလျှင် ရေတွက်ခြင်း ဖြစ်၏။

---

[၁] လောကီ ဝိရတိ စေတသိက်တို့သည် ဧကန် ကုသိုလ် သဘော ရှိသောကြောင့် အဗျာကတ သဘောရှိသော ကြိယာ၌ မယှဉ်နိုင်။

## မဟာဝိပါက်စိတ်၌ အပ္ပမညာဝိရတိကြဉ်ရသော အကြောင်း

၅၅။ ။ကာမာဝစရဝိပါက်စိတ်တို့၏လည်း စင်စစ် ကာမအာရုံ ရှိသည်အဖြစ်ကြောင့် အပ္ပမညာတို့၏လည်း သတ္တဝါလျှင် အာရုံ ရှိသည် အဖြစ်ကြောင့် ဝိရတိတို့၏လည်း စင်စစ် ကုသိုလ်ဖြစ်သည် အဖြစ်ကြောင့် **အပ္ပမညာဝိရတိဝဇ္ဇိတာ**[၁]-ဟုမိန့်ဆိုအပ်၏။**စောဒနာ** ဦးအံ့—ပညတ်စသည်လျှင် အာရုံရှိသော ကာမာဝစရကုသိုလ်စိတ် သည် ရှိ၏၊ ထို့ကြောင့် ထိုကုသိုလ်၏ ဝိပါက်သည်လည်း ကုသိုလ်နှင့် တူသော အာရုံသည် ဖြစ်သင့်သည် မဟုတ်ပါလော၊ အဘယ်ကဲ့သို့ နည်း ဟူမူ။ မဟဂ္ဂုတ်, လောကုတ္တရာစိတ်တို့သည် ကုသိုလ်နှင့် တူသော အာရုံ ရှိသကဲ့သို့တည်း၊ ဤကား စောဒနာခြင်းတည်း။

ဤစောဒနာသည် ဤသို့ ဆိုသောအတိုင်း မဖြစ်သင့်၊ အဘယ့် ကြောင့် မဖြစ်သင့်သနည်းဆိုသော်၊ ကာမတဏှာနှင့် စပ်သော ကာမာဝစရစိတ်၏ အကျိုး၏ အဖြစ်ကြောင့် မသင့်၊ အဘယ်ကဲ့သို့ နည်းဟူမူ၊ ကျွန်မ၏ သားသည် အမိသည် အလိုရှိအပ်သော အမှုကို ပြုခြင်းငှါ မစွမ်းနိုင်၊ အရှင်သည် အလိုရှိအပ်သော အမှုကိုသာ ပြုရသကဲ့သို့ ဤအတူ ကာမတဏှာနှင့် စပ်သည် အဖြစ်ကြောင့် ကျွန်မနှင့် တူသော ကာမာဝစရကံ၏ အကျိုးဖြစ်သော စိတ်ကို ထိုကာမာဝစရကံသည် ယူအပ်သော အာရုံကို မယူမူ၍ ကာမတဏှာ အာရုံကိုသာလျှင် ယူ၏။

**ဒွါဒသဓာ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ကုသိုလ်,ဝိပါက်, ကြိယာ အပြား ရှိကုန်သော ကာမာဝစရစိတ်တို့၌ အသီးအသီး လေးပါးလေးပါးသော ဒုကကို ပြု၍ သုံးပါးသော စိတ်တို့၌ ၁၂-ပါး အပြားရှိ၏။

---

၁—မဟာဝိပါက်စိတ်သည် ကာမ ကေန် အာရုံ ရှိ၏၊ အပ္ပမညာ စေတသိက်တို့သည် သတ္တဝါ ပညတ်လျှင် အာရုံ ရှိကုန်၏၊ ဤသို့ အာရုံ မတူသောကြောင့် ဝိပါက်စိတ်၌ အပ္ပမညာကို ကြဉ်ရ၏။

မဟာဝိပါက် စိတ်သည် အဗျာကတ သဘောရှိ၏၊ လောကီဝိရတိသည် ကုသိုလ် သဘောရှိ၏၊ ဤသို့လျှင် ဇာတ်သဘော ကွဲသောကြောင့် ဝိရတိ စေတသိက်တို့ကို ကြဉ်အပ် ကုန်၏။

**၅၈။ ။အနုတ္တရေ ဈာနဓမ္မာ၊ အပ္ပမညာ စ မဇ္ဈိမေ။**
**ဝိရတိ, ဉာဏ, ပီတိ စ၊ ပရိတ္တေသု ဝိသေသကာ။ ။**

လောကုတ္တရာစိတ်၌ ဈာန်တရားတို့သည် အထူး ပြုကုန်၏၊ မဟဂ္ဂုတ်စိတ်၌ ဈာန်တရားတို့သည်၎င်း, အပ္ပမညာစေတသိက်တို့သည်၎င်း အထူး ပြုကုန်၏၊ ကာမာဝစရ သောဘဏစိတ်၌ အပ္ပမညာ တရားတို့သည်၎င်း, ဝိရတိ စေတသိက်, ပညိန္ဒြေ စေတသိက်, ပီတိစေတသိက်တို့သည်၎င်း အထူး ပြုကုန်၏။

---

၅၈။ ။ယခုအခါ၌ ဤအညသမာန်း သောဘဏ စေတသိက်တို့တွင် ပဌမဈာန်နှင့် ယှဉ်သောစိတ် အစရှိသည်တို့မှ ဒုတိယဈာန်နှင့် ယှဉ်သောစိတ် အစရှိသည်တို့ကို အထူး ပြုတတ်ကုန်သော စေတသိက်တို့ကို ပြခြင်းငှါ "**အနုတ္တရေဈာနဓမ္မာ**" ဤသို့ အစရှိသော စကားကို မိန့်ဆိုအပ်၏။

လောကုတ္တရာစိတ်၌ ဝိတက်, [၁] ဝိစာရ, ပီတိ, သုခတို့၏ အစွမ်းဖြင့် ဈာန်တရားတို့သည် အထူး ပြုတတ်ကုန်၏။ မဟဂ္ဂုတ် [၂] စိတ်၌ အပ္ပမညာစေတသိက်တို့သည်၎င်း, ဈာန်တရားတို့သည်၎င်း၊ အထူး ပြုတတ်ကုန်၏။ **ကာမာဝစရ**စိတ်တို့၌ ဝိရတိ, ဉာဏ်, ပီတိတို့သည်၎င်း၊ အပ္ပမညာစေတသိက်တို့သည်၎င်း၊ အထူးပြုတတ်

---

၁—ဝိတက်သည် လောကုတ္တရာ ပဌမဈာန်၌သာ ယှဉ်၏၊ ဒုတိယစသော ဈာန်တို့၌ မယှဉ်၊ ဤသို့ ယှဉ်,မယှဉ် အားဖြင့် ဝိတက်သည် ပဌမဈာန်မှသည် ဒုတိယ စသော ဈာန်တို့ကို အထူး ပြု၏။ (အကြွင်းနည်းတူသိ)

၂—ကာမာဝစရစိတ် လောကုတ္တရာစိတ်တို့၏ အလယ်၌ ဖြစ်သောကြောင့် မဟဂ္ဂုတ်စိတ်သည် မဇ္ဈိမ မည်၏၊ အပ္ပမညာနွေးသည် ပဌမဈာန်-ပ-စတုတ္ထဈာန်တို့၌သာ ယှဉ်၍ ပဉ္စမဈာန်၌ မယှဉ်၊ ဤသို့ မဟဂ္ဂုတ်စိတ်၌ အပ္ပမညာနွေးသည် ယှဉ်,မယှဉ်အားဖြင့် အထူး ပြု၏။

ကာမာဝစရစိတ်၌ အပ္ပမညာနွေးသည် ကုသိုလ်စိတ်, ကြိယာစိတ်တို့၌သာ ယှဉ်၏၊ ဝိပါက်စိတ်၌ မယှဉ်၊ ဤသို့ ကုသိုလ်, ကြိယာတို့မှ ဝိပါက်စိတ်ကို ယှဉ်,မယှဉ်အားဖြင့် အထူးပြု၏။

ကုန်၏။ ထို ဝိရတိ, ဉာဏ်,ပီတိ,အပ္ပမညာတို့တွင် ဝိရတိ[၁] စေတသိက်သည် ကုသိုလ်တို့မှ ဝိပါက်, ကြိယာတို့ကို အထူး ပြုကုန်၏၊ အပ္ပမညာစေတသိက်သည် ကုသိုလ်, ကြိယာတို့မှ ဝိပါက်စိတ်တို့ကို အထူး ပြု၏၊ ဉာဏ်, [၂]ပီတိ တို့သည်ကား ပဌမဒွေး အစရှိသည်တို့မှ ဒုတိယဒွေး အစရှိသည်တို့ကို အထူး ပြုတတ်ကုန်၏၊ ဤသို့ မှတ်အပ်၏။

---

## လောဘမူဒုတိယ အသင်္ခါရိကစိတ်သင်္ဂဟနည်း

**၆၀။ ။တထေဝ ဒုတိယေ အသင်္ခါရိကေ လောဘ,မာနေန။**

ထို ပဌမ အသင်္ခါရိကစိတ် အတူသာလျှင် ဒုတိယ ဖြစ်သော လောဘမူ အသင်္ခါရိကစိတ်၌ လောဘ, မာနနှင့် တကွ တခုယုတ် နှစ်ဆယ်သော စေတသိက်တို့သည် ပေါင်းခြင်းသို့ ရောက်ကုန်၏။

---

## လောဘမူ ဒုတိယသင်္ဂဟနည်းအဘွင့်

၆၀။ ။**ဒုတိယေ အသင်္ခါရိကေ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ဒိဋ္ဌိဂတဝိပ္ပယုတ် ဖြစ်သော အသင်္ခါရိကစိတ်၌ လောဘ, မာနနှင့် တကွ၊ ထိုပဌမ အသင်္ခါရိကနှင့် အတူသာလျှင် အညသမာန်း စေတသိက် ၁၃-ပါးတို့သည်၎င်း၊ အကုသလသာဓာရဏစေတသိက်လေးပါး တို့သည်၎င်း၊ ဤသို့ တခုယုတ် နှစ်ဆယ်သော

---

၁—ဝိရတိ စေတသိက် သုံးပါးသည် ကုသိုလ်စိတ်၌သာ ယှဉ်၍ ဝိပါက်စိတ်, ကြိယာစိတ်တို့၌ မယှဉ်၊ ဤသို့ ကုသိုလ်စိတ်မှ ဝိပါက်စိတ်, ကြိယာစိတ်တို့ကို ယှဉ်,မယှဉ် အားဖြင့် အထူး ပြု၏။

၂—ဉာဏ်သည် ပဌမဒွေး ဒုတိယဒွေး တည်းဟူသော ၁၂-ပါးသော ဉာဏသမ္ပယုတ်စိတ်၌သာ ယှဉ်၍ ၁၂-ပါးသော ဉာဏဝိပ္ပယုတ်စိတ်တို့၌ မယှဉ်၊ ဤသို့ ဉာဏသမ္ပယုတ်စိတ်မှ ဉာဏဝိပ္ပယုတ်စိတ်ကို ယှဉ်,မယှဉ်အားဖြင့် အထူး ပြု၏။

ပီတိသည် ၁၂-ပါးသော သောမနဿစိတ်၌သာ ယှဉ်၍ ဥပေက္ခာစိတ်၌ မယှဉ်၊ ဤသို့ သောမနဿသဟဂုတ်စိတ်မှ ဥပေက္ခာသဟဂုတ်စိတ်ကို ယှဉ်,မယှဉ်အားဖြင့် အထူး ပြု၏။

စေတသိက်တို့သည် ပေါင်းခြင်းသို့ ရောက်ကုန်၏၊ ဤသို့စပ်ခြင်းကို ပြအပ်ကုန်၏-ဟူလို။

---

**လောဘမူ တတိယ အသင်္ခါရိကစိတ် သင်္ဂဟနည်း**

၆၁။ ။**တတိယေ တထေဝ ပီတိဝဇ္ဇိတာ လောဘ,ဒိဋ္ဌိဟိ သဟ အဋ္ဌာရသ။**

ထို ဒုတိယ အသင်္ခါရိကစိတ် အတူသာလျှင် တတိယ အသင်္ခါရိက လောဘမူစိတ်၌ ပီတိသည် ကြဉ်အပ်ကုန်သော လောဘ, ဒိဋ္ဌိတို့နှင့် တကွ ၁၈-ပါးသော စေတသိက်တို့သည် ပေါင်းခြင်းသို့ ရောက်ကုန်၏။

---

**လောဘမူ တတိယ အသင်္ခါရိကစိတ် သင်္ဂဟနည်းအဘွင့်**

၆၁။ ။**တတိယေ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် ဖြစ်သော အသင်္ခါရိကစိတ်၌-ဟု အနက်ပေး။

---

**လောဘမူ စတုတ္ထ အသင်္ခါရိကစိတ် သင်္ဂဟနည်း**

၆၂။ ။**စတုတ္ထေ တထေဝ လောဘ, မာနေန။**

ထို တတိယ အသင်္ခါရိကစိတ် အတူသာလျှင် စတုတ္ထ ဖြစ်သော အသင်္ခါရိက လောဘမူစိတ်၌ လောဘ, မာနနှင့် တကွ ၁၈-ပါးကုန်သော စေတသိက်တို့သည် ပေါင်းခြင်းသို့ ရောက်ကုန်၏။

---

၆၂။ ။**စတုတ္ထေ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ဒိဋ္ဌိဂတဝိပ္ပယုတ် ဖြစ်သော အသင်္ခါရိကစိတ်၌-ဟု အနက်ပေး။

## ဉာဏ, မဇ္ဈိမ, ကုဋ္ဌုံးစ တို့ ယှဉ်ပုံ

**၆၄။ ။ဉာဏ, မဇ္ဈေ ရ, ကုဋ္ဌုံးစာနိ ပနေတ္ထ ပစ္စေကမေဝ ယောဇေတဗ္ဗာနိ။ ။**

အထူးကို ဆိုဦးအံ့၊ ဤပဌမအသင်္ခါရိကစိတ်၌ ဉာဏ, မဇ္ဈေ ရ, ကုဋ္ဌုံးစ စေတသိက်တို့ကို အသီးအသီး သာလျှင် ယှဉ်အပ်ကုန်၏။

---

## ဉာဏ, မဇ္ဈေ ရ, ကုဋ္ဌုံးစ တို့ယှဉ်ပုံ အဘွင့်

၆၄။ ။ဤပဋိသ သမ္ပယုတ် ပဌမ အသင်္ခါရိကစိတ်၌ ပြားသော အာရုံရှိသည် အဖြစ်ကြောင့် ဉာဏ စေတသိက်, မဇ္ဈိမစေတသိက်, ကုဋ္ဌုံးစ စေတသိက် တို့ကို အသီးအသီးသာလျှင်[၁] ယှဉ်အပ်ကုန်၏၊ ဤကား အဓိပ္ပါယ်တည်း။

---

## မောဟမူ ဝိစိကိစ္ဆာ သဟဂုတ်စိတ်၏ သင်္ဂဟနည်း

**၆၇။ ။ဝိစိကိစ္ဆာသဟဂတစိတ္တေ စ အဓိမောက္ခဝိရဟိတာ ဝိစိကိစ္ဆာသဟဂတာ တထေဝ ပန္နရသ ဓမ္မာ သမုပ-လဗ္ဘန္တီတိ သဗ္ဗထာပိ ဒွါဒသာကုသလစိတ္တုပ္ပါဒေသု ပစ္စေကံ ယောဇိယမာနာ ပိ ဂဏာန ဝသေန သတ္တဓာဝ သင်္ဂဟိတာ ဘဝန္တီတိ။ ။**

ဝိစိကိစ္ဆာသဟဂုတ်စိတ်၌လည်း ထိုဥဒ္ဓစ္စသဟဂုတ်စိတ် အတူသာလျှင် အဓိမောက္ခ စေတသိက်သည် ကြဉ်အပ် ကုန်သော ဝိစိကိစ္ဆာနှင့် တကွ ဖြစ်ကုန်သော ၁၅-ပါးသော စေတသိက်တို့ကိုကောင်းစွာ ရအပ်ကုန်၏၊ ဤသို့ ခပ်သိမ်းသော အခြင်းအရာအားဖြင့်လည်း၊

---

၁-ဉာဏ မဇ္ဈိမ ကုဋ္ဌုံးစ စေတသိက်ဘို့သည် အာရုံ ပြားသောကြောင့် အတူတကွ မယှဉ်ဘဲ အသီး အသီး ယှဉ်ကြ၏။

၁၂-ပါးသော အကုသိုလ်စိတ်တို့၌ အသီးအသီးယှဉ်အပ်ကုန်သည် ရှိသော် ရေတွက်ခြင်းအစွမ်းဖြင့် ၇-ပါးအပြားဖြင့်သာလျှင် ရေတွက်အပ်ကုန်၏။

---

## အဓိမောက္ခ ကြဉ်ရသော အကြောင်း

၆၇။ ။အဓိမောက္ခ[၁] စေတသိက်၏ ဆုံးဖြတ်သောအခြင်းအရာအားဖြင့် ဖြစ်ခြင်းကြောင့် နှလုံးနှစ်ခွ ဖြစ်သော သဘောရှိသော ဝိစိကိစ္ဆာစိတ်၌ ဖြစ်ခြင်းမရှိ။ ထို့ကြောင့် **"အဓိမောက္ခဝိရဟိတာ"** ဟူသော စကားကို ဆိုအပ်၏။

---

## သင်္ဂဟဂါထာ

**၆၈။ ။ကေ့နဝီသာဋ္ဌာရသ၊ ဝီသေကဝီသ, ဝီသတိ။**
**ဒွါဝီသ ပန္နရသေတိ၊ သတ္တဓာ ကုသလေ ဋ္ဌိတာ။ ။**

အကုသိုလ်စိတ်၌ သင်္ဂဟနည်းတို့သည်—

(၁) တခုယုတ် နှစ်ဆယ်သော စေတသိက်တို့ဂုဏ်း၊
(၂) ၁၈-ပါးသော စေတသိက်တို့ဂုဏ်း၊
(၃) ၂၀-သော စေတသိက်တို့ဂုဏ်း၊
(၄) ၂၁-ပါးသော စေတသိက်တို့ဂုဏ်း၊
(၅) ၂၀-သော စေတသိက်တို့ဂုဏ်း၊
(၆) ၂၂-ပါးသော စေတသိက်တို့ဂုဏ်း၊
(၇) ၁၅-ပါးသော စေတသိက်တို့ဂုဏ်း၊ ဤသို့ ၇-ပါးအပြားဖြင့် တည်ကုန်၏။

---

၁—အဓိမောက္ခသည် အာရုံကို ဆုံးဖြတ်ခြင်း လက္ခဏာ ရှိသောကြောင့် အာရုံကို မဆုံးဖြတ်နိုင်ခြင်း, နှလုံး နှစ်ခွ ဖြစ်ခြင်း သဘော လက္ခဏာ ရှိသော ဝိစိကိစ္ဆာ၌ မယှဉ်နိုင်၍ ကြဉ်ရသည်။

၆၀။ ။ပဌမ အသင်္ခါရိကစိတ်, ဒုတိယ အသင်္ခါရိကစိတ်တို့၌ တခုယုတ် နှစ်ဆယ်သော စေတသိက်တို့သည် တည်ကုန်၏၊ တတိယ အသင်္ခါရိကစိတ်, စတုတ္ထ အသင်္ခါရိကစိတ်တို့၌ ၁၈-ပါးသော စေတသိက်တို့သည် တည်ကုန်၏၊ ပဉ္စမ အသင်္ခါရိကစိတ်၌ ၂၀-သော စေတသိက်တို့သည် တည်ကုန်၏၊ ပဌမ သသင်္ခါရိကစိတ်, ဒုတိယ သသင်္ခါရိကစိတ်တို့၌ ၂၁-ပါးသော စေတသိက်တို့သည် တည်ကုန်၏၊ တတိယ သသင်္ခါရိကစိတ်, စတုတ္ထ သသင်္ခါရိကစိတ်တို့၌ ၂၀-သော စေတသိက်တို့သည် တည်ကုန်၏၊ ပဉ္စမ သသင်္ခါရိကစိတ်၌ ၂၂-ပါးသော စေတသိက်တို့သည် တည်ကုန်၏၊ မောဟမူဒွေး၌ ၁၅-ပါးသော စေတသိက် တို့သည် တည်ကုန်၏။ ဤသို့အကုသိုလ်စိတ်၌ ၇-ပါး အပြား အားဖြင့် တည်ကုန်၏၊ ဤကား အနက်ယောဇနာနည်းတည်း။

---

## အကုသိုလ်နှင့် ယှဉ်သော စေတသိက်များ

**၆၉။ ။သာဓာရဏာ စ စတ္တာရော၊ သမာနာ စ ဒသာ ပရေ။**
**စုဒ္ဒသေတေ ပဝုစ္စန္တိ၊ သဗ္ဗာကုသလယောဂိနော။ ။**

လေးပါးကုန်သော အကုသလ သာဓာရဏစေတသိက်တို့၎င်း၊ ဆန္ဒ, ပီတိ, အဓိမောက္ခစေတသိက်တို့မှ တပါးကုန်သော ၁၀-ပါးသော အညသမာန်း စေတသိက်တို့၎င်း၊ ဤသို့ ၁၄-ပါးကုန်သော ထိုစေတသိက်တို့ကို အလုံးစုံသော အကုသိုလ်စိတ်တို့နှင့် ယှဉ်ကုန်၏ ဟူ၍ ဆိုအပ်ကုန်၏။

---

၆၉။ ။**သာဓာရဏာ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို အလုံးစုံသော အကုသိုလ်တို့နှင့် ဆက်ဆံသည် ဖြစ်၍ ဖြစ်ကုန်သော လေးပါးကုန်သော စေတသိက်တို့၎င်း၊ ဆန္ဒ, ပီတိ, အဓိမောက္ခ စေတသိက်တို့သည် ကြဉ်အပ်ကုန်သော တပါး ဖြစ်ကုန်သော အည

သမာန်း စေတသိက် ၁၀-ပါးတို့ရင်း၊ ဤသို့ ဤ ၁၄-ပါးသော စေတသိက်တို့ကို အသုံးစုံသော အကုသိုလ်စိတ်၌ ယှဉ်ကုန်၏-ဟူ၍ ဆိုအပ်ကုန်၏။ ဤကား အနက်ယောဇနာနည်းတည်း။

---

## အဟိတ်ဝုဋ္ဌောစိတ်၏ သင်္ဂဟနည်း

**၇၁။ ။တထာ ဝေါဋ္ဌဗ္ဗနေ ဆန္ဒပီတိဝဇ္ဇိတာ။**

ထို့အတူ ဝုဋ္ဌောစိတ်၌ ဆန္ဒ, ပီတိသည် ကြဉ်အပ်ကုန်သော အညသမာန်း စေတသိက် ၁၁-ပါးတို့သည် ပေါင်းခြင်းသို့ ရောက်ကုန်၏။

---

## ဝုဋ္ဌောစိတ် သင်္ဂဟနည်းအဘွင့်

၇၁။ ။**တထာ**-ဟူသော ဤစကားဖြင့် အညသမာန်း စေတသိက်တို့ကို သုံးသပ်တော်မူ၏။

---

## မနောဓာတ်, အဟိတ်ပဋိသန္ဓေစိတ် သင်္ဂဟနည်း

**၇၃။ ။မနောဓာတုတ္တိကာ, ဟေတုကပဋိသန္ဓိယုဂဠေ ဆန္ဒ, ပီတိ, ဝီရိယဝဇ္ဇိတာ။**

မနောဓာတ်သုံးခု, အဟိတ်ပဋိသန္ဓေနှစ်ခု အစုံ၌ ဆန္ဒ, ပီတိ, ဝီရိယတို့သည် ကြဉ်အပ်ကုန်သော အညသမာန်း စေတသိက် ၁၀-တို့သည် ပေါင်းခြင်းသို့ ရောက်ကုန်၏။

---

## မနောဓာတ်, အဟိတ်ပဋိသန္ဓေစိတ် သင်္ဂဟနည်းအဘွင့်

၇၃။ ။မနောဝိညာဏ်ဓာတ် ကဲ့သို့ ထူးသော ကိစ္စနှင့် မယှဉ်သည်ဖြစ်၍ သိကာမျှ ဓာတ်ဖြစ်သောကြောင့် **မနောဓာတ်**

မည်၏။ **အဟေတုကပဋိသန္ဓိယုဂဠေ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ဥပေက္ခာသန္တီရဏစိတ်[၁] ၂-ပါး၌-ဟု အနက်ပေး။

---

## သင်္ဂဟဂါထာများ

**၇၅။ ။ဒွါဒသေကာဒသ ဒသ၊ သတ္တ စာတိ စတုဗ္ဗိဓော။**
**အဋ္ဌာရသာဟေတုကေသု၊ စိတ္တုပ္ပါဒေသု သင်္ဂဟော။**

အဟိတ်စိတ် ၁၈-ပါးတို့၌ ၁၂-ပါးသော စေတသိက်တို့ငှး၊ ၁၁-ပါးသော စေတသိက်တို့ငှး၊ ၁၀-ပါးသော စေတသိက်တို့ ငှး၊ ၇-ပါးသော စေတသိက်တို့ငှး၊ ဤသို့ လေးပါး အပြား ရှိသော သင်္ဂဟနည်းကို သိအပ်၏။

---

## သင်္ဂဟဂါထာအဘွင့်

၇၅။ ။၁၂-ပါးသော စေတသိက်တို့သည် ဟသိတုပ္ပါဒ်စိတ်၌ ဖြစ်ကုန်၏၊ ၁၁-ပါးသော စေတသိက်တို့သည် ဝုဋ္ဌောစိတ်, သောမနဿသန္တီရဏစိတ်တို့၌ဖြစ်ကုန်၏၊၁၀-ပါးသောစေတသိက် တို့သည် မနောဓာတ် သုံးပါး အဟိတ်ပဋိသန္ဓေ အစုံတို့၏ အစွမ်းဖြင့် ငါးပါးသော စိတ်တို့၌ ဖြစ်ကုန်၏၊ ၇-ပါးသော စေတသိက်တို့သည်

---

၁-ကုသလဝိပါက် သန္တီရဏစိတ်သည် ကာမ သုဂတိဘုံ၌ ဖြစ်သော အဟိတ် ပဋိသန္ဓေ စိတ် ဖြစ်၏။

အကုသလ ဝိပါက် သန္တီရဏ စိတ်သည် အပါယ်ဘုံ၌ ဖြစ်သော အဟိတ် ပဋိသန္ဓေ စိတ် ဖြစ်၏၊ ထိုကြောင့် ထိုစိတ် ၂-ပါးကို အဟိတ် ပဋိသန္ဓေ အစုံ ဟုဆိုအပ်၏။

စေတသိက် အယှဉ် များသောကြောင့် လောကုတ္တရာ သင်္ဂဟနည်းကို ရှေးဦးစွာ မိန့်ဆိုရ၏။

မဟဂ္ဂုတ်စိတ်နှင့် နိယတယောဂီ စေတသိက် အယှဉ် တူသော်လည်း အယုတ်, အသာ် အစဉ်အားလျော်စွာ လောကုတ္တရာစိတ် သင်္ဂဟနည်းကို ရှေးဦးစွာ မိန့်ဆိုရ၏။

အကုသိုလ် စိတ်သည် အဟိတ်စိတ်ထက် ယုတ်သော်လည်း စေတသိက် အယှဉ် များသောကြောင့် အကုသလ သင်္ဂဟနည်းကို ရှေးဦးစွာ မိန့်ဆိုရ၏-ဟုမှတ်။

ဒွေးပဉ္စဝိညာဏ် ၁၀-ပါးတို့၌ ဖြစ်ကုန်၏၊ ဤသို့ ၁၈-ပါးသော အဟိတ်စိတ်တို့၌ သင်္ဂဟနည်းသည် ၄-ပါး အပြားရှိ၏။ ဤကား အနက်ယောဇနာနည်းတည်း။

---

၇၆။ ။အဟေတုကေသု သဗ္ဗတ္ထ၊ သတ္တ သေသာ ယထာရဟံ။
ဣတိ ဝိတ္ထာရတော ဝုတ္တော၊ တေတ္တိံသဝိဓသင်္ဂဟော။

အလုံးစုံသော အဟိတ်စိတ် ၁၈-ပါးတို့၌ သဗ္ဗစိတ္တသာဓာရဏ စေတသိက်ခုနစ်ပါးတို့သည် ယှဉ်ကုန်၏၊ ဆန္ဒမှ ကြွင်းသော ပကိဏ်း စေတသိက် ၆ါးခုတို့သည် ထိုက်သည်အား လျော်စွာ ယှဉ်ကုန်၏၊ ဤသို့ အကျယ်အားဖြင့် ၃၃-ပါး အပြားရှိသော သင်္ဂဟနည်းကို မိန့်အပ်၏။

---

၇၆။ ။**တေတ္တိံသ ဝိဓသင်္ဂဟော**-ဟူသည်ကား လောကုတ္တရာ စိတ်၌ ၆ါးပါးသော သင်္ဂဟနည်းတို့ရင်း၊ မဟဂ္ဂုတ်စိတ်၌ ထို့အတူ ၆ါးပါးသော သင်္ဂဟနည်းတို့ရင်း၊ ကာမာဝစရသောဘဏစိတ်၌ ၁၂-ပါးကုန်သော သင်္ဂဟနည်းတို့ရင်း၊ အကုသိုလ်စိတ်၌ ၇-ပါးကုန် သော သင်္ဂဟနည်းတို့ရင်း၊ အဟိတ်စိတ်၌ ၄-ပါးကုန်သော သင်္ဂဟ နည်းတို့ရင်း၊ ဤသို့ ၃၃-ပါး အပြားရှိသော သင်္ဂဟနည်းကို မိန့်ဆို အပ်၏။

---

## စေတသိက်ကိုစိတ်နှင့်အမျှရေတွက်ခြင်း

၇၇။ ။ဣတ္ထံ စိတ္တာဝိယုတ္တာနံ၊ သမ္ပယောဂဉ္စ သင်္ဂဟံ။
ဉတွာ ဘေဒံ ယထာယောဂံ၊ စိတ္တေန သမမုဒ္ဒိသေ။

အကြင်အကြင် ဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့် စိတ်နှင့် အမြဲ ယှဉ်ကုန်သော စေတသိက်တို့၏ စိတ်ကို ပိုင်းခြားသည် အစွမ်းဖြင့် မိန့်အပ်သော ၁၆-ပါး အပြားရှိသော သမ္ပယောဂနည်းကိုရင်း၊

စေတသိက်တို့၏ အစုကို ပိုင်းခြားသည် အစွမ်းဖြင့် မိန့်အပ်သော ၃၃-ပါး အပြားရှိသော သင်္ဂဟနည်းကိုလည်း သိအပ်၏၊ သိပြီး၍ ယှဉ်သင့်သည်အားလျော်စွာ စိတ်နှင့် မျှသော အပြားကို ပြရာ၏။

---

၇၇။ ။အကြင်အကြင် ဆိုအပ်ပြီးသော နည်းဖြင့် စိတ်နှင့်မပြတ် ယှဉ်ကုန်သော စေတသိက်တို့ကို စိတ်ကိုပိုင်းခြားသည်အစွမ်းအားဖြင့် ဆိုအပ်သော သမ္ပယောဂနည်းကိုလည်း၊ စေတသိက်အစုကို ပိုင်းခြား သည် အစွမ်းအားဖြင့် ဆိုအပ်သော သင်္ဂဟနည်းကိုလည်း သိပြီး၍ ယှဉ်သင့်သည်အား လျော်စွာ စိတ်နှင့် မျှသော အပြားကို ပြရာ၏။

၇-ပါး ကုန်သော သဗ္ဗစိတ္တသာဓာရဏ စေတသိက် တို့သည် ရှေးဦးစွာ တခုယုတ် ကိုးဆယ်သော စိတ်တို့၌ ဖြစ်သောကြောင့် အသီးအသီး တခုယုတ် ကိုးဆယ် အပြားရှိကုန်၏၊ ပကိဏ်း စေတသိက်တို့တွင် ဝိတက်သည် ၅၅-ပါးသော စိတ်တို့၌ ဖြစ် သောကြောင့် ၅၅-ပါး အပြားရှိ၏၊ ဤသို့ အစရှိသည်ဖြင့် ဆိုရာ၏။ ဤကားအနက်တည်း။

ဤဆိုအပ်ပြီးသောစကားဖြင့် အဘိဓမ္မတ္ထဝိဘာဝနီမည်သော အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၏အဘွင့်၌

**ဒုတိယစေတသိက်ပိုင်းအဘွင့်သည် ပြီးဆုံးခြင်းသို့ရောက်ပြီ။**

# ငိုကာကျော် မြန်မာပြန်

## ပကိဏ်းပိုင်း

# ပကိဏ်းပိုင်း

## ပဋိညာဉ်နှင့် မာတိကာစဉ်

၁။ ။သမ္ပယုတ္တာ ယထာယောဂံ၊ တေပညာသ သဘာဝတော။
စိတ္တစေတသိကာ ဓမ္မာ၊ တေသံ ဒါနိ ယထာရဟံ။

၂။ ။ဝေဒနာဟေတုတော ကိစ္စ၊ ဒွါရာလမ္ဗဏဝတ္ထုတော။
စိတ္တုပ္ပါဒဝသေနေဝ၊ သင်္ဂဟော နာမ နီယတေ။ ။

ယှဉ်သင့်သည်အား လျော်စွာ အညီအညွတ် အပြားအားဖြင့် ယှဉ်ကုန်သော စိတ်, စေတသိက်တရားတို့သည် အာရုံကို သိခြင်း, တွေ့ထိခြင်း အစရှိသော မိမိ မိမိတို့၏ ကိစ္စလက္ခဏာဖြင့် ၅၃-ပါး အပြားရှိကုန်၏။ ယခုအခါ၌ ထို ၅၃-ပါးသော သဘောတရားတို့၏ ထိုက်သည်အား လျော်စွာ စိတ်, စေတသိက်တို့၏ အစွမ်းဖြင့်သာလျှင် ဝေဒနာအပြား, ဟိတ်အပြားအားဖြင့်၎င်း၊ ကိစ္စအပြား,ဒွါရအပြား, အာရုံအပြား, ဝတ္ထုအပြားအားဖြင့်၎င်း၊ဝေဒနာဒိသင်္ဂဟ မည်သော ပကိဏ္ဏကသင်္ဂဟကို ငါသည် ဆောင်အပ်၏။

---

၁။ ။ယခုအခါ၌ အကြင်အကြင် ဆိုအပ်ကုန်ပြီးသော စိတ်, စေတသိက်တို့၏ ဝေဒနာ စသည်ကို ဝေဘန်သောအားဖြင့်၎င်း၊ ထိုထိုသို့သော ဝေဒနာအစရှိသော အပြားအားဖြင့် ပြားကုန်သော စိတ်တို့ကို ဝေဘန်သောအားဖြင့်၎င်း၊ ပကိဏ္ဏကသင်္ဂဟကို ပြခြင်းငှါ "**သမ္ပယုတ္တာယထာယောဂံ**" ဤသို့ အစရှိသော စကားကို အားထုတ်အပ်ပါသတည်း။ ယှဉ်သင့်သည်အား လျော်စွာ အညီအညွတ် အပြားအားဖြင့် ယှဉ်ကုန်သော စိတ်, စေတသိက်တရားတို့သည် မိမိမိမိသဘော၏ အစွမ်းဖြင့် တခုယုတ် ကိုးဆယ် အပြားရှိသော စိတ်သည်လည်း အာရုံကို သိတတ်သော သဘောချင်း တူသဖြင့် တပါးအပြား ရှိ၏။ သဗ္ဗစိတ္တသာဓာရဏ စေတသိက်ဖြစ်သော ဖဿ စေတသိက်သည် အာရုံကို တွေ့ထိခြင်း သဘောဖြင့်

တပါးအပြား ရှိ၏။ ဤသို့ အစရှိသည်ဖြင့် ၅၃-ပါး [၁] တို့သည် ဖြစ်ကုန်၏။

---

၂။ ။ယခုအခါ၌ ထိုစိတ်, စေတသိက်တို့၏ ထိုက်သင့်သည့်အား လျော်စွာ ဝေဒနာ။ပ။ ဝတ္ထုအားဖြင့် ဝေဒနာသင်္ဂဟ အစရှိသည် အမည်ရှိသော ပကိဏ္ဏကသင်္ဂဟ [၂] ကို ထိုထို ဝေဒနာ အစရှိသော အပြားအားဖြင့် ပြားသော စိတ်, စေတသိက်တို့၏ အစွမ်းဖြင့် သာလျှင် ဆောင်အပ်၏။ တစုံတခုသော သင်္ဂဟ၌ ထိုစိတ္တုပ္ပါဒ်တို့နှင့် ကင်းသဖြင့် မဆောင်အပ်။ ဤကား အနက်တည်း။

---

## ဝေဒနာသင်္ဂဟ

**၃။ ။တတ္ထ ဝေဒနာသင်္ဂဟေ တာဝ တိဝိဓာ ဝေဒနာ သုခံ, ဒုက္ခံ,အဒုက္ခမသုခါစေတိ သုခံ, ဒုက္ခံ,သောမနဿံ,ဒေါမနဿံ, ဥပေက္ခာတိ စ ဘေဒေန ပန ပဉ္စဓာ ဟောတိ။**

ထိုခြောက်ပါးသော ပကိဏ္ဏကသင်္ဂဟတို့တွင် ဝေဒနာသင်္ဂဟ၌ ရှေးဦးစွာ ဤသို့ ဝေဘန်ခြင်းကို ငါသည် မိန့်ဆိုအပ်၏။ ဝေဒနာ သည် (၁) သုခဝေဒနာ၎င်း၊ (၂) ဒုက္ခဝေဒနာ၎င်း၊ (၃) ဒုက္ခလည်း မဟုတ်, သုခလည်း မဟုတ်သော ဥပေက္ခာဝေဒနာ၎င်း၊ ဤသို့ အာရုံကို ခံစားသော အနုဘဝနလက္ခဏာ အပြားဖြင့် သုံးပါးအပြား ရှိ၏။ (၁) သုခဝေဒနာ၎င်း၊ (၂) ဒုက္ခဝေဒနာ၎င်း၊ (၃) သောမနဿဝေဒနာ၎င်း၊ (၄) ဒေါမနဿဝေဒနာ၎င်း၊ (၅) ဥပေက္ခာဝေဒနာ၎င်း၊ဤသို့ဣန္ဒြေအပြားအားဖြင့်ငါးပါးအပြားရှိ၏။

---

၁—စိတ်သည် ၈၉-ပါးပင်ဖြစ်သော်လည်း အာရုံကိုသိခြင်းလက္ခဏာအားဖြင့် တပါးတည်း ဖြစ်သောကြောင့် တပါးသာ ယူရ၏။ စေတသိက်ကား လက္ခဏာ ပြား၍ ၅၂-ပါးပင် ရသဖြင့် ၅၂-ပါးယူ၍ စိတ်,စေတသိက် နာမ်တရားသည် ၅၃-ပါးဖြစ်၏-ဟုမှတ်။

၂—စိတ်,စေတသိက်တို့ကို ဝေဒနာစသည်ဖြင့် ပြိုးပြွမ်း၍ ဝေဘန်သောကြောင့်၎င်း, ထိုထို ဝေဒနာစသည် ပြိုးပြွမ်းသော အပြားဖြင့် ပြားသော စိတ်, စေတသိက်တို့ကို ခွဲခြမ်း ဝေဘန်သောကြောင့်၎င်း **ပကိဏ်း** မည်၏။

## ဝေဒနာအဘွင့်

၃။ ။**တတ္ထ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို "ထိုခြောက်ပါး သော သင်္ဂဟတို့တွင်" ဟု အနက်ပေး။ သုခအစရှိသော ဝေဒနာ တို့ကိုရင်း, ထိုဝေဒနာနှင့် တကွဖြစ်သော စိတ္တုပ္ပါဒ်တို့ကိုရင်း ဝေဘန်ခြင်း၏ အစွမ်းဖြင့် အကျဉ်းပေါင်း၍ ယူရာ, ယူကြောင်း ဖြစ်သော သင်္ဂဟနည်းသည် **ဝေဒနာသင်္ဂဟ**[၁] မည်၏။ဒုက္ခဝေဒနာမှ ငင်း၊ သုခဝေဒနာမှငင်း တပါးဖြစ်သော ဝေဒနာသည် မ-အက္ခရာ လာသည် အစွမ်းဖြင့် **အဒုက္ခမသုခဝေဒနာ** မည်၏။

## အနုဘဝနလက္ခဏာအားဖြင့် ဝေဒနာသုံးပါးဖြစ်ပုံ

စောဒနာဦးအံ့—"ဒွေမာ ဘိက္ခဝေ ဝေဒနာ သုခါ ဒုက္ခာ" ဟု ဟောတော်မူသောကြောင့် ဝေဒနာတို့သည် ၂-ပါးသာ ဖြစ်ကုန် သည်မဟုတ်ပါလောဟူမူ၊ ဝေဒနာ ၂-ပါးသာဟု ဘုရားဟော တော်မူခြင်းသည် မှန်ပါ၏၊ ထိုသို့ပင် မှန်သော်လည်း ထို"ဒွေမာ- ဘိက္ခဝေ" အစရှိသော စကားကို အပြစ်မရှိသော အဘို့ရှိသော အဒုက္ခမသုခဝေဒနာကို သုခဝေဒနာ၌ ပေါင်း၍ အပြစ်ရှိသော အဘို့ရှိသော အဒုက္ခမသုခဝေဒနာကို ဒုက္ခဝေဒနာ၌ ပေါင်း၍ ဟောတော်မူအပ်၏။

အချို့သော သုတ်၌ "ယံကိဉ္စိ။ပ။ ဒုက္ခသ္မိံ" ဟူသော အကြင် စကားကို မြတ်စွာဘုရား ဟောတော်မူအပ်၏။ ထိုစကားကို သင်္ခါရ ဒုက္ခ၏ အဖြစ်အားဖြင့် အလုံးစုံသော ဝေဒနာတို့၏ ဒုက္ခသဘော တူသည်၏ အဖြစ်ကြောင့် ဟောတော်မူအပ်၏၊ ယင်းပါဠိ၏ အနက်-ဤသင်္ခါရတို့၌ အလုံးစုံသော ဝေဒနာသည်ရှိ၏၊ ဤအလုံးစုံ သော ဝေဒနာသည် ဒုက္ခသာ ဖြစ်၏—ဟူလို။

---

၁—ဝေဒနာ၏ အပြားအားဖြင့် ထိုဝေဒနာနှင့် ယှဉ်ကုန်သော စိတ်, စေတသိက်တို့ကို စုပေါင်းရေတွက်၍ ပြကြောင်းဖြစ်သော သင်္ဂဟသည် **ဝေဒနာသင်္ဂဟ** မည်၏၊(ကြွင်းသင်္ဂဟ တို့ကိုလည်း နည်းတူသိ)။

မြတ်စွာဘုရားသည် အဘယ်သို့ ဟောပါသနည်းဟူမူ—

> "သင်္ခါရာနိစ္စတံ အာနန္ဒ မယာ သန္ဓာယ ဘာသိတံ သင်္ခါရ ဝိပရိဏာမတဉ္စ ယံကိဉ္စိ ဝေဒယိတမိဒမေတ္ထ ဒုက္ခသ္မိ"

ဟု ဟောတော်မူ၏။

## အဓိပ္ပါယ်ကား

အာနန္ဒာ သင်္ခါရတို့၏ အမြဲမရှိသည့် အဖြစ်ကိုရင်း၊ သင်္ခါရတို့၏ ဖောက်ပြန်ပျက်စီးခြင်းသဘောရှိသည့်အဖြစ်ကိုရင်း ရည်၍ "ယံကိဉ္စိ ဝေဒယိတမိဒမေတ္ထ ဒုက္ခသ္မိ" ဟူသော စကားကို ငါဆိုအပ်ပါသတည်း၊ ထို့ကြောင့် ဝေဒနာ[၁] တို့ကို သုံးပါးတို့သာဟု မှတ်အပ်၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် "တိဿော ဣမာ ဘိက္ခဝေ ဝေဒနာ သုခါ,ဒုက္ခာ, အဒုက္ခမသုခါစ" ဟု ဟောတော်မူ၏။ အနက်ကား— ရဟန်းတို့ဝေဒနာသည် သုခဝေဒနာရင်း, ဒုက္ခဝေဒနာရင်း, အဒုက္ခမသုခ ဝေဒနာရင်း ဤသို့သော အပြား အားဖြင့် ဤသုံးပါးတို့သာတည်း—ဟူလို။

## ဣန္ဒြိယဘေဒအားဖြင့် ဝေဒနာငါးပါးဖြစ်ပုံ

ဤသို့ သုံးပါးအပြား ရှိသော်လည်း ထိုဝေဒနာတို့ကို ဣန္ဒြိယ ဒေသနာတရားတော်၌ သုခိန္ဒြေ, ဒုက္ခိန္ဒြေ, သောမနဿိန္ဒြေ, ဒေါမနဿိန္ဒြေ, ဥပေက္ခိန္ဒြေ-ဟု ငါးပါး အပြားအားဖြင့် ဟောတော်မူအပ်၏၊ ထို့ကြောင့် ဤဝေဒနာသင်္ဂဟ၌ ထိုဣန္ဒြေအပြား၏ အစွမ်းဖြင့်လည်း ခွဲခြမ်းဝေဘန်ခြင်းကို ပြခြင်းငှါ-သုခံ,ဒုက္ခံ အစရှိသောစကားကို အရှင်အနုရုဒ္ဓါဆရာသည် မိန့်ဆိုအပ်၏။

---

၁—ဝေဒနာဟူသည် ခံစားမှုကို ခေါ်သည်၊ ၎င်းခံစားမှု အနုဘဝနလက္ခဏာအားဖြင့် ဝေဒနာသည် သုံးပါးသာရှိ၏၊ သို့သော် ဣန္ဒြိယ ဝိဘင်းပါဠိတော်၌ သုခိန္ဒြိယံ စသည်ဖြင့် ငါးပါးအပြားအားဖြင့် ခွဲခြား ဝေဘန်၍ ဟောတော်မူသောကြောင့် ဣန္ဒြိယ ဘေဒအားဖြင့် ငါးပါး အပြား ရှိ၏-ဟူလို။

## သုခ,ဒုက္ခဝေဒနာ ၂-ပါးသာ ဟောခြင်းအကြောင်း

ကိုယ်၌တည်သော သုခ,ဒုက္ခဝေဒနာ, စိတ်၌တည်သော သုခ, ဒုက္ခဝေဒနာ အားဖြင့် ပြားသည်အဖြစ်ကြောင့် သုခဝေဒနာကိုင်း၊ ဒုက္ခဝေဒနာကိုင်း၊ အသီးအခြား နှစ်ပါးအပြား အားဖြင့် ဝေဘန်၍ သုခိန္ဒြေ, သောမနဿိန္ဒြေ, ဒုက္ခိန္ဒြေ, ဒေါမနဿိန္ဒြေ-ဟု ဟောတော်မူအပ်၏၊ ဥပေက္ခာဝေဒနာသည်ကား အပြား မရှိသောကြောင့် ဥပေက္ခိန္ဒြေ-ဟု တပါးအပြားဖြင့်သာ ဟောတော်မူအပ်၏၊ အကြောင်းသော်ကား သုခနှင့် ဒုက္ခတို့သည် တပါးသော ကိုယ်၌ ဖြစ်သော သာယာခြင်း မသာယာခြင်း အပြားအားဖြင့် ကာယိန္ဒြေကို ချီးမြှောက်ခြင်းကိုင်း, နှိပ်စက်ခြင်းကိုင်း, ပြုကုန်သကဲ့သို့င်း၊ တပါးသောစိတ်၌ ဖြစ်သော သာယာခြင်း မသာယာခြင်း အပြားအားဖြင့် မနိန္ဒြေကို ချီးမြှောက်ခြင်းကိုင်း,နှိပ်စက်ခြင်းကိုင်း, ပြုကုန်သကဲ့သို့င်း၊ ဤအတူ ဥပေက္ခာသည် တပါးသော အပြားအားဖြင့် ကာယိန္ဒြေကို ချီးမြှောက်ခြင်းကိုင်း, နှိပ်စက်ခြင်းကိုင်း,မပြုတတ်၊ တပါးသော အပြားအားဖြင့် မနိန္ဒြေကို ချီးမြှောက်ခြင်းကိုင်း,နှိပ်စက်ခြင်းကိုင်း, မပြုတတ်သောကြောင့် ထိုဥပေက္ခာဝေဒနာကို အပြားမရှိ၍ တပါးအပြားအားဖြင့်သာ ဟောတော်မူအပ်၏၊ ထို့ကြောင့် ရှေးဆရာတို့သည်—

> ကာယိကံ မာနသိကံ ဒုက္ခံ၊ သုခဥ္စောပေက္ခဝေဒနာ။
> ဧကံ မာနသမေဝေတိ၊ ပဉ္စိန္ဒြိယဘေဒတော။ ။

ဟု မိန့်ဆိုကုန်၏။

အနက်ကား—သုခဝေဒနာသည်ိုင်း, ဒုက္ခဝေဒနာသည်ိုင်း, ကိုယ်၌လည်းတည်၏၊ စိတ်၌လည်းတည်၏၊ ဥပေက္ခာဝေဒနာသည်ကား တခုသော စိတ်၌သာ တည်၏၊ ဤသို့ ဣန္ဒြေအပြားအားဖြင့် ငါးပါးအပြား ရှိ၏-ဟူလို။

## ဝေဒနာများ၏လက္ခဏာ

ထိုဝေဒနာတို့တွင် **သုခဝေဒနာ**သည် အလိုရှိအပ်သော ဣဋ္ဌ ဖြစ်သော ဖေါဋ္ဌဗ္ဗာရုံကို ခံစားခြင်း လက္ခဏာ ရှိ၏၊ **ဒုက္ခဝေဒနာ** သည် အလိုမရှိအပ်သော အနိဋ္ဌဖြစ်သော ဖေါဋ္ဌဗ္ဗာရုံကို ခံစား ခြင်း လက္ခဏာရှိ၏၊ **သောမနဿဝေဒနာ**သည် သဘောအားဖြင့် ၎င်း၊ ကြံဆသောအားဖြင့်၎င်း အလိုရှိအပ်သော ဣဋ္ဌာရုံကို ခံစား ခြင်း လက္ခဏာ ရှိ၏၊ **ဒေါမနဿဝေဒနာ**သည် ထို့အတူ သဘော အားဖြင့်၎င်း၊ ကြံဆသောအားဖြင့်၎င်း အလိုမရှိအပ်သော အနိဋ္ဌာ ရုံကို ခံစားခြင်း လက္ခဏာ ရှိ၏၊ **ဥပေက္ခာဝေဒနာ**သည် ဣဋ္ဌ မဇ္ဈတ္တာရုံ, အနိဋ္ဌမဇ္ဈတ္တာရုံကို ခံစားခြင်း လက္ခဏာ ရှိ၏။

---

## သောမနဿသဟဂုတ်စိတ်များ

**၆။ ။သောမနဿ သဟဂတ စိတ္တာနိ ပန လောဘမူလာနိ စတ္တာရိ ဒွါဒသ ကာမာဝစရ သောဘဏာနိ သုခ- သန္တီရဏ ဟသနာနိ စ ဒွေတိ အဋ္ဌာရသ ကာမာ- ဝစရ သောမနဿ သဟဂတစိတ္တာနိ စေဝ ပဉ္စမ ဒုတိယ တတိယ စတုတ္ထဈာန သင်္ခါတာနိ စတုစတ္တာ- လီသ မဟဂ္ဂတလောကုတ္တရစိတ္တာနိ စေတိ ဒွါသဋ္ဌိ ဝိဓာနိ ဘဝန္တိ။**

သောမနဿ ဝေဒနာနှင့် တကွ ဖြစ်သော စိတ်တို့သည်ကား လေးပါးကုန်သော လောဘမူစိတ်တို့၎င်း၊ ၁၂-ပါးကုန်သော ကာမာဝစရသောဘဏစိတ်တို့၎င်း၊ ၂-ပါးကုန်သော သောမနဿ သဟဂုတ် သန္တီရဏ,ဟသိတုပ္ပါဒ်စိတ်တို့၎င်း၊ဤသို့ ၁၈-ပါးကုန်သော ကာမာဝစရ သောမနဿသဟဂုတ်စိတ်တို့၎င်း၊ ပဉ္စမဈာန်စိတ် ၁၁- ပါး, ဒုတိယဈာန်စိတ် ၁၁-ပါး,တတိယဈာန်စိတ် ၁၁-ပါး, စတုတ္ထ ဈာန်စိတ်၁၁-ပါးဟု-ဆိုအပ်ကုန်သော ၄၄-ပါးကုန်သော မဟဂ္ဂုတ် လောကုတ္တရာစိတ်တို့၎င်း၊ ဤသို့သော အပြားအားဖြင့် ၆၂-ပါး အပြား ရှိကုန်၏။

## ၄၄-ပါး ဖြစ်ပုံ

၆။ ။အသီးအသီး လောကီ လောကုတ္တရာ အပြားအားဖြင့် ၁၁-ပါးအပြားရှိသည့် အဖြစ်ကြောင့် ၄၄-ပါးအပြား ရှိကုန်၏။

---

## ဥပေက္ခာသဟဂုတ်စိတ်

**ဂ။ ။သေသာနိ သဗ္ဗာနိပိ ပဉ္စပညာသ ဥပေက္ခာသဟဂတ စိတ္တာနေဝါတိ။**

သုခ, ဒုက္ခ, သောမနဿ သဟဂုတ်စိတ်မှ ကြွင်းကုန်သော အလုံးစုံလည်း ဖြစ်ကုန်သော ၅၅-ပါးကုန်သော စိတ်တို့သည် ဥပေက္ခာသဟဂုတ်စိတ်တို့သာလျှင် ဖြစ်ကုန်၏၊ ဤသို့သိအပ်၏။

---

## ဥပေက္ခာသဟဂုတ်စိတ်အဘွင့်

ဂ။ ။**သေသာနိ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿ သဟဂုတ်စိတ်တို့မှ ကြွင်းကုန်သော-ဟု အနက်ပေး၊ အကုသိုလ်မှ ၆-ပါး, အဟိတ်စိတ်မှ ၁၄-ပါးသော စိတ်တို့ရင်း၊ ကာမာဝစရသောဘဏ်မှ ၁၂-ပါးသောစိတ်တို့ရင်း၊ ပဉ္စမဈာန်စိတ် ၂၃-ပါးတို့ရင်း၊ဤသို့ အလုံးစုံကုန်သော ၅၅-ပါးသော စိတ်တို့သည် **ဥပေက္ခာသဟဂုတ်** စိတ်တို့ ဖြစ်ကုန်၏။

---

## ဟေတုသင်္ဂဟ ဟိတ်အပြား

**၁၁။ ။ဟေတုသင်္ဂဟေ ဟေတူ နာမ လောဘော, ဒေါသော, မောဟော, အလောဘော, အဒေါသော, အမောဟော စာတိ ဆဗ္ဗိဓာ ဘဝန္တိ။**

ဟေတုသင်္ဂဟ၌ ဟိတ်တို့မည်သည်ကား—

(၁) လောဘဟိတ်၎င်း၊

(၂) ဒေါသဟိတ်၎င်း၊

(၃) မောဟဟိတ်၎င်း၊

(၄) အလောဘဟိတ်၎င်း၊

(၅) အဒေါသဟိတ်၎င်း၊

(၆) အမောဟဟိတ်၎င်း၊

ဤသို့သောအပြားအားဖြင့် ခြောက်ပါး အပြားရှိကုန်၏။

## ဟေတုသင်္ဂဟဟိတ်အဘွင့်

၁၁။ ။လောဘ အစရှိသော ဟိတ်တို့ကို ဝေဘန်သည် အစွမ်းဖြင့်၎င်း, ထိုဟိတ်တို့နှင့် ယှဉ်သော စိတ္တုပ္ပါဒ်တို့၏ အစွမ်းဖြင့်၎င်း, ပေါင်းရုံး၍ ယူရာ ယူကြောင်း ဖြစ်သော သင်္ဂဟသည် **ဟေတုသင်္ဂဟ** မည်၏၊ ဟိတ်တို့သည် ခြောက်ပါးအပြား ရှိကုန်၏၊ဤကား ဟေတုပုဒ်၏ အစပ်ကို ပြခြင်းတည်း။

## ဟိတ်အဓိပ္ပါယ်

**ဟိတ်**-အဖြစ်သည်ကား ထိုဟိတ်တို့၏ မိမိနှင့် ယှဉ်ကုန်သော တရားတို့ကို ကောင်းစွာ တည်တံ့သည် အဖြစ်ကို ပြီးစေနိုင်ခြင်း ဟု ဆိုအပ်သော အမြစ်အရင်း၏ အဖြစ်တည်း၊ ဝါ-ရေသောက်မြစ်နှင့် တူသည် အဖြစ်သည် **ဟိတ်** [၁] မည်၏။

---

၁—အာရုံ၌ မိမိနှင့် ယှဉ်ဘော်ယှဉ်ဘက် ဖြစ်ကုန်သော အကျိုးတရားတို့ကို ကောင်းစွာ နိုင်ခံ့ တည်တံ့စေတတ်သော အကြောင်းတရားသည် **ဟိတ်** မည်၏။

ဥပမာဆိုသော် ၎င်းဟိတ်တရားတို့သည် သစ်မြစ်နှင့် တူကုန်၏၊ သစ်မြစ်သည် သစ်ပင်ကို နိုင်ခံ့ တည်တံ့အောင် ပြုသကဲ့သို့ ဟိတ်တရားတို့သည်လည်း သမ္ပယုတ် တရားဘို့၏ ကောင်းစွာ ထောက်တည်ရာကို ဖြစ်စေသောကြောင့် ဟိတ်တရားတို့သည် သစ်မြစ်နှင့် တူကုန်၏။

မူလအရင်း ဖြစ်ခြင်း၏ အကြောင်း ရေသောက်မြစ် သဘွယ် ဖြစ်ပုံကား—ရအပ်သော ဟေတုပစ္စည်း ရှိကုန်သော ရုပ်နာမ် တရားတို့သည် စည်ပင်ပြန့်ပွါး၍ အမြစ်ရှိကုန်သော သစ်ပင်တို့ကဲ့သို့ မြဲမြံ ခိုင်ခံ့ကုန်၏၊ အဟိတ်[၁] တရားတို့သည် ရေပြင်၌ မှော်နှင့် တူစွာ ဖြစ်ကုန်သကဲ့သို့ မဖြစ်ကုန်သောကြောင့် သစ်မြစ်နှင့် တူကုန်၏။ ထို့ကြောင့် ထိုဟိတ်တရားတို့ကို သစ်မြစ်နှင့်တူသည်အဖြစ်ကြောင့် **မူလ**-ဟု ဆိုအပ်ကုန်၏။

## အပရေဝါဒ

အဋ္ဌကထာဆရာမှ တပါးဖြစ်ကုန်သော **အရှင်ရေဝတ** စသော **အပရေဆရာ** တို့သည်ကား—ကုသိုလ် စသည်တို့၏ ကုသိုလ် အစရှိသည် အဖြစ်ကို ပြီးစေတတ်သော မူလ တရားသည် **ဟိတ်** အဖြစ် မည်၏-ဟု ဆိုကုန်၏၊ ဤသို့ ကုသိုလ်အဖြစ်ကို ပြီးစေ တတ်သော မူလတရားသည် ဟိတ်မည်ခဲ့သော် ဟိတ်တို့၏ မိမိ၏ ကုသိုလ်စသည်အဖြစ်ကို ပြီးစေတတ်သော တပါးသော ဟိတ်ကို ရှာမှီးသင့်ရာ၏၊ ထိုသို့ ဖြစ်ခဲ့သော် ထိုဟိတ်တို့၏ ကုသိုလ်စသည် အဖြစ်သည် ကြွင်းသော သမ္ပယုတ်တရားတို့၏ ဟိတ်နှင့် စပ်သည် ဖြစ်ခဲ့ရာ၏၊ ဤသို့ ဖြစ်ခဲ့သည် ရှိသော် မောဟမူစိတ်နှင့် ယှဉ်သော မောဟဟိတ်၏ အကုသိုလ် အဖြစ်သည် ဟိတ်နှင့် မစပ်သည် ဖြစ်ခဲ့ ရာ၏၊ ထိုမောဟမူစိတ်နှင့် ယှဉ်သော မောဟဟိတ်၏ အကုသိုလ် အဖြစ်သည် သဘောအားဖြင့်၊ ဝါ-အလိုလိုပြီးသည် အကယ်၍

---

၁—အဟိတ်စိတ်တို့သည် အမြစ် မရှိသော မှော်နှင့်တူကုန်၏။

လောဘ စသော ယှဉ်ဘော် ယှဉ်ဘက်ဟိတ် မရှိသောကြောင့် **အဟိတ်** မည်၏။

မောဟမူ စိတ်သည် မောဟဟိတ် တပါးတည်း ရှိသောကြောင့် **ဧကဟိတ်စိတ်** မည်၏။

ကြွင်းသော အကုသိုလ်စိတ် ၁၀-ပါးတို့တွင် လောဘမူစိတ်ကား လောဘဟိတ်နှင့် မောဟဟိတ် ရှိသောကြောင့် **ဒွိဟိတ်စိတ်** မည်၏၊ ဒေါသမူစိတ်သည် ဒေါသနှင့် မောဟဟိတ် နှစ်ပါး ရှိသောကြောင့် **ဒွိဟိတ်စိတ်** မည်၏၊ ဉာဏဝိပ္ပယုတ်စိတ် ၁၂-ပါးကား အလောဘ, အဒေါသ ဟိတ် ၂-ပါး ရှိသောကြောင့် **ဒွိဟိတ်စိတ်** မည်၏။

ဉာဏသမ္ပယုတ်စိတ်, မဟဂ္ဂုတ်စိတ်, လောကုတ္တရာစိတ်များကား အလောဘ, အဒေါသ အမောဟ ဟိတ်၃-ပါး ရှိသောကြောင့် **တိဟိတ်စိတ်** မည်၏။

ဖြစ်ခဲ့အံ့၊ ဤသို့ ဖြစ်သည် ရှိသော် မောဟမှ ကြွင်းသော ဟိတ်တို့၏ ကုသိုလ် အစရှိသည်တို့၏ အဖြစ်သည် သဘောအားဖြင့်၊ ဝါ- အလိုလို ပြီးသည် ဖြစ်ခဲ့ရာ၏၊ ထို့ကြောင့် မောဟဟိတ်မှ ကြွင်းကုန်သော ဟိတ်တို့၏ ထိုကုသိုလ် အစရှိသည်တို့၏ အဖြစ်သည် ဟိတ်နှင့် မစပ်သကဲ့သို့ ဟိတ်နှင့် ယှဉ်ကုန်သော တရားတို့၏လည်း ထိုကုသိုလ် စသည်တို့၏ အဖြစ်သည် ဟိတ်နှင့် မစပ်ရာ၊ ကုသိုလ် အစရှိသည်တို့၏ အဖြစ်သည် ဟိတ်နှင့် စပ်သည် အကယ်၍ ဖြစ်အံ့-ထိုသို့ ဟိတ်နှင့် စပ်၍ ဖြစ်ခဲ့သော် အဟိတ်တို့၏ **အဗျာကတ** အဖြစ်သည် မဖြစ်သင့်ရာ၊ ထို့ကြောင့် (အပရေ-ဆရာကို) အလွန် နှိပ်စက်သဖြင့် အကျိုး မရှိပြီ။

မှတ်ချက်။ ။အထက်ပါစကားရပ်ကား အပရေဆရာ၏ စကား၌ ကျရောက်သင့်သော အပြစ် **လဒ္ဓဒေါသ** ကို ပြဆိုသော စကား ဖြစ်၏။

## ဆုံးဖြတ်ချက်

ကုသိုလ်, အကုသိုလ်တို့၏ ကုသိုလ် အစရှိသည်တို့၏ အဖြစ်ဟူသည် အသင့်အတင့်အားဖြင့် နှလုံးသွင်းခြင်း **ယောနိသော မနသိကာ**ရ အသင့်အတင့်အားဖြင့် နှလုံးမသွင်းခြင်း **အယောနိသောမနသိကာ**ရနှင့် စပ်၏၊ ဟိတ်နှင့်မစပ်၊ဟိတ်နှင့်မဆိုင်ပေ၊ မြတ်စွာဘုရားသည် အဘယ်သို့ ဟောသနည်းဟူမူ—

"ယောနိသော ဘိက္ခဝေ မနသိကရောတော
အနုပ္ပန္နာ စေဝ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊
ဥပ္ပန္နာ စ ကုသလာ ဓမ္မာ အဘိဝဍ္ဎန္တိ"။

ဤသို့ အစရှိသော စကားကို ဟောတော်မူ၏။

အနက်ကား—ရဟန်းတို့ အသင့်အတင့်အားဖြင့် နှလုံးသွင်းသောသူအား မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့သည် ဖြစ်ကုန်၏၊ ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့သည် တိုးပွါးကုန်၏။

အဗျာကတ တရားတို့၏ အဗျာကတ အဖြစ်သည် အနုသယ မရှိသော ဘုရား ရဟန္တာ ပုဂ္ဂိုလ်တို့၏ သန္တာန်နှင့် စပ်၏၊ ကံနှင့်လည်း စပ်၏၊ အကျိုးကို မဖြစ်စေတတ်သည် အဖြစ်နှင့် စပ်၏၊ ဤသို့ မှတ်အပ်၏။

မှတ်ချက်။ ။ဘုရား ရဟန္တာတို့၏ ကြိယာဖြစ်ခြင်းကား အနုသယ မရှိသောကြောင့် ဖြစ်၏၊ ဝိပါက် ကြိယာ ဖြစ်ခြင်းကား ကံနှင့်စပ်၏၊ ကြိယာဝိပါက် နှစ်ပါးလုံး၏ အဗျာကတ ဖြစ်ခြင်းကား အကျိုးမပေးသော သဘောနှင့် စပ်၏-ဟု ခွဲ၍မှတ်။

---

**၁၇။ လောဘော ဒေါသော စ မောဟော စ၊**
**ဟေတူ အကုသလာ တယော။**
**အလောဘာ ဒေါသာ မောဟော စ၊**
**ကုသလာဗျာကတာ တထာ။ ။**

အကုသိုလ် ဖြစ်ကုန်သော ဟိတ်တို့သည် လောဘဟိတ်ရင်း, ဒေါသဟိတ်ရင်း, မောဟဟိတ်ရင်း, ဤသို့သုံးပါး အပြားရှိကုန်၏၊ ကုသိုလ်, အဗျာကတ ဖြစ်ကုန်သော ဟိတ်တို့သည် အလောဘဟိတ်ရင်း, အဒေါသဟိတ်ရင်း, အမောဟဟိတ်ရင်း ဤသို့ ထို့အတူ ၃-ပါးအပြား ရှိကုန်၏။

---

၁၇။ ။ယခုအခါ၌ ဟိတ်တို့၏ ဇာတ်အပြားကို ပြခြင်းငှါ "**လောဘော ဒေါသောစ**" ဤသို့ အစရှိသော စကားကို မိန့်ဆိုအပ်၏။

ဟေတုသင်္ဂဟပြီးပြီ။

**ကိစ္စသင်္ဂဟ**

**ကိစ္စအပြား ၁၄-ပါး**

၁၉။ **။ကိစ္စသင်္ဂဟေ ကိစ္စာနိ နာမ၊ ပဋိသန္ဓိ, ဘဝင်္ဂ, ဝဇ္ဇန, ဒဿန, သဝန, ဃာယန, သာယန, ဖုသန, သမ္ပဋိစ္ဆန, သန္တီရဏ, ဝေါဋ္ဌဗ္ဗန,ဇဝန,တဒါရမ္မဏ, စုတိဝသေန စုဒ္ဒသ ဝိဓာနိ ဘဝန္တိ။**

ကိစ္စသင်္ဂဟ၌ ကိစ္စတို့ မည်သည်ကား—

(၁) ပဋိသန္ဓေကိစ္စ၊
(၂) ဘဝင်ကိစ္စ၊
(၃) အာဝဇ္ဇန်းကိစ္စ၊
(၄) ဒဿနကိစ္စ၊
(၅) သဝနကိစ္စ၊
(၆) ဃာယနကိစ္စ၊
(၇) သာယနကိစ္စ၊
(၈) ဖုသနကိစ္စ၊
(၉) သမ္ပဋိစ္ဆိုင်းကိစ္စ၊
(၁၀) သန္တီရဏကိစ္စ၊
(၁၁) ဝုဋ္ဌောကိစ္စ၊
(၁၂) ဇောကိစ္စ၊
(၁၃) တဒါရုံကိစ္စ၊
(၁၄) စုတိကိစ္စ တို့၏အစွမ်းဖြင့် ၁၄-ပါးအပြားရှိကုန်၏။

---

**ကိစ္စသင်္ဂဟ ကိစ္စ၊ ၁၄-ပါးအဘွင့်**

၁၉။ ။ပဋိသန္ဓေ အစရှိကုန်သော ကိစ္စတို့ကို ဝေဘန်သည် အစွမ်းဖြင့်၎င်း, ထိုပဋိသန္ဓေကိစ္စ စသည်ရှိကုန်သော စိတ်တို့ကို ပိုင်းခြားသည် အစွမ်းဖြင့်၎င်း ပေါင်းရုံးသိမ်းကျုံး၍ ယူရာ ယူကြောင်း

ဖြစ်သော သင်္ဂဟာသည် **ကိစ္စသင်္ဂဟာ**[၁] မည်၏။ လွန်ပြီးသော ဘဝမှ ဘဝသစ်ကို အဖန်တလဲလဲ စပ်ခြင်းသည် **ပဋိသန္ဓေကိစ္စ**[၂] မည်၏၊ မပြတ်ဖြစ်သော အကြောင်း၏ အစွမ်းဖြင့် ဖြစ်ဆဲဘဝ၏ အကြောင်း အဖြစ်သည် **ဘဝင်ကိစ္စ**[၃] မည်၏၊ **အာဝဇ္ဇန်းကိစ္စ**[၄] အစရှိသည်တို့ကို အောက်၌ ဆိုခဲ့ပြီးသော စကား၏ အနက်ကို အစဉ်မှီးသဖြင့် ထိုက်သည်အားလျော်စွာ ယှဉ်အပ်ကုန်၏။

အာရုံ၌ ထိုထိုကိစ္စကို ပြီးစေသည် အစွမ်းဖြင့် အကြိမ်များစွာ သော်၎င်း၊ တကြိမ်သော်၎င်း လျင်သော အဟုန်ဖြင့် ပြေးသော ယောကျာ်း၏ ဖြစ်ခြင်းကဲ့သို့ လျင်သော အဟုန်ဖြင့် ဖြစ်ခြင်းသည် **ဇောကိစ္စ**[၅] မည်၏၊ ထိုထိုဇောသည် ယူအပ်ပြီးသော အာရုံကို အာရုံပြုခြင်းသည် **တဒါရုံကိစ္စ**[၆] မည်၏၊ ဖြစ်ရာဘဝမှ ရွေ့လျော ခြင်းသည် **စုတိကိစ္စ**[၇] မည်၏။

---

## ဌာနအပြား

**၂၀။ ။ပဋိသန္ဓိ, ဘဝင်္ဂါ, ဝဇ္ဇန, ပဉ္စဝိညာဏဋ္ဌာနာဒိဝသေန ပန တေသံ ဒသဓာ ဌာနဘေဒေါ ဝေဒိတဗ္ဗော။**

---

၁—ပြုခြင်းသည် **ကိစ္စ** မည်၏။

၂—ဘဝဟောင်းနှင့် ဘဝသစ်ကို စပ်ခြင်းသည် **ပဋိသန္ဓေကိစ္စ** မည်၏။

၃—ဥပပတ္တိ ဘဝဟု ဆိုအပ်သော ပစ္စုပ္ပန် ဘဝ၌ ဖြစ်ဆဲနေသော ခန္ဓာ အစဉ်၏ အသက်ထက်ဆုံး မပြတ် မလတ်ရစေအောင် ဖြစ်ခြင်း၏ အကြောင်းသည် **ဘဝင်ကိစ္စ** မည်၏။

၄—တစုံတခုသော အာရုံကို နှလုံးသွင်းခြင်း, ဆင်ခြင်ခြင်းသည် **အာဝဇ္ဇန်းကိစ္စ** မည်၏၊ (ဒဿန စသောကိစ္စများကား သိသာပြီ)။

၅—အာရုံ၌ ထိုထိုသော ကိစ္စကို ပြီးစေသည် အစွမ်းဖြင့် အကြိမ်များစွာသော်၎င်း၊ တကြိမ်သော်၎င်း အာရုံကို ပိုင်းခြားစွာ သိလျက် အရှိန်အဟုန် လျင်မြန်စွာ ဖြစ်ခြင်းသည် **ဇောကိစ္စ** မည်၏။

၆—ဇောသည် ယူအပ်ပြီးသော အာရုံကို အာရုံ ပြု၍ ဖြစ်ခြင်းသည် **တဒါရုံကိစ္စ** မည်၏။

၇—ဖြစ်ဆဲ ပစ္စုပ္ပန် ဘဝ၏ ပျက်ပြား ချုပ်ဆုံး သေလွန်ခြင်းသည် **စုတိကိစ္စ** မည်၏။

ထိုကိစ္စတပ်သော စိတ်တို့၏ ဌာနအပြားကို ပဋိသန္ဓေဌာန, ဘဝင်ဌာန, အာဝဇ္ဇန်းဌာန, ပဉ္စဝိညာဏ်ဌာန စသည်တို့၏ အစွမ်းဖြင့် ၁၀-ပါး အပြားရှိ၏ဟူ၍ သိအပ်၏။

## ဌာနအဘွင့်

၂၀။ ။ဤကိစ္စတို့သည် ဌာန[၁]၏ အစွမ်းဖြင့် ထင်ရှားကုန်၏၊ ထို့ကြောင့် ထိုဌာနကို ယခုအခါ၌ အပြားအားဖြင့် ပြခြင်းငှါ "**ပဋိသန္ဓိ**" ဤသို့အစရှိသော စကားကို မိန့်ဆိုတော် မူအပ်၏။ ထိုပါဌ်၌ ပဋိသန္ဓေ၏ တည်ရာသည် **ပဋိသန္ဓိဌာန**[၂] မည်၏၊ ပဋိသန္ဓေမှ လွတ်သော ဌာနမည်သည် အကယ်၍ကား မရှိ၊ ယင်းသို့ မရှိသော်လည်း ယူလွယ် စေခြင်း အကျိုးငှါ "**သိလာပုတ္တကဿ သရီရံ**" ဤသို့ အစရှိသော ပါဌ်ကဲ့သို့ မပြားသော်လည်း ပြားသကဲ့သို့ ကြံခြင်း "အဘေဒ ဘေဒူပစာ"ဟူ၍ မှတ်အပ်၏။ ကြွင်းသော ဌာနတို့၌လည်း ဤအတူ မှတ်အပ်၏။ ဒဿန အစရှိကုန်သော ငါးပါးကုန်သော ဝိညာဏ် တို့၏ ဌာနသည် ပဉ္စဝိညာဏဌာန မည်၏။ **အာဒိ**သဒ္ဒါဖြင့် သမ္ပဋိစ္ဆိုင်းဌာန အစရှိသည်တို့ကို ပေါင်း၏။

## ဌာနအရဘွင့်ပြခြင်း

ထိုဆယ်ပါးသော ဌာနတို့တွင် စုတိနှင့် ဘဝင်စိတ်တို့၏ အကြားသည် ပဋိသန္ဓိဌာန မည်၏၊ ပဋိသန္ဓေ, အာဝဇ္ဇန်းတို့၏ငှင်း၊ ဇော, အာဝဇ္ဇန်းတို့၏ငှင်း၊ တဒါရုံ, အာဝဇ္ဇန်းတို့၏ငှင်း၊ ဝုဋ္ဌော,

---

၁–ကိစ္စနှင့် ဌာန အထူးကား စိတ်တို့၏ သတ္တိသည် **ကိစ္စ** မည်၏၊ ထိုသတ္တိ၏တည်ရာ သတ္တိမန္တ စိတ်ဒြပ်သည် **ဌာန** မည်၏-ဟုမှတ်။

၂–အတိတ်ဘဝနှင့် ပစ္စုပ္ပန်ဘဝကို စပ်ခြင်း သဘော သတ္တိသည် **ပဋိသန္ဓေကိစ္စ** မည်၏၊ ထိုကိစ္စဖြင့် မှတ်အပ်သော သတ္တိမန္တ ကိစ္စဝန္တ ဖြစ်သော ပဋိသန္ဓေစိတ်သည် **ပဋိသန္ဓေဌာန** မည်၏-ဟူလို (အကြွင်းနည်းတူသိ)

ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းတို့၏ အကြား၌ ဖြစ်ခြင်း တူ၍ ပဉ္စဝိညာဏ်ကို တဌာနတည်း ပေါင်း၍ ယူထားသောကြောင့် ဌာနသည် ၁၀-ပါးသာ ရှိ၏။

အာဝဇ္ဇန်းတို့၏ငင်း၊ တရံတခါ ဇော, စုတိတို့၏ငင်း၊ တဒါရုံ, စုတိတို့၏ငင်း အကြားသည် **ဘဝင်ဌာန** မည်၏။

ဘဝင်, ပဉ္စဝိညာဏ်တို့၏ငင်း၊ ဘဝင်, ဇောတို့၏ငင်း အကြားသည် **အာဝဇ္ဇန်းဌာန** မည်၏။ ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းတို့၏ အကြားသည် **ပဉ္စဝိညာဏ်ဌာန** မည်၏။ ပဉ္စဝိညာဏ်, သန္တီရဏတို့၏ အကြားသည် **သမ္ပဋိစ္ဆိုင်းဌာန** မည်၏။ သမ္ပဋိစ္ဆိုင်း, ဝုဋ္ဌောတို့၏ အကြားသည် **သန္တီရဏဌာန** မည်၏။ သန္တီရဏ, ဇောတို့၏ငင်း၊ သန္တီရဏ, ဘဝင်တို့၏ငင်း အကြားသည် **ဝုဋ္ဌောဌာန** မည်၏။ ဝုဋ္ဌော, တဒါရုံတို့၏ငင်း၊ ဝုဋ္ဌော, ဘဝင်တို့၏ငင်း၊ ဝုဋ္ဌော, စုတိတို့၏ငင်း၊ မနောဒွါရာဝဇ္ဇန်း, တဒါရုံတို့၏ငင်း၊ မနောဒွါရာဝဇ္ဇန်း, ဘဝင်တို့၏ငင်း၊ မနောဒွါရာဝဇ္ဇန်း, စုတိတို့၏ငင်း အကြားသည် **ဇောဌာန** မည်၏။ ဇော, ဘဝင်တို့၏ငင်း၊ ဇော, စုတိတို့၏ငင်း အကြားသည် **တဒါရုံဌာန** မည်၏။ ဇော, ပဋိသန္ဓေတို့၏ငင်း၊ တဒါရုံ, ပဋိသန္ဓေတို့၏ငင်း၊ ဘဝင်, ပဋိသန္ဓေတို့၏ငင်း အကြားသည် **စုတိဌာန** မည်၏။

---

## ပဋိသန္ဓေ ဘဝင် စုတိ ကိစ္စတပ်သော စိတ်များ

**၂၁။ ။တတ္ထ ဒွေ ဥပေက္ခာသဟဂတသန္တီရဏာနိ စေဝ အဋ္ဌ မဟာဝိပါကာနိ စ နဝ ရူပါရူပဝိပါကာနိ စေတိ ဧကူနဝီသတိ စိတ္တာနိ ပဋိသန္ဓိ ဘဝင် စုတိကိစ္စာနိ နာမ။**

ထိုကိစ္စသင်္ဂဟ၌ ဝါ-ကိစ္စ ဌာန နှစ်ပါးတို့တွင် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်တို့ငင်း၊ ရှစ်ပါးသော မဟာဝိပါက်စိတ်တို့ငင်း၊ ကိုးပါးသော ရူပ, အရူပဝိပါက်စိတ်တို့ငင်း ဤသို့သော အပြားအားဖြင့် တခုယုတ် နှစ်ဆယ်သော စိတ်တို့သည် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတပ်သော စိတ်တို့ မည်ကုန်၏။

## သုခသန္တီရဏစိတ်၏ ပဋိသန္ဓေကိစ္စမတပ်သောအကြောင်း

၂၁။ ။သောမနဿ သန္တီရဏ[၁]စိတ်၏ ပဋိသန္ဓေ အစွမ်းဖြင့် ဖြစ်ခြင်း သဘော မရှိသောကြောင့် နှစ်ပါးကုန်သော ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်တို့သည်သာလျှင် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ, တဒါရုံကိစ္စ, သန္တီရဏကိစ္စ အစွမ်းဖြင့် ငါးကိစ္စ တပ်နိုင်ကုန်၏။ ဤကား-အဓိပ္ပါယ်တည်း။

ထိုကြောင့် ပဋ္ဌာန်းကျမ်း၌ "ဥပေက္ခာသဟဂတံ ဓမ္မံ ပဋိစ္စ။ပ။ နဟေတု ပစ္စယာ"ဟု ဤသို့လာသော ဥပေက္ခာသဟဂတပုဒ်၏ ဝိဘင်း၌။ "အဟေတုကံ။ပ။ ဧကော ခန္ဓော"ဟု ဤသို့ပဋိသန္ဓေ ပဝတ္တိ၏ အစွမ်းဖြင့် ပဋိစ္စနည်းကို ထုတ်ဆောင်အပ်၏၊

ပီတိသဟဂတ,သုခသဟဂတ ဝိဘင်း၌ကား "အဟေတုကံ။ပ။ ဧကောခန္ဓော"ဟု ပဝတ္တိအစွမ်းဖြင့်သာလျှင် ထုတ်ဆောင်အပ်၏။ "အဟေတုကပဋိသန္ဓိက္ခဏေ" ဤသို့ အစရှိသည်ဖြင့် ပဋိသန္ဓေ, အစွမ်းဖြင့် ထုတ်ဆောင်တော်မမူ။

ထို့ကြောင့် အဘိဓမ္မာပိဋကတ်၌ မဟောခြင်းသည်လည်း မဖြစ်ခြင်းကိုသာလျှင် ပြအပ်,သိအပ်၏၊ ထို့ကြောင့် ထိုသောမနဿသန္တီရဏစိတ်၏ ပဋိသန္ဓေအစွမ်းဖြင့် ဖြစ်ခြင်း မရှိ။ အကြင်ဒေသနာ၌ ရအပ်သော်လည်း အချို့သော ဒေသနာကို မဟောခြင်းသည် ရှိ၏၊ ထိုဒေသနာ၌ အကြောင်းသည် အထက်၌ထင်စွာဖြစ်လတ့်။

---

## ဇောကိစ္စတပ်သောစိတ်

**၂၆။ ။အာဝဇ္ဇနဒွယဝဇ္ဇိတာနိ ကုသလာကုသလဖလကြိယ စိတ္တာနိ ပဉ္စပညာသ ဇဝနကိစ္စာနိ။**

---

၁--ဒွိဟိတ်ဩမက ဖြစ်သော သောမနဿ ကုသိုလ်ကံသည် အလွန် အားနည်းသောကြောင့် အဟိတ် သောမနဿ ပဋိသန္ဓေကို မပေးနိုင်၍ သောမနဿ သန္တီရဏစိတ်ကို ကြဉ်ရ၏၊ ပဋိသန္ဓေကိစ္စ မဖြစ်နိုင်၍ ဘဝင်ကိစ္စ, စုတိကိစ္စလည်း မဖြစ်နိုင်။

အာဝဇ္ဇန်းနွေးသည့် ကြွင်းအပ်ကုန်သော ၅၅-ပါးကုန်သော ကုသိုလ်, အကုသိုလ်, ဖိုလ်, ကြိယာစိတ်တို့သည် ဇောကိစ္စတပ်သော စိတ်တို့ မည်ကုန်၏။

---

## အာဝဇ္ဇန်းနွေးကိုကြဉ်ရသောအကြောင်း

၂၆။ ။မနောဒွါရာဝဇ္ဇန်း [၁] စိတ်သည် ကာမအာရုံ၌ ၂-ကြိမ် ၃-ကြိမ် ဖြစ်သော်လည်း ထိုမနောဒွါရာဝဇ္ဇန်း၏ အာရုံဒ်ရသာကို ခံစားနိုင်ခြင်း မရှိသောကြောင့် ဇောကိစ္စ မဖြစ်၊ ထို့ကြောင့် "အာဝဇ္ဇနဒွယ ဝဇ္ဇိတာနိ"ဟုဆိုအပ်၏။

ထို့ကြောင့် အဋ္ဌကထာ၌ "ဇဝနဋ္ဌာနေ ဌတွာ"ဟု မိန့်ဆို အပ်၏။ ဤမှတပါးသောအားဖြင့် ဇောကိစ္စ တပ်သည်ရှိသော်"ဇဝနံ ဟုတွာ"ဟူ၍ ဆိုအပ်ရာ၏။ **"ကုသလာကုသလဖလကြိယစိတ္တာနိ"** ဟူသည်ကား ၂၁-ပါးသော လောကီ, လောကုတ္တရာ ကုသိုလ် တို့ရင်း၊ ၁၂-ပါးသော အကုသိုလ်စိတ်တို့ရင်း၊ ၄-ပါးသော လောကုတ္တရာ ဖိုလ်စိတ်တို့ရင်း၊ ၁၈-ပါးသော တေဘူမက ကြိယာ စိတ်တို့ရင်း ဤသို့ ၅၅-ပါးသောစိတ်တို့သည် ဇောကိစ္စ တပ်ကုန်၏။

## မဂ်၏ဇောကိစ္စမည်ပုံ

ထိုစကားမှန်၏၊ တခုသော စိတ္တက္ခဏသာ ရှိသော်လည်း လောကုတ္တရာမဂ် အစရှိသည်သည် ထိုဇောသဘော ရှိသည်၏ အဖြစ်ကြောင့် ဝါ-အာရုံအရသာကို ခံစားနိုင်သော သဘော ရှိသောကြောင့် ဇောကိစ္စ မည်၏။

ဒ်ဘယ်ကဲ့သို့ နည်းဟူမူ-တခုခုသော အာရုံ ရှိသော်လည်း သဗ္ဗညုတဉာဏ်သည် အလုံးစုံသော အာရုံကို သိခြင်းငှါ စွမ်းနိုင်သည် အဖြစ်နှင့် ယှဉ်သောကြောင့် တရံတခါမျှ ထိုသဗ္ဗညုတဒ်မည်ကို မစွန့်သကဲ့သို့တည်း။

---

[၁]–အာဝဇ္ဇန်း ၂-ပါးသည် အာရုံကို ဆင်ခြင်ရုံမျှ ဖြစ်၍ အာရုံကို မသိနိုင်, မခံစားနိုင် သောကြောင့် ဇောကိစ္စ မတပ်နိုင်၍ ၎င်းတို့ကို ပယ်ရသည်။

## ငါးကိစ္စတပ်သောစိတ်

၂၀။ ။တေသု ပန ဒွေ ဥပေက္ခာသဟဂတ သန္တီရဏစိတ္တာနိ ပဋိသန္ဓိ, ဘဝင်္ဂ, စုတိ, တဒါရမ္မဏ, သန္တီရဏဝသေန ပဉ္စ ကိစ္စာနိ နာမ။

ထိုကိစ္စ,ဌာန တပ်သော စိတ်တို့တွင် နှစ်ပါးကုန်သော ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ်တို့သည် ပဋိသန္ဓေကိစ္စ,ဘဝင်ကိစ္စ,စုတိကိစ္စ, တဒါရုံကိစ္စ, သန္တီရဏကိစ္စတို့၏ အစွမ်းဖြင့် ငါးကိစ္စတပ်သော စိတ်တို့ မည်ကုန်၏။

---

၂၀။ ။ဤသို့ ကိစ္စအပြားအားဖြင့် ဆိုအပ်ကုန်သော စိတ်တို့ကို မိမိတို့၏ ဥစ္စာဖြစ်သော ကိစ္စအား လျော်စွာ ရသင့် ရထိုက်သော ကိစ္စကို ရှောက်သည် အစွမ်းဖြင့် ပေါင်း၍ ပြခြင်းငှါ **"တေသုပန"** ဤသို့ အစရှိသော စကားကို မိန့်တော်မူအပ်၏။

---

## သင်္ဂဟဂါထာများ

၁၄။ ။ပဋိသန္ဓာဒယော နာမ၊ ကိစ္စဘေဒေန စုဒ္ဒသ။ ဒသဓာ ဌာနဘေဒေန၊ စိတ္တုပ္ပါဒါ ပကာသိတာ။

ပဋိသန္ဓေ အစရှိသည် မည်ကုန်သော စိတ် စေတသိက်တို့ကို ကိစ္စတို့၏ အပြားဖြင့် ၁၄-ပါးအပြား ရှိကုန်၏-ဟူ၍ ပြအပ်ကုန်၏၊ ဌာနတို့၏ အပြားဖြင့် ၁၀-ပါးအပြား ရှိကုန်၏-ဟူ၍ ပြအပ်ကုန်၏။

---

၁၄။ ။ပဋိသန္ဓေ အစရှိကုန်သော စိတ် စေတသိက်တို့သည် အမည်ကိစ္စတို့၏ အပြားဖြင့် ပဋိသန္ဓေ အစရှိကုန်သော အမည် တို့၏ငှင်း,ကိစ္စတို့၏ငှင်း အပြားဖြင့်၊တနည်းသော်ကား—ပဋိသန္ဓေ စသည် အမည်ရှိကုန်သော စိတ် စေတသိက်တို့သည် ပဋိသန္ဓေ အစ ရှိသော ကိစ္စတို့၏ အပြားဖြင့် ၁၄-ပါးအပြား ရှိကုန်၏-ဟူ၍ ပြအပ်

ကုန်၏။ ပဋိသန္ဓေ အစရှိကုန်သော ဌာနတို့၏ အပြားအားဖြင့် ၁၀-ပါး အပြားရှိ၏-ဟူ၍ ပြအပ်ကုန်၏။ ဤကား အနက်ယောဇနာ ခြင်းတည်း။

---

## ကိစ္စဌာနတပ်သောစိတ်များ

၃၅။ ။အဋ္ဌသဋ္ဌိ တထာ ဒွေ စ၊ နဝါဋ္ဌ ဒွေ ယထာက္ကမံ။
ကေ၀ိတိစတုပဥ္စ၊ ကိစ္စဌာနာနိ နိဒ္ဒိသေ။ ။

တကိစ္စ-တဌာန, နှစ်ကိစ္စ-နှစ်ဌာန, သုံးကိစ္စ-သုံးဌာန, လေးကိစ္စ-လေးဌာန, ငါးကိစ္စ-ငါးဌာန တပ်သော စိတ်တို့ကို အစဉ်အတိုင်း ၆၈-ပါး အပြားရှိကုန်၏-ဟူ၍၎င်း၊ ထိုမှတပါး နှစ်ပါးအပြား ရှိကုန်၏-ဟူ၍၎င်း၊ ကိုးပါး အပြား ရှိကုန်၏-ဟူ၍၎င်း၊ ရှစ်ပါးအပြားရှိကုန်၏-ဟူ၍၎င်း၊ နှစ်ပါးအပြား ရှိကုန်၏-ဟူ၍၎င်း ပြရာ၏။

---

## ကိစ္စဌာနတပ်သောစိတ်များအဘွင့်

၃၅။ ။တကိစ္စ-တဌာန, နှစ်ကိစ္စ-နှစ်ဌာန, သုံးကိစ္စ-သုံးဌာန, လေးကိစ္စ-လေးဌာန, ငါးကိစ္စ-ငါးဌာနတပ်ကုန်သော စိတ်တို့သည် အစဉ်အတိုင်း ၆၈-ပါး အပြားရှိကုန်၏-ဟူ၍၎င်း၊ ထိုမှတပါး နှစ်ပါး အပြား ရှိကုန်၏-ဟူ၍၎င်း၊ ကိုးပါး အပြား ရှိကုန်၏-ဟူ၍၎င်း၊ ရှစ်ပါး အပြား ရှိကုန်၏-ဟူ၍၎င်း၊ နှစ်ပါး အပြား ရှိကုန်၏-ဟူ၍၎င်း ပြရာ၏။ ဤကားပုဒ်တို့၏စပ်ခြင်း အနက်ပေးခြင်းတည်း။

ကိစ္စသင်္ဂဟပြီးပြီ။

---

## ဒွါရသင်္ဂဟ၊ ဒွါရအပြား

၃၆။ ။ဒွါရသင်္ဂဟေ ဒွါရာနိ နာမ စက္ခုဒွါရံ, သောတဒွါရံ,
ဃာနဒွါရံ ဇိဝှါဒွါရံ, ကာယဒွါရံ, မနောဒွါရဉ္စေတိ
ဆဗ္ဗိဓာနိ ဘဝန္တိ။

ဥပါဒါရုပ်၏ အပြားနှင့် ဥပါဒါရုပ်တို့မည်သည်ကား—

(၁) စက္ခုဒွါရရုပ်၊
(၂) သောတဒွါရရုပ်၊
(၃) ဃာနဒွါရရုပ်၊
(၄) ဇိဝှါဒွါရရုပ်၊
(၅) ကာယဒွါရရုပ်၊
(၆) မနောဒွါရရုပ်၊ ဤသို့သော အပြားအားဖြင့် ၆-ပါး အပြား ရှိကုန်၏။

## ဒွါရသင်္ဂဟ၊ ဒွါရအပြားအဘွင့်

၃၆။ ။ဒွါရတို့ကိုရင်း၊ ဒွါရ၌ဖြစ်သော စိတ်တို့ကိုရင်း ပိုင်းခြားသည့် အစွမ်းဖြင့် အကျဉ်းပေါင်း၍ ယူရာ ယူကြောင်း ဖြစ်သော သင်္ဂဟသည် **ဒွါရသင်္ဂဟ** မည်၏။ အာဝဇ္ဇန်း အစရှိကုန်သော နာမ်တရားတို့၏ ဖြစ်ခြင်း၏ အကြောင်းဖြစ်၍ တံခါးနှင့်တူသော ကြောင့် **ဒွါရ** [၁] မည်ကုန်၏။

## ဒွါရအရကိုဝေဘန်ခြင်း

**၃၇။ ။တတ္ထ စက္ခုမေဝ စက္ခုဒွါရံ၊ တထာ သောတာဒယော သောတဒွါရာဒီနိ၊ မနောဒွါရံ ပန ဘဝင်္ဂန္တိ ပဝုစ္စတိ။**

ထိုခြောက်ပါးသော ဒွါရတို့တွင် စက္ခုပသာဒသည်ပင် စက္ခုဒွါရ မည်၏၊ ထို့အတူ သောတပသာဒ အစရှိသည်တို့သည် သောတဒွါရ အစရှိသည် မည်ကုန်၏၊ ဘဝင်္ဂပဋ္ဌာဒ ၁၉-ပါးကို မနောဒွါရ ဟူ၍ ဆိုအပ်၏။

---

၁—ပကတိ တံခါးသည် ဝင်ကုန်, ထွက်ကုန်သော အိမ်ရှင် ဖြစ်သူတို့၏ ဝင်ရာ, ထွက်ရာ, ဝင်ကြောင်း, ထွက်ကြောင်း ဖြစ်သကဲ့သို့ အာဝဇ္ဇန်း စသော နာမ်တရားတို့၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် **ဒွါရ** မည်၏။

## ဒွါရအရကိုဝေဘန်ခြင်း

၃၇။ ။**စက္ခုမေဝ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ပသာဒစက္ခု[၁]ကိုသာလျှင်-ဟုအနက်ပေး။ အာဝဇ္ဇန်းအစရှိကုန်သော ဝီထိစိတ်တို့၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် **မနောဒွါရ**[၂]မည်၏၊ တနည်းကား-ဘဝင်္ဂုပစ္ဆေဒ ဖြစ်သော ဘဝင် ၁၉-ခုသည်သာလျှင် ဒွါရဖြစ်သောကြောင့် **မနောဒွါရ** မည်၏။ **ဘဝင်**-ဟူသည်ကား အာဝဇ္ဇန်း၏ အခြားမဲ့၌ ဖြစ်သော ဘဝင်္ဂုပစ္ဆေဒ ဖြစ်သော ဘဝင်တည်း။ ထို့ကြောင့် ရှေးဆရာတို့သည်—

"သာဝဇ္ဇနံ ဘဝင်္ဂန္တု၊ မနောဒွါရန္တိ ဝုစ္စတိ" ဟုဆိုကုန်ပြီ။

အနက်ကား—အာဝဇ္ဇန်း၏ အခြားမဲ့၌ ဖြစ်သော ဘဝင်ကိုကား မနောဒွါရ-ဟုဆိုအပ်၏။

---

## စက္ခုဒွါရဖြစ်သောစိတ်

**၃၈။ ။တတ္ထ ပဉ္စဒွါရာဝဇ္ဇန, စက္ခုဝိညာဏ, သမ္ပဋိစ္ဆန, သန္တီရဏ,ဝေါဋ္ဌဗ္ဗန, ကာမာဝစရဇဝန, တဒါရမ္မဏဝသေန ဆစတ္တာလီသ စိတ္တာနိ စက္ခုဒွါရေ ယထာရဟံ ဥပ္ပဇ္ဇန္တိ။**

ထိုဒွါရတို့တွင် စက္ခုဒွါရ၌ ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်ခွေး, သမ္ပဋိစ္ဆိုင်းခွေး, သန္တီရဏ သုံးခု, ဝုဋ္ဌော, ကာမဇော တခုယုတ်သုံးဆယ်, တဒါရုံ ကောဒသတို့၏ အစွမ်းအားဖြင့် ၄၆-ပါးသော စိတ်တို့သည် ထိုက်သည်အား လျော်စွာ ဖြစ်ကုန်၏။

---

၁—စက္ခုပသာဒရုပ်သည် စက္ခုဒွါရ မည်၏ (အကြွင်းနည်းတူသိ)။

၂—မနောဒွါရာဝဇ္ဇန်း စသော ဝီထိစိတ်တို့၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် ဘဝင်္ဂုပစ္ဆေဒ ၁၉-ခုသည် မနောဒွါရမည်၏။ ကြွင်းသော အတီတဘဝင်, ဘဝင်စလန စသော ဘဝင်များကား ဘဝင်ပင် ဖြစ်ကုန်သော်လည်း မနောဒွါရာဝဇ္ဇန်းစိတ်အား အနန္တရပစ္စည်း မတပ်နိုင်သောကြောင့် မနောဒွါရ မမည်ကုန်။

၃၀။ ။**တဇ္ဇ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ထိုစက္ခု အစရှိသောဒွါရတို့တွင်-ဟု အနက်ပေး။ စက္ခုဒွါရ၌ ၄၆-ပါးသော စိတ်တို့သည် ထိုက်သည်အားလျော်စွာ ဖြစ်ကုန်၏၊ ဤကား ပုဒ်တို့၏ စပ်ခြင်းတည်း၊ ဝါ-အနက်ပေးပုံတည်း။ တခုသော ပဉ္စဒွါရာဝဇ္ဇန်း စိတ်ၫင်း၊ ကုသလဝိပါက် အကုသလဝိပါက် နှစ်ပါးတို့၏ အစွမ်းဖြင့် ခုနစ်ပါးကုန်သော စက္ခုဝိညာဏ် အစရှိကုန်သော စိတ်တို့ၫင်း၊ တခုသော ဝုဋ္ဌောစိတ်ၫင်း၊ ကုသိုလ်, အကုသိုလ်, အာဝဇ္ဇန်းမှ တပါးကုန်သော ကြိယာစိတ်တို့၏ အစွမ်းဖြင့် တခုယုတ် သုံးဆယ် သော ကာမာဝစရ ဇောစိတ်တို့ၫင်း၊ မယူရသေးသည်ကို ယူသည် အစွမ်းဖြင့် ရှစ်ပါးကုန်သော တဒါရုံတို့ၫင်း၊ ဤသို့ ၄၆-ပါးသော စိတ်တို့သည် ဖြစ်ကုန်၏။

**ယထာရဟံ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ဇုဋ္ဌာရုံစသော အာရုံ၌ ယောနိသောမနသိကာရ, အယောနိသောမနသိကာရ, အနုသယကင်းသော ရဟန္တာအရှင်တို့၏ သန္တာန် အစရှိသည် တို့အား လျော်သည်အစွမ်းဖြင့်-ဟု အနက်ပေး။

---

## ၃၉။ ။တထာ ပဉ္စဒွါရာဝဇ္ဇန သောတဝိညာဏာဒိဝသေန။ ပ။ သဗ္ဗထာပိ ပဉ္စဒွါရေ စတုပညာသစိတ္တာနိ ကာမာ-ဝစရာနေဝ။

ထို့အတူ သောတဒွါရ အစရှိသည်တို့၌လည်း ပဉ္စဒွါရာဝဇ္ဇန်း သောတဝိညာဏ်ဒွေး အစရှိသည်တို့၏ အစွမ်းဖြင့် ၄၆-ပါးသော စိတ်တို့သည်သာလျှင် ဖြစ်ကုန်၏၊ ဤသို့ အလုံးစုံသော အခြင်းအရာ အားဖြင့် ပဉ္စဒွါရ၌ ၅၄-ပါးသော စိတ်တို့သည် ကာမာဝစရ စိတ်တို့သာတည်း။

---

၃၉။ ။**သဗ္ဗထာပိ**-ဟူသည်ကား၊ဝါ-ဟူသောပုဒ်ကို အာဝဇ္ဇန်း အစ တဒါရုံ အဆုံး ရှိသော ခပ်သိမ်းသော အပြားဖြင့် ကာမာဝစရ စိတ်တို့သည် ဖြစ်ကုန်၏၊ ဤသို့ အနက်ယောဇနာလေ၊တနည်းကား-သဗ္ဗထာပိ-ပုဒ်ကို စတုပညာသစိတ္တာနိ-ပုဒ်နှင့်စပ်၍ အနက်ပေးရာ၏။

## ၅၄-ပါးဖြစ်ပုံ

ထိုထိုဒွါရ၌ ဖြစ်သော စိတ်တို့၏ အစွမ်းဖြင့် တည်ကုန်သော စိတ်တို့ကို မယူအပ်သေးသည်ကို ယူသည့်အစွမ်းဖြင့်၎င်း, ခပ်သိမ်းသော အပြားအားဖြင့် စက္ခုဒွါရ၌ ဖြစ်ကုန်သော ၄၆-ပါးသော စိတ်တို့၌ သောတဝိညာဏ် အစရှိကုန်သော လေးပါးသော အစုတို့ကို ထည့်သဖြင့်၎င်း, ၅၄-ပါး ဖြစ်ကုန်၏၊ ဤကား အနက်တည်း။

## ဒွါရဝိမုတ်စိတ်

၄၁။ ။ပဋိသန္ဓိ-ဘဝင်္ဂ-စုတိဝသေန ဒွါရဝိမုတ္တာနိ။ (**ကျေနဝိသတိ ပဋိသန္ဓိ, ဘဝင်္ဂ, စုတိဝသေန ဒွါရ-ဝိမုတ္တာနိ။**)

တခုယုတ် နှစ်ဆယ်သော စိတ်တို့သည် ပဋိသန္ဓေ, ဘဝင်, စုတိတို့၏ အစွမ်းဖြင့် ဒွါရခြောက်ပါးမှ လွတ်သောစိတ် မည်ကုန်၏။

## ဒွါရဝိမုတ်စိတ်အဘွင့်

၄၁။ ။စက္ခုစသော ဒွါရတို့၌ မဖြစ်သောကြောင့်၎င်း၊ မိမိတို့သည်ပင် မနောဒွါရ-ဟု ဆိုအပ်သော ဘဝင် ဖြစ်သောကြောင့်၎င်း၊ ကမ္မနိမိတ် စသော အာရုံမှ တပါးသော အာရုံကို ယူသည်၏ အစွမ်းဖြင့် မဖြစ်သောကြောင့်၎င်း၊ ပဋိသန္ဓေ အစရှိသည်တို့၏ အစွမ်းဖြင့် ဖြစ်ကုန်သော တခုယုတ် နှစ်ဆယ်သော စိတ်တို့သည် ဒွါရခြောက်ပါးမှ လွတ်သောကြောင့် **ဒွါရဝိမုတ်စိတ်**[၁] မည်ကုန်၏။

## တဒွါရ၌ဖြစ်သောစိတ်

၄၂။ ။**တေသု ပန ပဉ္စဝိညာဏာနိ စေဝ မဟဂ္ဂတ-လောကုတ္တရဇဝနာနိ စေတိ ဆတ္တိံသ ယထာရဟ-မေကဒွါရိကစိတ္တာနိ နာမ။**

၁—ဤပဋိသန္ဓေ, ဘဝင်, စုတ်စိတ်တို့သည် ဇနကကံ အဟုန် သက်သက်ကြောင့်သာ ဖြစ်ကုန်၏၊ အာရုံ ဒွါရတို့၏ ထိခိုက်မှုကြောင့် ဖြစ်သော စိတ်မျိုး မဟုတ်၍ ဒွါရ ခြောက်ပါးမှ လွတ်သော စိတ်မျိုး ဖြစ်သောကြောင့် **ဒွါရဝိမုတ်စိတ်** မည်ကုန်၏။

တနည်း—မိမိသည်ပင် မနောဒွါရ-ဟု ဆိုအပ်သော ဘဝင် ဖြစ်သောကြောင့်၎င်း, ကမ္မနိမိတ် စသည်တို့မှ တပါးသော အာရုံကို မယူသောကြောင့်၎င်း **ဒွါရဝိမုတ်** မည်ကုန်၏။

ထိုခြောက်ဒွါရ၌ ဖြစ်သော စိတ်တို့တွင် ဒွေးပဉ္စဝိညာဏ် ၁၀-တို့ ၎င်း၊ မဟဂ္ဂုတ် လောကုတ္တရာဇော ၂၆-ခုတို့၎င်း၊ ဤသို့သော အပြားဖြင့် ၃၆-ပါးသော စိတ်တို့သည် ထိုက်သည်အားလျော်စွာ တဒွါရ၌ ဖြစ်သောစိတ် မည်ကုန်၏။

## တဒွါရ၌ဖြစ်သောစိတ်အဘွင့်

၄၂။ ။ဒွေးပဉ္စဝိညာဏ် ၁၀-တို့သည် မိမိ မိမိတို့၏ ဒွါရ၌ ဖြစ်သောကြောင့်, ၂၆-ပါးသော မဟဂ္ဂုတ် လောကုတ္တရာဇောတို့ သည်ကား မနောဒွါရ၌သာ ဖြစ်သောကြောင့် ၃၆-ပါးသော စိတ်တို့သည် ထိုက်သည်အားလျော်စွာ မိမိတို့၏ ဒွါရအားလျော်စွာ တဒွါရ၌ ဖြစ်သောစိတ် မည်ကုန်၏။

## ဆဒွါရိက, ဒွါရဝိမုတ် နှစ်မည်ရသောစိတ်

**၄၃။ ။ဥပေက္ခာသဟဂတ သန္တီရဏ မဟာဝိပါကာနိ ဆဒွါ-ရိကာနိ စေဝ ဒွါရဝိမုတ္တာနိ စ။**

ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် နှစ်ခု, မဟာဝိပါက်စိတ် ရှစ်ခုတို့သည် ရံခါ ခြောက်ဒွါရ၌ ဖြစ်ကုန်၏၊ ရံခါ ခြောက်ဒွါရမှ လွတ်ကုန်၏။

## ခြောက်ဒွါရ၌ဖြစ်ခြင်း,ခြောက်ဒွါရမှ လွတ်ခြင်းအကြောင်း

၄၃။ ။ပဉ္စဒွါရတို့၌ သန္တီရဏ,တဒါရုံတို့၏ အစွမ်းဖြင့် ဖြစ်ခြင်း ကြောင့်၎င်း၊ မနောဒွါရ၌ တဒါရုံအစွမ်းဖြင့် ဖြစ်ခြင်းကြောင့်၎င်း ခြောက်ဒွါရ[၁]၌ ဖြစ်ကုန်၏၊ ပဋိသန္ဓေ အစရှိသည် အစွမ်းဖြင့် ဖြစ်ခြင်းကြောင့် ဒွါရခြောက်ပါးမှလည်း လွတ်ကုန်၏။

---

၁—၎င်းဥပေက္ခာသဟဂုတ် သန္တီရဏစိတ်, မဟာဝိပါက်စိတ်တို့သည် ပဉ္စဒွါရဝီထိ၌ သန္တီရဏကိစ္စ, တဒါရုံကိစ္စ တပ်ကြသောကြောင့် ခြောက်ဒွါရ၌ ဖြစ်ကုန်၏၊ ၎င်းစိတ်တို့သည် ပဋိသန္ဓေကိစ္စ ဘဝင်ကိစ္စ စုတိကိစ္စ တပ်သောအခါ ခြောက်ဒွါရမှ လွတ်ကုန်၏။

မဟဂ္ဂုတ် ဝိပါက်စိတ်တို့ကား ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စသာ တပ်ကြသောကြောင့် ဒွါရ ခြောက်ပါးမှ လွတ်ကုန်၏။

## သင်္ဂဟဂါထာ

၄၇။ ။**ကေဝ္ဒါရိကစိတ္တာနိ၊ ပဉ္စဆဒွါရိကာနိ စ။**
**ဆဒွါရိကဝိမုတ္တာနိ၊ ဝိမုတ္တာနိ စ သဗ္ဗထာ။** ။

တဒွါရ၌ ဖြစ်သော စိတ်တို့ငင်း၊ ငါးဒွါရ၌ ဖြစ်သောစိတ်, ခြောက်ဒွါရ၌ ဖြစ်သော စိတ်တို့ငင်း၊ ရံခါ ခြောက်ဒွါရ၌ ဖြစ်၍ ရံခါ ခြောက်ဒွါရမှ လွတ်သော စိတ်တို့ငင်း၊ အချင်းခပ်သိမ်း ခြောက်ဒွါရမှ လွတ်သော စိတ်တို့ငင်း။

---

၄၇။ ။ငါးဒွါရ၌ ဖြစ်သော စိတ်တို့ငင်း၊ ခြောက်ဒွါရ၌ ဖြစ်သော စိတ်တို့ငင်း၊ ငါးဒွါရ,ခြောက်ဒွါရ၌ ဖြစ်သော စိတ်တို့၊ ထိုစိတ်တို့သည် ခြောက်ဒွါရ၌ ဖြစ်၍ ရံခါ ခြောက်ဒွါရမှ လွတ်သော ကြောင့် **ဆဒွါရိကဝိမုတ္တာနိ** မည်ကုန်၏၊ တနည်းကား—ခြောက် ဒွါရ၌ ဖြစ်သော စိတ်တို့ငင်း၊ ခြောက်ဒွါရမှ လွတ်သော စိတ်တို့ငင်း ဤသို့ ဖြစ်ကုန်သောကြောင့် **ဆဒွါရိကဝိမုတ္တာနိ** မည်ကုန်၏၊ ဤသို့ တစိတ်အားဖြင့်သာလျှင် သုတိရှိသော ဧကေသနည်းကို မှတ်အပ်, ပြုအပ်၏။

မှတ်ချက်။ ။ဤဋီကာဖြင့် **ပဉ္စဆဒွါရိကာနိ**-ပုဒ်ကို ပဉ္စဒွါရိကာနိ စ, ဆဒွါရိကာနိ စာတိ ပဉ္စဆဒွါရိကာနိ-ဟုငင်း, **ဆဒွါရိကဝိမုတ္တာနိ**-ပုဒ်ကို ဆဒွါရိကာနိ စ, ဆဒွါရိက ဝိမုတ္တာနိ စာတိ ဆဒွါရိကဝိမုတ္တာနိ-ဟုငင်း ဧကသိက် ဝိဂ္ဂြိုဟ် ပြုရမည်ဟု ဘွင့်ပြ၏။

ဒွါရသင်္ဂဟအဘွင့် ပြီး၏။

---

## အာရမ္မဏသင်္ဂဟ

### အာရုံ ၆-ပါး

၄၉။ ။**အာရမ္မဏသင်္ဂဟေ အာရမ္မဏာနိ နာမ ရူပါရမ္မဏံ, သဒ္ဒါရမ္မဏံ, ဂန္ဓာရမ္မဏံ, ရသာရမ္မဏံ, ဖောဋ္ဌဗ္ဗာ ရမ္မဏံ, ဓမ္မာရမ္မဏဉ္စေတိ ဆဗ္ဗိဓာနိ ဘဝန္တိ။**

အာရမ္မဏသင်္ဂဟ၌ အာရုံတို့ မည်သည်ကား—

(၁) ရူပါရုံငှင်း၊
(၂) သဒ္ဒါရုံငှင်း၊
(၃) ဂန္ဓာရုံငှင်း၊
(၄) ရသာရုံငှင်း၊
(၅) ဖောဋ္ဌဗ္ဗါရုံငှင်း၊
(၆) ဓမ္မာရုံငှင်း၊ ဤသို့သော အပြားအားဖြင့် ခြောက်ပါး အပြားရှိကုန်၏။

---

## အာရုံခြောက်ပါးအဘွင့်

၄၉။ ။အာရုံတို့ကို သရုပ်အားဖြင့်ငှင်း၊ ဝေဘန်သောအား ဖြင့်ငှင်း၊ ထိုအာရုံကို ပြုသော စိတ်အားဖြင့်ငှင်း၊ သိမ်းရုံးပေါင်း ကျုံး၍ ယူရာယူကြောင်း ဖြစ်သော သင်္ဂဟသည် **အာရမ္မဏသင်္ဂဟ** မည်၏။ အဆင်း၏ ဖေါက်ပြန်ခြင်းသို့ ရောက်သည် ဖြစ်၍ နှလုံး၌ ရောက်သည် အဖြစ်ကို ပြတတ်သောကြောင့် **ရူပ**[၁] မည်၏၊ ထိုရူပ သည်ပင်လျှင် အားနည်းသော ယောကျ်ားသည် တောင်ဝှေး စသည်ကို ဆွဲကိုင်သကဲ့သို့ စိတ်,စေတသိက်တို့သည် စွဲလမ်းအပ် သောကြောင့် **အာရမ္မဏ**[၂] မည်၏၊ တနည်းကား—ထိုစိတ်,စေတ သိက်တို့သည် လာ၍ ဤအာရုံ၌ မွေ့လျော်တတ်၏၊ ထိုသို့မွေ့လျော် ရာ ဖြစ်သောကြောင့် **အာရမ္မဏ** မည်၏၊ ဤသို့ အဆင်းသည်ပင် စွဲလမ်းအပ်သောကြောင့်ငှင်း၊ မွေ့လျော်ရာ ဖြစ်သောကြောင့်ငှင်း၊ **ရူပါရမ္မဏ** ရူပါရုံမည်၏။ ရွတ်ဆိုအပ်သောကြောင့် အသံသည် **သဒ္ဒ**[၃] မည်၏၊ ထိုသဒ္ဒသည်ပင်လျှင် အာရုံဖြစ်သောကြောင့် **သဒ္ဒါ**

---

၁—စက္ခုဝိညာဏ်ဖြင့် မြင်အပ်သော အညို အရွှေ စသော အဆင်း အမျိုးမျိုးသည် ဖေါက်ပြန် ပြောင်းလဲ၍ စိတ်အလိုကို ပြတတ်သောကြောင့် **ရူပ** မည်၏။

၂—စိတ်, စေတသိက်တို့သည် လာ၍မွေ့လျော်ရာ ဖြစ်သောကြောင့် **အာရမ္မဏ** မည်၏။

၃—ရွတ်ဆိုအပ်သောကြောင့် **သဒ္ဒ** မည်၏၊ တနည်း—သောတဝိညာဏ်၏ အာရုံအဖြစ်သို့ ရောက်တတ်သောကြောင့် **သဒ္ဒ** မည်၏။

**ရုမ္မဏ** သဒ္ဒါရုံ မည်၏။ မိမိ၏ မိုရာကို ဤ၀တ္ထုသည် ဤ၌ ရှိ၏ဟု ဂုံးတိုက်ခြင်းကို ပြုသကဲ့သို့ ဖြစ်တတ်သောကြောင့် **ဂန္ဓ**[၁] မည်၏၊ ထိုဂန္ဓသည်ပင် အာရုံဖြစ်သောကြောင့် **ဂန္ဓာရမ္မဏ** ဂန္ဓာရုံ မည်၏။ ထိုအာရုံကို သတ္တဝါတို့သည် သာယာကြသောကြောင့် **ရသ**[၂] မည်၏၊ ထိုရသသည်ပင် အာရုံ ဖြစ်သောကြောင့် **ရသာရမ္မဏ** ရသာရုံ မည်၏။ တွေ့ထိအပ်သောကြောင့် **ဖောဋ္ဌဗ္ဗ**[၃] မည်၏၊ ထိုဖောဋ္ဌဗ္ဗသည်ပင် အာရုံ ဖြစ်သောကြောင့် **ဖောဋ္ဌဗ္ဗာရမ္မဏ** ဖောဋ္ဌဗ္ဗာရုံ မည်၏။ **ဓမ္မ**[၄] သည်ပင် အာရုံ ဖြစ်သောကြောင့် **ဓမ္မာရမ္မဏ** ဓမ္မာရုံ မည်၏။

---

## အာရုံသရုပ်ကိုပြခြင်း

**၅၀။ ။တတ္ထ ရူပမေဝ ရူပါရမ္မဏံ၊ တထာ သဒ္ဒါဒယော သဒ္ဒါရမ္မဏာဒီနိ။**

ထိုခြောက်ပါးသော အာရုံတို့တွင် အဆင်းပင်လျှင် ရူပါရုံ မည်၏၊ထို့အတူ အသံ အစရှိသည်တို့သည် သဒ္ဒါရုံ အစရှိသည် မည်ကုန်၏။

---

## အာရုံသရုပ်အဘွင့်

၅၀။ ။**တတ္ထ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ထိုရူပါရုံ အစရှိသည်တို့တွင်-ဟု အနက်ပေး၊ ဝဏ္ဏာယတနဟု ဆိုအပ်သော

---

၁-မိမိ၏ တည်ရာ ဖြစ်သော ပန်းကို ဤ၀တ္ထုသည် ဤ၌ ရှိ၏ဟု ဂုံးချော သကဲ့သို့ ဖြစ်တတ်သောကြောင့် **ဂန္ဓ** မည်၏။

၂-သတ္တဝါတို့သည် သာယာအပ်သောကြောင့် **ရသ** မည်၏။

၃-တွေ့ထိအပ်သောကြောင့် **ဖောဋ္ဌဗ္ဗ** မည်၏။

၄-မိမိ၏ သဘော လက္ခဏာကို ဆောင်တတ်သောကြောင့် **ဓမ္မ** မည်၏။

ရုပ်သည် ရူပ မည်၏၊ **သဒ္ဒါဒယော** ဟူသည်ကား သဒ္ဒါယတန အစရှိသည် ဆိုအပ်ကုန်သော သဒ္ဒါရုံ အစရှိသည်တို့သည်ရင်း၊ အာပေါဓာတ်သည် ကြဉ်အပ်သော ဘုတ်သုံးပါးဟု ဆိုအပ်သော ဖေါဋ္ဌဗ္ဗာယတနသည်ရင်း သဒ္ဒါရုံစသည် မည်ကုန်၏။

## ဓမ္မာရုံ

**၅၁။ ။ဓမ္မာရမ္မဏံ ပန ပသာဒ, သုခုမရူပ, စိတ္တ, စေတသိက, နိဗ္ဗာန, ပညတ္တိဝသေန ဆဓာ သင်္ယှတိ။**

ဓမ္မာရုံကို ပသာဒရုပ် ၅-ခု,သုခုမရုပ် သောဠသ, စိတ်တခုယုတ်ကိုးဆယ်, စေတသိက် ဒွေးပညာသ, နိဗ္ဗာန်, ပညတ်ဟု ဆိုအပ်သော ခြောက်ပါးသော အပြားအားဖြင့် ရေတွက်အပ်၏။

## ဓမ္မာရုံအဘွင့်

၅၁။ ။ပဉ္စာရုံ, ပဉ္စပသာဒရုပ် တို့ကို ထား၍ ကြွင်းကုန်သော ၁၆- ပါးသော ရုပ်တို့သည် သုခုမရုပ် မည်ကုန်၏။

## စက္ခုဒွါရစသည်၌ ဖြစ်သောစိတ်

**၅၂။ ။တတ္ထ စက္ခုဒွါရိကစိတ္တာနံ သဗ္ဗေသမ္ပိ ရူပမေဝ အာရမ္မဏံ၊ တဉ္စ ပစ္စုပ္ပန္နံ၊ တထာ သောတဒွါရိက စိတ္တာဒီနမ္ပိ သဒ္ဒါဒီနိ၊ တာနိ စ ပစ္စုပ္ပန္နာနိယေဝ။**

ထိုခြောက်ပါးသော ဒွါရ၌ဖြစ်သောစိတ်တို့တွင် အလုံးစုံလည်းဖြစ်ကုန်သော စက္ခုဒွါရ၌ ဖြစ်သော စိတ်တို့၏ အာရုံသည် ရူပါရုံသာတည်း၊ ထိုရူပါရုံသည်လည်း ပစ္စုပ္ပန်သာတည်း၊ ထို့အတူ သောတဒွါရ၌ဖြစ်သော စိတ် အစရှိသည်တို့၏ အာရုံတို့သည်လည်း

သဒ္ဒါရုံ အစရှိသည်တို့တည်း၊ ထိုသဒ္ဒါရုံ အစရှိသည်တို့သည်လည်း ပစ္စုပ္ပန် တို့သာလျှင်တည်း။

၅၂။ ။**ပစ္စုပ္ပန္နံ**-ဟူသည်ကား ဖြစ်ဆဲဖြစ်သော ခဏပစ္စုပ္ပန်[၁] ကာလတည်း။

## မနောဒွါရိကစိတ်တို့၏အာရုံ

**၅၃။ ။မနောဒွါရိကစိတ္တာနံ ပန ဆဗ္ဗိဓမ္ပိ ပစ္စုပ္ပန္နံ, မတီတံ, အနာဂတံ, ကာလဝိမုတ္တဉ္စ, ယထာရဟမာရမ္မဏံ ဟောတိ။**

မနောဒွါရ၌ ဖြစ်ကုန်သော စိတ်တို့၏ အာရုံသည် ထိုက်သည်အား လျော်စွာ ပစ္စုပ္ပန် ဖြစ်၍၎င်း၊ အတိတ်ဖြစ်၍၎င်း၊ အနာဂတ် ဖြစ်၍၎င်း၊ ကာလဝိမုတ်ဖြစ်၍၎င်း၊ ခြောက်ပါး အပြားရှိသော အာရုံ ဖြစ်၏။

## မနောဒွါရိကစိတ်တို့၏အာရုံအဘွင့်

## ကာလဝိမုတ်အဓိပ္ပါယ်

၅၃။ ။**ဆဗ္ဗိဓမ္ပိ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ရူပါရုံ အစရှိသည်တို့၏ အစွမ်းဖြင့် ခြောက်ပါးအပြား ရှိသည်လည်း ဖြစ်သော-ဟု အနက်ပေး။ ပျက်စီးခြင်း မရှိသောကြောင့်၎င်း၊ အတိတ်စသော ကာလ၏ အစွမ်းဖြင့် မဆိုအပ်သည်၏ အဖြစ်ကြောင့်၎င်း၊ နိဗ္ဗာန်သည်၎င်း, ပညတ်သည်၎င်း ကာလဝိမုတ် မည်၏။

---

**၁**—စက္ခုဒွါရစသည်၌ ထိနိုက်လာသော မျက်မှောက်ဖြစ်သော အာရုံကိုသာ စက္ခုဝိညာဏ် စသော စိတ်တို့သည် အာရုံ ပြုနိုင်ကြ၏၊ ထိခိုက်ဆဲ မဟုတ်, ထိခိုက်ပြီးသော အာရုံ, ထိခိုက် လတ္တံ့သော အာရုံကို အာရုံမပြုနိုင်သောကြောင့် ပစ္စုပ္ပန်အာရုံကိုသာ အာရုံပြုနိုင်သည်-ဟုမှတ်။

**ယထာရဟံ** [၁]-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ကာမာဝစရဇော အဘိညာဏ်ဇောမှ ကြွင်းသော မဟာဂ္ဂုတ် အစရှိသော ဇောတို့အား လျော်သောအားဖြင့်-ဟု အနက်ပေး။ ယင်းစကားချဲ၍ပြဦးအံ့— ဟသိတုပ္ပါဒ်သည် ကြဉ်အပ်ကုန်သော ကာမာဝစရဇောတို့၏ အာရုံ သည့်ကား ခြောက်ပါးအပြား ရှိသည်လည်းဖြစ်သော ကာလသုံးပါး၌ ဖြစ်သော အာရုံ, ကာလသုံးပါးမှ လွတ်သော အာရုံ ဖြစ်၏။ ဟသိတုပ္ပါဒ်စိတ်၏ အာရုံကား ကာလသုံးပါး၌ ဖြစ်သော အာရုံ သာ ဖြစ်၏၊ ထို့ကြောင့်သာလျှင် ထိုဟသိတုပ္ပါဒ်စိတ်၏ စင်စစ် ကာမအာရုံ ရှိသည်အဖြစ်ကို အရှင်အနုရုဒ္ဓါဆရာပင် ဆိုတော်မူ လတ့်၊ ဒိဗ္ဗစက္ခုအဘိညာဏ် အစရှိသည်တို့၏ အစွမ်းဖြင့် ဖြစ်သော အဘိညာဏ်ဇော၏ အာရုံသည် ထိုက်သည်အား လျော်စွာ အာရုံ ခြောက်ပါး အပြားရှိသော ကာလသုံးပါး၌လည်း ဖြစ်သော ကာလ သုံးပါးမှလည်း လွတ်သော အာရုံ ဖြစ်၏၊ ဤအရာ၌ အဘိညာဏ် ဇော၏ အာရုံကို ခွဲဝေခြင်းသည်ကား ဤသင်္ဂြိုဟ်ကျမ်း နဝမပိုင်း၌ ထင်ရှားစွာဖြစ်လတ့်၊ အဘိညာဏ်ဇောမှ ကြွင်းကုန်သော မဟဂ္ဂုတ် ဇောတို့၏ အာရုံကား ထိုက်သည်အား လျော်စွာ ကာလသုံးပါးမှ လွတ်သည်လည်း ဖြစ်သော အတိတ်လည်း ဖြစ်သော အာရုံ ဖြစ်၏။

---

၁–မနောဒွါရ၌ ဖြစ်သော စိတ် ၆၇-ပါးတို့သည် အာရုံခြောက်ပါး, ကာလသုံးပါးနှင့် တကွ ကာလဝိမုတ်ကို အာရုံ ပြုကြ၏-ဟု ဆိုသော်လည်း ယထာရဟံ သဒ္ဒါကို သတ်မှတ် ပြဆို ထားသဖြင့် ဤဆိုသောအတိုင်း အာရုံ ပြုကြသည် မဟုတ်၊ ထိုက်သည်အား လျော်စွာသာ အာရုံပြုကုန်၏။

ပြပုံကား—ဟသိတုပ္ပါဒ် ကြဉ်သော ကာမာဝစရဇောတို့သည် ကာလသုံးပါး ဖြစ်သော အာရုံ ခြောက်ပါး, ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်, ပညတ်တို့ကို အာရုံပြုကုန်၏။

ဟသိတုပ္ပါဒ်စိတ်ကား ကာလ သုံးပါး၌ ဖြစ်သော ကာမအာရုံ ခြောက်ပါးကိုသာ အာရုံ ပြု၏။

အဘိညာဏ်ဇောတို့ကား ကာလသုံးပါး၌ ဖြစ်သော အာရုံ ခြောက်ပါးတို့ကိုရင်း, ကာလဝိမုတ် ဖြစ်သော နိဗ္ဗာန်, ပညတ်ကိုရင်း အာရုံ ပြုကုန်၏-ဟုမှတ်။

## ဥပါရဝိမုတ်စိတ်၏အာရုံ

၅၄။ ။ဥပါရဝိမုတ္တာနဉ္စ ပဋိသန္ဓိ, ဘဝင်, စုတိသင်္ခါတာနံ ဆဗ္ဗိဓမ္ပိ ယထာသမ္ဘဝံ ယေဘုယျေန ဘဝန္တရေ ဆဒ္ဒါရဂ္ဂဟိတံ ပစ္စုပ္ပန္နံ, မတီတံ, ပညတ္တိဘူတံ ဝါ ကမ္မံ, ကမ္မနိမိတ္တံ, ဂတိနိမိတ္တံ သမ္မတံ အာရမ္မဏံ ဟောတိ။

ပဋိသန္ဓေ, ဘဝင်, စုတိ-ဟု ဆိုအပ်ကုန်သော ဥပါရဝိမုတ်စိတ် တခုယုတ် နှစ်ဆယ်တို့၏ အာရုံသည် များသောအားဖြင့် အခြားမဲ့ အတိတ်ဖြစ်သော အတီတာနန္တရ ဘဝ၌ ခြောက်ဒွါရဖြင့် ယူအပ် သော (ဆဒွါရိကမရဏာသန္နဇောသည် ယူအပ်သော) ပစ္စုပ္ပန် လည်းဖြစ်သော, အတိတ်လည်း ဖြစ်သော, ပညတ်လည်း ဖြစ်သော, ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟု သမုတ်အပ်သော ခြောက်ပါးအပြား ရှိသော အာရုံသည် ဖြစ်သင့်သည်အား လျော်စွာ ဖြစ်၏။

---

၅၄။ ။ပဋိသန္ဓေ, ဘဝင်, စုတိဟု ဆိုအပ်ကုန်သော ဥပါရဝိမုတ် စိတ်တို့၏ အာရုံသည် ခြောက်ပါး အပြားရှိသော အာရုံ ဖြစ်၏၊ ဤကား ပုဒ်တို့ကို စပ်ပြပုံ,အနက်ပေးပုံတည်း။

## ယထာသမ္ဘဝအဓိပ္ပါယ်

ထိုပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်တို့၏ ထိုအာရုံသည် ပဉ္စ ဒွါရာဝဇ္ဇန်းစိတ်၏ တစုံတခုသော စိတ်သည် မယူအပ်သေးသည် သာလျှင် ဖြစ်သော အာရုံသည် အာရုံ၏အဖြစ်သို့ ရောက်သကဲ့သို့ တစုံတခုသော စိတ်သည် မယူအပ်သေးသည်သာလျှင် ဖြစ်သော အာရုံသည် အာရုံ၏အဖြစ်သို့မရောက်၊ ငါးဒွါရ၌ ဖြစ်ကုန်သော ဇောတို့၏ စင်စစ် ပစ္စုပ္ပန်ဖြစ်သော အာရုံသည် အာရုံအဖြစ်သို့ ရောက်သကဲ့သို့ စင်စစ် ပစ္စုပ္ပန်ဖြစ်သော အာရုံသည် အာရုံ၏ အဖြစ်သို့ မရောက်၊ မနောဒွါရ၌ ဖြစ်သော ဇောတို့၏ ကာလ

သုံးပါး၌ ဖြစ်သည်သာလျှင်ဖြစ်သော အာရုံသည် အာရုံအဖြစ်သို့ ရောက်သကဲ့သို့ငင်း၊ သာမညအားဖြင့် ကာလသုံးပါးမှ လွတ်သော အာရုံသည် အာရုံ၏ အဖြစ်သို့ ရောက်သကဲ့သို့ငင်း၊ ကာလ သုံးပါး၌ ဖြစ်သော အာရုံသည်ငင်း, သာမညအားဖြင့် ကာလ သုံးပါးမှ လွတ်သော အာရုံသည်ငင်း အာရုံ၏ အဖြစ်သို့မရောက်။

အလွန်နီးသော သေခြင်းရှိသော ကာလမှ ရှေးအဘို့၌ ဖြစ်ကုန်သော ဇောတို့၏ ကံ,ကမ္မနိမိတ် စသည်တို့၏ အစွမ်းဖြင့် ကုသိုလ်, အကုသိုလ်ကံဟု ဆိုအပ်သော အကြောင်းကြောင့် ပြီးသော ခေါ်ဝေါ်ခြင်းမှ လွတ်သော အာရုံသည် အာရုံအဖြစ်သို့ ရောက် သကဲ့သို့ ကံ, ကမ္မနိမိတ် အစရှိသည်တို့၏ အစွမ်းဖြင့် ကုသိုလ် အကုသိုလ်ကံဟု ဆိုအပ်သော အကြောင်းကြောင့် ပြီးသော ခေါ်ဝေါ်ခြင်းမှ လွတ်သောအာရုံသည် အာရုံအဖြစ်သို့ မရောက်။

ထို့ကြောင့် **"ယထာသမ္ဘဝံ။ ပ။ သမ္မတံ"**-ဟူသော ဤစကားကို အရှင်အနုရုဒ္ဓါဆရာသည် မိန့်ဆိုတော်မူ၏၊ ထိုပါဌ်၌ ယထာသမ္ဘဝံ[၁]

၁–ထိုဒွါရဝိမုတ်စိဘ်တို့သည် ပစ္စုပ္ပန်, အတိတ်, ပညတ်ဟု ဆိုအပ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ် သုံးပါ·ကို အာရုံ ပြု၏ဟု ဆိုသော်လည်း ငင်းသုံးပါးကို တပြိုင်နက် တခါတည်း အာရုံ ပြုကြသည် မဟုတ်ကုန်၊ **ယထာသမ္ဘဝံ** သဒ္ဒါကို သတ်မှတ် ပြဆိုထားသဖြင့် ထိုထို သို့သော ကာမ, ရူပ, အရူပဘုံတို့၌ ဖြစ်ကုန်သော ပဋိသန္ဓေ, ဘဝင်, စုတိစိတ်တို့၏ ထိုထိုသို့သော ဒွါရဖြင့် ယူအပ်သော အာရုံအား လျော်စွာသာ ဖြစ်ကုန်၏-ဟုမှတ်။

ဖြစ်ပုံကား—ကာမာဝစရ ပဋိသန္ဓေစိတ်, ဘဝင် ဒွါရဝိမုတ်စိတ်တို့သည် ပဉ္စဒွါရဖြင့် ယူအပ်သည်ဖြစ်အံ့။ ရှေးဘဝ၊က ပစ္စုပ္ပန် ကမ္မနိမိတ် ဖြစ်သော အာရုံ ငါးပါးကိုသာ အာရုံ ပြုကုန်၏။ မနောဒွါရဖြင့် ယူအပ်သည် ဖြစ်အံ့။ ရှေးဘဝ အတိတ် ကမ္မနိမိတ် ဖြစ်သော အာရုံ ငါးပါးကိုသာ အာရုံ ပြုကုန်၏။

ကာမာဝစရဖြစ်သော စုတိဒွါရဝိမုတ်စိတ်ကား ရှေးဘဝက ခြောက်ဒွါရဖြင့် ယူအပ်သော အတိတ် ကမ္မနိမိတ် ဖြစ်သော အာရုံ ငါးပါးကို အာရုံပြု၏။ ၊ဤကား— ပဉ္စာရုံအဘို့မှတ်။

ထိုဒွါရဝိမုတ် စိတ်တို့သည် ဓမ္မာရုံ ဖြစ်ပါမူ ကာလအားဖြင့် အတိတ်, နိမိတ် အားဖြင့် ကံ, ကမ္မနိမိတ်ဖြစ်သော မနောဒွါရဖြင့် ယူအပ်သော ဓမ္မာရုံကိုသာ အာရုံပြုကြကုန်၏။ ဤကား—ကံနှင့် ကမ္မနိမိတ် အာရုံအဘို့တည်း။

ဂတိနိမိတ် အာရုံ ဖြစ်ပါမူ ပစ္စုပ္ပန် ရူပါရုံတပါးသာ ဖြစ်၍ မနောဒွါရဖြင့် ယူအပ်သော ဂတိနိမိတ်ကိုသာ အာရုံပြုကုန်၏၊ ဤကား—ကာမာဝစရအဘို့ ယထာသမ္ဘဝ ဖြစ်ပုံတည်း။

ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ထိုထိုဘုံ၌ဖြစ်သော ပဋိသန္ဓေ, ဘဝင်, စုတိ တို့၏ ထိုထိုဒွါရဖြင့် ယူအပ်သော အာရုံ အစရှိသည်တို့၏ အစွမ်းဖြင့် ဖြစ်သင့်သည်အားလျော်စွာ-ဟု အနက်ပေး။

## ပဋိသန္ဓေစိတ်, ဘဝင်စိတ်တို့၏အာရုံ

ယင်းစကားကို ချဲ၍ ပြဦးအံ့ - ကာမာဝစရ ဖြစ်ကုန်သော ပဋိသန္ဓေ, ဘဝင်တို့၏ အာရုံကား ရှေးဦးစွာ ခြောက်ပါးသော ဒွါရတို့၌ ဖြစ်သော မရဏာသန္နဇောသည် ယူအပ်သော ထိုက်သည်အား လျော်စွာ ပစ္စုပ္ပန်လည်း ဖြစ်သော, အတိတ်လည်း ဖြစ်သော, ကမ္မနိမိတ်ဟု သမုတ်အပ်သော, ရူပါရုံအစရှိသော အာရုံငါးပါး ဖြစ်၏။

## စုတိစိတ်၏အာရုံ

စုတိစိတ်၏ အာရုံကား ထို့အတူ ခြောက်ပါးသော ဒွါရတို့၌ ဖြစ်သော မရဏာသန္နဇောသည် ယူအပ်သော အတိတ်ဖြစ်သော ကမ္မနိမိတ်ဟု သမုတ်အပ်သော ရူပါရုံ အစရှိသော အာရုံငါးပါး ဖြစ်၏။

အထူးကိုဆိုဦးအံ့—မနောဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်သော အတိတ်ဖြစ်သော ကံ ကမ္မနိမိတ်ဟု သမုတ်အပ်သော ဓမ္မာရုံသည်ကား သုံးပါးကုန်သော ထိုပဋိသန္ဓေ, ဘဝင်, စုတိတို့၏ အာရုံ ဖြစ်၏၊ ထို့အတူ မနောဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်သော စင်စစ် ပစ္စုပ္ပန် ဖြစ်သော ဂတိနိမိတ်-ဟု သမုတ်အပ်သော တခုသာဖြစ်သော ရူပါရုံသည် သုံးပါးကုန်သော ထိုပဋိသန္ဓေ, ဘဝင်,စုတိတို့၏ အာရုံဖြစ်၏၊ဤသို့လျှင် ကာမာဝစရပဋိသန္ဓေအစရှိကုန်သော စိတ်တို့၏ ဖြစ်သင့်သည်အား လျော်စွာ ခြောက်ဒွါရ၌ဖြစ်သော, မရဏာသန္နဇောသည် ယူအပ်သော ပစ္စုပ္ပန်လည်း ဖြစ်သော,အတိတ်လည်း ဖြစ်သော, ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟုသမုတ်

အပ်သော အာရုံဖြစ်၏။ မဟဂ္ဂုတ်[၁] ပဋိသန္ဓေ အစရှိသည့်တို့တွင် ရူပါဝစရစိတ်တို့၏ငင်း၊ ပဌမအာရုပ္ပ, တတိယ အာရုပ္ပစိတ်တို့၏ ငင်း အာရုံကား မနောဒွါရ၌ ဖြစ်သော မရဏာသန္နဇောသည် ယူအပ်သော, ပညတ်ဖြစ်သော, ကမ္မနိမိတ်ဟုသမုတ်အပ်သော ဓမ္မာရုံသာ ဖြစ်၏။ ဒုတိယအာရုပ္ပ, စတုတ္ထအာရုပ္ပစိတ်တို့၏ အာရုံသည် ထို့အတူအတိတ်အာရုံသာ ဖြစ်၏။

ဤသို့ မဟဂ္ဂုတ်ပဋိသန္ဓေ, ဘဝင်, စုတိတို့၏ အာရုံသည် မနောဒွါရ၌ ဖြစ်သော မရဏာသန္နဇောသည် ယူအပ်သော ပညတ်ဖြစ်သော, အတိတ်ဖြစ်သော, ကမ္မနိမိတ်ဟု သမုတ်အပ်သော အာရုံ ဖြစ်၏။

**"ယေဘုယျေန ဘဝန္တရေ ဆဒွါရဂ္ဂဟိတံ"**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို များသောအားဖြင့် လွန်လေပြီးသော အခြားမဲ့ ဘဝ၌ မရဏာသန္နအခါ၌ ဖြစ်သော ခြောက်ဒွါရ၌ ဖြစ်သော ဇောတို့သည် ယူအပ်သော-ဟု အနက်ပေး။

## ယေဘုယျေနအဓိပ္ပါယ်

အဘယ့်ကြောင့် **ယေဘုယျေန**[၂]-ဟု ဆိုရပါသနည်းဟူမူ၊ အသညီဘဝမှ စုတေ၍ နေသော ဗြဟ္မာတို့အား ပဋိသန္ဓေစိတ်၏ အာရုံကို

၁—မဟဂ္ဂုတ် ပဋိသန္ဓေ စသော ဒွါရဝိမုတ်စိတ်တို့တွင် ရူပါဝစရနှင့် ပဌမ အရူပ, တတိယ အရူပဖြစ်ကုန်သော ပဋိသန္ဓေ, ဘဝင်, စုတိ ဒွါရဝိမုတ်စိတ်တို့သည် မနောဒွါရဖြင့် ယူအပ်သော ကသိုဏ်း ပညတ်ဖြစ်သော ကမ္မနိမိတ် ဓမ္မာရုံကိုသာ အာရုံ ပြုကုန်၏။

ဒုတိယ အရူပနှင့် စတုတ္ထ အရူပ ဖြစ်သော ပဋိသန္ဓေ, ဘဝင်, စုတိ ဒွါရဝိမုတ်စိတ်တို့ကား မနောဒွါရဖြင့် ယူအပ်သော ဝါ-မနောဒွါရ၌ ထင်ပေါ်လာသော အတိတ်ဖြစ်သော ကမ္မနိမိတ် ဓမ္မာရုံကိုသာ အာရုံပြုကုန်၏။ ။ဤကား—မဟဂ္ဂုတ် အဘို့ ယထာသမ္ဘဝ ဖြစ်ပုံတည်း။

၂—ကာမဘုံမှ စုတေသော ကာမပုဂ္ဂိုလ်, ရူပပုဂ္ဂိုလ်, အရူပပုဂ္ဂိုလ်တို့သည် ဒွါရခြောက်ပါးဖြင့် စုတေခါနီးသောအခါ မရဏာသန္နဇောသည် အာရုံကို ယူနိုင်သည်ချည်း ဖြစ်ကြ၏၊ အသညသတ်ဘုံမှ စုတေသော အသညသတ် ဗြဟ္မာများကား ရုပ်သက်သက် ပုဂ္ဂိုလ်ဖြစ်ကြ၍ နာမ်တရား မဖြစ်နိုင်သဖြင့် မရဏာသန္နဇောလည်း မရှိ, အာရုံကိုလည်း မယူနိုင်သောကြောင့် ထိုအသညသတ် ပုဂ္ဂိုလ်ကို စင်စေခြင်းငှါ ယေဘုယျ သဒ္ဒါကို မိန့်ဆိုရ၏-ဟုမှတ်။

ထိုဒွါရဝိမုတ်စိတ်တို့သည် ပစ္စုပ္ပန်, အတိတ် အာရုံကိုသာ ထင်ရှားရှိ၍ အာရုံ ပြုနိုင်ကုန်၏၊ အနာဂတ် အာရုံကိုကား ထင်ရှား မရှိသောကြောင့် အာရုံ မပြုနိုင်။

အခြားမဲ့လွန်ပြီးသော အသညသတ်ဘဝ၌ တစုံတခုသော ဒွါရဖြင့် မရဏာသန္နဇောတို့သည် ယူခြင်း မရှိခဲ့၊ ထို့ကြောင့် ထိုအသည- သတ်ဘုံမှ စုတေသော ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေအာရုံကိုသာလျှင် ရည်ရွယ်၍ ဤ **ယေဘုယျေန** ပါဌ်၌ ယေဘုယျသဒ္ဒါဖြင့် အမြဲမဟုတ် သည်အဖြစ်သို့ ရောက်စေအပ်၏၊ ဝါ-ယူနိုင်, မယူနိုင်ကို လျဉ်းပါး အပ်၏၊ (အသညသတ်ဗြဟ္မာမှ တပါး အခြားဘုံသား အများကို ရည်ရွယ်၍ ယေဘုယျေန သဒ္ဒါကိုဆိုအပ်၏-ဟူလို။)

## အသညသတ်ဘုံမှ စုတေသော ဗြဟ္မာ၏ ပဋိသန္ဓေအာရုံဖြစ်ပုံ

ထိုစကားမှန်၏၊ ကံ၏အဟုန် အစွမ်းဖြင့်သာလျှင် ထိုအသည သတ်ဗြဟ္မာတို့၏ ပဋိသန္ဓေစိတ်အား ကမ္မနိမိတ် အစရှိသော အာရုံ သည် အလိုလို ထင်လာ၏။

မှတ်ချက်။ ။အသညသတ် ဗြဟ္မာဟူသည် ရုပ်သက်သက် ဖြစ်သော ဘုံ၌ ဖြစ်၍ သေခါနီးအခါ မရဏာသန္နဇောစိတ် မရှိ၍ အာရုံကို မယူနိုင်သောကြောင့် စုတိ၏ နိမိတ် အာရုံ မရှိ၊ ထိုသို့ မရှိသော်လည်း ၎င်းဘဝမှ စုတေ၍ အခြားဘုံ၌ ပဋိသန္ဓေစိတ်ဖြစ်ခဲ့သော် ထိုပဋိသန္ဓေ စိတ်အား ရှေးရှေးသော ဘဝ၌ ပြုခဲ့ဘူးသော ကမ္မ နိမိတ်စသော အာရုံသည် အလိုလို ထင်လာ၏-ဟူလို။

ထို့ကြောင့်သာလျှင် သစ္စသံခိပ်ကျမ်း၌ အသညသတ်ဘုံမှ စုတေ သော ဗြဟ္မာ၏ ပဋိသန္ဓေနိမိတ်အာရုံကို မေး၍—

ဘဝန္တရကတံ ကမ္မံ၊ ယမောကာသံ လဘေ တတော။
ဟောတိ သာ သန္ဓိ တေနေဝ၊ ဥပဋ္ဌာပိတဂေါစရေ။ ။

ဟု သက်သက်ကံ၏ အဟုန်ကြောင့် ပဋိသန္ဓေအာရုံ၏ ထင်ပုံကို မိန့်အပ်၏။

အနက်ကား—အသညသတ်ဘဝမှ တပါးသော ဘဝ၌ ပြုအပ်ခဲ့ပြီးသော အကြင်အပရာပရိယ ကာမာဝစရကုသိုလ်ကံသည် မိမိ၏ အကျိုးပေးခွင့် ကိုရ၏၊ ထို့ကြောင့် ထိုအသညသတ်မှ စုတေ့သော ဗြဟ္မာ၏ ထိုကာမပဋိသန္ဓေသည် ထိုရှေးရှေးဘဝက ပြုခဲ့သော ကာမာဝစရကုသိုလ်ကံသည် ထင်စေအပ်သော အာရုံ၌ ဖြစ်၏။

ဤဆိုအပ်ပြီးသော အနက်အဓိပ္ပါယ်မှ တပါးသော အနက်အဓိပ္ပါယ်ကိုယူပါမူ မရဏာသန္နဇောသည် ယူအပ်ပြီးသော အာရုံကို ကံ၏ အစွမ်းဖြင့်သာလျှင် ထင်စေအပ်သည် အဖြစ်ကြောင့် "တေနေဝ" ဟူသော အဝဓာရဏနှင့် တကွဖြစ်သော သဒ္ဒါ၏ အဓိပ္ပါယ် ဆိတ်သည်အဖြစ်သို့ ရောက်ခဲ့ရာ၏၊ (**ဤကား ဓောဒနာစကား**)အသညသတ်ဘုံမှ စုတေ့ကုန်သော ထိုဗြဟ္မာတို့အားလည်း ကံသည် ဖြစ်စေအပ်သောဘဝ၌ တစုံတခုသော ဒွါရဖြင့် ဇောသည် ယူအပ်သော ပဋိသန္ဓေအာရုံသည်ပင် ဖြစ်သင့်သည် မဟုတ်ပါလော။ (**စောဒကဆရာ၏အာဘော်**)။

ကံ, ကမ္မနိမိတ်ဟု သမုတ်အပ်သော ကံသည်ပြုအပ်သော တစုံတခုသော ဘဝ၌ တစုံတခုသော ဒွါရဖြင့် ဇောသည် ယူအပ်သော ပဋိသန္ဓေ၏ အာရုံသည် ဖြစ်သင့်သည် မှန်၏၊ အထူးကား—ဂတိနိမိတ်ဟု သမုတ်အပ်သော ပဋိသန္ဓေ အာရုံသည် ကာမဘုံမှ စုတေ၍ ကာမဘုံ၌ငှင်း, အသညသတ်ကြဉ်သော ဗြဟ္မာဘုံမှ စုတေ၍ ကာမသုဂတိဘုံ၌ငှင်း ဖြစ်ကုန်သော အလုံးစုံသော သတ္တဝါတို့အား သေခါနီးသော ကာလ၌သာလျှင် ထင်၏။ ထိုသို့ ထင်သောကြောင့် ထိုအသညသတ်ဘုံမှ စုတေ့သော ဗြဟ္မာ၏-ဂတိနိမိတ် ဟုဆိုအပ်သော ကာမသုဂတိ ပဋိသန္ဓေ၏အာရုံကို ကာမသုဂတိဘုံ၌ တစုံတခုသော ဒွါရဖြင့် မရဏာသန္နဇော စိတ်၏ ယူခြင်း၏ ဖြစ်ခြင်းသည် အဘယ် အကြောင်းကြောင့် ဖြစ်အံ့နည်း၊ ဝါ-မဖြစ်နိုင်ရာ။

အကြောင်းတပါးကို ဆိုဦးအံ့၊ စင်စစ် ဤဝိထိမုတ်စိတ် တခုယုတ်နှစ်ဆယ်တို့၏ အာရုံကို ပြရာ၌ သေခါနီးသော ကာလ၌ ဖြစ်ကုန်သော ဇောတို့သည် ယူအပ်သည်သာလျှင် ဖြစ်သော အာရုံကို

ရည်၍ **"ဆဒွါရဂ္ဂဟိတံ"** ဟူသောစကားကို အရှင်အနုရုဒ္ဓါ ဆရာသည် မိန့်ဆိုတော်မူအပ်ပါသတည်း၊ ထို့ကြောင့် အရှင်အနုရုဒ္ဓါဆရာသည် ဤအရာ၀ယ် ပရမတ္ထဝိနိစ္ဆယ၌—

မရဏာသန္နသတ္တဿ၊ ယထောပဋ္ဌိတ ဂေါစရံ။
ဆ ဒွါရေသု တမာရဗ္ဘ၊ ပဋိသန္ဓိ ဘဝန္တရေ။ ။

ဟု မိန့်တော်မူအပ်၏။

အနက်ကား—အလွန်နီးသော သေခြင်းရှိသော သတ္တဝါအား ခြောက်ပါးသော ဒွါရတို့၌ မရဏာသန္နအခါ ထင်တိုင်းသော ထိုအာရုံကို အာရုံပြု၍ ဘဝတပါး၌ ပဋိသန္ဓေသည် ဖြစ်လေ၏။

**"ပစ္စုပ္ပန္နံ"** ဤသို့ အစရှိသောပါဌ်ဖြင့် အနာဂတ်ကာလ၏ ပဋိသန္ဓေအာရုံ၏ အဖြစ်ကို တားမြစ်၏၊ အဘယ့်ကြောင့် ဆိုသော် ထိုအနာဂတ်အာရုံသည် အတိတ်ဖြစ်သော ကံ, ကမ္မနိမိတ်တို့ကဲ့သို့ ခံစားဘူးသည် မဟုတ်၊ ပစ္စုပ္ပန်ဖြစ်သော ကမ္မနိမိတ်, ဂတိနိမိတ်တို့ ကဲ့သို့ ထင်ခြင်းသို့ ရောက်သည်လည်း မဟုတ် သောကြောင့် တားမြစ်၏။ကံ, ကမ္မနိမိတ် အစရှိသည်တို့၏ သရုပ်သဘောကို အရှင်အနုရုဒ္ဓါဆရာ ကိုယ်တိုင် ဆိုတော်မူလတ့ံ။

---

### စက္ခုဝိညာဏ်စသည်တို့၏အာရုံ

### ၅၅။ ။တေသု စက္ခုဝိညာဏာဒီနိ ယထာက္ကမံ ရူပါဒိဧကေကာရမ္မဏာနေဝ။

ထိုအာရမ္မဏိကစိတ်အပေါင်းတို့တွင် စက္ခုဝိညာဏ် အစရှိသော စိတ်တို့သည် ဝါ-စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်စိတ်တို့သည် အစဉ်အတိုင်း ရူပါရုံ အစရှိသည်တို့တွင် တပါးပါးသော အာရုံရှိကုန်သည်သာလျှင်တည်း။

မှတ်ချက်။ ။ပဉ္စဒွါရ၌ ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ ရုပ်များကို "အာရုံ" ခေါ်သည်။ စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်စိတ်များကို "အာရမ္မဏိက" ခေါ်သည်။

## စက္ခုဝိညာဏ်စသည်တို့၏အာရုံအဘွင့်

၅၅။ ။**တေသု**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ရူပါရုံ အစရှိသော အာရုံ, ပဉ္စဒွါရ အစရှိသော အာရုံ, ကံ အစရှိသော အာရုံကို အာရုံပြုကုန်သော စိတ်တို့တွင် ဟု-အနက်ပေး။ ထိုပဉ္စဝိညာဏ်စိတ်တို့အား ရူပါရုံ အစရှိသည်တို့တွင် တပါးပါးသော အာရုံရှိသောကြောင့် ထိုပဉ္စဝိညာဏ်စိတ်တို့သည်" ရူပါဒိဧကေကာရမ္မဏ" မည်ကုန်၏။

## မနောဓာတ်၏အာရုံ

### ၅၆။ ။မနောဓာတုတ္တိကံ ပန ရူပါဒိပဉ္စာရမ္မဏံ။

မနောဓာတ် သုံးပါးသည်ကား ရူပါရုံ အစရှိသော ငါးပါးသော အာရုံရှိ၏။

## မနောဓာတ်၏ အာရုံအဘွင့်

၅၆။ ။ထိုမနောဓာတ် စိတ်တို့အား ရူပါရုံအစရှိသော ငါးပါးအပြားရှိသော အာရုံရှိသောကြောင့် ထိုမနောဓာတ်စိတ် [၁] တို့သည် **ရူပါဒိပဉ္စာရမ္မဏ** မည်ကုန်၏။

---

၁—မနောဓာတ် သုံးပါးတို့သည် ပဉ္စဝိညာဏ် ဝိထိတိုင်း၌ ပါသောကြောင့် ပဉ္စာရုံကို အာရုံ ပြုနိုင်ကုန်၏။

တနည်း—ပဉ္စဒွါရာဝဇ္ဇန်းသည် ပဉ္စာရုံကို ဆင်ခြင်သော စိတ် ဖြစ်၏၊ သမ္ပဋိစ္ဆိုင်းသည် ပဉ္စာရုံကို ခံယူသော စိတ် ဖြစ်၏၊ ထို့ကြောင့် အာရုံငါးပါးလုံးကို အာရုံ ပြုနိုင်၏-ဟူလို၊

## ကာမာဝစရဝိပါက်နှင့် ဟသိတုပ္ပါဒ်စိတ်တို့၏အာရုံ

**၅၇။ ။သေသာနိ ကာမာဝစရဝိပါကာနိ ဟသနစိတ္တဉ္စေတိ သဗ္ဗထာပိ ကာမာဝစရာရမ္မဏာနေဝ။**

ဒွေးပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုင်းဒွေးမှ ကြွင်းကုန်သော ကာမာဝစရဝိပါက်စိတ် ၁၁-ပါးတို့သည်၎င်း၊ ဟသိတုပ္ပါဒ် စိတ်တို့သည်၎င်း ဤ ၁၂-ပါးသော စိတ်တို့သည် ခပ်သိမ်းသော အခြင်းအရာအားဖြင့် ကာမတရားလျှင် အာရုံရှိကုန်၏။

---

## ကာမာဝစရ ဝိပါက်စိတ်နှင့် ဟသိတုပ္ပါဒ် စိတ်တို့၏ အာရုံပြု အဘွင့်

၅၇။ ။**သေသာနိ** ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ဒွေးပဉ္စဝိညာဏ်၁၀, သမ္ပဋိစ္ဆိုင်းဒွေးတို့မှ ကြွင်းကုန်သော ၁၁-ပါးသော ကာမာဝစရဝိပါက် စိတ်တို့သည်-ဟုအနက်ပေး။

**သဗ္ဗထာပိ ကာမာဝစရာရမ္မဏာနိ** ဟူသည်ကား၊ ခပ်သိမ်းသော ခြောက်ဒွါရ၌ ဖြစ်သော အပြား, ခြောက်ဒွါရမှ လွတ်သော အပြား,ခြောက်ပါးသော အာရုံတို့၌ ဖြစ်သော အစွမ်းအားဖြင့် ဖြစ်ကုန်သော်လည်း စင်စစ် ကာမာဝစရ သဘောရှိကုန်သော အာရုံခြောက်ပါးလျှင် အာရုံရှိကုန်၏ဟူလို။

ယင်းအရ ထင်ရှားအောင် ခွဲ၍ပြဦးအံ့-ဤ ၁၂-ပါးသောစိတ်တို့တွင် ဝိပါက်စိတ် [၁] တို့သည် ရှေးဦးစွာသန္ဓိရဏာ အစရှိသည် တို့၏ အစွမ်းဖြင့် ရူပါရုံ အစရှိသော အာရုံငါးပါး၌ ဖြစ်ကုန်၏၊ ပဋိသန္ဓေ အစရှိသည် တို့၏ အစွမ်းဖြင့်ကား အာရုံခြောက်ပါးဟု ဆိုအပ်သော ကာမအာရုံ၌ ဖြစ်ကုန်၏။

---

၁-ကာမာဝစရ ဝိပါက်စိတ်တို့သည် သန္တီရဏစသည့် ကိစ္စ တပ်ပါမူ ပဉ္စာရုံကို အာရုံပြုကုန်၏၊ ပဋိသန္ဓေ စသော ကိစ္စ တပ်ပါမူ ကာမ အာရုံ ခြောက်ပါးကို အာရုံ ပြုကုန်၏။

ဟာသိတုပ္ပါဒ်[၁]စိတ်သည်လည်း ကမ္မဋ္ဌာန်း စီးဖြန်းရန် သင့်တင့်လျောက်ပတ်သော အရပ်ကို မြင်၍ နှစ်သက်သော ရဟန္တာအား ရူပါရုံ၌ ဖြစ်၏၊ ဘဏ္ဍာကို ဝေဘန်ရာ ဌာန၌ ကျယ်စွာသော အသံကို ကြား၍ ငါသည် ဤသို့ သဘောရှိသော တပ်မက်မှု တဏှာကို ပယ်အပ်ပြီဟု နှစ်သက်သော ရဟန္တာအား သဒ္ဒါရုံ၌ ဖြစ်၏၊ ပန်းနံ့သာ အစရှိသည်တို့ဖြင့် စေတီတော်ကို ပူဇော်သော ကာလ၌ နှစ်သက်သော ရဟန္တာအား ဂန္ဓာရုံ၌ ဖြစ်၏၊ အရသာနှင့် ပြည့်စုံသော ဆွမ်းကို သီတင်းသုံးဘော်တို့နှင့် ဝေဘန်၍ စားသော ကာလ၌ နှစ်သက်သော ရဟန္တာပုဂ္ဂိုလ်အား ရသာရုံ၌ ဖြစ်၏၊ အာဘိသမာစာရိက ဝတ်ဖြည့်သော ကာလ၌ နှစ်သက်သော ရဟန္တာအား ဖေါဋ္ဌဗ္ဗာရုံ၌ဖြစ်၏၊ ပုဗ္ဗေနိဝါသညာဏ် အစရှိသည်တို့ဖြင့် ယူအပ်ပြီးသော ကာမာဝစရတရားကို အာရုံပြု၍ နှစ်သက်သော ရဟန္တာအား ဓမ္မာရုံ၌ ဖြစ်၏၊ ဤသို့ ကာမတရား၌ အကျုံးဝင်ကုန်သော ခြောက်ပါးသော အာရုံတို့၌ ဖြစ်၏။

---

**၁—ဟာသိတုပ္ပါဒ်** စိတ် အရ ကမ္မဋ္ဌာန်း စီးဖြန်းရန် သင့်တော် လျောက်ပတ်သော အရပ်ကို တွေ့မြင်၍ နှစ်သက် ဝမ်းမြောက်သော ရဟန္တာအရှင်၏ ဟာသိတုပ္ပါဒ်စိတ်သည် **ရူပါရုံ** ကို အာရုံပြု၏။

ပစ္စည်းဘဏ္ဍာကို ဝေဘန်ရာ၌ ကျယ်လောင်စွာ ခေါ်ဝေါ် ပြောဆိုကြသော အသံကို ကြားရ၍ ငါသည် ဤသို့သော သောလုပ္ပတဏှာကို ပယ်အပ်ပြီဟု နှစ်သက် ဝမ်းမြောက်သော ရဟန္တာအရှင်၏ ဟာသိတုပ္ပါဒ်စိတ်သည် **သဒ္ဒါရုံ** ကို အာရုံပြု၏။

ပန်းနံ့သာ စသည်တို့ဖြင့် စေတီတော်ကို ပူဇော်သော အခါ၌ နှစ်သက် ဝမ်းမြောက်သော ရဟန္တာအရှင်၏ ဟာသိတုပ္ပါဒ်စိတ်သည် **ဂန္ဓာရုံ** ကို အာရုံ ပြု၏။

အရသာနှင့် ပြည့်စုံသော ဆွမ်းဘောဇဉ်ကို သီတင်းသုံးဘော်တို့နှင့်တကွ ဝေဘန်၍ သုံးဆောင်သော အခါ၌ နှစ်သက် ဝမ်းမြောက်သော ရဟန္တာအရှင်၏ ဟာသိတုပ္ပါဒ်စိတ်သည် **ရသာရုံ** ကို အာရုံပြု၏။

ခန္ဓကပါဠိတော်လာ ဝတ်ကြီး ဝတ်ငယ်ကို ဖြည့်ကျင့်သော အခါ၌ နှစ်သက် ဝမ်းမြောက်သော ရဟန္တာ အရှင်၏ ဟာသိတုပ္ပါဒ်စိတ်သည် **ဖေါဋ္ဌဗ္ဗာရုံ** ကိုအာရုံပြု၏။

ပုဗ္ဗေနိဝါသညာဏ် စသည်တို့ဖြင့် ဆင်ခြင်အပ်သော ကာမာဝစရတရားတို့ကို အာရုံပြု၍ နှစ်သက် ဝမ်းမြောက်သော ရဟန္တာ အရှင်၏ ဟာသိတုပ္ပါဒ်စိတ်သည် **ဓမ္မာရုံ** ကို အာရုံပြု၏။ ဤသို့ ကာမာဝစရဖြစ်သော အာရုံ ခြောက်ပါးကို အာရုံပြုပုံကို ဝေဘန် ပိုင်းခြား၍ မှတ်လေ။

## အကုသိုလ်နှင့်ဉာဏဝိပ္ပယုတ်

## ကာမာဝစရဇော စိတ်အာရုံ

**၅၈။ ။အကုသလာနိ စေဝ ဉာဏဝိပ္ပယုတ္တကာမာဝစရ-ဇဝနာနိ စေတိ လောကုတ္တရဝဇ္ဇိတသဗ္ဗာရမ္မဏာနိ။**

အကုသိုလ်စိတ် ၁၂-ခုတို့သည်၎င်း၊ ဉာဏဝိပ္ပယုတ် ကာမာဝစရကုသိုလ်, ကြိယာဇော စိတ်ရှစ်ခုတို့သည်၎င်း၊ ဤနှစ်ဆယ်သော စိတ်တို့သည် လောကုတ္တရာတရား ကိုးပါးသည် ကြဉ်အပ်သော အလုံးစုံသော အာရုံရှိကုန်၏။

---

## အကုသိုလ်စိတ်နှင့် ဉာဏဝိပ္ပယုတ်

## ကာမာဝစရဇောတို့၏ အာရုံအဘွင့်

၅၈။ ။၁၂-ပါးသော အကုသိုလ်, ၈-ပါးသော ဉာဏဝိပ္ပယုတ်ဇောစိတ်တို့၏ အစွမ်းဖြင့် ၂၀-သော စိတ်တို့သည် မိမိ၏ မိုက်သည့် အဖြစ်ကြောင့် လောကုတ္တရာ ကိုးပါးတို့ကို အာရုံပြု၍ ဖြစ်ခြင်းငှါ မစွမ်းနိုင်ကုန်။ ထို့ကြောင့် ကိုးပါးအပြား ရှိသော လောကုတ္တရာတရားတို့ကို ကြဉ်၍ ဘုံသုံးပါး၌ ဖြစ်သော အာရုံတို့ကို၎င်း, ပညတ်အာရုံကို၎င်း အာရုံပြု၍ ဖြစ်ကုန်၏။ ထို့ကြောင့် "အကုသလာနိစ" ဤသို့ အစရှိသော စကားကို မိန့်ဆို၏။

ယင်းစကားကို ချဲ့၍ ပြဦးအံ့—ဤ ၂၀-သော စိတ်တို့တွင် အကုသိုလ်စိတ်မှ ဒိဋ္ဌိဂတသမ္ပယုတ်စိတ်[၁] ၄-ပါးတို့သည် ကာမတရားတို့ကို အာရုံပြု၍ မှားသောအားဖြင့် သုံးသပ်သောအခါ, သာယာ

---

၁။ ။အကုသိုလ်စိတ် ၁၂-ပါးတို့ဘွင် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါးတို့သည် ကာမတရားကိုအကြောင်းပြု၍ မှားသောအားဖြင့် သုံးသပ်သောကာလ, သာယာနှစ်သက်သောကာလတို့၌ ကာမာဝစရတရားကို အာရုံ ပြုကုန်၏၊ထို့အတူ ဈာန်ရသော ပုဂ္ဂိုလ်တို့သည် မဟဂ္ဂုတ်တရားတို့ကို အကြောင်းပြု၍ သာယာမှု စသည် ဖြစ်သော ကာလ၌ မဟဂ္ဂုတ်တရားကို အာရုံပြုကုန်၏၊ သမုတ် ပညတ်အပ်သော တရားတို့ကို အကြောင်းပြု၍ သာယာမှု စသည် ဖြစ်သော အခါ၌ ပညတ်ကို အာရုံပြုကုန်၏။

သောအခါ,နှစ်သက်သောအခါ၌ ကာမတရားလျှင် အာရုံ ရှိကုန်၏။ ထိုအခြင်းအရာအားဖြင့် သာလျှင် ၂၇-ပါးသော မဟဂ္ဂုတ် တရားတို့ကို အာရုံပြု၍ ဖြစ်သောအခါ၌ မဟဂ္ဂုတ်တရားတို့ကို အာရုံပြုကုန်၏၊ ပညတ်တရားတို့ကို အာရုံပြု၍ ဖြစ်သောအခါ၌ ပညတ်ကို အာရုံပြုကုန်၏။

ဒိဋ္ဌိဂတဝိပ္ပယုတ် [၁] စိတ်တို့သည်လည်း ထို တေဘူမကတရား, ပညတ်တရားတို့ကို အာရုံပြု၍ သက်သက် သာယာခြင်း, အလွန်နှစ်သက်ခြင်း၏ အစွမ်းဖြင့် ဖြစ်သော အခါ၌ ကာမတရား, မဟဂ္ဂုတ်တရား,ပညတ်တရားကို အာရုံပြုကုန်၏။

ပဋိဃသမ္ပယုတ် [၂] စိတ်တို့သည် အမျက်ထွက်ခြင်း, နှလုံးမသာယာခြင်း အစွမ်းဖြင့် ဖြစ်သော အခါ၌ ကာမအာရုံ, မဟဂ္ဂုတ်အာရုံ, ပညတ်အာရုံကို အာရုံပြုကုန်၏။

ဝိစိကိစ္ဆာသဟဂုတ် [၃] စိတ်သည် အာရုံကို မဆုံးဖြတ်နိုင်သည် အစွမ်းဖြင့် ဖြစ်သော အခါ၌ ကာမအာရုံ, မဟဂ္ဂုတ်အာရုံ, ပညတ်အာရုံကို အာရုံပြု၏။

ဥဒ္ဓစ္စသဟဂုတ် [၄] စိတ်သည် ပျံ့လွင့်သည် အစွမ်းဖြင့်၎င်း၊ မငြိမ်သက်သည် အစွမ်းဖြင့်၎င်း ဖြစ်သော အခါ၌၊ ကာမအာရုံ, မဟဂ္ဂုတ်အာရုံ, ပညတ်အာရုံကို အာရုံပြု၏။

---

၁—ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ် လေးပါးတို့သည် ထိုကာမ မဟဂ္ဂုတ်, ပညတ်တရားတို့ကို ရှေးအတူ အကြောင်းပြု၍ သာယာမှုစသည် ဖြစ်သောအခါတို့၌ ကာမ, မဟဂ္ဂုတ်, ပညတ်တရားတို့ကို အာရုံ ပြုကုန်၏။

၂—ဒေါသမှုဒွေးသည့်ချာန်မှ ရွေ့လျောသော ပုဂ္ဂိုလ်စသည်တို့အား ထိုကာမ,မဟဂ္ဂုတ်, ပညတ်တရားတို့ကို အကြောင်းပြု၍ ပြစ်မှားမှု, နှလုံးမသာယာမှု၏ အစွမ်းဖြင့် ဖြစ်သော အခါတို့၌ ကာမ, မဟဂ္ဂုတ်, ပညတ်တရားတို့ကို အာရုံ ပြု၏။

၃—ဝိစိကိစ္ဆာ သဟဂုတ်စိတ်သည် ကာမ, မဟဂ္ဂုတ်, ပညတ်တရားတို့ကို အကြောင်းပြု၍ အာရုံကို မဆုံးဖြတ်နိုင်သည် အစွမ်းဖြင့် ဖြစ်သောအခါ၌ ကာမ, မဟဂ္ဂုတ်,ပညတ်တရားတို့ကို အာရုံပြု၏။

၄—ဥဒ္ဓစ္စသဟဂုတ်စိတ်ကား ထို့အတူ အကြောင်းပြု၍ ပျံ့လွင့်သော အစွမ်း, မငြိမ်သက်သော အစွမ်းဖြင့် ဖြစ်သောအခါတို့၌ ကာမ, မဟဂ္ဂုတ်, ပညတ်တရားတို့ကို အာရုံ ပြု၏။

ကုသိုလ်လေးပါး[၁] ကြိယာလေးပါး[၂] ဤသို့အားဖြင့် ရှစ်ပါးသော ဉာဏဝိပ္ပယုတ် ဇောစိတ်တို့သည် သေက္ခပုဂ္ဂိုလ်, ပုထုဇ္ဇန်ပုဂ္ဂိုလ်, ရဟန္တာအရှင်တို့အား မရိုမသေ အလှူပေးခြင်း, မရိုမသေ ဆင်ခြင်ခြင်း, မရိုမသေ တရားနာခြင်း အစရှိသော အခါတို့၌ ကာမတရားတို့ကို အာရုံပြု၍ ဖြစ်သောအခါ၌ ကာမကို အာရုံပြုကုန်၏။ အလွန်လေ့လာအပ်သော ဈာန်ကို ဆင်ခြင်သောအခါ၌ မဟဂ္ဂုတ်ကို အာရုံပြုကုန်၏။ ကသိဏ်းနိမိတ် အစရှိသည်တို့၌ ပရိကံစသည်ကို ပြုသောအခါ၌ ပညတ်ကို အာရုံပြုကုန်၏-ဟုမှတ်အပ်၏။

---

## ဉာဏသမ္ပယုတ် ကာမာဝစရကုသိုလ်နှင့် ပဋ္ဌမဈာန် အဘိညာဏ်ကုသိုလ်တို့၏အာရုံ

**၅၉။ ။ဉာဏသမ္ပယုတ္တကာမာဝစရကုသလာနိ စေဝ ပဋ္ဌမ-ဈာနသင်္ခါတံ အဘိညာကုသလဉ္စေတိ အရဟတ္တမဂ္ဂ-ဖလဝဇ္ဇိတသဗ္ဗာရမ္မဏာနိ။**

ဉာဏသမ္ပယုတ် ကာမာဝစရ ကုသိုလ်လေးပါးတို့သည်၎င်း၊ ပဋ္ဌမဈာန်ဟု ဆိုအပ်သော အဘိညာဏ် ကုသိုလ်စိတ်သည်၎င်း ဤငါးပါးသော စိတ်တို့သည် အရဟတ္တမဂ်, အရဟတ္တဖိုလ်သည် ကြဉ်အပ်ကုန်သော အလုံးစုံတို့ကို အာရုံပြုကုန်၏။

---

၁—ကုသိုလ်ဉာဏဝိပ္ပယုတ်စိတ် ၄-ပါးတို့သည် ပုထုဇ္ဇန်ပုဂ္ဂိုလ် သေက္ခပုဂ္ဂိုလ်တို့အား ဉာဏ်နှင့် မယှဉ်မူ၍ အမှတ်မဲ့ ပေးကမ်း လှူဒါန်းသောအခါ, တရားကို ဆင်ခြင်သောအခါ, တရား နာသောအခါ စသည်တို့၌ ကာမကို အာရုံ ပြုကုန်၏၊ အလွန်တရာ လေ့လာပွါးများ အပ်ပြီးသော ဈာန်ကို ဆင်ခြင်သောအခါ၌ မဟဂ္ဂုတ်ကို အာရုံ ပြုကုန်၏၊ ကသိဏ်းနိမိတ် စသည်တို့၌ ပရိကံစသည် ပြုသောအခါ၌ ပညတ်ကို အာရုံ ပြုကုန်၏။

၂—ကြိယာဉာဏဝိပ္ပယုတ်စိတ် ၄-ပါးတို့သည် ရဟန္တာအရှင်တို့အား ထိုအတူ ဆင်ခြင်ပွါးများသော အခါတို့၌ ကာမ ,မဟဂ္ဂုတ်, ပညတ်တရားတို့ကို အာရုံ ပြုကုန်၏။ ဤသို့ ခွဲခြမ်း ဝေဘန်၍ သိလေ။

ရဲရဲညီးသော မီးပုံကြီး၌ ယင်ကောင်တို့သည် မနားနိုင်ကုန် သကဲ့သို့ ထို့အတူ သောကုတ္တရာ တရားတို့သည် အလွန်တရာ အရှိန်တန်ခိုး ကြီးမားသောကြောင့် ယုတ်ညံ့ မိုက်မဲသော ၎င်းအကုသိုလ်စသော စိတ် ၂၀-တို့သည် အာရုံမပြုနိုင်ကုန်။

၅၉။ ။သေက္ခပုဂ္ဂိုလ်, ပုထုဇ္ဇန်ပုဂ္ဂိုလ်တို့၏ သန္တာန်၌သာ ဖြစ်သောကြောင့် အရဟတ္တမဂ်, အရဟတ္တဖိုလ်[၁] ကြဉ်အပ်သော အလုံးစုံကို အာရုံပြုကုန်၏။

## အရဟတ္တမဂ်နှင့် ဖိုလ်ကို ကြဉ်ရသောအကြောင်း

ထိုစကား ထင်စွာပြဦးအံ့—သေက္ခပုဂ္ဂိုလ်တို့သည် လောကီစိတ်ကို ကြည့်၍ ရဟန္တာပုဂ္ဂိုလ်၏ မဂ်, ဖိုလ်ဟု ဆိုအပ်သော အသီးဖြစ်သော ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်သော စိတ်ကို မရသောကြောင့် သိခြင်းငှါ မစွမ်းနိုင်ကုန်၊ ထို့အတူ ပုထုဇ္ဇန် အစရှိသော သူတို့သည်လည်း သောတာပန် အစရှိသော ပုဂ္ဂိုလ်တို့၏ အသီးဖြစ်သော ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်သော စိတ်တို့ကို သိခြင်းငှါ မစွမ်းနိုင်ကုန်။

သိနိုင်သော အာရုံကား—သေက္ခပုဂ္ဂိုလ်တို့အား မိမိ မိမိ၏ မဂ်ဖိုလ်ကို ဆင်ခြင်သော အခါတို့၌၎င်း၊ သူတပါး သန္တာန်၌ ဖြစ်သော မဂ်ဖိုလ်လျှင် အာရုံရှိသော အဘိညာဏ်၏ ပရိကံပြုသော အခါ၌၎င်း၊ အဘိညာဏ်စိတ်ဖြင့်သာလျှင် မဂ်ဖိုလ်တို့ကို ပိုင်းခြားသော အခါ၌၎င်း၊ မိမိ မိမိ၏၎င်း, မိမိနှင့် တူကုန်သော ပုဂ္ဂိုလ်တို့၏၎င်း, အောက်ဖြစ်သော ပုဂ္ဂိုလ်တို့၏၎င်း မဂ်ဖိုလ်တရားတို့ကို အာရုံပြု၍ ကုသိုလ်ဇောတို့၏ ဖြစ်ခြင်းသည် ရှိ၏၊ ထို့ကြောင့် အရဟတ္တမဂ်, အရဟတ္တဖိုလ်ကိုသာလျှင် ပယ်ခြင်းကို ပြုအပ်၏။

## ကာမ, မဟဂ္ဂုတ်, ပညတ်, နိဗ္ဗာန်တို့ကို အာရုံပြုပုံ

ကာမ, မဟဂ္ဂုတ်, ပညတ်, နိဗ္ဗာန်တို့သည်ကား သေက္ခပုဂ္ဂိုလ်, ပုထုဇ္ဇန်ပုဂ္ဂိုလ်တို့၏ ရှိသေစွာ အလှူပေးခြင်း, ရှိသေစွာ ဆင်ခြင်ခြင်း, ရှိသေစွာ တရားနာခြင်း, ရှိသေစွာ သဒ္ဒါရတရားတို့ကို သုံးသပ်ခြင်း, ရှိသေစွာ ကသိုဏ်းပရိကံကို ပြုခြင်း အစရှိသော အခါတို့၌၎င်း၊

---

၁–၎င်းဉာဏသမ္ပယုတ်စိတ်, ကုသိုလ်အဘိညာဏ်စိတ်တို့သည် သေက္ခပုဂ္ဂိုလ်, ပုထုဇ္ဇန်ပုဂ္ဂိုလ်တို့၏ သန္တာန်၌သာ ဖြစ်သောကြောင့် အရဟတ္တမဂ်, အရဟတ္တဖိုလ်စိတ်တို့ကို အာရုံ မပြုနိုင်ကုန်။

ထိုထိုသို့သော ကာမ, မဟဂ္ဂုတ်, ပညတ်, နိဗ္ဗာန်လျှင် အာရုံရှိကုန်သော အဘိညာဏ်ဇောတို့၏ ပရိကံပြုသော အခါ၌၎င်း၊ ဂေါတြဘူ, ဝေါဒါန်အခါ၌၎င်း၊ ဒိဗ္ဗစက္ခု အဘိညာဏ် အစရှိသည်တို့ဖြင့် ရုပ်ကို သိမြင်သော အခါစသည်တို့၌၎င်း ကုသိုလ်ဇောတို့၏ အာရုံအဖြစ်သို့ ရောက်ကုန်၏။

---

## ဉာဏသမ္ပယုတ် ကြိယာစိတ်နှင့် ကြိယာအဘိညာဏ် ဝုဋ္ဌောစိတ်တို့၏အာရုံ

**၆၀။ ။ဉာဏသမ္ပယုတ္တ ကာမာဝစရကြိယာနိ စေဝ ကြိယာ-ဘိညာ ဝေါဋ္ဌဗ္ဗနဉ္စေတိ သဗ္ဗထာပိ သဗ္ဗာရမ္မဏာနိ။**

ဉာဏသမ္ပယုတ် ကာမာဝစရ ကြိယာစိတ် ၄-ခုတို့သည်၎င်း၊ ကြိယာအဘိညာဏ်စိတ်သည်၎င်း၊ ဝုဋ္ဌောစိတ်သည်၎င်း ဤခြောက်ပါးသော စိတ်တို့သည် ခပ်သိမ်းသော အခြင်းအရာအားဖြင့် အလုံးစုံကို အာရုံပြုကုန်၏။

---

## ဉာဏသမ္ပယုတ် ကြိယာစိတ်, ဝုဋ္ဌောစိတ်တို့၏ အာရုံအဘွင့်

၆၀။ ။**သဗ္ဗထာပိ သဗ္ဗာရမ္မဏာနိ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ကာမ, မဟဂ္ဂုတ်, အလုံးစုံသော လောကုတ္တရာ, ပညတ်တို့၏ အစွမ်းဖြင့် ခပ်သိမ်းသော အခြင်းအရာအားဖြင့် အလုံးစုံသော တရားလျှင် အာရုံရှိကုန်၏-ဟု အနက်ပေး။ အကုသိုလ် အစရှိသည်တို့ကဲ့သို့ တစိတ်မျှသာ ဖြစ်သော အလုံးစုံသော အာရုံရှိကုန်သည် မဟုတ်ကုန်၊ ဤကား အဓိပ္ပါယ်နက်တည်း။ အလုံးစုံကို အာရုံပြုပုံကား—ကြိယာ ဇောစိတ်တို့၏ သဗ္ဗညုတဉာဏ် အစရှိသည်တို့၏ အစွမ်းဖြင့် ဖြစ်သောအခါ၌ တစုံတခုသော အာရုံ မပြုနိုင် မည်သည် မရှိ။ ဝုဋ္ဌော[၁] ၏လည်း ထိုထိုသို့သော သဘောရှိသော သဗ္ဗညုတ

---

၁—မနောဒွါရာဝဇ္ဇန်း ဆိုသော်လည်း ကာမဇော စသည်တို့၏ ရှေ့၌ ဖြစ်သော မနောဒွါရာဝဇ္ဇန်းမျိုး မဟုတ်၊ သဗ္ဗညုတဉာဏ်, အနာဝရဏဉာဏ် စသည်တို့၏ ရှေ့သွား ဖြစ်သော မနောဒွါရာဝဇ္ဇန်း ဖြစ်သောကြောင့် မနောဒွါရာဝဇ္ဇန်းစိတ်သည် အလုံးစုံကို အာရုံ ပြုနိုင်၏-ဟုမှတ်။

ဉာဏ်, ကြိယာအဘိညာဏ် အစရှိသည်တို့၏ ရှေး၌ ဖြစ်သည်အစွမ်းဖြင့် ဖြစ်သောအခါ၌ တစုံတခုသော အာရုံမပြုနိုင်သော အရာမည်သည် မရှိ။

---

## အရူပ ဒုတိယနှင့်စတုတ္ထစိတ်အာရုံ

### ၆၁။ ။အာရုပ္ပေသု ဒုတိယစတုတ္ထာနိ မဟဂ္ဂတာရမ္မဏာနိ။

အရူပစိတ် ၁၂-ပါးတို့တွင် ဝိညာဏဉ္စာယတနစိတ် ၃-ခု, နေဝသညာ နာသညာယတနစိတ် ၃-ခုတို့သည် မဟဂ္ဂုတ်လျှင် အာရုံရှိကုန်၏။

---

## အရူပ ဒုတိယနှင့်စတုတ္ထစိတ်အာရုံအဘွင့်

၆၁။ ။အာကာသာနဉ္စာယတန ကုသိုလ်,ကြိယာ, အာကိဉ္စညာယတန ကုသိုလ်,ကြိယာစိတ်လျှင် အာရုံရှိသည် အဖြစ်ကြောင့် အရူပစိတ် ၁၂-ပါးတို့တွင် ဝိညာဏဉ္စာယတနစိတ် သုံးခု, နေဝသညာနာသညာယတနစိတ် သုံးခုတို့သည် မဟဂ္ဂုတ်ကို အာရုံပြုကုန်၏။

---

## ကြွင်းသော မဟဂ္ဂုတ်စိတ်တို့၏အာရုံ

### ၆၂။ ။သေသာနိ မဟဂ္ဂတစိတ္တာနိ သဗ္ဗာနိပိ ပညတ္တာရမ္မဏာနိ။

ဝိညာဏဉ္စာယတနစိတ် သုံးခု, နေဝသညာနာသညာယတနစိတ် သုံးခု, အဘိညာဏ်ဒွေးမှ ကြွင်းကုန်သော အလုံးစုံလည်း ဖြစ်ကုန်သော မဟဂ္ဂုတ်စိတ် ၂၁-ခုတို့သည် ပညတ်လျှ င်အာရုံရှိကုန်၏။

## ကြွင်းသောမဟဂ္ဂုတ် စိတ်တို့၏ အာရုံအဘွင့်

၆၂။ **။သေနာနိ ။ပ။ ပညတ္တာရမ္မဏာနိ** ဟူသည်ကား—၁၅-ပါးသော ရူပါဝစရစိတ်, အာကာသာနဉ္စာယတနစိတ်သုံးခု, အာကိဉ္စညာယတနစိတ် သုံး-ခု, ဤသို့အားဖြင့် ၂၁-ပါးသော စိတ်တို့သည် ကသိုဏ်းစသော ပညတ်အာရုံတို့၌ ဖြစ်သောကြောင့် ပညတ်အာရုံကို အာရုံပြုကုန်၏။

---

### သင်္ဂဟဂါထာ

၆၃။ **။ပဉ္စဝီသ ပရိတ္တမှိ၊ ဆ စိတ္တာနိ မဟဂ္ဂတေ။**
**ဧကဝီသတိ ဝေါဟာရေ၊ အဋ္ဌ နိဗ္ဗာနဂေါစရေ။ ။**

၂၅-ပါးသော စိတ်တို့သည် ကာမအာရုံ၌ သာလျှင် ဖြစ်ကုန်၏၊ ခြောက်ပါးသောစိတ်တို့သည် မဟဂ္ဂုတ်အာရုံ၌သာလျှင် ဖြစ်ကုန်၏၊ ၂၁-ပါးသော စိတ်တို့သည် ပညတ် အာရုံ၌ သာလျှင် ဖြစ်ကုန်၏၊ ရှစ်ပါးသော စိတ်တို့သည် နိဗ္ဗာန် အာရုံ၌ သာလျှင် ဖြစ်ကုန်၏။

---

၆၄။ ။၂၃-ပါးသော ကာမာဝစရ ဝိပါက်စိတ်, ပဉ္စဒွါရာဝဇ္ဇန်း, ဟသိတုပ္ပါဒ်စိတ်တို့၏ အစွမ်းဖြင့် ၂၅-ပါး[၁]သော စိတ်တို့သည် ကာမအာရုံ၌ သာလျှင် ဖြစ်ကုန်၏၊ အဘယ့်ကြောင့် ကာမာဝစရသည် **ပရိတ္တ** မည်ပါသနည်းဟူမူ-ကာမာဝစရ အာရုံသည် မဟဂ္ဂုတ် အာရုံ စသည်တို့ကို ထောက်၍ နည်းသော အာနုဘော်ရှိသည် ဖြစ်၍ ထက်ဝန်းကျင်မှ ပိုင်းဖြတ် သကဲ့သို့ ဖြစ်တတ်

---

၁—ဒွေးပဉ္စဝိညာဏ် ၁၀, ပဉ္စဒွါရာဝဇ္ဇန်း ၁, သမ္ပဋိစ္ဆိုင်း ၂-ပါး, သန္တီရဏ ၃-ပါး, မဟာဝိပါက်စိတ် ၈-ပါး, ဟသိတုပ္ပါဒ်စိတ် ၁-ပါး, ပေါင်း ၂၅-ပါးသော စိတ်တို့သည် ကာမကို အာရုံ ပြုကုန်၏။

သောကြောင့် **ပရိတ္တ** မည်၏၊ ခြောက်ပါး[၁] သော စိတ်တို့သည် မဟဂ္ဂုတ် အာရုံ၌ သာလျှင်ဖြစ်ကုန်၏၊ ဤသို့ အစရှိသည်ဖြင့် အလုံးစုံသော ပုဒ်တို့၌ အဝဓာရဏ အနက်နှင့်တကွ ယောဇနာခြင်းကို မှတ်အပ်၏။

အာရမ္မဏ သင်္ဂဟ အဘွင့်ပြီးပြီ။

---

**ဝတ္ထုသင်္ဂဟ၊ ဝတ္ထု ၆-ပါး**

၆၆။ **။ဝတ္ထု သင်္ဂဟေ ဝတ္ထူနိ နာမ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဟဒယ ဝတ္ထုစေတိ ဆဗ္ဗိဓာနိ ဘဝန္တိ။**

ဝတ္ထုသင်္ဂဟ၌ ဝတ္ထုတို့သည်—

(၁) စက္ခုဝတ္ထုရုပ်၊

(၂) သောတဝတ္ထုရုပ်၊

---

၁—အရူပ ဝိညာဏဉ္စာယတနဈာန်စိတ် ၃-ပါး, နေဝသညာနာသညာယတနဈာန်စိတ် ၃-ပါးအားဖြင့် ခြောက်ပါးသော စိတ်တို့သည် မဟဂ္ဂုတ်ကို အာရုံ ပြုကုန်၏။

ရူပါဝစရစိတ် ၁၅-ပါး, အရူပ အာကာသာနဉ္စာယတနဈာန်စိတ် ၃-ပါး, အာကိဉ္စညာယတနဈာန်စိတ် ၃-ပါးအားဖြင့် ၂၁-ပါးသော စိတ်တို့သည် ပညတ်ကို အာရုံ ပြုကုန်၏။

လောကုတ္တရာစိတ် ၈-ပါးတို့သည် နိဗ္ဗာန်ကိုအာရုံပြုကုန်၏။

ဤကား-ဧကန်အာရုံတည်း။

အကုသိုလ်စိတ် ၁၂-ပါး, မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် ၄-ပါး, မဟာကြိယာ ဉာဏဝိပ္ပယုတ်စိတ် ၄-ပါး ဤ ၂၀-သော စိတ်တို့သည် လောကုတ္တရာမှတပါး ကာလသုံးပါး၌ ဖြစ်သော လောကီစိတ် ၈၁-ပါး, စေတသိက် ၅၂-ပါး, ရုပ် ၂၈-ပါး, ကာလဝိမုတ်ဖြစ်သော ပညတ်တရားတို့ကို အာရုံ ပြုကုန်၏။

မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ပါး, ကုသိုလ် အဘိညာဏ် ၁-ပါး ဤငါးပါးသော စိတ်တို့သည် အရဟတ္တမဂ်, အရဟတ္တဖိုလ် ကြဉ်သော ကာလသုံးပါး၌ ဖြစ်သော စိတ် ၈၇-ပါး, စေတသိက် ၅၂-ပါး, ရုပ် ၂၈-ပါး, နိဗ္ဗာန်, ပညတ်ကို အာရုံ ပြုကုန်၏။

မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ပါး, ကြိယာ အဘိညာဏ် ၁-ပါး, ဝုဋ္ဌော ဤခြောက်ပါးသော စိတ်တို့သည် ကာလသုံးပါး၌ ဖြစ်သော အလုံးစုံသော စိတ် ၈၉-ပါး, စေတသိက် ၅၂-ပါး, ရုပ် ၂၈-ပါး,နိဗ္ဗာန်, ပညတ်တို့ကို အာရုံပြုကုန်၏။

ဤကား-အနေကန်အာရုံတည်း။

(၃) ဃာနဝတ္ထုရုပ်၊
(၄) ဇိဝှါဝတ္ထုရုပ်၊
(၅) ကာယဝတ္ထုရုပ်၊
(၆) ဟဒယဝတ္ထုရုပ်၊ ဤသို့သော အပြားအားဖြင့် ခြောက်ပါး အပြားရှိကုန်၏။

---

## ဝတ္ထုသင်္ဂဟ၊ ဝတ္ထု ၆-ပါးအဘွင့်

၆၆။ ။ဝတ္ထုတို့ကို ဝေဘန်သော အားဖြင့်၎င်း၊ ထိုဝတ္ထု၌ ဖြစ်သောစိတ်ကို ပိုင်းခြားသည့် အစွမ်းဖြင့်၎င်း၊ ပေါင်းရုံးသိမ်းကျုံး၍ ယူရာယူကြောင်း ဖြစ်သော သင်္ဂဟသည် **ဝတ္ထုသင်္ဂဟ** မည်၏။ ထိုစက္ခုစသော ရုပ်တို့၌ စိတ် စေတသိက်တို့သည် ထိုစက္ခုပသာဒရုပ် စသည်လျှင် မှီရာ ရှိသောကြောင့် နေတတ်ကုန်၏။ ဤသို့နေရာ ဖြစ်သောကြောင့် ထိုစက္ခုပသာဒရုပ် စသည်တို့သည် **ဝတ္ထု**[၁] မည်ကုန်၏။

---

## ကာမဘုံ၌ ဖြစ်သောဝတ္ထု

၆၇။ ။**တာနိ ကာမလောကေ သဗ္ဗာနိပိ လဗ္ဘန္တိ။**

ကာမဘုံ၌ အလုံးစုံဖြစ်ကုန်သော ထိုခြောက်ပါးသော ဝတ္ထုရုပ်တို့ကို ရအပ်ကုန်၏။

---

၆၇။ ။ထိုကာမဘုံ၌ ဣန္ဒြေပြည့်စုံသော သူကို ရနိုင်သောကြောင့် ကာမဘုံ၌[၂] အလုံးစုံသော ထိုဝတ္ထုတို့ကို ရအပ်ကုန်၏။ **ပိ**-သဒ္ဒါဖြင့် ကန်းသူ, နားထိုင်းသူ အစရှိသည်တို့၏ အစွမ်းဖြင့် အချို့သော စက္ခု, သောတတို့၏ မဖြစ်ခြင်းကို ပြ၏။

---

၁—စိတ်,စေတသိက်တို့၏ တည်ရာ မှီရာ ဖြစ်သောကြောင့် ဝတ္ထု မည်၏။
၂—ကာမဘုံ၌ ပြည့်စုံသော ဣန္ဒြေရှိသော ပုဂ္ဂိုလ်ကို ရအပ်သောကြောင့် ထို ကာမဘုံ၌ ဝတ္ထုရုပ် ၆-ပါးလုံးကို ရနိုင်ပါသည်။

## ရူပဘုံ၌ ဖြစ်သောဝတ္ထု

၆ဂ။ ။ရူပလောကေ ပန ဃာနာဒိတ္တယံ နတ္ထိ။

ရူပဘုံ၌ ဃာန အစရှိသော ဝတ္ထုရုပ် သုံးခုတို့၏ အပေါင်းသည် မရှိ။

---

## ရူပဘုံ၌ဖြစ်သောဝတ္ထုရုပ်အဘွင့်

၆ဂ။ ။ဗြဟ္မာတို့အား ကာမဂုဏ်မှ တပ်ခြင်း ကင်းသော ဘာဝနာ၏အစွမ်းဖြင့် အနံ့,အရသာ,အတွေ့တို့၌ တပ်ခြင်း ကင်းသည် ဖြစ်၍ ထို ဂန္ဓာရုံ အစရှိသည်လျှင် အာရုံရှိကုန်သော ပသာဒရုပ်တို့၌လည်း တပ်ခြင်းကင်းသော သဘောရှိသောကြောင့် ဃာန အစရှိသော[၁] ဝတ္ထုသုံးပါးတို့၏ အပေါင်းသည် မရှိပေ၊ ဘုရားကို ဖူးမြင်ခြင်း တရားတော်ကို နာခြင်း အစရှိသော အကျိုးငှါ စက္ခု သောတတို့၌ တပ်ခြင်း မကင်းသည်၏ အဖြစ်ကြောင့် စက္ခုစသော ဝတ္ထုရုပ် ၂-ပါး[၂] အပေါင်းကို ထို ဗြဟ္မာပြည်၌ ရအပ်၏။

---

## အရူပဘုံ၌ဝတ္ထုရုပ်မရှိခြင်း

၆၉။ ။အရူပလောကေ ပန သဗ္ဗာနိပိ န သံဝိဇ္ဇန္တိ။

အရူပဘုံ၌ အလုံးစုံသော ဝတ္ထုရုပ်တို့သည်လည်း မရှိကုန်။

---

၁—ရူပ ဗြဟ္မာများသည် ကာမဂုဏ်တို့၌ တပ်ခြင်း ကင်းသော ဘာဝနာ၏ အစွမ်းဖြင့် ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့၌ တင်ခြင်း မရှိသည်အဖြစ်ကြောင့် ထိုဂန္ဓာရုံစသည်လျှင် အာရုံရှိကုန်သော ဃာန, ဇိဝှါ, ကာယ ပသာဒ ဝတ္ထုတို့သည် ထိုဗြဟ္မာဘုံ၌ မရှိကုန်။

၂—ဘုရားစသည်ကို ဖူးမြင်ရန် တရားတော်ကို နာယူရန် အလို့ငှါသာ ထိုဗြဟ္မာဘုံ၌ စက္ခုသောတ ပသာဒဝတ္ထုများ ရှိကြကုန်၏။

၆၉။ ။အရူပ ဗြဟ္မာ တို့အား ရုပ်၌ တပ်ခြင်း ကင်းသော ဘာဝနာ၏ အားအစွမ်းဖြင့် ထိုအရူပဘုံ၌ အခြင်းခပ်သိမ်း ရုပ်ဖြစ်ခြင်း မရှိသောကြောင့် အရူပဗြဟ္မာဘုံ၌ အလုံးစုံလည်း ဖြစ်ကုန်သော ဝတ္ထုခြောက်ပါး[၁] တို့သည် မရှိကုန်။

---

## ပဉ္စဝိညာဏ်၏မှီရာ

**၇၀။ ။တတ္ထ ပဉ္စဝိညာဏဓာတုယော ယထာက္ကမံ ကေဝလံ ပဉ္စပသာဒဝတ္ထူနိ နိဿာယေဝ ပဝတ္တန္တိ။**

ထိုဝတ္ထုသင်္ဂဟ၌ ပဉ္စဝိညာဏဓာတ်တို့သည် အစဉ်အတိုင်း စင်စစ်အားဖြင့် ငါးပါးသော ပသာဒဝတ္ထုရုပ်တို့ကို မှီကုန်၍ သာလျှင် ဖြစ်ကုန်၏။

---

၇၀။ ။ပဉ္စဝိညာဏ်တို့သည် သာလျှင် သတ္တလည်းမဟုတ်, အသက်ဇီဝလည်းမဟုတ်သော အနက်အားဖြင့် **ဓာတ်**လည်းဖြစ်သောကြောင့် **ပဉ္စဝိညာဏဓာတ်**[၂] မည်ကုန်၏။

---

## မနောဓာတ်မှီရာ

**၇၁။ ။ပဉ္စဒွါရာဝဇ္ဇန, သမ္ပဋိစ္ဆနသင်္ခါတာ ပန မနောဓာတုစ ဟဒယံ နိဿိတာယေဝ ပဝတ္တန္တိ။**

ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်းဒွေးဟု ဆိုအပ်ကုန်သော မနော ဓာတ်တို့သည် ဟဒယဝတ္ထုကို မှီ၍သာ ဖြစ်ကုန်၏။

---

၁—အရူပ ဗြဟ္မာများသည် ရုပ်ဟူသမျှ၌ လွန်စွာ စက်ဆုပ် ရွံရှာလှသဖြင့် ရုပ်၌ တပ်ခြင်း ကင်းသော ဘာဝနာကို ပွါးများသည့် အစွမ်းကြောင့် အရူပဘုံ၌ ရုပ်မရှိ၊ ဝတ္ထုရုပ် ခြောက်ပါးလုံး မရ-ဟူလို။

၂—စက္ခုဝိညာဏ် စသော ပဉ္စဝိညာဏ် ငါးပါးသည် သတ္တဝါလည်း မဟုတ် အသက် လည်း မဟုတ်သဖြင့် ဓာတ်မည်သောကြောင့် **ပဉ္စဝိညာဏဓာတ်** မည်၏။

## မနောဓာတ်၏အဘွင့်

၇၁။ ။သိကာမျှဖြစ်သော ဓာတ်သည် **မနောဓာတ်**[၁] မည်၏။

---

## ကြွင်းသော ဓာတ်တို့၏မှီရာ

**၇၂။ ။အဝသေသာ ပန မနောဝိညာဏဓာတုသင်္ခါတာ စ သန္တီရဏ မဟာဝိပါက ပဋိဃဒွယ ပဌမမဂ္ဂ ဟသန ရူပါဝစရဝသေန ဟဒယံ နိဿာယေဝ ပဝတ္တန္တိ။**

ပဉ္စဝိညာဏဓာတ် မနောဓာတ်မှ ကြွင်းကုန်သော သန္တီရဏ သုံးခု မဟာဝိပါက်စိတ်ရှစ်ခု, ဒေါသမူဒွေး, သောတာပတ္တိမဂ်, ဟသိတုပ္ပါဒ်, ရူပစိတ် ၁၅-ခု တို့၏ အစွမ်းဖြင့် ၃၀-သော မနောဝိညာဏဓာတ်ဟု ဆိုအပ်ကုန်သော ဝိညာဏဓာတ်တို့သည် ဟဒယဝတ္ထုရုပ်ကို မှီ၍သာလျှင် ဖြစ်ကုန်၏။

---

## ကြွင်းသောဓာတ်တို့၏မှီရာအဘွင့်

၇၂။ ။စိတ်သည်ပင်လျှင် ထူးသောသိခြင်းနှင့် ယှဉ်သောကြောင့် **ဝိညာဏ်** လည်း မည်၏။ သတ္တဝါမဟုတ်,အသက်မဟုတ် ဟူသောအနက်ကြောင့် **ဓာတ်** လည်းမည်၏။ ထိုကြောင့် **မနောဝိညာဏဓာတ်**[၂] မည်၏။

တနည်းကား—စိတ်၏ ဝိညာဏဓာတ် ဖြစ်သောကြောင့် မနောဝိညာဏဓာတ် မည်၏၊ အဘယ့်ကြောင့်ဆိုသော် ထိုမနောဝိညာဏ

---

၁—သိကာမျှ ဖြစ်သောကြောင့် **မနောဓာတ်** မည်၏။ ဒွါရငါးပါး၌ ထင်လာသော အာရုံငါးပါးကို ဆင်ခြင်ရုံမျှ ခံလင့်ရုံမျှ ဖြစ်၍ အာရုံကို ပိုင်းခြား၍ ကောင်းစွာ မသိသောကြောင့် **မနောဓာတ်** မည်၏။

စက္ခုဝိညာဏ် စသော စိတ် ၁၀-ပါးကား လက်ငင်း ပစ္စက္ခ ထင်ရှားသော အာရုံငါးပါးကို မြင်ခြင်း,ကြားခြင်း စသောကိစ္စ ရှိ၍ မနောဓာတ်ထက် ထူးသော သိခြင်း ရှိသောကြောင့် **ပဉ္စဝိညာဏ်** ဓာတ် မည်၏။

၂—သန္တီရဏစသော ကြွင်းသော စိတ် ၇၆-ပါးကား မနောဓာတ်ကဲ့သို့ သိကာမျှလည်း မဟုတ်, ပဉ္စဝိညာဏ်ဓာတ်ကဲ့သို့ အသင့်အတင့် သိသည်လည်းမဟုတ်၊ အာရုံကို ပိုင်းပိုင်း ခြားခြား အထူးသဖြင့် သိသောကြောင့် **မနောဝိညာဏ** ဓာတ် မည်၏။

ခေတ်သည် အနန္တရပစ္စည်း ဖြစ်သောစိတ်ကြောင့် ဖြစ်သောစိတ်၏ သာလျှင် အနန္တရ ပစ္စည်းဖြစ်၏၊ ထို့ကြောင့် စိတ်နှင့်စပ်၏။

မှတ်ချက်။ ။ကြွင်းသော ပဉ္စဝိညာဏ်စသည်တို့ကား မနဖြစ်ပါလျက် မနောသဒ္ဒါဖြင့် မှတ်၍ မဆိုပါဘဲ ဤခေတ်ကိုသာ **မနော**-သဒ္ဒါဖြင့် မှတ်၍ဆိုရခြင်းကားတူသောမိရာရှိသော နောက် **မန**-မှ အနန္တရ ပစ္စည်းကိုရသဖြင့် ဖြစ်ပေါ်လာပြီးလျှင် ရှေ့**မန**-၏ အနန္တရပစ္စည်း ဖြစ်သောကြောင့် မနောနှင့်စပ်၍ မနောသဒ္ဒါဖြင့် မှတ်လျက် မနောဝိညာဏ်ဟု ဆိုအပ်ပါသတည်း။ ပဉ္စဝိညာဏ်တို့ကား မနောနှင့် မစပ်၍၎င်း, ပသာဒငါးပါးဟော ပဉ္စသဒ္ဒါဖြင့် မှတ်ပြီးဖြစ်၍၎င်း မနောဖြင့်ထပ်၍ မှတ်ပြဘွယ် မရှိ-ဟူလို။

သန္တီရဏ သုံးပါး၏၎င်း မဟာဝိပါက်စိတ် ၈-ပါး၏၎င်း၊ ဒေါသမူလွှေး၏၎င်း၊ ပဌမ သောတာပတ္တိ မဂ်၏၎င်း၊ ဟသိတုပ္ပါဒ်၏၎င်း၊ ၁၅-ပါးသော ရူပါဝစရစိတ်တို့၏၎င်း၊ အစွမ်းဖြင့် ဖြစ်ကုန်သော အကြင် ဆိုအပ်ခဲ့ပြီးသော မနောခေတ် ပဉ္စဝိညာဏခေတ်တို့မှ ကြွင်းကုန်သော မနောဝိညာဏခေတ်ဟု ဆိုအပ်ကုန်သော ၃၀[၁]-သောစိတ်တို့သည် မနောခေတ်တို့သာ ဟဒယဝတ္ထုကို မှီ၍ဖြစ်သည်မဟုတ်ကုန်၊ ထိုမနောခေတ်အတူ ဟဒယဝတ္ထုကိုမှီ၍ ဖြစ်ကုန်၏။ ဤသို့အနက် သမ္ဗန်အပ်၏။

---

## မနောခေတ်သုံးပါးနှင့် ဤစိတ် ၃၀-တို့၏ ဟဒယဝတ္ထုကို မှီခြင်းအကြောင်း

၁၁-ပါးသော သန္တီရဏစိတ်, မဟာဝိပါက်စိတ်တို့သည် အရူပဘုံ၌ ပဋိသန္ဓေရ မရှိသောကြောင့်၎င်း, ကိစ္စမရှိသောကြောင့်၎င်း အရူပ

---

၁—သန္တီရဏစိတ် ၃-ပါး, မဟာဝိပါက် ၈-ပါး, ဒေါသမူလွှေး, သောတာပတ္တိမဂ်, ဟသိတုပ္ပါဒ်, ရူပါဝစရစိတ် ၁၅-ပါး၊အားဖြင့် ဤစိတ် ၃၀-သည် ကာမဘုံ,ရူပဘုံ၌ ဖြစ်သောစိတ်ဖြစ်သောကြောင့် ဟဒယ ဝတ္ထုရုပ်ကို မှီ၍သာဖြစ်၏။

ဘုံ၌ မဖြစ်ကုန်၊ နီဝရဏ အခိုက်အခါ ကင်း၍ ဒေါသ မရှိခြင်းကြောင့် ထိုပဋိဃနှင့် တကွဖြစ်သော စိတ် ၂-ပါးအပေါင်းသည် ရူပဘုံ၌ မရှိ၊ အရူပဘုံ၌ကား ဆိုဘွယ် မရှိပေ။

သောတာပတ္တိမဂ်သည် ဗြဟ္မာဘုံ၌ "**ပရတောဃောသ**" ဟုဆိုအပ်သော တရားနာရမှု အစရှိသော အကြောင်းသည် သာဝကတို့အား မဖြစ်နိုင်သောကြောင့်၎င်း, ဘုရား ပစ္စေကဗုဒ္ဓါတို့၏လည်း လူ့ဘုံမှ တပါးသော ဘုံ၌ မဖြစ်သောကြောင့်၎င်း အရူပဘုံ၌ မဖြစ်ပေ။

ဟသိတုပ္ပါဒ် စိတ်သည်လည်း အရူပဗြဟ္မာဘုံ၌ (ရူပကာယ) ကိုယ်မရှိ သောကြောင့် မဖြစ်။

ရူပါဝစရစိတ် ၁၅-ပါးတို့သည်လည်း အရူပဗြဟ္မာတို့အား ရုပ်၌ တပ်ခြင်း ကင်းသော ဘာဝနာတို့၏ အစွမ်းဖြင့် ထိုရုပ်လျှင် အာရုံရှိကုန်သော ဈာန်တို့၌ တပ်ခြင်း ကင်းသောကြောင့် အရူပဘုံ၌ မဖြစ်ကုန်၊ ထို့ကြောင့် အသုံးစုံကုန်သော ထို ၃၃-ပါးသော စိတ်တို့သည် ဟဒယဝတ္ထုကို မှီ၍သာ ဖြစ်ကုန်၏။

---

## ကုသိုလ်, အကုသိုလ်, ကြိယာ, လောကုတ္တရာ တို့၏မှီရာ

၇၃။ ။**အဝသေသာ ကုသလာ, ကုသလ, ကြိယာ, နုတ္တရဝသေန ပန ဟဒယံ နိဿာယ ဝါ အနိဿာယ ဝါ။**

ဆိုအပ်ပြီးသောစိတ် ၃၀-မှ ကြွင်းကုန်သော လောကီ ကုသိုလ်စိတ် ၁၂-ပါး, အကုသိုလ်စိတ် ၁၀-ပါး, ကြိယာစိတ် ၁၃-ပါး, လောကုတ္တရာစိတ် ၇-ပါးတို့၏ အစွမ်းဖြင့် ၄၂-ပါးကုန်သော မနောဝိညာဏဓာတ်တို့သည် ဟဒယဝတ္ထုကို မှီ၍၎င်း, မမှီမူ၍၎င်း ဖြစ်ကုန်၏။

---

၇၃။ ။ရူပါဝစရကုသိုလ် ၅-ခုမှ ကြွင်းကုန်သော ၁၂-ပါးသော လောကီကုသိုလ်တို့၎င်း၊ ပဋိဃဒွေးမှ ကြွင်းကုန်သော အကုသိုလ်စိတ် ၁၀-ပါးတို့၎င်း၊ ပဉ္စဒွါရာဝဇ္ဇန်း, ဟသိတုပ္ပါဒ်, ရူပကြိယာတို့မှ

ကြွင်းကုန်သော ၁၃-ပါးသော ကြိယာစိတ်တို့ရင်း၊ သောတာပတ္တိမဂ်မှ ကြွင်းကုန်သော လောကုတ္တရာစိတ် ၇-ပါးတို့ရင်း၊ ဤသို့ ဤစိတ်တို့၏ အစွမ်းဖြင့် ၄၂-ပါး[၁] အပြားရှိကုန်သော မနောဝိညာဏဓာတ်ဟု ဆိုအပ်ကုန်သော စိတ်တို့သည် ပဉ္စဝေါကာရဘုံ၏ အစွမ်းဖြင့် ဟဒယဝတ္ထုကို မှီ၍ ဖြစ်ကုန်၏၊ စတုဝေါကာရဘုံ၏ အစွမ်းဖြင့် မမှီမူ၍ ဖြစ်ကုန်၏။

---

## သင်္ဂဟဂါထာ

၇၅။ ။ဆ ဝတ္ထုံ နိဿိတာ ကာမေ၊ သတ္တ ရူပေ စတုဗ္ဗိဓာ။
တိဝတ္ထုံ နိဿိတာ ရူပေ၊ ဓာတွေကာ နိဿိတာ မတာ။

ကာမ ၁၁-ဘုံ၌ ခြောက်ပါးသော ဝတ္ထုရုပ်တို့ကို မှီ၍ ဖြစ်ကုန်သော ဝိညာဏဓာတ်တို့ကို ၇-ပါးအပြား ရှိကုန်၏ ဟူ၍ သိအပ်ကုန်၏။ အသညသတ် ကြဉ်သော ရူပဘုံ၌ သုံးပါးသော ဝတ္ထုရုပ်ကို မှီ၍ ဖြစ်ကုန်သော ဝိညာဏဓာတ်တို့ကို ၄-ပါးအပြား ရှိကုန်၏ ဟူ၍ သိအပ်ကုန်၏၊ အရူပဘုံ၌ ဝတ္ထုရုပ်ကို မမှီမူ၍သာ ဖြစ်သော တခုသော မနောဝိညာဏဓာတ်ကို သိအပ်၏။

---

၇၅။ ။ကာမဘုံ၌ ခြောက်ပါးသော ဝတ္ထုရုပ်ကို မှီ၍ ဖြစ်ကုန်သော ၇-ပါးကုန်သော ဝိညာဏဓာတ်တို့ကို သိအပ်ကုန်၏၊ ရူပဘုံ၌ သုံးပါးသော ဝတ္ထုရုပ်ကို မှီ၍ ဖြစ်ကုန်သော ဃာနဝိညာဏ် အစရှိကုန်သော ၃-ပါးအပေါင်းသည် ကြဉ်အပ်ကုန်သော ၄-ပါး အပြား ရှိသော ဝိညာဏဓာတ်တို့ကို သိအပ်ကုန်၏၊ အရူပဘဝ၌ ဝတ္ထုရုပ်ကို မမှီမူ၍သာ ဖြစ်သော တပါးသော မနောဝိညာဏဓာတ်ကို သိအပ်၏။ ဤကားအနက်ယောဇနာခြင်းတည်း။

---

၁—ရူပါဝစရကုသိုလ်မှ ကြွင်းသော လောကီကုသိုလ် ၁၂-ပါး,ဒေါသမူဒွေးမှ ကြွင်းသော အကုသိုလ် ၁၀-ပါး, ပဉ္စဒွါရာဝဇ္ဇန်း, ဟသိတုပ္ပါဒ်, ရူပါဝစရကြိယာမှ ကြွင်းသော ကြိယာစိတ် ၁၃-ပါး,သောတာပတ္တိမဂ်မှ ကြွင်းသော လောကုတ္တရာစိတ် ၇-ပါး ဤ၄၂-ပါးသော စိတ်တို့သည် ကာမဘုံ,ရူပဘုံ၌ ဖြစ်ခိုက် ဟဒယဝတ္ထုကို မှီ၍ ဖြစ်ကုန်၏။ အရူပဘုံ၌ ဖြစ်ခိုက် ဟဒယဝတ္ထု မရှိ၍ မမှီဘဲ ဖြစ်ကုန်၏-ဟူလို။

**၇၆။ ။တေစတ္တာလီသ နိယာတယ၊ ဒွေစတ္တာလီသ ဇာယရေ။ နိယာတယ စ အနိယာတယ၊ ပါကာရုပ္ပါ အနိယိတာ။**

၄၃-ပါးသော စိတ်တို့သည် ဝတ္ထုရုပ်ကို မှီ၍သာလျှင်ဖြစ်ကုန်၏၊ ၄၂-ပါးသော စိတ်တို့သည် ဝတ္ထုရုပ်ကို မှီ၍၎င်း, မမှီမူ၍၎င်း ဖြစ်ကုန်၏ အရူပဝိပါက်စိတ် ၄-ခုတို့သည် ဝတ္ထုရုပ်ကို မမှီမူ၍ သာလျှင် ဖြစ်ကုန်၏။

---

၇၆။ ။ကာမာဝစရဝိပါက်စိတ်, ပဥ္စဒွါရာဝဇ္ဇန်း, ပဋိဃဒွေး ဟသိတုပ္ပါဒ်စိတ်တို့၏ အစွမ်းဖြင့် ၂၇-ပါးသော ကာမာဝစရစိတ်တို့၎င်း၊ ၁၅-ပါးသော ရူပါဝစရစိတ်တို့၎င်း၊ သောတာပတ္တိမဂ်စိတ်၎င်း၊ ဤသို့အားဖြင့် ၄၃-ပါး[1] သော စိတ်တို့သည် ဝတ္ထုရုပ်ကို မှီ၍သာလျှင် ဖြစ်ကုန်၏။ ထိုစိတ်တို့မှ ကြွင်းကုန်သော အရူပဝိပါက်သည်ကြဉ်အပ်သော ၄၂-ပါး[2] သော စိတ်တို့သည် မှီကုန်၍ ၎င်း, မမှီကုန်မူ၍၎င်း ဖြစ်ကုန်၏။ အရူပဝိပါက်စိတ်[3] လေးပါးတို့ သည်ကား မမှီမူ၍သာ ဖြစ်ကုန်၏။ ဤကား အနက် သမ္ဗန် နည်းတည်း။

**ဤဆိုအပ်ပြီးသောစကားဖြင့် အဘိဓမ္မတ္ထဝိဘာဝနီမည်သောအဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၏အဘွင့်၌ တတိယပကိဏ်းပိုင်းအဘွင့်သည် ပြီးဆုံးခြင်းသို့ရောက်ပြီ။**

---

၁—ဒွေးပဥ္စဝိညာဏ် ၁၀, မနောဓာတ် ၃-ပါး, သန္တီရဏ ၃-ပါး, မဟာဝိပါက်စိတ် ၈-ပါး, ဒေါသမူဒွေး, သောတာပတ္တိမဂ် ၁-ပါး, ဟသိတုပ္ပါဒ်စိတ် ၁-ပါး, ရူပါဝစရစိတ် ၁၅-ပါး, ဤ ၄၃-ပါးသော စိတ်တို့သည် ဝတ္ထုရုပ်ကို မှီ၍သာ ဖြစ်ကုန်၏။

၂—လောဘမူစိတ် ၈-ပါး, မောဟမူစိတ် ၂-ပါး, မနောဒွါရာဝဇ္ဇန်း ၁-ပါး, မဟာကုသိုလ်စိတ် ၈-ပါး, မဟာကြိယာစိတ် ၈-ပါး, အရူပါဝစရ ကုသိုလ်စိတ် ၄-ပါး, အရူပါဝစရ ကြိယာစိတ် ၄-ပါး, သောတာပတ္တိမဂ် ကြဉ်သော လောကုတ္တရာစိတ် ၇-ပါး, ဤ ၄၂-ပါးသော စိတ်တို့သည် ဝတ္ထုရုပ်ကို မှီ၍၎င်း, မမှီမူ၍၎င်း ဖြစ်ကုန်၏။

၃—အရူပစိတ် ၄-ပါးတို့သည် ဝတ္ထုရုပ်ကို မမှီမူ၍ ဖြစ်ကုန်၏-ဟုမှတ်။